သာဂိသည် သရက်ပင်ကြီးကို ထိုးလိုက်၊ လက်သီးဆုပ်၍ ဒိုက်ထိုးလိုက်ဖြင့် နေ့စဉ်ကျင့်ရ၏။ နောက်တော့သူလဲ သံမံတလင်းပေါ်တွင် လက်သီး ဆုပ်၍ ဒိုက်ထိုးနိုင်သွား၏။ ထို့နောက် မြင်းထိုင်ထိုင်ရပြန်သည်။ ခြေဖဝါး နစ်ဖက်ကို ပခုံး နစ်ဖက်နှင့် အညီ ခပ်ကျဲကျဲ ရပ်၍ ဒူးနှင့် ပေါင်တံ တစ်လျှောက်ကို မျဉ်းတစ်ဖြောင့်တည်း ဖြစ်အောင် ထိုင်ရလေသည်။ ထို့နောက် ဘာမှ မရှိသော လေဟာနယ်ထဲသို့ အသက်ကို ပြင်းပြင်း ရှုထုတ်ရင်း လက်သီးကို ဖြည်းဖြည်းချင်း ထိုးရသည်။ လက်တစ်ဆုံး ဖြောင့်သွားလျှင် လက်သီးကို ခါးအထက်နားဆီ ပြန်ဆွဲရင်း အသက်ကို တစ်ဝကြီး တစ်ကိုယ် လုံး တုန်ခါသည် အထိရှူရသည်။ တွန်း သို့မဟုတ် ထိုးထုတ်လိုက်သော အချိန်တွင် မိမိကိုယ်တွင်းရှိ မကောင်းသော ဓာတ်များ ရှုထုတ်လိုက်သော လေနှင့် အတူ ပါသွားကြသည်ဟု မှတ်ရမည်၊ ဆွဲယူလိုက်ချိန် သို့မဟုတ် လက်သီးကို ပြန်လည် ထားချိန်တွင် လေထဲမှ စွမ်းအားများ မိမိကိုယ်တွင်း ဝင်ရောက်လာသည်ဟု မှတ်ရမည်လို့ ကိုကျော်ကြီးက သင်ပြ၏။ အထူးသဖြင့် မနက်စောပိုင်းဆိုလျှင် ထွက်ပြူစ နေလုံးကြီးကို ကြည့်ပြီး နေစွမ်းအင် များ မိမိကိုယ်ထဲ ဝင်လာသည်ဟု သဘောထားကာ ကျင့်ကြရသည်။

သာဂိ ကိုကျော်ကြီးကို ကြောက်၍သာ လိုက်လုပ်နေရသည်။ သူသင်ချင်သည်က ဒါမျိုး မဟုတ်။ ဝတ္ထု တွေထဲမှာပါသည့် အကွက်တွေ ဖြစ်သည်။
နဂါးနိုင်ဓားတို့၊ ပိုးသိုင်း ၁၈ ကွက်တို့ တီဗွီက လာနေချိန်ဖြစ်၍ ထိုအရာမျိုးကို သင်ချင်သည်။ ပြူးကျယ်က လာမည်ဟုတော့ ဆိုသည်။ ဘယ်တော့လဲတော့ မသိချေ။ နောက်မကြာခင်တင် သာဂိ နောက်တစ်မျိုး ကျင့်ရပြန်၏။ ဘော်လီဘောဘောလုံးကို မြေကြီးပေါ် လက်ဝါးနှင့် ၅ မိနစ်တိတိ ပုတ်ရသည်။ စပုတ်စက သာဂိ သုံးချက် လားပဲ ပုတ်ရသည်။ ဘောလုံးက ဘယ်ထွက်သွားမှန်း မသိ လိုက်ကောက်ရသည်။ သို့ဖြင့် သာဂိသည် ပုတ်လိုက် ကောက်လိုက် ဖြင့် နာရီဝက်ခန့်ထိ ဘယ်၊ညာ မနားတမ်း ဆက်တိုက် ပုတ်နိုင်လာသည်။ ဘောလုံး ပုတ်နေချိန်တွင်လည်း ကျန်နစ်ခုကို ဆက်တိုက်လုပ်ရသည်။ သာဂိ သည် ညဘက်တွင် ပရုတ်ဆီ လိမ်းပြီးမှ အိပ်ရတော့သည်။ ကိုမောင်ကြီး၏ လေ့ကျင့်ခန်းကိုလည်း မအိပ်ခင်ကျင့်ရသေး၏။ မိဖြူကိုတော့ အိပ်မက်ထဲရောက်မှပင် တွေ့နိုင်သည်။

မိဖြူက သူတို့ အဖိုး၊ အဖွားတွေ ရှိရာ မကွေးဘက်သို့ သွားလည်နေ၍ ဖြစ်သည်။ တစ်မျိုးတော့လည်း ကောင်းသည်။ သာဂိသည် တစ်နေကုန်ကိုကျော်ကြီးနှင့် အချိန်ကုန်နေရာ မိဖြူကို သတိရဖို့ မေ့နေသည်။ အိပ်ခါနီးကျမှ သတိရပြီး ဂွင်းတိုက်အပြီးတွင် မောမောနှင့် အိပ်ပျော်သွားပြန်ရာ နောက် တစ်နေ့မှ နိုးသည်။ သာဂိ ဘော်လီဘော ဘောလုံးကို နာရီဝက်ထိ ပုတ်နိုင်ပြီးချိန်တွင် ကိုကျော်ကြီးက သူ့ကို ဝါယာလက်ဘက်သို့ ခေါ်သွားသည်။ ပြူးကျယ်လဲ ပါ၏။

ကိုကျော်ကြီးက သူ့ဆရာ ဆီသို့ ခေါ်သွားခြင်းဖြစ်သည်။ ကိုကျော်ကြီး ဆရာသည် အရပ်ခပ်ပြတ်ပြတ် နှင့် မျက်နာလေးထောင့်ရှိပြီး တိုင်းရင်းသား တစ်ဦး ဖြစ်ပုံရသည်။ ထိုဆရာက သာဂိနှင့် ပြူးကျယ်ကိုသင်တန်းကြေးတောင်း၏။ သာဂိအိပ်ထဲတွင် ဘတ်စ်ကားခသာသာ ၅ ကျပ်လောက်သာ ပါခဲ့၏။

ထို့ကြောင့် သာဂိက နောက်တစ်ခေါက်မှ ယူပါရန် တောင်းပါ၏။ ဆရာက ပိုက်ဆံ မဟုတ်။ ကတိ စကား ဟု ဆိုမှသာ သာဂိ သက်ပြင်းချနိုင်၏။ အားကစားရုံ ဆန်ဆန် ဂိုဒေါင်တစ်ခု၏၊ ဘုရားစင်ရှေ့တွင် သာဂိ တို့ ရွတ်ဆိုခဲ့ဂသော သင်တန်းကြေးမှာ အောက်ပါ အတိုင်းဖြစ်သည်။

" ဘုရား တပည့်တော်သည် ယနေ့မှ စ၍ ဆရာ..၏၊ ပညာရပ်များကို သင်ကြားပါမည်။ ကျွံပညာဖြင့် အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်ပါမည်။ ကျွံပညာဖြင့် လူကောင်းများကို အနိုင်မယူပါ။ ကျွံ ပညာကို မျက်ရည်ပေါက်ကြီးငယ် သုံးခါ မကျမချင်း ထုတ်မသုံးပါ ဟု ကတိ သစ္စာ ပြုပါသည်"

(၂)

မိုးလေး တစ်ပြိုက် နှစ်ပြိုက် ကျလာ၏။ မကြာခင် ကျောင်းပြန်ဖွင့်တော့မည်။ မိဖြူကို သာဂိ မျှော်နေမိသည်။ မိဖြူသည် တစ်နွေလုံး မကွေးဘက် အလည်သွားရာမှ ကျောင်းဖွင့်ဖို့ နှစ်ပတ်ခန့်လိုမှ ပြန်ရောက်လာ၏။ သူ အသားနည်းနည်း မည်းသွားသည်။ သို့ရာတွင် ပိုလှလာသည်။ သူပြန်လာသည့်နေ့က သာဂိသည် ထုံးစံအတိုင်း ကိုကျော်ကြီး၏၊ သင်တန်းတွင် ရှိနေသည်။ ညနေဘက် အိမ်ပြန်လာချိန် ဗံဒါပင်ခြေရင်း ကွတ်ပျစ်လေးပေါ်တွင် ထိုင်နေသော မိန်းကလေးတစ်ဦးနောက်ကျောကို မြင်တော့ မိဖြူလားဟုတော့ ထင်မိသည်။သို့ရာတွင် ဆံပင်က ပခုံးကျော်နေ၍ မဟုတ်လောက်ဘူး ထင်ပြီး ပြုံးကျယ်နှင့် စကားပြောမပျက် စက်ဘီးစီးလာစဉ် သူတို့ဘက်ကို လှည့်ကြည့်လိုက်သော မိဖြူ မျက်နှာလေးကို မြင်ရတော့မှ သာဂိ ရုတ်တရက် အသက်ရှူ ရပ်မတတ်
ဖြစ်သွားမိသည်။ နင်းလက်စ စက်ဘီးပေါ်တွင် ပါးစပ် အဟောင်းသားနှင့် မိဖြူကို ငေးရင်း တိုက်ခန်းကို ကျော်မလို တောင်ဖြစ်သွား၍ မိဖြူက ပါးစပ်ကို လက်ဝါးလေးအုပ်၍ ရယ်သည်။ သာဂိသည် ချွေးစိုနေသော ခန္ဓာကိုယ်ဖြင့်မိဖြူရှေ့တွင် ရပ်ရင်း ဘာပြောရမှန်းမသိ ဖြစ်နေသည်။ မိဖြူက သွား ရေချိုးဦး..ငါ ဒီမှာစောင့်နေမယ် ဟုဆိုမှ သာဂိ ကမန်းကတမ်း အပေါ်ထပ်ပြေးတက် ရေချိုးရသည်။

ထိုနေ့က မိဖြူ သူ့ကို စကားတွေ အများကြီး ပြောသည်။ မကွေးက သူ့ အဒေါ်အကြောင်း၊ ညီမ ဝမ်းကွဲတွေ အကြောင်း၊မြသလွန် ဘုရားအကြောင်း၊ ရေဝဝတီ အကြောင်း..ဘာအကြောင်း၊ ညာအကြောင်း သာဂိ အားလုံးတော့ မမှတ်မိတော့။   မိဖြူပြောသမျှ စကားတိုင်းသည်လည်း   သူ့နားထဲ ဝင်တစ်ချက်၊ မဝင်တစ်ချက်သာ။ သူ မြင်နေ၊ သိနေ၊ ကြားနေရသည်မှာ မိဖြူ ၏၊ လက်ကလေးများ လှုပ်ရှားပုံ။ နှုတ်ခမ်းပါးပါးလေး၏   အဖွင့်အပိတ်၊ ခေါင်းလောင်းသေးသေးလေးတွေ စုပြီး တီးလိုက်သလို ထွက်လာသော အသံစာစာလေး ...အဲဒါပဲ ဖြစ်သည်။ သာဂိ သည် မိဖြူ၏၊ လှုပ်ရှားမှု မှန်သမျှကို ငြိမ်ငြိမ်လေး ထိုင် ကြည့်ရင်း မိဖြူ ပြောသမျှ ခေါင်းငြိမ့် ထောက်ခံနေသည်မှာ မိဖြူ အမေက ထမင်းစားမယ်ဟေ့ ဟု မအော်မချင်း ဖြစ်သည်။

မိဖြူသည် မအေ ခေါ်သံကြားတော့ ငါ သွားတော့မယ်ဟု ဆိုကာ ဂါဝန်လေးမ၍ လှေကားပေါ် အပြေးလေးတက်သည်။ သာဂိ နောက်က ကပ်လိုက်သွားရာ လှေကားတစ်ဝက်လောက် အရောက်တွင်

မိဖြူက လှည့် အကြည့် သာဂိက မိဖြူ ခါးလေးကိုဆတ်ကနဲ ဖက်၍ စကားများလွန်းသော နှုတ်ခမ်းလေးတွေကို နမ်းလိုက်သည်။ မိဖြူသည် မျက်လုံးလေး အကြောင်သားဖြင့် မင်တက်သွားပုံ ရသည်။ သာဂိမှာ မိဖြူ၏ နှုတ်ခမ်းများကို ငုံသာနမ်းလိုက်ရသော်လည်း သူကိုယ်တိုင်က အတွေ့ကြုံမရှိသေးသည်က တစ်ကြောင်း၊ မိဖြူက သူ့မျက်နှာလေးကို မထားတတ်သည်က တစ်ကြောင်းတို့ကြောင့် မိဖြူသွားလေးနှင့် သူ့သွား
ထိခိုက်မိသည်။

မိဖြူ အသိဝင်လာပုံရသည်။ ဆတ်ဆို သူ့ကို တွန်းထုတ်လိုက်ရင်း လှေကားအတိုင်း ပြေးတက်ကာ အခန်းထဲ ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။ သာဂိတစ်ယောက်ကတော့ လှေကားပေါ်တွင် ပြုတ်မကျအောင် မနည်းထိန်းလိုက်ရရင်းယောက်ယက်ခတ်ကာ ကျန်ခဲ့တော့သည်။ သာဂိ အဲဒီညကလည်း ဘုရား မရှိခိုးဖြစ်။

မကြာမီ ကျောင်းတွေ ပြန်ဖွင့်သည်။ နတ်ကြီးသည် ဆိုသော ဆယ်တန်းကို သာဂိ တက်နေချေပြီ။ သို့သော် သာဂိ မမှုပါ။ စာကြည့်ရင်း ခေါင်းမကြည်သလို ဖြစ်လာလျှင် မိဖြူ မျက်နှာလေးကို လှမ်းငေးလိုက်သည်။ မိဖြူကလည်း သာဂိမြင်သာ အောင် အစွန်ဆုံးတွင် နေရာယူထားသည်။ တစ်ကယ်တော့ မိဖြူနှင့် သာဂိကြားတွင် လူသွားလမ်းလေးသာ ခြားသည်။ အဲဒါကိုပင် သာဂိက ရံဖန်ရံခါ တစ်မှေ့တစ်မောကြီး ငေးနေတတ်သည်။ သို့သော် ဆရာ စာသင်သွား၍ နားမလည်သည် များ၊ မမှီလိုက်သည်များကို ပြန်မေးရသူမှာ မိဖြူဖြစ်သည်။

ပြူးကျယ်ကတော့ နောက်ဆုံးတန်းတွင် ထိုင်မြဲဖြစ်၏။ သူလဲ ဥမ္မာနှင့် အဆင်ပြေနေပြီဟု ပြောသည်။ ရံဖန်ရံခါ လော်ကားဥယျာဉ် ဘက်သို့ သွားသွား ချိန်းတွေ့တတ်သည်။ သာဂိကိုလဲ အဖော်ခေါ်လေ့ရှိသည်။ သာဂိက မိဖြူကို မခေါ်ဝံ့။ ကိုမောင်ကြီး သိမှာစိုးသည်။နောက်ပြီး အဒေါ်သိမှာကိုလဲ အားနာသည်။ နောက်တစ်ခုက ခုထိ သာဂိသည် မိဖြူကို ရည်းစားစကားမပြောရသေး။ ပြူးကျယ်မြှောက်ပေးသော်လည်း သာဂိသည် တက္ကသိုလ်ရောက်မှပြောမည်ဆိုသော သူ့ဆုံးဖြတ်ချက်ကို မပြင်တော့ချေ။

သို့နှင့် စာမေးပွဲကြီးနီးလာသော အခါ သာဂိတို့တွေ စာစုကျက်ကြသည်။ ပြူးကျယ်တို့ အိမ်တွင် ဖြစ်၏။ ၊ ပြူးကျယ် အစ်ကိုများက တက္ကသိုလ် ကျောင်းသားများချည်း ဖြစ်၍ မသိတာဆိုလျှင် မေးလို့ရသည်။ သူတို့ ညီအစ်ကို များကလည်း တစ်ယောက်ကို ဝါသနာတစ်မျိုးစီ ဖြစ်၏ ။ မည်သို့ပင်
ရှိစေ သူတို့အားလုံး သဘောကောင်းသူများဖြစ်၍ သာဂိကတော့ ခင်သည်။ အဲ..ခင်သည်ဆိုသည်ထက် အစ်ကိုရင်းများကဲ့သို့ အားကိုးမိသည်။ တစ်ကောင်
ကြွက် ဆန်ဆန် သာဂိသည် ညီအစ်ကို၊မောင်နှမ ငတ်နေသူ ဖြစ်သည်။

သူနှင့် ပြူးကျယ် စာကျက်ရာသို့ မိဖြူနှင့် ဥမ္မာလည်း လာသည်။ အပြန် ဆိုလျှင် သာဂိနှင့် ပြူးကျယ်က မိဖြူတို့ကို လိုက်ပို့သည်။ ဥမ္မာက သာဂိတို့တိုက်တန်း၏ နောက်ဖက် တိုက်တန်းတွင် နေသည်။ အမှန်တော့ ဘာမှ ဝေးလှသည်မဟုတ်။ ထို့ပြင် ဒိနားတစ်ဝိုက် သူတို့ကို မည်သူမျှ နှောင့်ယှက်မည် မဟုတ်။ သို့ရာ တွင်

စိုးရိမ်သည်ကို အကြောင်းပြ၍ သာဂိတို့က လိုက်ပို့သည်။

နေ့ဦးပေါက်ချိန် ဖြစ်၍ လေသရမ်းတို့ မြူဆော့သော ညချမ်းတွင် သာဂိသည် မိဖြူနှင့် ဘေးချင်းယှဉ်လျှောက်ရင်း ကြည်နူးနေမိသည်။ ဓာတ်မီးတိုင်တို့၏ တစ် ဝက်တစ်ပျက် အလင်းရောင်အောက်တွင် မိဖြူ၏ မျက်နှာလေးသည် နုနုထွေးထွေး၊ ဝါဝါပြေးလျှက် ရှိ၏။ စာအုပ်လေးတွေ ပိုက်ပြီး လမ်းလျှောက်နေ
သော မိဖြူသည် ရုတ်တရက် ကောင်းကင်ကို မော့ကြည့်ရင်း...
"ဒီနေ့ လသာတယ်နော်" ဟုတစ်ယောက်ထဲ ရေရွတ်သလို သာဂိကို ပြောသလို ပြော၏။ သာဂိလဲ မော့ကြည့်မိရာ ဟုတ်၏ ။ ငွေသော်တာသည် အာကာလွင်ပြင်တွင် ကြယ်ညီနောင်တို့ကို ခြံရံလျှက် သာဂိကို ဖြူဝါဝါကြီး ပြန်ကြည့်နေ၏။ မိဖြူက ...

" လမင်းကြီးက အရမ်းလှတာပဲ၊ တစ်ညလုံး ထိုင်ကြည့်နေရင် ကောင်းမယ်နော်..သာဂိ"
" လမင်းက နင့်လောက် မလှ ပါဘူး ၊ မိဖြူရယ် "

မိဖြူသည် ခြေလှမ်းလေး တုံ့သွား၏။ နောက် ဖြေးဖြေးချင်း သာဂိကို မော့ကြည့်သည်။ သူ့မျက်လုံးလေးတွေသည် ဟိုအရင်တစ်ခါ အရည်လည်သလိုမျိုးလေး လည်လာပြန်သည်။ ပါးပြင်လေးတွေရော နီနေသလား။ သိပ်တော့ မမြင်ရချေ။ သူတို့သည် ဓာတ်တိုင် နှစ်တိုင်ကြား အလင်း မမှီသော နေရာတွင် ရောက်နေ
ကြ၍ ဖြစ်သည်။ သို့ရာတွင် မိဖြူချစ်သော ငွေလရောင်ကတော့ ဖြူလွှလွှလေး ရှိနေသည်။ သာဂိ မိဖြူဘက်သို့ လှည့်၍ ပခုံးလေး နှစ်ဖက်ကို ကိုင်လိုက်သည်။

မိဖြူသည် သာဂိမျက်ဝန်းကို သာကြည့်နေသည်။ သူ့ နှုတ်ခမ်းလေးတွေ တစ်ဆတ်ဆတ် လှုပ်နေသည်။ သာဂိ မိဖြူ ပါးပြင်လေးကို ဖွဖွလေး နမ်းလိုက်သည်။
သနပ်ခါးနံ့ သင်းသင်းလေးရသည်။ သာဂိ စိတ်မထိန်းနိုင်တော့ မိဖြူ ကိုယ်လုံးလေးကို သိမ်းကြုံးပြီး သိုင်းဖက်ထားလိုက်မိသည်။ မိဖြူ လက်ထဲက စာအုပ်တွေ
ပြုတ်ကျသွား၏။ သို့ရာတွင် ပြန်မကောက်တော့ချေ.........

စာမေးပွဲ ဖြေပြီးတော့ သင်္ကြန်နားပင် ရောက်လုပြီ ဖြစ်သည်။ နောက် တစ်လလောက်ဆို သင်္ကြန်ကျတော့မည်။ မနှစ်က သာဂိ နှင့် ပြုံးကျယ်သည် ကိုကျော်ကြီး ဆရာဦးဆောင်မှုနှင့် ဘုန်းကြီးကျောင်းလိုက်နေရ၍ သင်္ကြန်လည်ဖို့ အခွင့်ရေး မရခဲ့ကြ။ ဒီနှစ် တော့ လည်ဖြစ်အောင် လည်မည်ဟု တေးထားမိသည်။

မိဖြူလည်း ဒီနှစ် ဘယ်မှ မသွားချေ။ သူ့အိမ်မှာ သူ့အမေက ထမင်း၊ဟင်းချက်ခိုင်း၍ အချက်သင်ရင်း ချက်နေရသည် ဟုဆိုသည်။ လမ်းထိပ် ကားဂိတ်နားက ဈေးတန်းလေးမှာ ဈေးဝယ်နေတာ တွေ့သည်။

သာဂိက အနားနား ကပ်၍ ..

"မိဖြူရေ..ဒီနေ့ ကြက်သားသုပ် ပေးစမ်းဟာ"

"နင်..တစ်ကယ် စားချင်လို့လား၊ ဝယ်လိုက်မယ်လေ၊ ပြီးရင် ငါလာပို့ပေးမယ်"

"ငါ စားချင်လို့ မဟုတ်ဘူးဟ၊ အငယ်ကောင်က စားချင်တယ်ဆိုလို့၊ နင်ကလည်း ကလေးတွေကို အသားလေး၊ ဘာလေး ကျွေးပါဦး၊ အဝတ်စားတွေချည်း စွတ်ဝယ်မနေနှင့် လေ"

မိဖြူသည် ရုတ်တရက် ကြောင်သွားသည်။ သူသည် သာဂိပြောတာကို ချက်ချင်း သဘောမပေါက်။ တော်ကြာနေမှ..မျက်နှာလေး ရဲပြီး

"သာဂိ!!!" ဟုဆိုကာ ကျောကုန်းကို "အုန်း"ကနဲ ထုလေသည်။ သူ့ဟာသူ ထုပြီး နာသွား၍ လက်ဝါးလေးတစ်ခါခါ ဖြစ်နေသဖြင့်

သာဂိက ဥုံဖွ လုပ်ပေးဖို့ သူ့လက်ကလေးကို ကိုင်တော့...

"သာဂိ၊ လမ်းပေါ်ကြီးမှာ..လွှတ်ဟာ.." ဟုဆိုကာ ရုန်းထွက်သွားသည်။ သာဂိ စပ်ဖြီးဖြီးနှင့် ကျန်ခဲ့သည်။ ဈေးသည်တွေကတော့ ဒါမျိုး ရိုနေပြီဆိုရမည်။ သူတို့နှစ်ယောက်သည် ဟိုးလွန်ခဲ့တဲ့ နှစ်တွေကတည်းက ဒီလမ်း၊ ဒီဈေး၊ ဒီကျောင်းနားမှာ ရန်ဖြစ်နေကြ မဟုတ်ပါလား။ သို့ရာတွင် သူတို့ မသိသည်မှာ ထိုစဉ်က ရန်ဖြစ် ထုရိုက် ဆဲဆိုခြင်းသည် ဒေါသကြောင့် ဖြစ်ပြီး ယခု ဆဲဆို ထုရိုက်ခြင်းမှာ အကြင်နာကြောင့် ဖြစ်သည်ဆိုသည်ပင်။

သာဂိသည် မိဖြူကို စနောက်ပြီး ကြည်နူးစွာ အိမ်ပြန်လာရာ အခန်းထဲရောက်တော့ ဒေါ်လေးက ....

"သာဂိရေ.. ပစ္စည်းတွေ သိမ်းဖို့ ကူစမ်းပါဦး၊ မင်းဦးလေးကလည်း တော်တော်ကြာတာပဲ။ ခုချိန်ထိကို မရောက်နိုင်သေးဘူး"

သာဂိက အံ့ဩစွာဖြင့်..

"ဘာပြုလို့ ..ဘာပြုလို့ သိမ်းတာလဲ၊ ဒေါ်လေး"

ဒေါ်လေးသည် သာဂိကို ကြင်နာစွာ တစ်ချက်ကြည့်လိုက်ပြီး..

"ဒေါ်လေး ..ရာထူးတက်လို့ ပြောင်းရမယ်။ လှိုင်မြို့နယ်ထဲကို လေ..သား ကျောင်းတက်တော့ နီးသွားတာပေ့ါ၊ ဒီကနေ တက်မယ်ဆိုရင် သားအကြာကြီး ကားစီးရမှာ"

သာဂိ တွေတွေကြီး ဖြစ်သွားသည်။ ဒေါ်လေး၏ ပစ္စည်းများကို ကူသိမ်းထုပ်ပိုးနေရင်း သာဂိသည် ငိုချင်သလိုလို ဖြစ်နေသည်။ ဒီတိုက်ခန်း၊ ဒီတိုက်တန်းတွင် သူ့ကို မွေးတာမဟုတ်သော်လည်း သူသည် ဒီမှာ ကြီးပြင်းလာသူဖြစ်သည်။ ဒီနေရာကို သူမခွဲချင်၊ နောက်ပြီး မိဖြူ၊ မိဖြူကို သူ နေ့တိုင်းတွေ့နိုင်မည် မဟုတ်တော့၊ ညီရင်းအစ်ကိုလို ခင်ရသော ပြူးကျယ်တို့နှင့်လည်း ကစားနိုင်မည် မဟုတ်တော့။ ငေးငေး ငေါင်ငေါင် ဖြစ်နေသော သာဂိကို ဒေါ်လေးက..

"စိတ်မကောင်း မဖြစ်ပါနဲ့ကွယ်၊ ဝန်ထမ်းဘဝ ဆိုတာ ဒီလိုပဲ သားရဲ့၊ ကိုယ့် ဘဝကိုယ် ပိုင်တာ မဟုတ်ဘူးလေ၊ ဟိုရောက်တော့လည်း သား သူငယ်ချင်း အသစ်တွေနဲ့ ပျော်သွားမှာပါ" ဟု နှစ်သိမ့်သည်။ ဒါပေမယ့် သာဂိ မရွှင်နိုင်ပါ။ ဒေါ်လေး အထက်တန်းကျောင်းအုပ် ဆရာမကြီးဖြစ်သွားတာလည်း ဝမ်းမသာနိုင်။ လဒကြီး လည်လိမ်သလို၊ ငေါင်စင်းစင်း ဖြစ်နေတော့သည်။

ည...၁၂ နာရီ ထိုးတော့မည်။ သာဂိ လှေကားပေါ်မှာ ထိုင်နေသည်။ သူ မိဖြူကို ညနေက ချိန်းထားခဲ့သည်။ ၁၂ နာရီတိတိ လှေကားက စောင့်မည်ဟူ၍ ..မိဖြူက ခေါင်းငြိမ့်ပြရုံသာ ပြုပြီး ဘာမှ ပြန်မပြောခဲ့ချေ။ သူလည်း မျက်နှာတော့ မကောင်း။ ဒေါ်လေး ပြောင်းရမည့် သတင်းကြားပြီး ဖြစ်ပုံရသည်။ ၁၂ နာရီ၊ ၁၀ မိနစ်..မိဖြူ မလာသေးချေ။ စောင့်ရသည့်အလုပ်သည် တော်တော်မောရကြောင်း သာဂိ ခုမှ သိသည်။ ဟိုတွေး..ဒီတွေး ဟိုငေး ဒီငေးနဲ့ မှောင်ရိပ်ထဲတွင် ခြင်တွေနဲ့လည်း စစ်ခင်းရသေးသည်။ အတော်ကြာတော့မှ မိဖြူတို့ အခန်းတံခါးလေး အနည်းငယ်ဟသွားပြီး မိဖြူ မျက်နှာလေး ထွက်လာသည်။ သာဂိသည် မတ်တပ်ထရပ်လိုက်မိသည်။ မိဖြူက တံခါးကို အသံမမြည်အောင် ဖြေးဖြေးချင်း ပြန်ပိတ်နေသည်။ ထို့နောက် သာဂိ ဘေးက လှေကားထစ်ပေါ် ထိုင်ချလိုက်ပြီးသာဂိကို မော့ကြည့်သည်။ သာဂိလည်း မိဖြူဘေးတွင် ဝင်ထိုင်ရင်း..

"နင်ကလည်းဟာ..စောင့်ရတာ ကြာလိုက်တာ"

"အမေတို့ မအိပ်သေးလို့ဟ..ဒါနဲ့ နေပါဦး..နင်တို့ ဘယ်နေ့သွားမှာလဲ"

"အဒေါ်ကတော့ နောက်တစ်ပတ်လို့ ပြောတာပဲ"

"နင် တစ်ကယ်သွားမှာပေါ့နော်..မသွားလို့ မရဘူးလားဟင်..ဟို..ပြူးကျယ်တို့ အိမ်မှာနေဟာ..မုန့်ဖိုး မရှိရင် ငါပေးမှာပေါ့။ ငါ့မှာ စုထားတာလေ..ဖူးကြီးနဲ့ အပြည့်ရှိတယ်..သိလား..နင် ဘာမှပူစရာ မလို ဘူး၊ ကိုကြီးမောင်တို့ ၊ကိုကျော်ကြီးတို့လည်း သဘောကောင်းတာပဲ၊ အဲဒီမှာပဲ နေဟာ ..နော်..ဟင်းတွေ မကောင်းလို့ မစားချင်ရင် ငါတို့အိမ်လာစားလို့လည်း ရတယ်လေ..အမေကလည်း နင့်ကို ခင်တာပဲဟာ၊ နင် သာ အားနာမနေရင် နေ့တိုင်းစားလို့တောင်ရ...."

မိဖြူသည် စကားတွေကို တိုးတိုး တိုးတိုးနဲ့ အဆက်မပြတ်ပြောရင်း မျက်ရည်လေးတွေ ကျလာသည်။ သာဂိ ဘယ်လိုမှ မခံစားနိုင်တော့။ သူ့ကိုယ်လုံးလေးကို ဆွဲယူ ပွေ့ဖက်လိုက်ရင်း ခေါင်းလေးကို ပွတ်ပြီး.. "မိဖြူ ရယ်.." ဟူ၍သာ ရေရွတ်မိသည်။ မိဖြူသည် ယခု စကားမပြောတော့။ သာဂိ ရင်အုံပေါ်မျက်နှာ အပ်ရင်း တိုးတိုးလေး ရှိုက်နေသည်။ သာဂိက သူ့ ခေါင်းလေးကို ဖွဖွလေးကိုင်ပြီး ဆံပင်လေး ကို သပ်ရင်း..

"ငါတို့ ကောလိပ်မှာ တွေ့လို့ရတာပဲ။ အရင်လို နေ့တိုင်းမတွေ့နိုင်တာပဲ ရှိတာပါဟာ၊ တစ်ပတ် ၅ ရက်တော့ တို့တွေ တွေ့နေကြရမှာပါ။"

မိဖြူသည် သာဂိရင်အုံပေါ် မှီနွဲ့နေရာမှ ဆတ်ဆို ခေါင်းထောင်လာရင်း..

"ဟင်..နင်က ငါ့ကို နေ့တိုင်း မတွေ့လည်း ရတယ်ပေါ့လေ၊ ဟုတ်လား၊ သာဂိ၊ ငါ့မှာတော့ သူသွားတော့ မယ်ဆိုလို့ အမေ မသိအောင် ခိုးငိုလိုက်ရတာ၊ သူကတော့ ..ဟင့်၊ ဟင့်၊ ဟင့်"

သာဂိ ပြာပြာသလဲလဲ ခတ်သွားရင်း..

"ဟာ..မိဖြူ ငါပြောတာ အဲလိုမဟုတ်ဘူးလေ၊ ဟိုဒင်း..ဟာ မငိုနဲ့လေဟာ..၊ ငါက နင့်ကို အချိန်တိုင်း စက္ကန့်တိုင်း တွေ့ချင်နေတာပါ၊ အမြဲတမ်း ငါ့ စိတ်ထဲမှာရှိနေတာ နင်ပါဟာ..ငါလေ ဖြစ်နိုင်ရင် နင့်ကို သေးသေးလေး လုပ်ပြီး ငါ့ အိပ်ကပ်ထဲ ထည့်သွားချင်တာပါ"

သာဂိ မချော့တတ်၊ ချော့တတ်နဲ့ ချော့တော့ မိဖြူ မျက်နှာလေး ပြန်ကြည်လာရင်း .." နင် တစ်ကယ် ပြောတာနော်" ဟု ဆိုသည်။ သာဂိက ခေါင်းငြိမ့်ပြသောအခါ မျက်ရည်တွေ စိုနေသော မျက်နှာလေးသည် ပြုံးယောင်သမ်းလာသည်။ ထိုအချိန်တွင် ကာလသား အစ်ကိုကြီးများပြောသောမျက်ရည်စိုနေသော

မျက်လုံးသည် အလှဆုံး ဆိုတာကို သာဂိ လက်ခံချင်သွားသည်။ မိဖြူ၏ မျက်နှာလေးသည် မိုးရွာသွန်းပြီးစ နေရောင်ခြည်၏ ထိတွေ့ခြင်း ခံရသော ပန်းပွင့်လေးကဲ့သို့.. မျက်နက်ဝန်း လေးသည် နူးညံ့ခြင်းကို အရည်ဖျော်ထားသော စိန်ပွင့်လေး ကဲ့သို့... ပါးပြင်မို့မို့ လေးပေါ်မှ သနပ်ခါးကွက်လေးသည် ရေစီးကြောင်းလေးတွေ ပေါ်နေသော သဲသောင်ပြင်ကဲ့သို့.....သာဂိ၏ ရင်သည် နူးညံ့စွာ လှုပ်ခုန်လာသည်။

ပျိုရွယ်ခြင်း၏ သွေးသားကလည်း ဆူပွက်လာ၍ အောက်က ပစ္စည်းကလည်း ထောင်လာသည်။ သာဂိ မိဖြူ၏ ကိုယ်လုံးကို သိမ်းဖက်ကာလှဲချလိုက်ပြီး ထောင်ထားသော ဘယ်ဘက်ပေါင်ပေါ်တွင် သူ့ခေါင်းလေးကို တင်လိုက်သည်။ မိဖြူသည် သာဂိ ဆန္ဒ အတိုင်း ပျော့ပြောင်းစွာပင် လိုက်လျောသည်။ ယခု မိဖြူသည် သာဂိ၏ ပေါင်ပေါ်တွင် ပက်လက်လေးလှန်လျက် သာဂိကို မော့မော့လေး ကြည့်နေသည်။ မိဖြူ၏ ကြည်စင်သော မျက်နှာဝင်းဝင်းလေးသည် သာဂိ ဘာလုပ်လုပ် တားမြစ် ငြင်းဆန်ခြင်း မရှိ၊ ပျော့ပြောင်းနူးညံ့လွန်းနေသော မျက်ဝန်းများကလည်း သာဂိကို ချစ်ခင် ကြင်နာစွာ ကြည့်နေကြသည်။

သို့ရာတွင် မိဖြူ၏ ရင်နှစ်မွှာကမူ ကန်ရေပြင်ထဲ ခဲလုံးလေး ကျသကဲ့သို့ လှိုင်းထ လှုပ်ရှားလျက်ရှိ၏။ သာဂိက ဘယ်လက်ကို မိဖြူ၏ ခေါင်းလေး အောက်ထိုးသွင်းကာ ခုပေးထားပြီး ညာလက်က မိဖြူ၏ မျက်ရည်စ အကြွင်း အကျန်လေးများကို သုတ်ပေးလိုက်သည်။ မိဖြူ မျက်လုံးလေး မှိတ်၍ ခံယူသည်။ ပြီးတော့ သာဂိကို မျက်ဝန်း တောက်တောက်လေးနဲ့ ကြည့်ရင်း လက်ကလေး တစ်ဘက်က သာဂိ ရင်ဘတ်က အင်္ကျီစကို ကိုင်ကာ "သာဂိရယ်"..ဟု ဆိုသည်။ သာဂိ သူ့ နှုတ်ခမ်းလေးတွေကို ငုံ့နမ်းလိုက်သည်။ ဒီတစ်ခါတော့ သွားချင်း မထိတော့ပေ။ သာဂိနှုတ်ခမ်းချင်း နမ်းသည့် ပညာကို တတ်သွားပြီ ဖြစ်သည်။ အောက်နှုတ်ခမ်းလေးကို ငုံ နမ်းရင်း လက်တစ်ဘက်က...

မိဖြူ၏ ခါးလေးကို တင်းတင်းဖက်မိရာ မိဖြူ ထံမှ" အွန်း" ကနဲ အသံလေးနဲ့ အတူ ရုန်းထွက်လိုက်ပြီး .....

"ဖြေးဖြေးဖက်၊ သာဂိရာ၊ အသက်ရှူကျပ်တယ်၊ ငါမနေတတ်တော့ဘူး"ဟု ဆိုသည်။ သို့နဲ့ သာဂိလည်း အားနေသော ညာလက်ကို ဘယ်နားထားရမှန်းမသိပဲ မိဖြူ၏ လက်ကလေးကို ဆုပ်ကိုင်ထားမိသည်။ မိဖြူသည် မောသွားဟန် တူသည်။ မျက်လုံးလေး စင်းရင်း အသက်ကို မြန်မြန်ရှူနေသည်။ သူ့ လက်ဖျံလေးတစ်လျှောက်တွင် ကြက်သီးဖုလေးများ ထလျက်၊ မွှေးညှင်းနုလေးတွေ ထောင်ထလျက် ရှိသည်ကို သာဂိ တအံ့တသြတွေ့ရသည်။ ထိုမွှေးညှင်းဖုလေးတွေ တစ်လျှောက် လက်ဝါးဖြင့် ဖြေးဖြေးချင်း ပွတ်လိုက်သောအခါ မွှေးညှင်းဖုလေးတွေ ပျောက်မသွားသည့်ပြင် လက်သဲချွန်ချွန်လေးတွေ သာဂိပေါင်ထဲ စိုက်တဲ့အထိ သာဂိကို ဖျစ်ညှစ်ဆုပ်ကိုင်လေသည်။ သာဂိ စိတ်မထိန်းနိုင်တော့။ သူ့ ခေါင်းလေးကို ဆွဲထူလိုက်ပြီး နှုတ်ခမ်း နုနုလေးတွေကို တရကြမ်း နမ်းတော့သည်။

မိဖြူသည် သာဂိ၏ ရင်ခွင်ထဲတွင် အရုပ်လေး တစ်ရုပ်ကဲ့သို့ ဖြစ်နေသည်။ သူသည် မိန်းမောစွာ ငြိမ်နေရင်း အသိမဲ့နေသကဲ့သို့ ရှိသည်။ သွေးတွေ ပွက်ပွက်ထမတတ် ဆူနေသော သာဂိ ရှေ့တော့ ဆက်မတိုးဝံ့ချေ။ အောက်က လိင်တံကလည်း တင်းပြီး ထောင်မတ်နေကာ မိဖြူခါးလေးကို ဖောက်ထွက်တော့ မတတ်ဖြစ်သည်။ သို့ရာတွင် သာဂိသည် သူ့ကိုယ်သူ ထိန်းဖို့ ကြိုးစားလိုက်သည်။ အတင်း

တရစပ်နမ်းနေမိရာမှ ခွာထုတ်လိုက်ရင်း သက်ပြင်းကိုချကာ မိဖြူ ခေါင်းလေးကို သူ့ပခုံးစွန်းပေါ်တင်ပြီး နောက်ကျောလေးကို သိုင်းဖက်ထားလိုက်သည်။ မိဖြူသည်လည်း ဘာဖြစ်သည် မသိ၊ သက်ပြင်းလေးချသံ ကြားရသည်။

ထိုနေ့ညက သာဂိသည် မနက်လေးနာရီထိုး ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်သည်ထိ မိဖြူကို ထွေးပွေ့ထားခဲ့သည်။ မိဖြူကတော့ ကလေးလေး တစ်ဦးနယ် သာဂိ ပခုံးစွန်းပေါ်တွင် အိပ်ပျော်သွားခဲ့သည်။ သာဂိသည် အပြစ်ကင်းစွာ အိပ်ပျော်နေသော မိဖြူကို မနိုးရက်၍ ဤပုံစံအတိုင်း တစ်လျှောက်လုံး ငြိမ်ငြိမ်လေး နေပေးခဲ့ရသည်။ သူ့ရင်ထဲတွင်လည်း ရိုင်းစိုင်းသော သွေးခုန်နှုန်းတို့ မရှိတော့။ နူးညံ့သော တစ်စုံတစ်ရာသည် သူ့ နှလုံးထဲတွင် စီးဆင်းလှည့်လည်ရင်း နမလေးတစ်ယောက်ထက် အနည်းငယ်ပိုသော မေတ္တာဖြင့်ဆက်လက်ထွေးပွေ့ရင်း မိဖြူသည် ငါ့ညီမလေးဖြစ်ရင် ကောင်းမှာပဲဟု တွေးမိသွားသည်။ပြီးတော့ နမဆို ဒီလို ဖက်နမ်းလို့တော့ ရမှာမဟုတ်ဟု တွေးမိပြန်ကာ ကိုယ့်ဟာကိုယ် ကျိတ်ရယ်မိသည်။

ထိုတော့မှ မိဖြူသည် အင်း ကနဲ အသံပြုရင်း နိုးလာသည်။ ပြီးတော့ သာဂိကို ပြူးကြောင်ကြောင်လေး ကြည့်ကာ "အိမ်မက်ကလည်း တစ်ကယ်လိုပဲ" ဟုဆိုကာ ပြန်အိပ်ရန် ပြင်သည်။ သာဂိ သူ့ကို မနိုးရက်သော်လည်း နိုးရတော့သည်။ မကြာမီ မိုးလင်းတော့မည် မဟုတ်ပါလား။

(၃)
တစ်ပတ်ကျော်ကြာပြီးနောက် ဟီးနိုးကားကြီး တစ်စီးဖြင့် သာဂိတို့ အိမ်ပြောင်းခဲ့ရသည်။ မိဖြူသည် ကားနောက်ခန်း ပစ္စည်းပုံတွေပေါ် ထိုင်နေသော သာဂိကို သူတို့ ပထမထပ် ပြတင်းပေါက်မှ လက်ကလေးဝှေ့ယမ်း နှုတ်ဆက်ရှာသည်။ သူ့မျက်ဝန်းတွေကို အနီးကပ် မတွေ့ရသော်လည်း မျက်ရည်ဝဲနေလိမ့်မည်ဆိုတာ သာဂိ သေချာပေါက် ခန့်မှန်းနိုင်ပါသည်။ ပြူးကျယ်ကတော့ သာဂိကို ပခုံးပုတ်၍ အားပေးသည်။ ကိုမောင်ကြီးကတော့ မပြင်ချင်ယောင် ဆောင်နေသည်။ ကိုကျော်ကြီးကတော့ သူ့ထုံးစံအတိုင်း ရှုတည်တည် ရုပ်ကြီးဖြင့် ကြည့်နေသည်သာ..

သူတို့ သုံးယောက်လုံး ကားပေါ်တွင် ပါလာကြသည်။ သာမန်ဝန်ထမ်းမျှသာ ဖြစ်သော ဒေါ်လေးသည် ပစ္စည်းများများ စားစား မရှိရှာသော်လည်း လင်မယား နှစ်ယောက် ဝယ်ထားသည့် စာအုပ်သေတ္တာတွေက ၈-လုံးခန့် ရှိပြီး အိမ်ထောင် ပရိဘောဂ၊ ဘာညာနဲ့ ပေါင်းသောအခါ တူဝရီးနှစ် ယောက်ထဲ ပင်ပန်းမည်စိုး၍ လုပ်အားပေးရန် ထို ညီအစ်ကိုတစ်သိုက် လိုက်လာကြခြင်း ဖြစ်သည်။ ပြန်လျှင်တော့ ပဲခူး၊ မော်ဘီ ကားတစ်စီးစီးစီး၍ ပြန်ကြမည် ပြောသည်။

သာဂိတို့ နေရာသစ်သည် အင်းစိန်၊လှည်းတန်း လမ်းမကြီးနဲ့ မနီးမဝေး တွင် တည်ရှိသည်။ အဒေါ်နေရမည့် နေရာသည် လိုင်းခန်း ချမပေးနိုင် သေး၍ ကျောင်းဆောင် ဟောင်း တစ်ခုကို အိမ်လုပ်ပေးထားသော နေရာဖြစ်သည်။ သာဂိတို့ တူဝရီး တစ်သိုက် အတွက်မူ ကျယ်လွန်းနေသည်။ အခန်းကျယ်ကြီးထဲတွင် အိပ်ခန်းများ ကန့်ထားပေးသည်။ သို့သော် သာဂိ မျက်စိထဲတွင်မူ အရာအားလုံး

ဟာလာ ဟင်းလင်းချည်းသာ ဖြစ်သည်။ သို့ရာတွင် သာဂိ ကံကောင်းသည် ဆိုရမည်။
အဘယ့်ကြောင့်ဆိုသော် ကလေးချစ်တတ်သော ကျောင်းစောင့်ကြီး ဦးညို ရှိနေ၍ ဖြစ်ပါသည်။

ရောက်စကမူ သာဂိသည် ဦးညိုကို ကြည့်၍ မရချေ။ ကွမ်းချိုးတက်၍ မည်းနေသော သွားတို့ဖြင့်
အရက်ဆီပြန်နေသော မျက်နှာတွန့်တွန့်ကြီးသည် ဝန်ထမ်းလိုင်းခန်းကလာခဲ့သူ သာဂိအတွက်
အနားမကပ်ချင်စရာ ဖြစ်သည်။ သို့ရာတွင် တစ်ရက် သာဂိ မိဖြူကို လွှမ်း၍
ကော်ရစ်တာပေါ်ထိုင်ပြီးငေးနေစဉ် ဦးညို ရောက်လာပြီး…

"အလွမ်းဆိုတာ သူ့ချည်းသက်သက်တော့ မကောင်းဘူးကွ"

သာဂိ လှည့်ကြည့်ရင်း…

"ဗျာ.. ဘာပြောတာလဲ.. ဦးကြီးညို"

"ဒီလိုလေကွာ..ငါတို့ အရက်သောက်ရင် အမြည်းလေးပါမှ သောက်ရတာ စည်းစိမ်ရှိသလို လွမ်းတဲ့
အခါမှာလည်း သီချင်းလေးရေး၊ ကဗျာလေးစပ်မှ လွမ်းလို့ကောင်းတာကွ ..သာဂိရ"

"ကျွန်တော်မှ ကဗျာ မရေးတတ်ပဲ"

"အံမယ်ကွာ..လွယ်လွန်းလို့..မင်းကရေးချင်စိတ် ရှိဖို့ပဲ လိုတာပါ ငါ့ကောင်ရာ..မင်းသာတတ်ချင်ရင်
ဒီကမ္ဘာပေါ်က ဘယ်ပညာမဆို မင်း တတ်နိုင်ပါတယ်ကွ"

သာဂိ ဦးညိုကို စိတ်ဝင်စားသွားသည်။ ဦးညိုသည် ကျောင်းဝင်းထဲတွင် သူ့ဇနီး ဒေါ်တင်နွယ်နဲ့အတူ
တဲထိုးနေသူ ဖြစ်သည်။ သူတို့ တဲအိမ်လေးထဲသို့တော့ သာဂိ တစ်ခါမှ မရောက်ဖူးသေး။ သို့ရာတွင်
ဦးညိုရင်တွင်းကိုတော့ သာဂိ လှမ်းမြင်လိုက်ရသလို ရှိသည်။

"ဒါနဲ့ ဦးညို အချစ်ဆိုတာ ဘာလဲဟင်..အဲဒီ အဓိပ္ပါယ်ကို ကျွန်တော် သေချာ မသိဘူး။ ဒါပေမယ့်
ကျွန်တော် သူ့ကို ချစ်တယ် ဦးကြီးညို"

"ဟားဟားဟား..မင်းဟာက ကျွန်တော် မသိဘူး။ တတ်တယ် ဖြစ်နေပြီ။
ဟုတ်လို့လားကွာ..လောကမှာ မသိပဲ တတ်တဲ့ ပညာဆိုတာ ရှိလို့လားကွာ.. မှတ်ထား..သာဂိရဲ့ ..ဟောဒီ
ကမ္ဘာမှာ မင်းတို့ ပြောပြောနေတဲ့ အချစ်ဆိုတာ မရှိဘူးကွ"

သာဂိ နည်းနည်း စိတ်ပျက်သွားသည်။ ဦးညိုကြီး မူးနေသည် ထင်သည်။ အချစ်ဆိုသည့် အကြောင်းကို
ဒေါ်လေးနဲ့ ဦးလေး စုဆောင်းပိုင်ဆိုင်ထားသည့် စာအုပ်တွေထဲတွင် နာမည်ကြီး စာရေးဆရာပေါင်းစုံက
နည်းလမ်းပေါင်းစုံဖြင့် ထုတ်ဖော်ထားကြသည်။ ဒါကို ကျောင်းစောင့် ဦးညိုကြီးက မရှိပါဘူး လုပ်နေသည်။
အင်း..သူ ဒီနေ့ နည်းနည်း များသွားလို့ နေမှာပါ။ နောက်နေ့မှ ဆက်မေးရမယ်ဟု သာဂိတွေးမိသည်။
မှန်သည်။ သာဂိ အတွက်တော့ ဦးညိုသည် အရက်သောက်တတ်သော စာအုပ်တစ်အုပ် ဖြစ်သည်။

ဟောင်းနွမ်းနေသော ထိုစာအုပ်ကြီးတွင် သဘောကောင်းသော ပိုင်ရှင်လည်း ရှိသည်။ ထိုသူက သူ့ဇနီး
အန်တီ တင်နွယ် ဖြစ်သည်။ သာဂိသည် သူတို့နှစ်ယောက်ကို ကြည့်ပြီး တအံ့တဩ ဖြစ်ရသည်။ သူက
ဦးကြီးညိုဟု ခေါ်သော ဦးညိုသည် ရံဖန်ရံခါ အင်္ဂလိပ်လို ရေးထားသောသတင်း အပိုင်းစများပါသည့်
ကွမ်းယာ ထုပ်သော စက္ကူကို ဖြေရင်း ဘိုလို မွတ်နေအောင် ဖတ်တတ်သည်။ အန်တီ တင်နွယ်ကတော့
သူ့ကို ခေါ်သည့် အန်တီဆိုသည့် စာလုံးကလွဲလျှင် ကျန်တာ ဘာမျှ နားမလည်ချေ။ သူတို့ နှစ်ယောက်သည်

တော်တော်တော့ အသွင်မတူကြချေ။ အန်တီတင်နွယ်သည် ရိုးသားအေးဆေးသူ ဖြစ်ပြီး သူ့ဟာသူ ငြိမ်းချမ်းစွာနေထိုင်ရင်းဦးကြီးညို ရှိနေလျှင် ပြည့်စုံနေပြီဖြစ်သည်။ ဦးကြီးညိုကတော့ ဒီလို မဟုတ်ချေ။

"ဟကောင်..သာဂိရဲ့..ယောက်ကျားတစ်ယောက်ရဲ့ ဘဝအရသာကို ဒင်းပြည့် ကျပ်ပြည့် ခံစားဖို့ အချက်သုံးခုထဲက တစ်ခုခု လုပ်ရမယ်လို့ ဆရာသော်တာဆွေ ကပြောတယ်ကွ၊ တစ်..အရက်..နှစ်..မိန်းမ..သုံး..လောင်းကစား..မင်းရော ဘာဝါသနာပါလဲ၊ ငါကတော့ သုံးခုလုံးကွ" ဟု ဆိုသည့်လူကြီး ဖြစ်သည်။

တစ်ခါ တစ်ခါ စိတ်လို လက်ရရှိချိန်မျိုးဆိုလျှင်လည်း ဤသို့ ပြောတတ်ပြန်၏။

" အချစ်ဆိုတာ ..more then sex..တော့ more then sex ပဲ။ ဒါပေမယ့် based on sex ဆိုတာလည်း သေချာတယ်ကွ။ ထိန်းချုပ်နိုင်သူအဖို့ကတော့ love= sex ပဲ။ခံစားချက်တွေ မထိန်းနိုင်တဲ့ မင်းလို အရူးလေးကတော့ love= crazy ပဲကွ..ဟားဟား"

ထိုယူဆချက်ကို သာဂိက သဘောမတူနိုင်ချေ။ ရှေးရာဇဝင် အဆက်ဆက်ကစလို့ ယခုချိန်ထိ ယုံကြည်စွာသုံးစွဲခဲ့သော စကားလေး တစ်ခွန်းကိုဦးညိုကြီး စကားတစ်ခွန်းထဲနဲ့တော့ဖြင့် လွှင့်မပစ်နိုင်ချေ။ ထို့ကြောင့် စောဒက တက်မိသည်။

"အဲဒီလို ချည်းပဲတော့ မဟုတ်လောက်ပါဘူး။ ဦးကြီးညိုရယ်..အချစ်အတွက်နဲ့ အသက်တောင် စွန့်တာတွေ ဘာတွေ ဦးညိုကြီးလည်း သိတာပဲ မလား၊ ရှင်မွေးလွန်းနဲ့ မင်းနန္ဒာတို့၊ ရိုမီယိုနဲ့ ဂျူးလီယက်တို့..အဲဒီလိုတွေကျတော့ ဘာပြောမလဲ"

ဦးညိုကြီးကရယ်သည်။ ပြီးတော့..

"သူတို့က ကြိုက်နေတာကွ..အချစ်မဟုတ်ဘူး..အဲတစ်ကယ်တော့ အချစ်မဟုတ်ဘူးလို့တောင် ပြောစရာ မလိုဘူး။ ဘာလို့လဲဆိုတော့ အချစ်ဆိုတာ ရှိကို မရှိလို့ပဲ။ ထားပါတော့လေ။ ငါဆက်ပြောပြမယ်။ အကြိုက်ဆိုတာ ရမ္မက်ကို အခြေခံတာကွ။ သူ့ လောင်စာ အားကောင်းနေတုန်းဆို မီးညွန့်က သိပ်ကောင်းပြီး အရှိန်က တစ်ဟဲဟဲနဲ့ပေ့ါ။ အဲ..လောင်စာလည်း လျော့သွားရော ခုန မီးတောက်ကြီး ဘယ်ရောက်သွားမှန်း ကိုမသိတော့ဘူး။ ငါပြောတာ သဘောပေါက်လား။ အေး..အကြိုက်ဆိုတာလည်း ရမ္မက်တွေ ပြင်းထန်နေတုန်း မှာတော့ အရှိန်က ပြင်းမှ ပြင်းပေ့ါ။ ရမ္မက်လည်း သွေးအေးသွားရော အရှိန်လည်း ကျကရောပဲ။ သူတို့က အရှိန်ပြင်းနေတုန်း အဲလိုဖြစ်သွားကြတာကွ။ တစ်ကယ်လို့ နောက်တစ်လလောက်နေမှ ပေးတွေ့ကြည့် အဲ့လို မဖြစ်ဘူး။"

"ဟာဗျာ..ဦးကြီးညိုကလည်း.. အဲလောက်ကြီး စောင့်လို့ ဘယ်ရမလဲဗျ။ ဟိုက ဘုရင်တွေ ခေတ်လေ၊ ယောကျ်ားပေးစားပစ် ဘယ်လိုလုပ်မလဲ။"

"မင်းကို သူချစ်တယ်လို့ ယုံတယ်ဆိုရင် သူယောကျ်ားပေးစားခံရမှာ မင်းကဘာလို့ ကြောက်နေတာလဲ၊ သူက မင်းကို ချစ်တယ်လေ။ မင်းကလွဲပြီး ဘယ်သူ့မှ မချစ်ဘူးလေ၊ မင်း အဲဒါကို မယုံဘူးလား"

"ဟို..အင်း..ယုံတယ်လေ။ ဒါပေမယ့်..."

"ဒါပေမယ့် ဆိုတာ သံသယ စကားကွ၊ သံသယဆိုတာ မင်းတို့ပြောတဲ့ ချစ်ခြင်း မဆိုထားနဲ့ မိတ်ဆွေတွေမှာတောင် အဲဒါဝင်လာရင် ပျက်တော့တာပဲ ငါ့ကောင်ရေ...ဟားဟားဟား"
သာဂိ ဦးညိုကြီးကို နိုင်အောင် မပြောနိုင်ချေ။ သို့သော် ဦးညိုကြီးပြောတာကိုတော့ အကုန်လုံး မယုံ။ မူးမူးနဲ့ ရှီးတာ များသွားသည်ဟုသာ မှတ်ထားလိုက်သည်။

သာဂိ သည် လှိုင်ကောလိပ်တွင် စိတ်ပညာ မေဂျာကို ရသည်။ မိဖြူကတော့ ဓာတုဗေဒကို ယူသည်။ သာဂိက "နင် အဲဒီဘာသာကြီး ယူပြီး ဘာလုပ်စားမလဲ" ဟုမိဖြူကိုမေးသောအခါ မိဖြူက" နင်ကရော..နင်လည်း အဲဒီ ဆိုက်ကိုကြီးနဲ့ ဘာလုပ်စားမှာလဲ" ဟု ပြန်မေးလေသည်။ သာဂိလည်း ပြန်မဖြေတတ်။ ဝါသနာ ပါလို့သာ ယူထားခြင်းဖြစ်ပြီး ထိုပညာနဲ့ ဘယ်လို လုပ်ကိုင်စားရမယ်မှန်း ဒုတိယနှစ်လောက်ထိ သာဂိ မသိချေ။

တက်ရောက်သင်ကြားနေရသည့် ပညာရပ်ကိုသာ မသိရှိမည်။ မိဖြူကို ဘယ်လို ကိုင်တွယ်ရမည်ဆိုတာတော့ သာဂိကျွမ်းနေပြီဖြစ်သည်။ မိဖြူကလည်း သာဂိကို ဘယ်လို အနိုင်ကျင့်ရမည်ဆိုတာ ကောင်းကောင်းသိနေပြီ ဖြစ်သည်။ ပြူးကျယ် နဲ့ ဥမ္မာတို့ကတော့ စိတ်တူသဘောတူ လော (Law) ကို ယူပြီး မခွဲမခွာ ရှိနေကြသည်။

သူတို့သည် လှိုင်နယ်မြေ၏ သစ်ပင်ရိပ်ကြီးများအောက်တွင် အတူတူ ပျော်ခဲ့ကြသည်။ အတူတူ စိတ်ကောက်ခဲ့ကြသည်။အတူစား၊ အတူသွား၊ အတူလာနဲ့ နှစ်ကိုယ့် တစ်စိတ်သဖွယ် ပျော်နေခဲ့ကြသည်။ စင်စစ် ထိုအပျော်သည် မုန်တိုင်းမလာ ခင် တိုက်သည့် လေညှင်းဖြစ်ကြောင်း သူတို့ မရိပ်မိခဲ့ကြချေ။

သူတို့ ဒုတိယနှစ် အောင်အပြီးတွင် လှိုင်ကောလိပ်ကို ဖျက်သိမ်းကြောင်း မကြော်ငြာပဲ သူတို့ ကျောင်းပြောင်းကြရသည်။ တစ်ချို့က အရှေ့ပိုင်း တက္ကသိုလ်(သန်လျင်) သို့ရောက်ပြီး အချို့က ဒဂုံ တက္ကသိုလ်သို့ ရောက်သွားကြသည်။ ကံဆိုးစွာပင် သာဂိနဲ့ ဥမ္မာသည် အရှေ့ပိုင်း တက္ကသိုလ် စာရင်းထဲပါသွားပြီး ပြူးကျယ်နဲ့ မိဖြူက ဒဂုံတက္ကသိုလ်သို့ ရောက်သွားကြသည်။

ထို စာရင်းထွက်သည့်နေ့က သူတို့ လေးယောက်   အင်းယားကန်ဘောင်ပေါ်တွင်   စကားမပြောဖြစ်ပဲ မှိုင်နေမိကြသည်။   အရင်ဆုံး လှုပ်ရှားသူများက ပြူးကျယ်နဲ့ ဥမ္မာဖြစ်၍   တစ်နေရာ သွားဦးမည်ဆိုကာ ထွက်သွားကြသည်။   မိဖြူသည် ငိုတော့မယောင် မျက်ဝန်းများနဲ့ သာဂိကိုကြည့်ရင်း ..

"ဘယ်လို လုပ်ကြမလဲ..သာဂိ..ဟင်..ဘယ်လိုလုပ်ကြမလဲ" ဟူသော စကားကိုသာ ထပ်ကာထပ်ကာ ရေရွတ်နေသည်။
သာဂိလည်း ဘယ်လို ပြန်ဖြေရမှန်း မသိချေ။ မိဖြူလက်လေးကို ခပ်ထွေးထွေးဆုပ်ရင်း အင်းယားရေပြင်ကိုသာ အဓိပ်ပါယ်မဲ့ကြည့်နေမိသည်။ ထိုနေ့က သာဂိ အိမ်ပြန်နောက်ကျသည်။

အိမ်ရောက်တော့ ရေချိုးပြီး ဝရံတာပေါ်ထိုင်ငေးနေစဉ် ဦးညို ရောက်လာပြီး..

"ဘာဖြစ်လို့လဲ သာဂိရ..တစ်နေကုန်တွေ့တာတောင် မင်းဟာက လွမ်းတုန်းပဲလားဟ"

"မဟုတ်ပါဘူး။ ဦးကြီးညိုရာ..သူနဲ့ ကျွန်တော် ကျောင်းကွဲသွားပြီဗျ။ သူက ဒဂုံမှာ..ကျွန်တော်က

သန်လျင်မှာ..ရှေ့လျှောက် ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ"

" အလို..မင်းက ဘာလုပ်ချင်လို့တုန်း"

"သူနဲ့ အတူနေချင်တာဗျ"

"ဘယ်လောက်ကြာကြာလဲ"

"တစ်သက်လုံးဗျ၊ တစ်သက်လုံး"

"အံ့ပါရဲ့..သာဂိရယ်၊ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ်နေနိုင်တဲ့ ဘဝမှာ မနေချင်ပဲကိုး။ မင်း ချစ်တဲ့ထိတော့ ဦးကြီးကဘာမှ မပြောချင်သေးဘူး။ လက်ထပ်ဖို့တော့ မစဉ်းစားနဲ့ သာဂိရေ..မင်း အမှားကြီး မှားလိမ့်မယ်"

"ဟာဗျာ..မှားမှားဗျာ..ကျွန်တော် သူ့ကို ချစ်တယ်။ သူ့ကို ယူမယ်"

"ဟားဟား..ချစ်တယ် တဲ့လား..အဲဒီ ချစ်တယ်ဆိုတဲ့ စကားကို မင်း ဝေ့တန်းလန်းနဲ့ ပြောနေတုန်း အရွယ်လောက်ကတည်းကခံစားတတ်ခဲ့တဲ့ ကောင်ပါကွ၊ လူပို မဖြစ်ခင်ကတည်းက ကဗျာတွေ ရေးလိုက်၊ ဝတ္ထုတွေရေးလိုက်နဲ့ ကြိုက်ရမယ့် လူရှာပြီး ဖျပ်ဖျပ်ခါနေခဲ့တာ..ငါ့ မိန်းမ နွယ့်ကို တစ်ခြားယောက်ကျားတစ်ယောက်က စကားပြောနေတာများ မြင်ရင် အဲဒီည ငါ အိပ်လို့ကို မပျော်တာဟေ့။ သူနဲ့သာဆိုရင် ငါဟာ တဲအိုပျက် တောင်မလိုဘူး။ ထမင်းရေတောင် မလိုဘူး။ သူ့မျက်နှာ ကြည့်နေရရင် သစ်ပင်အောက်မှာ ရေသောက်ပြီး တစ်သက်လုံး နေနိုင်တယ်လို့ ထင်ခဲ့တဲ့ ကောင်ပါ ..သာဂိရ.."

"အင်းလေ..ဦးကြီးကျတော့ ယူခဲ့ပြီးတော့ ကျွန်တော့်ကျမှ မယူနဲ့ဆိုတော့..ဦးကြီး တရားသလားလို့ ..."

"အေး..ငါက မင်းကို ငါ့လို မမှားရအောင် ပြောနေတာကွ သာဂိရ..ဒီတွင်းကြီးက အနက်ကြီး ။ အထဲမှာလည်း ရေမရှိဘူးဆိုတာကို တွင်းထဲကျနေတဲ့ငါက မင်းသိအောင် လှမ်းအော်ပြောနေတာ၊ အဲဒါကို မင်းက မနာလိုလို့ ပြောတယ်ထင်လည်း မင်းသဘောပါပဲကွာ"

ဦးကြီး ညိုသည် စိတ်ပျက်လက်ပျက်ခေါင်းခါရင်း ထိုင်ရာမှ ထသည်။ ထိုစဉ်မှာ ကျောင်းဝင်းတံခါးရှေ့သို့ လူတစ်ချို့ ရောက်လာ၍

"ဟေ့ ဘယ်သူတွေလဲကွ" ဟု ဦးညိုက လှမ်းအော်ရာ.. ထိုလူသိုက်ဆီက

"သာဂိရေ..သာဂိ..သာဂိနဲ့ တွေ့ချင်လို့ပါ" ဟူသော အော်သံများ ထွက်လာ၏။

ကိုကြီးမောင်တို့အုပ်စုပင်ဖြစ်သည်။ သာဂိ အပြေးအလွှားသွား တံခါးဖွင့်ပေးတော့ ကိုကြီးမောင်က ပြူးကျယ်ဒီမှာလား ဟုမေးသည်။ သာဂိ ပြူးကြောင်ကြောင်နဲ့ ခေါင်းခါပြတော့ ကိုကြီးမောင်က သက်ပြင်းချပြီး

"မင်းကောင် ပြူးကျယ်ကတော့ ပြဿနာပဲကွာ.. ဥမ္မာ့ကို ခိုးပြေးသွားပြီ ထင်တယ်"

"ခင်ဗျာ.."

သာဂိ ခင်ဗျာ တစ်လုံးသာ ရွတ်နိုင်ပြီး ပါးစပ်အဟောင်းသားဖြင့် အံ့သြတစ်ကြီး ဖြစ်သွားလေသည်။

ဦးညိုကြီးက ..

"သွားပြီ တစ်ကောင်တော့ တွင်းထဲ ပြုတ်ကျသွားရှာပြီ" ဟုရေရွတ်လိုက်သည်။ ကိုကြီးမောင်က သဘောပေါက်စွာ ရယ်သည်။ ပြီးတော့ သာဂိကို

"မနက်ကျရင် ဒီကောင် သွားတတ်တဲ့ နေရာတွေ ရှာပြီး ပြောပါဦးကွာ..ဉမ္မာ့ကို ပြန်အပ်ရဦးမယ်လို့ သူတို့ကို ဘယ်သူကများ သဘောမတူဘူးပြောလို့ ခိုးပြေးရတာလိမ့်ကွာ၊ တော်တော်ဆိုးတဲ့ ကောင်ပဲ" သာဂိ ခေါင်းငြိမ့်ပြရင်း မနက်ကျ တွေ့အောင်ရှာပြီး ပြောပေးပါ့မည်ဟု အာမခံလိုက်သည်။ အာမလဲ ခံရဲပေသည်။ သူငယ်ချင်းချင်းဖြစ်သော ပြူးကျယ် ဘယ်ဘိမှာ နားခိုနေနိုင်မလဲ ..ဝေးဝေး စဉ်းစားစရာမလိုချေ။ ဒီကောင် လှည်းတန်းက သန်းအေးတို့ အိမ်မှာပင်ဖြစ်ရမည်။ တောသူဌေးသားများ ဖြစ်သော သန်းအေးနဲ့ သူ့သူငယ်ချင်း တစ်ယောက်သည် လှည်းတန်းတွင် အိမ်ခန်းတစ်လုံးငှားပြီး နှစ်ယောက်ထဲနေခြင်း ဖြစ်သည်။ ယခု ဒီကောင်တွေ ရွာပြန်ချိန်အခန်းသော့သည် သူငယ်ချင်းများလက်ဝယ်တွင်သာ ရှိပေလိမ့်မည်။ ဒါကို ပြူးကျယ်က ဝင်ကြံနိုက်ခြင်း ဖြစ်မည်မှာသေချာသည်။ သာဂိသည် ချက်ခြင်းထသွားရန် စဉ်းစားပြီးမှ ခုလို ချိန်ကြီး ပြူးကျယ် ဘာလုပ်နေမည်ကို စဉ်းစားရင်း ပြုံးစိစိဖြင့် တစ္ခ်ိခ္ခိ ဖြစ်နေလေတော့သည်။

သူ မနက်အိပ်ယာထတော့ မိဖြူရောက်နေချေပြီ။ ပုဆိုးစွန်တောင်ဆွဲရင်း အိပ်မှုံစုံမွှား ထွက်လာသော သာဂိသည် ဧည့်ခန်းထဲတွင် ပုံ့ပုံ့လေးထိုင်နေသော မိဖြူကို မြင်သောအခါ ပါးစပ်ကြီး ပြဲသွားပြီး ..ကမန်းကတမ်း ရေချိုးခန်းဘက်သို့ ပြေးလေသည်။ မိဖြူကတော့ မျက်နှာ အမ်းအမ်းလေးဖြင့် ပြုံးစိစိလေးဖြစ်ကာကျန်ခဲ့သည်။ သာဂိ ရေချိုးပြီး အပြင်ထွက်လာတော့ ဒေါ်လေးက..

"ဟဲ့..သာဂိ ထမင်းကြမ်း စားသွားဦးလေ..သမီး..မိဖြူရော တစ်ခါထဲ စားလေ..လာ" နှစ်ဦးသား တစ်ပြိုင်တည်း..

"မစားတော့ဘူး ..ဒေါ်လေး"

"အံမယ်..လေသံကိုက...ဟေ့..ဟေ့..ပြောထားပါရဲ့နော်..မင်းတို့..မင်းတို့ကို ငါတို့က သဘောတူပြီးသားနော်..ဟို နှစ်ယောက်လို ပေါက်ကရ လုပ်ဖို့ မစဉ်းစားနဲ့ ကြားလား..အလုပ်ကိုင်လေး အတည်တကျ ဖြစ်မှ စဉ်းစားကြ..ဟုတ်ပြီနော်"

"ဟုတ်""ဟုတ်ကဲ့ပါ..ဒေါ်လေး"

သာဂိနဲ့ မိဖြူသည် ဆင်ရေတွင်းမှတ်တိုင်တွင် ကားစောင့်ရင်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရမှာ မျက်နှာပူသလို ဖြစ်နေသည်။ သို့သော် မကြည့်ပဲလဲ မနေနိုင်ချေ။ ကြည့်မိပြန်တော့ မိဖြူက

"ဘာကြည့်တာလဲ" ဟုဆိုကာ မျက်နှာနီနီလေးနဲ့ မျက်စောင်းထိုးရင်း ပြုံးချင်နေသော နှုတ်ခမ်းလေးကို သွားနဲ့ ကိုက်ထားလေသည်။ သာဂိက ရယ်ကြဲကြဲနဲ့ ခေါင်းကုတ်ရင်း "နင်ကရော ဘာကြည့်တာလဲ၊ နင်လဲကြည့်လို့ ငါကြည့်တာ မြင်တာမှတ်လား"
ဘာပြောရမှန်းမသိတော့သော မိဖြူသည် သာဂိ ဗိုက်ခေါက်ကြောကို လိမ်ဆွဲရာ သာဂိ ထိုးထိုးထွန့်ထွန့် ဖြစ်သွားလေသည်။ အမှန်တော့ သူတို့နှစ်ယောက်သည် ပြူးကျယ်နဲ့ ဉမ္မာအစား ရင်ခုန်နေကြခြင်းသာဖြစ်သည်။ ညက အိပ်ယာထဲတွင် သာဂိသည် ပြူးကျယ်က ဉမ္မာ့ကို ဘယ်လို

ချစ်မှာပါလိမ့်ဟု တွေးရင်း အိပ်ပျော်သွားရာ မမက်စဖူး အိပ်မက်ထဲတွင် သူနဲ့ မိဖြူ ချစ်ပြုဟာကျင်းသည်ဟု မက်မိသည်။ သူက အိပ်မက်ကြောင့် ရင်ခုန်နေခြင်းဖြစ်ပြီး မိဖြူက ဘာကြောင့် ရင်ခုန်နေသည် ဆိုတာတော့ သာဂိလည်းမသိချေ။

သာဂိတို့ သန်းအေး၏ တိုက်ခန်းရှေ့ရောက်ချိန်တွင် တံခါး မဖွင့်သေးချေ။ သာဂိက တံခါးကို တစ်ဝုန်းဝုန်းထုရင်း အသံကိုဖျက်၍…

"လူကြီးမင်းတို့..လူကြီးမင်းတို့ ခင်ဗျ..ဧည့်စာရင်းစစ်ဖို့ လာပါတယ် ခင်ဗျ..တံခါးလေးဖွင့်ပေးပါဦး ခင်ဗျ"

အတွင်းက ဘာသံမျှ မကြားရ..ထပ်၍ တစ်ဝုန်းဝုန်း ထုလိုက်ပြီး..အသံသြသြကြီးဖြင့်..

"မောင်သန်းအေး..တံခါးဖွင့်ဦးကွယ့်..အိမ်လခ ကိစ္စလဲ ပြောရဦးမယ်ကွယ့်"

အထဲက ချိုးချိုးချွတ်ချွတ် လှုပ်ရှားသံများကြားရသည်။ မိဖြူကတော့ ပါးစပ်ကို လက်ဝါးလေး အုပ်ရင်း အူတက်နေချေပြီ။ သာဂိက ဆက်၍..

"ကဲ..ရပ်ကွက်လူကြီးမင်းတို့ ..တံခါးဖွင့်မပေးရင်လဲ ဖျက်သာဝင်ပါတော့ဗျာ" ပြောရင်း တံခါးမျောက်လက်ကို တစ်ချွင်ချွင် ကစားလိုက်ရာ

"လာပါပြီရှင်..လာပါပြီ"" ဟာ..ဥမ္မာ..မဖွင့်နဲ့..ဟာ…ကောင်းကောင်းမနေရတော့ပါဘူး၊ အဲဒါ သာဂိတို့ဟ.. အဲ့ဒီကောင့်အသံကို ခွေးချီသွားတောင်ငါမှတ်မိတယ်"

သို့ရာတွင် တံခါးက ပွင့်သွားချေပြီ။ ဆံပင် ဖရိုဖရဲလေးနဲ့ ဥမ္မာသည် အပေါက်ဝတွင် ရပ်နေသော သာဂိနဲ့ မိဖြူကိုမြင်ရသည်တွင် မျက်လုံးလေးပြူးသွားပြီး ယောင်၍ တံခါးကို ပြန်ပိတ်မည် ပြုသည်။ သာဂိက ..

"အံမယ်..အံမယ်..ဥမ္မာ..နင်က ငါတို့ကိုတောင် လက်မခံချင်တော့ဘူးပေါ့လေ.."

ဥမ္မာသည် အိုးတို့အမ်းတမ်း ဖြစ်သွားလျှက်..

"မဟုတ်ပါဘူးဟာ..ဟို…ငါက ယောင်သွားလို့ပါ" ဟု ပြုံးဖြဲဖြဲလေးနဲ့ လေပြေထိုးရင်း ဝင်လေဟု ဆိုသည်။ ဥမ္မာသည် ယောက်ကျားဝတ် ရှပ်အင်္ကျီလက်ရှည်ကြီးကို ဝတ်၍ ပုဆိုးတစ်ထည်ကို ထမီ လုပ်ဝတ်ထားသည်။

သာဂိက..

"ဟ.. ဥမ္မာတို့ ဖက်ရှင်က မိုက်လှချည်လားဟ..နင့် အသစ်စက်စက် ယောက်ျားဆင်ပေးထားတာလား "

သာဂိက ရယ်စရာပြောတာ ဖြစ်သော်လည်း ဥမ္မာက မရယ်ပဲ ရှက်စနိုးဖြင့် ခေါင်းလေးငုံသွားလေသည်။ ထိုစဉ် ဧည့်ခန်းထဲက ဖျာပေါ်တွင်မိန့်မိန့်ကြီး လှဲနေသော ပြူးကျယ်က ..

"ဟာ..ဒီကောင် သာဂိကတော့.. အေးဟုတ်တယ်ဟေ့..ငါ ဆင်ပေးထားတာ။ အဆင်မတတ်တော့ မိန်းမတစ်ယောက် ရတာပဲကွာ..ဟားဟား"

သာဂိက ပြူးကျယ်ဘေးတွင် ဝင်ထိုင်လိုက်ရင်း..

"သြော်..ဇာတ်ကြောင်းတွေ ရှိသေးတယ်ပေါ့ ..လုပ်စမ်းပါဦးဟ" ဟုဆိုသောအခါ ဥမ္မာက ..

" ပြူးကျယ်နော်..နင်ပြောရဲ ပြောကြည့်" ပြောပြောဆိုဆို ပြူးကျယ်ကို တစ်ခုခု လုပ်မည့်ဟန်လေး

အပြင်တွင် မိဖြူက ရယ်ရယ်မောမောနဲ့ ဥမ္မာ့ ပခုံးလေးကို
ဖက်ပြီး အတွင်းခန်းထဲသို့ ဝင်သွားကြလေသည်။
ထိုအခါမှ ပြူးကျယ်က စပ်ဖြဲဖြဲနဲ့...

"ဒီလိုကွ..သာဂိရ..မနေ့က ငါတို့ ကန်ဘောင်ကနေ ဆင်းပြီး မြို့ထဲ သွားမယ် အလုပ်မှာ စဖြစ်တာကွ"
ပြူးကျယ်သည် ဥမ္မာနဲ့ လက်ချင်းတွဲ၍ လမ်းလျှောက်နေရင်း ဓာတ်ပုံသွားရိုက်မည်ဟု တွေးမိသည်။ ဥမ္မာ့ကို
ပြောပြတော့ ဥမ္မာကလည်း သဘောတူသည်။ သို့နဲ့ ဘတ်စ်ကားစီး၍ လှည်းတန်းလမ်းဆုံသို့ သွားကြသည်။
လမ်းဆုံတွင် ဆင်းပြီး ဓာတ်ပုံဆိုင်တွေဘက် အသွားတွင် ဥမ္မာက ..

"ဈေးမှာ ပန်းသွားဝယ်ရအောင်ဟာ..ငါ ဓာတ်ပုံရိုက်ရင် ပန်းလေးတွေနဲ့ ရိုက်ရတာ
သဘောကျတယ်ဟ..သွားဝယ်မယ်နော်"

နော်.. လို့ ပြောလို့မှ မဆုံးခင် ပြူးကျယ်က ခေါင်းငြိမ့်ပြီးသား ဖြစ်ကာ နှစ်ယောက် လှည်းတန်းဈေးတွင်
ပတ်ကြပြန်သည်။ ဥမ္မာသည် ဟိုပန်းဒီပန်း ရွေးရင်း ဈေးဆစ်ရင်း တစ်ဆိုင်ကနေ တစ်ဆိုင်ပြောင်းရင်း
ပြူးကျယ်ကို လှည့်လှည့်ကြည့်၍ လှလားဟင်ဟု မေးရင်း အလုပ်တွေရှုပ်နေလေသည်။ ပြူးကျယ်ကတော့
ဥမ္မာ ဘာလုပ်လုပ် ပြုံး၍ ကြည့်နေမိရင်း ချစ်စိတ်တေါသာ တိုးနေမိသည်။

တစ်ချက်တွင်...ဥမ္မာသည် ရေမွှေးနှင်းဆီတွေကို ကြည့်နေရင်းမှ ဟိုဘက်ဆိုင်က သစ်ခွကို လှမ်းအမြင်တွင်
အမှတ်မဲ့ ခြေလှမ်းလိုက်ရာ အောက်က ဗွက်အိုင်ကိုနင်းမိပြီး ယိုင်ထွက်သွား၏။ ပြူးကျယ်က မြင်၍
လှမ်းအဆွဲတွင် သူပါ ခြေထောက်က ချော်ထွက်သွားပြီး နှစ်ယောက်သား ဗွက်အိုင်ထဲ လဲတော့သည်။ ဥမ္မာ
သည် ရှက်တာရော၊ နာတာရော ပေါင်း၍ ငိုမဲ့မဲ့လေးဖြစ်နေသည်။ အောက်ပိုင်းတစ်ခုလုံးကား
ဗွက်ရေတွေစိုလျှက်။ မျက်နှာလေးတွင်လည်း ရွှံ့စက်လေး တစ်ချို့ ကပ်ပေလျှက်။ ပြူးကျယ်လည်း
ပုဆိုးတစ်ထည်လုံး ညစ်ပတ်သွား၏။

ဥမ္မာသည် ရှက်ရှက်နဲ့ ဗွက်ထဲတွင် ထိုင်နေရင်း ပြူးကျယ်ကို ထုရင်း နင် အသုံးမကျလို့ ဟုဆို၏။ ပြူးကျယ်လဲ
စပ်ဖြဲဖြဲနဲ့ အေးပါဟာ ဟုတ်ပါတယ်။ ခုတော့ ထဦး။ နင်က ထိုင်နေတော့မှာလား ဟုဆိုကာ ဆွဲထူရသည်။
ဥမ္မာသည် ရှက်ရှက်နဲ့ ထရင်း ငါ ဘယ်လိုလုပ်ပြန်တော့မလဲ၊ ဒီပုံကြီးနဲ့..ငါ ထမီ
ဝယ်ပေးမယ်လေ..လာသွားမယ် ဆိုကာ နီးစပ်ရာ မျက်စောင်းထိုးက ဆိုင်တစ်ခုထဲ လှမ်းရန်ပြင်စဉ် ဥမ္မာက
ငါမလိုက်ချင်ဘူး။ ဒီကစောင့်နေမယ်ဟာ..နင့်ဟာနင် သွားဝယ်လိုက်ပါဟာနော်..ငါ
လမ်းမပေါ်မထွက်ချင်လို့ပါ ..ဆိုတော့ ပြူးကျယ်လဲ ခေါင်းကုပ်ရင်း တွေ့ရာဆိုင်ထဲ ထမီဝင်ဝယ်ရာ
ချုပ်ပြီးသား မရှိချေ။ ပုဆိုးတစ်ထည်လုံး ဗွက်တွေ ပေလျှက် ထမီ လာဝယ်နေသော ပြူးကျယ်ကို
အရောင်းစာရေးမလေးတွေက ကြည့်ပြီးတခိခိ ရယ်ကြ၏။ ပြူးကျယ် ရှက်တော့ ရှက်မိသော်လည်း
သူ့ထက်ရှက်ရှာမည် ဖြစ်သော ချစ်သူကို ဦးစားပေးရမည် ဖြစ်သည့်အတွက် ရှက်ရှက်နဲ့ပဲ
ထမီစကပ်တစ်ထည် ဝယ်လိုက်လေသည်။

ဝယ်ပြီး ပြန်လာတော့ ဥမ္မာသည် မျက်ရည်လေးတွေဝဲလျှက် သူ့ကို စောင့်နေသည်ကို တွေ့ရသည်။

ပြုံးကျယ်သည်ဝယ်လာသော စကပ်ကို ဉမ္မာ့လက်ထဲထိုးထည့်လိုက်ရင်း ရော့..ရော့ ..မြန်မြန် လဲလိုက် ဟုဆိုမိသည်။ ဉမ္မာက မျက်ရည်လေး ဝဲလျက်..ကောင်စုတ်..ဒီမှာ လဲလို့ ရမလားဟဲ့..အိမ်သာဘက်သွားရအောင်ဟာ..ဆိုကာ အများသုံး အိမ်သာဘက် သွားရန် ပြင်စဉ် ပြုံးကျယ်သည် ချက်ကနဲ အကြံရပြီး...လာ..လာ..ဉမ္မာ သန်းအေးတို့ အိမ်သွားမယ်၊ ဟိုမှာ နင်ရေချိုးလို့တောင် ရတယ် ဆိုကာ ဉမ္မာ့လက်ကိုဆွဲကာ သန်းအေးတို့ အိမ်ပေါ်သို့ တက်လာခဲ့သည်။ သော့ကား ဘယ်သူငယ်ချင်းမဆို အလွယ်တစ်ကူဝင်နိုင်ရန် ခြေသုတ်ဖုံ အောက်တွင်ထိုးထားကြောင်း မနက်က ဘော်ဒါတွေပြောတာ ကြားခဲ့သည်။

အိမ်ရောက်တော့ အဆင့်သင့်ပင် သော့တွေ့၍ ဖွင့်ဝင်ကာ ဉမ္မာ့ကို ရေချိုးခိုင်းရသည်။ ဖြစ်ချင်တော့ သန်းအေးတို့ ဒိတစ်ချီရွာပြန်ရာတွင် နည်းနည်းကြာမည်ဆိုကာ ရှိသမျှ အဝတ်တွေ သယ်သွားကြ၍ ရေလဲပိုင်းလုပ်ဖို့ အဝတ်မရှိဖြစ်နေသည်။ ဉမ္မာက ရတယ်..ပေနေတဲ့ ထမီကို လျှော်ရင်း ဝတ်လိုက်မယ်ဆိုကာ ရေချိုးခန်းထဲ ဝင်သွားသည်။ ရေချိုးခန်းထဲရောက်မှ နင့် ပုဆိုးရော ပေးလေ.. တစ်ခါတည်း လျှော်လိုက်မယ်ဆိုသော အသံကြားရသည်။ ပြုံးကျယ် ပုဆိုးချွတ်မည် ကြံပြီးမှ နေပါစေ.. ရတယ်.. ငါ့ဟာငါ လျှော်လိုက်မယ်.. ဟုပြန်အော်လိုက်သည်။ သို့ရာတွင် မရချေ။ အခန်းထဲက ဉမ္မာက

"ပေးစမ်းပါဟာ လျှာ မရှည်ပါနဲ့ ..ဒီမှာ ငါ တစ်လက်စတည်း လျှော်လိုက်မယ်" ဆိုတော့ ပြုံးကျယ်လည်း ပုဆိုးချွတ်၍ စောင်တစ်ထည်ပတ်ကာ ပုဆိုးပေးရန် ရေချိုးခန်း တံခါးကိုဖွင့်လိုက်သည်။

ဉမ္မာသည် ရေချိုးခန်း ကြမ်းပြင်ပေါ်တွင် ပုံ့ပုံ့လေး ထိုင်နေသည်။ ရေစက်၊ ရေမှုန်လေးများက ဖြူဝင်းသော လက်မောင်း၊ လက်ဖျံများပေါ်တွင် ခိုသီးလျက်၊ ရင်လျားထားသော ထမီ အထက်ဆင်စ အနက်ရောင်လေး၏ အထက်နားတွင် ဝင်းမို့သော ရွှေရင်နှစ်မွှာ၏ အစသည် မောက်မောက်ကလေး ပြူထွက်နေ၏။ ပြုံးကျယ် ပုဆိုးကို ကိုင်ရင်း မတ်တပ်ကြီး မေ့နေသကဲ့သို့ ဉမ္မာ၏ ရေစိုစို အလှတွင် နစ်မြောသွားမိသည်။ ဉမ္မာ့ မျက်နှာလေးရဲတွတ်သွားက ပုဆိုး ကို လှမ်းဆောင့်ဆွဲယူလိုက်ရင်း .. သွား အပြင်ကို ထွက်ဟု ဆောင့်အော်ကာမှ ပြုံးကျယ် ယောင်ကန်းကန်းနဲ့ အပြင်ပြန်ထွက်လာသည်။

သို့ရာတွင် သူ့မျက်လုံးထဲ၌ ဉမ္မာ၏ ရင်လျားပုံသည် မထွက်တော့ချေ။ ရေချိုးခန်းထဲကလည်း တခိခိနဲ့ ရီသံကြားရသည်။ ပြုံးကျယ် ခုမှ ရင်တွေ ခုန်လာသည်။ သူတို့သည် ခဏ ခဏ ချိန်းတွေ့ဖူးသော်လည်း အဆုံးစွန်ထိတော့ မချစ်ဖူးသေးချေ။ ပြုံးကျယ် သွေးတိုးနှုန်းတွေ မြန်လာသည်။ အောက်က လိင်တံကလည်း တင်းမာ ထောင်ချင်လာသည်။ ရေချိုးခန်းထဲက ရေတစ်ဗွမ်းဗွမ်း လောင်းချိုးသံကြားရသည်။ ပြုံးကျယ် မြင်ယောင်လာပြန်သည်။ ထို့နောက်သက်ပြင်းကြီးကို ...ဟင်း...ကနဲ ချကာ မျက်လုံးမှိတ်၍ အိပ်ရန်ကြိုးစားကြည့်သည်။ အပူပင် ကင်းသူ ဖြစ်သည့် အတိုင်း ချက်ချင်းကြီး မှေးကနဲ ဖြစ်သွားစဉ် ဉမ္မာ၏ ပြုံးကျယ်..ပြုံးကျယ်ဟု ခေါ်သံလိုလို ကြားလိုက်ရမှ ဆတ်ကနဲ ထကာ ကြည့်လိုက်တော့ ဉမ္မာက အိပ်ခန်းထဲက ခေါ်နေခြင်းဖြစ်သည်။

"ဘာလဲဟ..ဉမ္မာ..ဘာဖြစ်လို့လဲ.."

"နင် ဝယ်လာတဲ့ စကပ်က မတော်ဘူးဟ..."

"ဟေ..ဟုတ်လား.."

"အေး..စွပ်လို့ မရဘူးဟ၊ နင့်ဟာက ကလေးဆိုက်လေး"

"ဟင်..ဟုတ်လား..ငါ သွားပြန်လဲပေးမယ်၊ ဟာနေဦးဟ..ငါ့ ပုဆိုး နင်လျှော်လိုက်ပြီလား"

"အေး..လျှော်လိုက်ပြီ"

"ရပါတယ်လေ.. ရေစိုနဲ့ သွားလည်း ဘာမှ မဖြစ်ပါဘူး"

ပြောပြောဆိုဆို ပြုံးကျယ်သည် အိပ်ခန်းတံခါးကို ဆွဲဖွင့်လိုက်ရာ..ဥမ္မာသည် မတော်သော ထမီစကပ်လေးကို သူ့ဖင်လုံးကြီးတွေထဲ ဝင်အောင် ကိုယ်လုံးလေးကို ကိုင်းကိုင်းလေးလုပ်ရင်း ဆွဲသွင်းနေသည်ကို တွေ့ရသည်။ ခန္ဓာကိုယ်အပေါ်ပိုင်းတွင်မူ ဘရာစီယာလေးတစ်ထည်သာ ရှိနေသည်။ ဥမ္မာသည် တံခါးဖွင့်သံကြား၍ လှည့်အကြည့်တွင် တံခါးဝ၌ ပြုံးကျယ်ကို တွေ့ရသောအခါ ယောင်ပြီး မတော်သော စကပ်လေးကို အတင်း ဆွဲမပြီး ဝတ်သည်။ သို့ရာတွင် မရ ချေ။ စကပ်ကလေး၏ အကျယ်နိုင်ဆုံးနေရာသည် ဥမ္မာ၏ ပေါင်လည်ခန့်တွင် ဆုံးနေလေသည်။

နောက်မှ မတော်တာကို သတိရကာ ဘေးကတန်းပေါ်တွင် တင်ထားသော ရေစိုထမီကို လှမ်းအဆွဲ ခြေထောက်တုပ်ပြီး လဲတော့သည်။ ပြုံးကျယ်လည်း ရပ်ကြည့်နေမိရာမှ ပြေးသွားပြီး ထူလိုက်ရာ ဥမ္မာက ရှက်ရှက်နဲ့ အတင်းတွန်းလွှတ်သည်။ သို့နဲ့ ပြုံးကျယ်က လွှတ်အပေး ခြေထောက်များကို စကပ်ကတုပ်ထားသလိုဖြစ်နေ၍ အခြေမခိုင်ကာ ယိုင်သွားပြန်သည်။ ပြုံးကျယ်က ထိန်းပေးလိုက်ရပြန်သည်။ ယိုင်သွားသော ကိုယ်လုံးလေးကို မိရာ လှမ်းအထိန်းပြုံးကျယ်လက်တစ်ဘက်က ဥမ္မာ့ နို့အုံကို သိမ်းဖက်လိုက်သလို ဖြစ်သွား၏။

ပြုံးကျယ်သည် ဥမ္မာ့ကို အကြိမ်ပေါင်းများစွာ နမ်းဖူးသော်လည်း နို့တွေကိုတော့ တစ်ခါမှ မကိုင်ဘူးသေးချေ။ သူ့ဘယ်လက်သည် နူးညံ့ အိစက်သောပျော့စိစိ အရာတစ်ခုကို အုပ်မိထားသည်။ နူးညံ့နွေးထွေးလွန်းသော အာရုံတစ်ခုက သူ့လက်မှ တစ်ဆင့် သွေးကြောတွေထဲ စီးဆင်းကာ စိတ်တွေ လှုပ်ရှားလာမိသည်။ ဥမ္မာသည် ပြုံးကျယ်လက်ထဲကနေ ယောင်ယောင်လေး ရုန်းရင်း... "လွှတ်ကွာ..ပြုံးကျယ်.." ဟုဆိုသည်။ ပြုံးကျယ်သည် လွှတ်လိုက်သည်။ ကိုင်မိထားသော နို့အုံလေးကို မဟုတ်။ သူဖမ်းထိန်းထားသော လက်မောင်းလေးကို လွှတ်ပြီး ဥမ္မာ့ မေးစေ့လေးကို ဆွဲမလိုက်ကာ အောက်နှုတ်ခမ်းတွေကို စုပ်နမ်းပစ်လိုက်သည်။

ဥမ္မာသည် ခါးလေးကော့ ခြေဖျားလေးထောက်ရင်း ပြုံးကျယ်၏ အနမ်းကို ခံယူရှာသည်။ သူ့လက်ကလေးတွေကလည်း ပြုံးကျယ်၏ ဇက်ကို သိုင်းဖက်လာကြသည်။ ပြုံးကျယ်သည် ဘယ်လက်နဲ့ သူ့ခါးလေးကို ပွေ့ဖက်ထိန်းရင်း ညာလက်က ဘယ်နို့အုံလေးကို ဖွဖွလေး ပွတ်သပ် ဆုပ်နယ်နေမိသည်။

သူတို့သည် ခုမှ ချစ်ပြီး ခုမှ နမ်းဖူးသူများ မဟုတ်ကြပါ။ စာသင်ခန်း လွတ်များထဲတွင် လည်းကောင်း၊ လှေကားထောင့်ချိုး၊ ကော်ရစ်တာထောင့်ချိုး၊ ပန်းခြံစသည်တို့တွင် မကြာခဏဆိုသလို တွေ့လေ့ရှိပြီး မကြာခဏဆိုသလို နမ်းဖူးသူများ ဖြစ်သည်။ သို့ရာတွင် ယခု တစ်ခါ နမ်းရသည်မှာ

တော်တော်လေးရင်ခုန်စရာ ကောင်းသည်ဟု ပြူးကျယ် ထင်နေသည်။ ဘာဖြစ်လို့လဲ ဆိုတာတော့ ပြူးကျယ် မပြောတတ်ပေ။ ဥမ္မာက ထမီ မရှိပဲ ဘယာစီယာလေးနဲ့မို့လို့လား..ဒါမှ မဟုတ် သူက လည်း အဝတ်စားမပါပဲ စောင်ပတ်ထားလို့လား သေချာ မဝေခွဲနိုင်။ သို့သော် ထိတွေ့နေရသော ဥမ္မာ၏ အဝတ်မရှိသည့်အသားဆိုင်များများမှာ ခါတိုင်းထက် နွေးထွေး အိစက် ရင်ခုန်စေသည်ဟု ထင်မိသည်။

ပြူးကျယ် သည် ဥမ္မာ့နို့အုံလေးကို ဘရာစီယာ ပေါ်မှ အုပ်ကိုင်နေရင်းကနေ ဘရာစီယာလေးကို အပေါ်သို့ တွန်းပင့်လိုက်သည်။ လိမ္မော်သီး လုံးလုံးလေးတင်ထားသကဲ့သို့ မို့မောက်လုံးဝန်းကာ ပန်းသွေးရောင်ထနေသော နို့အုံလေးတစ်လုံးသည် အချုပ်နှောင်မှ လွတ်ခြင်းခံရ၍ ပျော်မြူးသွားသည့်အလားဖျတ်ကနဲ တစ်ချက် ခုန်ပြီး နောက် တုံတုံ တုံတုံ လေးဖြစ်လျက် ပြူးကျယ် ရှေ့တွင် ပြူထွက်လာလေသည်။

ပြူးကျယ်သည် ထို နို့အုံလေးကို လက်နဲ့ ဖွဖွလေး ပွတ်ကိုင်ကြည့်ရင်း ထိပ်သီးခေါင်းလေးကို ကုန်းစို့မိသည်။ ဥမ္မာသည် ပြူးကျယ် ခေါင်းကို အုပ်ကိုင်လိုက်ရင်း ခါးလေးကော့ကာ ဘာမှန်းမသိသော ညည်းသံလေးကို ပြုသည်။ ပြူးကျယ်သည် နောက်နို့သီးလေး တစ်လုံးကိုပါ လှန်လိုက်ပြန်သည်။ ထို့နောက် ဗိုက်ဆာနေသော သားသငယ်ကဲ့သို့ ဘယ်ညာ တစ်လှည့်စီစို့ရင်း လက်က တစ်လုံးစီကိုင်ရင်း ဆက်တိုက် စို့နမ်းနေရာ ဥမ္မာ့ ဗိုက်သားပြင်လေးတွင်ကြက်သီး မွှေးလေးများ ထောင်ထလာသည် အထိဖြစ်၏။

အရပ်ချင်း မတူသည့်ပြင် ခါးကိုင်း၍ နို့စို့နေရသောကြောင့် ဒူးကွေးထားရသော ပြူးကျယ်သည် အနည်းငယ် နေရာရွှေ့လိုက်ရာ ကိုယ်တွင် ပတ်ထားသော စောင် ပြေကျသွား၏။ သို့သော် ပြူးကျယ် ပြန်မကောက်တော့။ သတိထားလိုက်မိသော ဥမ္မာက ..

"တော်ပြီကွာ.. ပြူးကျယ်ရာ.. တော်ပြီနော်..တော်လောက်ပြီဟာ.."

ပြူးကျယ်က ဘာမှ ပြန်မပြောချေ။ စို့နေသော နို့အုံလေးများဆီမှ မျက်နှာကို ခွာပြီး ဥမ္မာ့ မျက်နှာကို သေချာကြည့်သည်။ ဥမ္မာ၏ မျက်နှာလေးသည် ပန်းသွေးရောင် ထကာ နီဆွေးဆွေး ဖြစ်လျက် အနည်းငယ် မောနေဟန်ဖြင့် နှုတ်ခမ်းလေးဟလျှက်ရှိ၏ ပြူးကျယ်သည် ဘာမပြော၊ ညာမပြောနဲ့ ဥမ္မာ့ကို ကောက်ပွေ့ချီလိုက်ကာ ကုတင်ပေါ် တင်လိုက်သည်။ ဥမ္မာသည် ရှေ့ဘာဆက်ဖြစ်တော့မည်ကို ရိပ်မိဟန်ရှိသည်။ မျက်လုံးလေးတွေကို စုံမှိတ်၍လက်ဝါးလေး နှစ်ဘက်ဖြင့် အုပ်ထားသည်။

ပြူးကျယ်သည် ဥမ္မာ၏ ကိုယ်အောက်ပိုင်းတွင် ခုထိ တစ်နေသေးသော စကပ်ကိုဆွဲချွတ်ပစ်လိုက်သည်။ ထိုအခါ စကပ်နဲ့တုပ်နေ၍ စေ့ထားသလို ဖြစ်နေသော မိန်းမကိုယ်လေးသည် ဟသွားသော ပေါင်လုံးလေးများကြားတွင် မည်းကနဲ ပေါ်လာတော့သည်။ ပြူးကျယ်သည် ထိုနေရာလေးကို လက်ဝါး နဲ့ အုပ်၍ ကိုင်ကြည့်လိုက်သည်။ ဥမ္မာ တွန့်ကနဲ ဖြစ်သွားပြီး ပေါင်လုံးလေးတွေ လိမ်ပစ်လိုက်ရာ ပြူးကျယ်လက် ညှပ်နေသည်။ ထိုအခါ ပြူးကျယ်က ကျန်သည့်လက်တစ်ဘက်ဖြင့် ယှက်လိမ်ထားသော ပေါင်လုံးကြီးကို ဆွဲခွာသည်။ တော်တော်နဲ့ မရချေ။ ဥမ္မာက တောင့်ထား၍ အလွယ်နဲ့ ခွာမရ

ဖြစ်နေပြန်သည်။ အတင်းလုပ်ပြန်လျှင်လည်း ဉမ္မာ နာသွားမှာ စိုးသည်။ မလုပ်ပြန်လျှင်လည်း သူ့ဘာမှ ရှေ့ဆက်လို့ ရတော့မည် မဟုတ်ချေ။

ပြူးကျယ်သည် ချော့မော့သည့်အနေဖြင့် ဉမ္မာ့ ပေါင်လုံးလေးတွေကို နမ်းလိုက်သည်။ နှုတ်ခမ်းနဲ့ ထိရုံရှိသေး ၊ ပေါင်တံ အတွင်းသား တစ်လျှောက် ကြက်သီးဖုလေးတွေ တန်းစီ ထသွားကာ အမွှေးနုလေးတွေ ဖြီးဖြူးဖျင်းဖျင်း ထောင်ထလာသည်ကို တွေ့လိုက်ရသည်။ ပြူးကျယ်သည် ပေါင်တံတစ်လျှောက် နှုတ်ခမ်းနဲ့ ပွတ်နမ်းရင်း အထက်သို့ တက်သွားရာ ဉမ္မာ့ မျက်နှာလေးဆီ အရောက်၌အောက်နှုတ်ခမ်းသားလေးကို ငုံခဲလိုက်သည်။ လက်က နို့သီးခေါင်း ထိပ်သီးလေးတစ်ခုကို ဖွဖွလေး ချေမိရာ ဉမ္မာ နာလို့လား မသိ၊ ခါးလေးကော့ရင်း ပေါင်လုံးလေး နည်းနည်းဟသွားရာ ပြူးကျယ်က သူ့ပေါင်ကြီးကို ထိုးသွင်းလိုက်သည်။ ထိုအခါမှ ဉမ္မာလည်း ပြန်သတိရပြီး သူ့ပေါင်တံလေးတွေကို ပြန်စေ့ရန်ကြိုးစားပါသော်လည်း ကြားထဲတွင် ခံနေသော ပြူးကျယ်ပေါင်တံကြီးကို တွန်းမဖယ်နိုင် ရှာတော့ပေ။

ပြူးကျယ်သည် ဝင်လို့ရနေသော ပေါင်လုံးဘေးတွင် နောက်တစ်ချောင်းကိုပါ ထပ်ထည့်ရင်း ဉမ္မာ့ ပေါင်နှစ်လုံးကြားတွင် တစ်ကိုယ်လုံး နေရာယူလိုက်သည်။ ဉမ္မာ၏ ပေါင်လုံးလေး နှစ်လုံးသည် ကြားထဲတွင် ပြူးကျယ်၏ ခန္ဓာကိုယ်ကြီး ဝင်ရောက်လာ၍ တော်တော်လေး ဟပေးလိုက်ရရာ မိန်းမကိုယ်လေးမှာ ပို၍ပြူးပြူးပြဲပြဲလေး ပေါ်လာတော့သည်။ ပြူးကျယ်သည် သူ၏ ငယ်ပါကို ကိုင်ပြီး ဉမ္မာ၏ မိန်းမကိုယ် အပေါက်ဝတွင် တေ့လိုက်သည်။ ဉမ္မာအောက်နှုတ်ခမ်းလေးကိုက်ထားသည်။ ပြူးကျယ် နည်းနည်း ဖိသွင်းလိုက်သည်။ မဝင်ချေ။ဉမ္မာသည် ကြောက်ကြောက်နဲ့ ပေါင်လုံးလေး နှစ်ချောင်းကို တောင့်ထားသော ကြောင့် ပြူးကျယ်က ခါးအားနဲ့ လိင်တံကို ဖိအသွင်းတွင် ဉမ္မာ၏ ပေါင်တံလေးတွေကို တွန်းရွှေ့သလို ဖြစ်ပြီး ကိုယ်လုံးလေးက အပေါ်ဘက်သို့ ရွှေ့ကနဲတက်သွားသည်။ ဝင်သာ မဝင်သော်လည်း ထိပ်ဖျားက မိန်းမကိုယ် နှုတ်ခမ်းသားတွေကို ပွတ်တိုက်သွား၍ ဉမ္မာ့တစ်ကိုယ်လုံး ကြက်သီး တစ်ဖြန်းဖြန်း ဖြာသွားလေသည်။

တော်ရုံနဲ့ စိတ်မလျှော့တတ်သော ပြူးကျယ်သည် နောက်တစ်ကြိမ် ကြိုးစားပြန်သည်။ မရပြန်ချေ။ ရွှေ့သွားပြန်သည်။ ကလီခံနေရသလို ဖြစ်လာ၍ ဉမ္မာ့မိန်းမကိုယ်ထဲမှ အရည်ကြည်များ စွဲထွက်လာသည်။ ပြူးကျယ် အားနည်းနည်း တက်သွားသည်။ သူသည် တစ်ခါမှ မလုပ်ဖူးသော်လည်း ကြားဖူးနားဝ အတွေ့အကြုံတော့ ရှိသည်။ ဒီလို အရည်တွေ ထွက်လာလျှင် လုပ်ရ ကိုင်ရ လွယ်တော့မည်။ ပြူးကျယ် ဘယ်လက်နဲ့ ဉမ္မာ့ ခေါင်းအောက်ကို လျှိုကို ပခုံးတစ်ခုလုံးကိုဖမ်းချုပ်လိုက်သည်။ ညာလက်က ငယ်ပါကို ကိုင်ပြီး မိန်းမကိုယ် အပေါက်ဝတွင် တေ့သည်။ ဒူးခေါင်း နှစ်လုံးကို မွေ့ယာပေါ် ခပ်ကြကြ ထောက်ပြီး ဉမ္မာ့ပေါင်တံတွေကို ပိုကားစေလိုက်သည်။ နောက် .. တစ်ဖြေးဖြေးချင်း ဖိချလိုက်သည်။

အိကနဲ ဆိုသလို ကွမ်းသီးခေါင်း မြုပ်ဝင်သွားသည်။ ဉမ္မာ မေးလေးကော့ထိုး၍ ပြူးကျယ် ပခုံးစွန်း နှစ်ဘက်ကို အတင်းဆုပ်ထားသည်။ ပြူးကျယ် ထပ်ဖိချလိုက်ပြန်သည်။ မဝင်ချေ။ တစ်ခုခု ခံနေသလိုလို.. အတွင်းတွင် တစ်ခုခုက တားထားသလိုလို ဖြစ်နေသည်။ ဉမ္မာသည် ကုတင် ခေါင်းရင်းက တန်းကို လက်နောက်ပြန် လုပ်၍ အတင်းဆုပ်ပြီး တောင့်ခံထားသည်။ ပြူးကျယ် ခါးကို နည်းနည်း ပြန်ကြွပြီး ဖိချလိုက်ပြန်သည်။

ခပ်ကြပ်ကြပ် ဝါရှာကွင်းတွင်းသို့ မတန်တရာ မူလီ ထည့်လိုက်သည့်အလား တစ်ချက် တင်းကနဲ ခံနေပြီး " ပလွတ်" ကနဲ အသံ ကြားလိုက်သလား ထင်ရအောင် တိုးဝင်သွားသည်။

ဥမ္မာသည် ခေါင်းလေးထောင်ထလာရင်း..

"နာတယ်..ပြူးကျယ်..နာတယ်ဟာ..နင်အရမ်းလုပ်တာပဲ..နာတယ်ဟာ" ဟု တိုးတိုးလေး ရေရွတ်နေသည်။ ပြူးကျယ် ဥမ္မာ့ကို သနားသွားမိသည်။ ဘာဖြစ်ဖြစ် သူမသည် သူ့ချစ်သူဖြစ်သည်။ မနာကျင်စေချင်ပါ။ သို့ရာတွင် ဒီကိစ္စသည် တစ်နေ့ မဟုတ် တစ်နေ့ ကြုံကိုကြုံရမည့် ကိစ္စလည်း ဖြစ်သည်။ ပြူးကျယ် ချစ်သူကို နှစ်သိမ့်သည့် အနေဖြင့် နှုတ်ခမ်းလေးတွေကို ဖိနမ်းလိုက်သည်။ ဥမ္မာသည် မည်သို့မျှ တုန့်ပြန် လှုပ်ရှားခြင်း မရှိပေ။ အတွေ့ကြုံသစ်ကြောင့် မိန်းမောနေသလား.. နာကျင်ခြင်းကြောင့် တွေဝေနေသလား မဆိုနိုင်။ လုံးဝ မလှုပ်မယှက် မျက်လုံးလေး စုံမှိတ်ထားသည်။

ပြူးကျယ် ခါးကို ပြန်ကြွလိုက်သည်။ ကျပ်တည်းသော အသားဆိုင်များက ဝိုင်းညှပ်ထား၍ ထိပ်ဖျားတစ်ခုလုံး ကျိန်းနေအောင် အားစိုက်ပြီး ပြန်ထုတ်ရသည်။ နောက် ဖြေးဖြေးမှန်မှန်လေး ကပ်ပြီး တစ်လက်မခန့်သာ အဝင် အထွက်လုပ်ရင်း ညှောင့်နေမိသည်။ ဥမ္မာ့ ကိုယ်လုံးလေးသည် လှိုင်းကြက်ခွပ်လေးထဲတွင် ရေလှာစီးသကဲ့သို့ ငြိမ့်ငြိမ့်လေး လှုပ်နေ၏။ အောက်က မိန်းကကိုယ်ကလည်း အရည်တွေ ပိုထွက်လာသဖြင့် ပြူးကျယ်အဖို့ လုပ်ရတာ စီးစီးပိုင်ပိုင် ဖြစ်လာသည်။ ပြူးကျယ် မထိန်းနိုင်တော့။ ပြီးချင်လာပြီ ဖြစ်သည်။ ထိန်းဖို့လည်း သူမကြိုးစားချင်တော့။ အဘယ့်ကြောင့်ဆိုသော် ဤအကြိမ်သည် သူ့အတွက်လည်း ပထမဆုံးဖြစ်သောကြောင့် ဖြစ်သည်။ ပြူးကျယ် ခပ်မှန်မှန် လုပ်နေရာမှ လေးငါးချက်ခန့် တရကြမ်း ဆောင့်ချ မိသည်။ ဥမ္မာ့ တင်ပါးခွက်နဲ့ သူ့ဆီးခုံရိုက်မိ၍ ဖောင်းကနဲ ဖောင်းကနဲ မည်အောင်ကို ဆောင့်မိခြင်းဖြစ်ရာ ဥမ္မာသည် ပခုံးလေး တစ်ဘက်စောင်းပြီး ကိုယ်လုံးလေးလိမ်လျှက် တစ်အင့်အင့် ဖြစ်နေသည်။ ပြူးကျယ်သည် ထလာသော ရာဂစိတ်၏ ခိုင်းစေမှုကို မငြင်းဆန်နိုင်တော့ပဲ နာကျင်မှုမှ သက်သာရာ ရလိုရငြား ကိုယ်လုံးလေး စောင်းထားသော ချစ်သူ၏ပခုံးကို အတင်းဆွဲပြီး ဆက်တိုက် ချလိုက်ရင်း လရေတွေ တစ်ပြင်းပြင်းထွက်လျှက် ပြီးသွားတော့သည်။

သူ့ အရေတွေသည် အရှိန်ပြင်းစွာ ဥမ္မာ့ကိုယ်တွင်းသို့ ပန်းဝင်သွားကြပြီးမှ မိန်းမအရေတွေကို အဖော်ခေါ်ပြီး ပြန်ထွက်လာကာ ဥမ္မာ့ ဖင်ကြားတစ်ဝိုက်နဲ့ တပ်ရက်ကြီး အမောဖြေနေသော ပြူးကျယ် ဝှေးဥတွေပါ မကျန် ပေရေဖြတ်သန်းစီးဆင်းလျက် မွေ့ယာအခင်းလေးပေါ်တွင် အကွက်လိုက်ကြီး ပျော်မြူးနေကြတော့သည်။ ပြူးကျယ် နည်းနည်း မောသွားသဖြင့် ဥမ္မာ့ကိုယ်ပေါ်တွင် မှောက်ရက်ကြီး အမောဖြေနေစဉ် တစ်ဟင့် ဟင့် နဲ့ ငိုသံကို ကြားမှ သတိဝင်လာပြီး ချစ်သူကို ကြည့်မိစဉ် သူကား ငိုနေလေပြီ။ မျက်ရည်လေးတွေ တွေတွေကျလျက် တိုးတိုးလေးငိုရှိုက်နေသော ဥမ္မာ့ကို မြင်သောအခါ ပြူးကျယ်သည်ဘေးသို့ လှိမ့်ဆင်းလိုက်ရင်း ပါးပြင်ပေါ်က မျက်ရည်လေးတွေကို သုတ်ပေးမိသည်။

ထိုအခါကျတော့မှ ဥမ္မာသည် ပြူးကျယ် ရင်ခွင်တွင်းသို့ ကလေးငယ် တစ်ဦးလို ခေါင်းထိုးဝင်လာရင်း တစ်သိမ့်သိမ့်ငိုပါလေတော့သည်။ ပြူးကျယ် ကိုယ်ချင်းစာနိုင်ပါသည်။ သူ နှစ်ရှည်လများ

အမြတ်တနိုးထိန်းသိမ်း ယုယလာသော ပန်းပွင့်လေး ယနေ့ ခူးယူခံလိုက်ရ၍ ဝမ်းနည်းလိမ့်မည် ဖြစ်ကြောင်း သိပါသည်။ ထို့ကြောင့် ဘာမျှ မပြောတော့ပဲ သူ့ရင်အုံပေါ်တွင် မှီတွယ်ရင်း ငိုရှိုက်နေသော ချစ်သူ ခေါင်းလေးကိုသာ ဖွဖွလေး ပွတ်သပ်ချော့မြူနေမိသည်။ အချိန်အနည်းငယ် ကြာတော့ ဥမ္မာ့ရှိုက်သံလေးတွေ တိုးတိုးလာပြီး သူ့ကို ...

"ပြူးကျယ်..နင် ငါ့ကို လက်ထပ်ရမယ်နော်"

ပြူးကျယ် ခေါင်းငြိမ့်ပြသည်။ သူမက မမြင်။ ထို့ကြောင့် ပြူးကျယ်ကို အလန့်တကြား မော့ကြည့်ရင်း..

"နင် ငါ့ကို လက်မထပ်ချင်ဘူးလား..ဟင်..ပြူးကျယ်"

" ဒီမှာ ငါ ခေါင်းငြိမ့်ပြနေတယ်လေဟာ.."

"ဘယ်လိုလုပ် မြင်မှာလဲလို့"

"အေးပါဟာ..ဆောရီး..ငါ နည်းနည်း မောသွားလို့ပါ"

"အောင်မယ်..နင်က မောရုံတင်၊ ငါဘယ်လောက် နာလဲ၊ နင်သိလား၊ နင့်ကို ချစ်လို့သာ၊ နို့မို့ဆို ငါ ထွက်ပြေးတယ်"

ပြူးကျယ်သည် ချစ်သူကို သနားစိတ်ဖြင့် မြတ်နိုးစွာ ထွေးဖက်ထားလိုက်မိသည်။ ဥမ္မာက သူ့ ရင်အုံပေါ်တွင် မှီတွယ်ရင်း..

"နင် ကျေနပ်ပြီ မဟုတ်လားဟင်..နင်ကျေနပ်ဖို့ဆို ငါ ဘာမဆို လုပ်ပေးချင်ပါတယ် ပြူးကျယ်ရယ်"

"ပြူးကျယ်..မင်း အဲဒီ တစ်ခါထဲ လုပ်တာလား"

"အေး"

"အဲဒါနဲ့များ ဘာလို့ အိမ်မပြန်တာလဲ၊ အရမ်းစွဲသွားလို့လား"

"စွဲတာတော့ စွဲတာပေါ့ကွာ၊ ငါတို့လည်း ပြန်ဖို့ပါပဲ၊ ဒါပေမယ့် အိပ်ပျော်သွားကြလို့ကွ၊"

"ဟေ.."

"အေး..ဟုတ်တယ်၊ မေးကနဲ ပျော်သွားတာကွ၊ နိုးလာတော့ ၁၂ နာရီလောက် ရှိပြီလေ..အဟီး"

"ဟ..မင်းကလည်း..ဒီလောက်ကြီးတောင် အိပ်ရတယ်လို့....ဟေ့ကောင် မင်းမှန်မှန်ပြော..နောက်တစ်ချီ ဆွဲသေးတယ် မလား.."

"အဟီး..အေးကွ..ပထမတစ်ခါ ချပြီး တော်လေးကြာတော့ စိတ်ပါလာတာနဲ့ နောက်တစ်ခါ လုပ်ဖြစ်သေးတယ်..ဟီး

"မင်းကတော့လေ..ကဲ ..ထားပါတော့..မင်းကို ကိုကြီးမောင်က မှာလိုက်တယ်၊ ဥမ္မာ့ကို ပြန်အပ်ရဦးမယ်တဲ့၊ ပြန်လာခဲ့ပါတဲ့၊"

"နေဦးကွာ..ဒီမှာနေဦးမယ်၊ ဒီမှာက လူရှင်းတယ်ကွ၊ ဟီးဟီး"

"ခွေးကောင် ၊ဒါပဲ စဉ်းစားနေ..ကိုကြီးမောင်ကို ဘာပြောလိုက်ရမလဲ"

" တစ်ပတ်၊ နှစ်ပတ်လောက်နေမှ ပြန်လာမယ် ပြောလိုက်ကွာ၊ ခုချိန် သူ့ကို ပြန်အပ်လိုက်ရင် ပြန်တောင်းရမှာနဲ့ မင်္ဂလာဆောင်ရမှာနဲ့ တစ်လလောက်ခွဲနေရမှာကွ၊ ခွဲချင်သေးဘူးကွာ"

" နာဘူး..၊တဏှာရူး"

"အောင်မယ်..မင်းရောဘာထူးလို့လဲ"

"ဟားဟားဟားဟား...."

သူငယ်ချင်းနှစ်ယောက် သဘောကျစွာ ရယ်မိစဉ်မှာပင် အိပ်ခန်းထဲကလည်း ခိုးခိုးခစ်ခစ် ရယ်သံလေးတွေ ကြားရသည်။ ထို့နောက် သာဂိက ပြူးကျယ်ကို အိပ်ထဲက ပိုက်ဆံရှိသမျှကို ကားခသာချန်၍ ထုတ်ပေးသလို မိဖြူကလည်း စလင်းဘတ်အိပ်ထဲတွင် ထည့်လာသော အဝတ်နှစ်စုံကို ဥမ္မာအား ပေးလိုက်သည်။ ထို့နောက် သူတို့နှစ်ယောက် ပြူးကျယ်တို့ကို နှုတ်ဆက်ပြီး ထွက်လာခဲ့ကြသည်။ နှစ်ယောက်စလုံး၏ အတွေးအာရုံတွင် လန်းဆန်း ပျော်မြူးနေသော ပြူးကျယ်တို့ စုံတွဲကို မြင်ယောင်ကာ တိတ်တိတ်လေး အားကျလျှက်ရှိနေကြသည်။

သာဂိသည် မိဖြူကို သူမ ကားစီးမည့် ပြည်လမ်းမဘက်သို့ လိုက်ပို့သည်။ သူသည် နဖူးကြောရှုံ့အောင် တွေးရင်း လမ်းလျှောက်လာရာ ဘေးက မိဖြူကိုပင် မေ့နေသကဲ့သို့ ရှိသည်။ မိဖြူကလည်း ဘာမျှမပြောချေ။ ကားလမ်းကို ဖြတ်ကူးတော့မှ မိဖြူလက်ကလေးကို ဆုပ်ကိုင်စဉ် မိဖြူသည် သူ့လက်ကို တင်းကနဲနေအောင် တစ်ချက်ဆုပ်ညှစ်လိုက်သည်။ မိဖြူဘာပြောချင်သနည်း၊ အားကျနေမိသော သူ့ကို စိတ်မပျက်ဖို့ ပြောတာလား ဒါမှမဟုတ် သူတို့ကို အတုယူလိုက်ဖို့ ပြောတာလား ဘာမှန်းမဝေခွဲနိုင် ဖြစ်နေသည်။ မိဖြူမျက်နှာလေးကို ကြည့်တော့လည်း သူမမျက်နှာလေးသည် ငြိမ်သက်နေသော ကန်ရေပြင်ကဲ့သို့ ပကတိ တည်ငြိမ်လျှက်။ သာဂိ ရင်ထဲက လေပူတွေကို " ဖူး" ကနဲ မှုတ်ထုတ်လိုက်ရင်း ခေါင်းထဲက အတွေးတွေကို ထုတ်ပစ်လိုက်သည်။ ဘာပဲ ဖြစ်ဖြစ် ကျေးဇူးရှင် ဒေါ်လေးစကားကိုတော့ နားထောင်ရပေမည်။

နှစ်ပတ်ခန့် အကြာတွင် ပြူးကျယ်တို့ လက်ထပ်သည်။ သူတို့ တိုက်တန်းဘက်ရှိ ဥမ္မာ့ မိဘများ အိမ်တွင်ပင် အကျွေးအမွေးနဲ့ ဧည့်ခံပွဲလုပ်သည်။ ပြူးကျယ်သည် ဥမ္မာတို့အိမ်တွင် လိုက်နေရမည် ဖြစ်သည်။ ဥမ္မာ့မိဘများက တစ်ဦးတည်းသော သမီးကို မခွဲနိုင်သကဲ့သို့ ပြူးကျယ်တို့ အိမ်ကျတော့လည်း ညီအစ်ကိုတစ်စုဖြင့် လူများနေပြန်သည် ဖြစ်ရာ နောက်ဆုံးတွင်တော့ အခြေနေ ကြောင်း ပေါင်းစုံ၍ ပြူးကျယ်သည် ယောက္ခမအိမ်တက် သားမက် ဖြစ်သွားလေသည်။

(၄)

သာဂိသည် ကျောင်းချိန်အမှီရောက်ဖို့ မနက် ၆ နာရီခန့်ထရလေသည်။ ခါတိုင်းကဲ့သို့ ဇိမ်ယစ်၍ နေဖင်ထိုးသည်အထိ မှိန်းမနေနိုင်။ ကမန်းကတမ်း ရေချိုးထမင်းစားပြီးသည်နဲ့ ညကတည်းက ဒေါ်လေးထည့်ပေးထားသော ထမင်းချိုင့်လေးဆွဲကာ ဖယ်ရီ အမှီပြေးရလေသည်။ သူတို့တက်ရသော ကျောင်းရောက်ဖို့ ကားပေါ်တွင် နှစ်နာရီခန့် အိပ်ငိုက်ပြီး ပါသွား၏။ ဒုန်းဒုန်း ဒိုင်းဒိုင်း ဂလုံးဂလွမ်း သံကြားလျှင် မျက်စိ မှိတ်ထားလျှက်က သိ၏။ တံတားပေါ်ရောက်ပြီ။ တစ်ကိုယ်လုံး ယိမ်းထိုးသွားအောင် ကွေ့လိုက် ဂီယာချိန်းသံ တဂီးဂီး သံပေါ်လိုက် ဆိုလျှင် သံလျင် ရောက်ပြီ။ ကျောင်းရောက်၍ ကားပေါ်က ဆင်းတော့ လယ်ကွင်းတွေကြားက ကျောင်းတော်ကြီးသည် ခန့်ငြားထည်ဝါစွာ သူ့ကို ပြုံးဖြီးဖြီးကြီး ငုံကြည့်နေတာတွေ့ရသည်။ သာဂိက ကျောင်းတော်ကြီးကို စိုးရွံ့လေးစားစွာ ပြန်လည်

နှုတ်ဆက်ဖို့ကြံလိုက်သော်လည်း ဆိုးရွားလှသော အနံ့ဆိုးများကြောင့် နှာခေါင်းပိတ်လိုက်ရသဖြင့် နှုတ်မဆက်ဖြစ်တော့ပေ။

ကျောင်းတော်ကြီးသည် ခန့်ညားသော်လည်း ရေမချိုးသောကြောင့် အနံ့ဆိုးထွက်သည် ထင်သည်။ သာဂိသည် ရုတ်တရက်မို့ အဆင်မပြေဖြစ်သွားသော်လည်း တောကလာတဲ့ ရွာသားပေပဲ။ ခဏချင်းဆိုသလို လယ်တောဘေးက ချုံပုတ်တို့နဲ့ ရင်းနှီးသွားတော့သည်။ အွန္တရာယ်သည် လွယ်ထားလို့ရကောင်းသော အရာမဟုတ်ချေ။ မလွယ်နိုင်သော အွန္တရာယ်ကို ထုတ်အန်ပြီးသော အခါတွင်လည်း သန့်စင်ခြင်းမလုပ်ပြန်က သာဂိကို ဘယ်ကားသမားကမှ တင်ခေါ်မည် မဟုတ်။ ထို့ကြောင့် ထိုနှစ်က သာဂိ ဇလာစာအုပ် အများအပြားကုန်သည်။

ထိုသို့ သာဂိတစ်ယောက် ဆူးခြုံခရာ ၊ဇလာစာအုပ်၊ အိပ်ငိုက်ခြင်းတို့နဲ့ လုံးထွေးရင်း ရံဖန်ရံခါ ဖယ်ရီမမှီသော ရက်များဆိုလျှင် ချစ်သူရှိရာ ဒဂုံသာသို့ ကြွလှမ်းတော့သည်။ ဒဂုံကတော့ အဝင်ကတည်းက မဆိုးဟု ဆိုရမည်ဖြစ်သည်။ မူရင်းဌာန လှိုင် နယ်မြေကို မမှီဟုထင်သော်လည်း သူတို့ သန်လျင်ထက်တော့ နေချင်စဖွယ်ရှိ၏ ဟုထင်မိသည်။ သို့သော်လည်း သာဂိ မပျော်မိချေ။ ချစ်သူကို ကော်ရစ်တာ ထောင့်စွန်းခေါ်ထုတ်ပြီး စကားပြောမည် ကြံသော် ဆရာမ ငယ်ငယ်လေးက တိုက်ချင်းပစ် ဒုံးကျည်ထက် ပြင်းသော မျက်စောင်း ဒုံးကျည်ဖြင့် ဒိုင်းကနဲ ထိုးလွှတ်သည်။ သာဂိ လန့်သွားပြီး သေဖော်ညှိဖို့ ဘေးဘီဝဲယာ ကြည့်တော့ ကော်ရစ်တာ တစ်လျှောက်လုံး သူတစ်ဦးတည်းသာ ရှိ၏။

သာဂိ ပါးကို "ဖြန်း" ကနဲနေအောင် ရိုက်ချလိုက်သည်။ သာဂိသည် ထိုမျှလောက်ထိ မျှော်လင့်ထားသည်တော့ မဟုတ်ချေ။ အစ်မပြည့်က ရိုက်ချလိုက်ပြီးနောက် သူ့ဘေးတွင် ချထားသော စာရွက်နှစ်ရွက် သုံးရွက်ခန့်နဲ့ သာဂိ မျက်နှာကို ပစ်ပေါက်လိုက်သည်။ ပြီးတော့

"မင်းမျက်နှာကို ဒီတစ်သက် ဘယ်တော့မှ မတွေ့ရပါစေနဲ့" ဟုဆိုရင်း ချာကနဲ လှည့်ကာ ဆိုင်ခန်းထဲ ဝင်သွားတော့သည်။

သာဂိသည် လမ်းပေါ်တွင် မတ်တပ်ကြီး မှေ့နေသကဲ့သို့ ရှိသည်။ လူတွေကလည်း သူ့ကို ဝိုင်းကြည့်နေသည်။ ပွဲရုံ အလုပ်သမားတွေကဆိုလျှင် တီးတီးတိုးတိုးပြောဆိုရင်း အတင်းတုပ်နေကြပြီ ဖြစ်သည်။ သာဂိသည် မြေကြီးပေါ် ကျနေသော စာရွက်လေးတွေကို ကောက်ယူကာ ထွက်လာခဲ့မိသည်။ သာဂိ ယူခဲ့သော စာရွက်များအနက် တစ်ရွက်မှာ ဆေးစာရွက် သွေးစစ်ချက် မှတ်တမ်း တစ်ခုဖြစ်ပြီး လူနာနေရာတွင် အစ်မပြည့်၏ နာမည်ရေးထားသည်။ ပြည့်ပြည့်သည် ညက သာဂိကိစ္စကို စဉ်းစားရင်း ဒီလို စည်းမစောင့်သည့် လူသည် ဘာကိုမျှ ထိန်းမည့်လူမဟုတ်ဟု ယူဆမိကာ ကြေးစားများနှင့်လည်း သူသည် ပတ်သက်လိမ့်မည်ဟု ထင်မိသည်။ ဒါဆို ယခင်က ဘာရောဂါမျှ မရှိသော သူမသည် ယခု သာဂိနဲ့ ဆက်ဆံပြီးမှ အဖြူတွေဆင်းသည်။ မအီ မသာ နဲ့ ထိုင်းမှိုင်းလေးလံနေသည်။ ဒီတော့ ဒီရောဂါသည် သာဂိပေးသော လက်ဆောင် ဖြစ်မည်ဟု ထင်ကာ မနက်စောစောထ၍ သွေးသွားစစ်ရာ ထင်သည့် အတိုင်း ဂနိုရီးယား ခေါ် ဆီးပူညောင်းကျ ရောဂါ ဖြစ်နေကြောင်း စစ်ချက်ထွက်လာသည်။ ထို့ကြောင့် သာဂိကို ထိုသို့ ဆက်ဆံလိုက်ခြင်းဖြစ်သည်။

သာဂိသည် ဆေးစာရွက်ကို ဖတ်သော်လည်း ဆေးဖက်ဆိုင်ရာ ဝေါဟာရများကို နားမလည်ချေ။ ထို့ကြောင့် ဆေးဆိုင်တစ်ခုသို့ သွားပြတော့မှ အစ်မပြည့် ဘာရောဂါ ဖြစ်ရသည်ကို သိတော့သည်။ သူစိတ်မကောင်းချေ။ သို့ရာတွင် မတတ်နိုင်တော့။ ဖြစ်ခဲ့ပြီးချေပြီ။ ထို့အတူ အစ်မပြည့်နှင့် သူ၏ ဇာတ်လမ်းသည်လည်း တစ်ခန်း ရပ်သွားချေပြီ။ အစ်မပြည့်သည် သူ့ဆိုင်ကို လုံးဝ ပိတ်ပစ်လိုက်ကာ ရွှေတောင်ဘက်သို့ ပြောင်းသွားလေသည်။ သာဂိသည် မိန်းမတွေကို ဘယ်လိုချစ်ရမှာမှန်း ခုထိ နားမလည်နိုင်သေးချေ။ အတွေ့နှင့် ဆက်ဆံကာ ပြေလည်သွားမည်ဟု ထင်သမျှသည် ရေစုန်မျောသွားပြီ ဖြစ်သည်။ သာဂိ သည် ဆေးတိုက်တစ်ခုတွင် သွေးစစ်ပြီး ဆေးကုတာ တစ်ပတ်ကျော်တော့ကြာသည်။ ဆရာဝန်သည် သာဂိကို အကောင်းဆုံး ရှင်းပြသည်။ မိမိအိမ်ထောင်ဖက် မဟုတ်သူနှင့် လိင်ဆက်ဆံတိုင်း ကွန်ဒုံးသုံးဖို့၊ ရောဂါဖြစ်ခဲ့လျှင်လည်း ဆေးခန်းလာပြရန် မရှက်ဖို့၊ ဆေးဆိုင်က ဆေးမြီးတိုများသည် အရှင်းပျောက်နိုင်ချေမရှိပဲ ထိန်းချုပ်ရုံသာ ခေတ္တ ထိန်းချုပ်ထားကာ သွေးထဲတွင် ပိုးရှိနေနိုင်၍ သွေးစစ်ကြည့်မှ အရှင်းပျောက် မပျောက် သိနိုင်သည့် အတွက် သွေးစစ်ကြည့်ဖို့ စသည် စသည်တို့ ဖြစ်လေသည်။

သာဂိသည် ခေါင်းကြီး ငိုက်စိုက်ချရင်း နားထောင်နေမိသည်။ ကိုထွန်းနိုင်သည် သူ့အမျိုးတွေနှင့် သာဂိ ဖြစ်ပျက်ပုံကို သိပုံတော့ရသည်။ လူမှုရေး ကိစ္စမို့လို့ လားတော့ မသိ။ ဘာမျှ မပြောချေ။ သို့သော် ရေခဲသေတ္တာထဲက ဘီယာဗူးတွေတော့ ပြန်ယူသွားသည်။ နောက်ပြီး ကံကောင်းတာ တစ်ခုရှိသေး၏။ သာဂိ

ရေဆူဆေးပြားဝယ်ခဲ့သော ကွမ်းယာဆိုင်ကို ရဲတွေ ဝင်ဖမ်းရာ ဆေးဝယ်နေသူတွေပါ ပါသွားသည်ဟု ကြားသည်။ ထိုလူတွေကို တရားရုံးက စွဲဆိုသော ပုဒ်မသည် တော်တော်ရှက်ဖို့ကောင်းသော ပုဒ်မဖြစ်သည်။ တရားခံတွေဘက်က လိုက်ပေးမည့် ရှေ့နေမရှိဟု ကြားရသည်။ သာဂိ ခုမှ ရင်ဘတ်ဖိကာ တော်ပါသေးရဲ့ ဟု ရေရွတ်မိသည်။ သူသိသည်။ သူသာ ထိုသို့ ဖြစ်ပါက ကိုသန့်ရော၊ ကိုထွန်းနိုင်ကပါ လှည့်ကြည့်မည် မဟုတ်တော့ပေ။

စိတ်ညစ်နေမိသော သာဂိသည် ဘီယာတွေသာ တိုးသောက်မိသည်။ တစ်နေ့ ကမ်းနားဘက်က ဆိုင်တွေဘက် လှည့်ရင်း ဘန်းဘူးဟောက်စ် ကို ဝင်ထိုင်မိသည်။ ဘန်းဘူးဟောက်သည် ခပ်လတ်လတ်ဆိုင်လေး တစ်ခုသာ ဖြစ်၏။ စင်တင်တွေ၊ ကေတီဗွီတွေ မရှိပါ။ စည်းကမ်းချက်နှင့် အညီ အမျိုးသမီးစားပွဲထိုးလည်းမထားပါ။ သို့သော် အမြည်းတစ်ပွဲ မှာလိုက်လျှင် ဘေးမှာ လာထိုင်ပေးမည့် ကောင်မလေးတစ်ယောက် အလိုလို ရောက်လာသည်။ စကားစမြည် ပြောနိုင်သည်။ လက်လေး ဘာလေးကိုင်နိုင်သည်။ ထို့ထက်ပိုချင်လျှင်တော့ နေရာမှာ ညှိ၊ ပြေလည်လျှင် ဂိုးနိုင်၍၊ မပြေလည်လျှင် အေးဆေးပြန်။ စားပွဲထိုးများသည် လူများရုံသာမက လက်သွက်ခြေသွက်လည်း ရှိတတ်သည်။ သာဂိသည် ငြိမ်းငြိမ်းကို ထိုဆိုင်မှာ ထိုနေ့က စတွေ့ခြင်း ဖြစ်သည်။

ငြိမ်းငြိမ်းသည် အသားခပ်ညိုညို၊ နှင့် လုံးလုံးကျစ်ကျစ် ကလေးဖြစ်ပြီး ချစ်စဖွယ်မျက်နှာလေးနှင့် ကလေးမလေး တစ်ယောက်သာ ဖြစ်သည်။ ထိုနေ့က သာဂိသည် မြန်မာ ဘီယာ နှစ်လုံးနှင့် ငါးကြော်တစ်ကောင် မှာကာ ထိုင်စောင့်နေစဉ် သူဝင်ထိုင်ခြင်း ဖြစ်သည်။ သာဂိ မြင်သော်လည်း အရေးမလုပ်မိချေ။ ထိုကောင်မလေးသည် လည်ဂုတ်သာသာ ဆံပင်တိုလေးတွေ မျက်နှာဖုံးအောင် ခေါင်းငုံ့ပြီး ဝင်ထိုင်နေခြင်းဖြစ်ရာ သိပ်ဆွဲဆောင်မှု မရှိလှသလို သာဂိကလဲ ဒါမျိုး စိတ်မဝင်စားချင်တော့ သဖြင့် မမြင်ချင်ယောင်သာ ဆောင်နေလိုက်သည်။ နင်တော့ မထုတ်ဖြစ်။ နင်ထုတ်လိုက်ပါက သူနဲ့ စကားပြော အဆင်မပြေဖြစ်၍ ဟု ယူဆကာ ဆိုင်ရှင်က သူမ ကော်မရှင်ခလေးတွေ ဖြတ်ချပစ်မည် ဖြစ်သည်။

သာဂိ ဘီယာ တစ်လုံးကုန်သည် အထိ သူမသည် စကားမပြောချေ။ ဒီအတိုင်း ခေါင်းငုံ့ပြီးသာ ထိုင်နေသည်။ တစ်ခြားကောင်မလေးတွေ ဆိုလျှင် ပေါက်ကရ စကားစမြည် ပြောပြီးနောက် အအေး သောက်မယ်နော် တို့၊ ထမင်းမစားရသေးလို့ ခေါက်ဆွဲကြော် ထုပ်သွားမယ်နော်တို့ နှင့် ရသမျှ ကပ်လှီးတတ်သည်။ ဒီကောင်မလေးကတော့ ရောက်ကတည်းက ခေါင်းငုံ့ ထိုင်နေကာ စကားလဲ တစ်ခွန်းမှ မပြောသလို၊ အမြည်း နှိုက်စားတာလဲ မရှိ။ သာဂိ ငါးကြော် ပန်းကန်ကို သူမဘက်တွန်းပေးလိုက်ပြီး .."ဟော့..စားလေ" ဟုပြောမိသည်။ သူမသည် မျက်ဝန်းလေး လှန်၍ သူ့ကို မော့ကြည့်သည်။ ပြီးတော့ ခေါင်းလေး ယမ်းပြပြီးအောက်ပြန်ငုံ့ သွားပြန်သည်။ သာဂိ နည်းနည်း စိတ်ပျက်သွားသည်။

စိတ်ရှုပ်လို့ မြစ်ကမ်းဘေး သွားအထိုင် သပွတ်အူ မျောလာတာနဲ့ တိုးဆိုသလို ကိုယ့်ဟာကိုယ် ညစ်နေရတဲ့ အထဲ ဘာလေးမှန်း မသိတာနဲ့ လာဆုံနေသည်။ ကဲ..သူ့ကို ဘာမှ အရေးမလုပ်တော့ပဲ ကိုယ့်ဟာကိုယ်

သောက်စရာ ရှိတာသောက်နေတာပဲ ကောင်းပါတယ် လို့တွေးကာ အေးအေးဆေးဆေး သောက်နေမိသည်။ ခဏကြာတော့ သာဂိ ဘီယာနစ်လုံး ကုန်သွားသည်။ ဒီတော့မှ တေမိမလေးဆီက အသံထွက်သည်။ "ဦး..သောက်ဦးမလား" တဲ့..။ အသံကလဲ တိုးတိုးလေး ဖြစ်သလို၊ဦးလို့ အခေါ်ခံလိုက်ရသည့် သာဂိ စိတ်ထဲမှာလဲ တစ်မျိုးဖြစ်သွားသည်။ သူ့ဘဝတွင် ပထမဆုံး အကြိမ် ဦးလို့ အခေါ်ခံရခြင်းလဲ ဖြစ်သည်။ နေရ ထိုင်ရတာ ရှက်သလိုလို ဘာလိုလိုနဲ့ မနေတတ်မထိုင်တတ် ဖြစ်သွားသည်။ ဒါပေမယ့် သူမမျက်နှာလေးနှင့် သူ့အသက်ကို ယှဉ်ကြည့်မိသောအခါ အင်းလေ..ခေါ်လို့ ရတာပါပဲ ဟုတွေးရင်း လက်နှစ်ချောင်း ထောင်ပြရင်း ခေါင်းငြိမ့် ပြလိုက်သည်။ သူမသည် ကောင်တာဘက်သို့ ထွက်သွားကာ ဘီယာမှာပြီး ဘောင်ချာ တစ်စောင်ကိုင်လာကာ သူ့ကို ပေးသည်။ သာဂိယူပြီး စားပွဲပေါ်တင်လိုက်စဉ်မှာပင် လမ်းမဘက်မှ "အစ်မ..ငြိမ်းငြိမ်း..အစ်မ " ဆိုသော ခေါ်သံကြားရသည်။

သာဂိသည် စပ်စပ်စုစု လိုက်ငေးနေမိသည်။ ငြိမ်းငြိမ်းက ခေါင်းလေးကုပ်၍ သူ့ကို ခွင့်တောင်းသလို တစ်ချက်ကြည့်ပြီး ထသွားသည်။ အပြင်က လှမ်းခေါ် နေသော ညစ်စုတ်စုတ် ချာတိတ်လေးမှာ မူလတန်း အရွယ်သာသာပဲ ရှိပါလိမ့်မည်။ ထိုကောင်လေးက သူ့အစ်မဖြစ်ဟန်တူသော ကောင်မလေးကို မော့ကြည့်ရင်း စကားပြောနေသည်။ စကားပြောရင်း တစ်ချက်တစ်ချက် ပခုံးပေါ်က လျှောကျလာသော စွပ်ကျယ် သိုင်းကြိုးကိုလည်း ဆွဲတင်ရသေးသည်။

ဘာတွေပြောတယ်တော့ မကြားရပေ။ ခဏကြာတော့ ကောင်မလေးက နားမှာပန်ထားသည့် နားကပ်ကို ချွတ်ပေးလိုက်တာ တွေ့ရသည်။ ပြီးတော့ သူမ ပြန်လာထိုင်သည်။ ဘာတွေ အခက်ခဲ ဖြစ်နေသည်တော့ မသိ။ မျက်နှာလေးတော့ မကောင်းပေ။ သာဂိ လျှာရှည်မိပြန်သည်။ "ဘာအခက်ခဲရှိလို့လဲ၊ ငါ လုပ်ပေးနိုင်တာရှိလား" လို့မေးမိသည်။သူမလေးသည် သာဂိကို မော့ကြည့်သည်။ သူမမျက်ဝန်းလေးသည် နပျိုခြင်းနှင့် ထုံမွှမ်းသော ကြည်စင် ရွှန်းလဲ့ခြင်းရှိသော်ငြားလည်း မိဖြူငယ်ငယ်တုန်းကလို တောက်ပခြင်းတော့ မရှိ။ အင်း..သာဂိသည် ဘယ် သူ့ကို မြင်မြင် မိဖြူနှင့် နှိုင်းယှဉ် နေမိခြင်း အတွက် သူ့ကိုယ်သူလည်း စိတ်ပျက်သွားသည်။

"အမေ..နေမကောင်းလို့ပါ" ကောင်မလေးက ခေါင်းလေး ငုံ့လိုက်ရင်း ဖြေသည်။ သာဂိ ကူညီလိုက်ရင် ကောင်းမလား စဉ်းစားမိသည်။ ကူညီလိုက်လျှင် ဒီ ကောင်မလေးက ပြန်ပြီး ကျေးဇူးဆပ်ချင် ဆပ်လိမ့် မည်။ အင်း.. ရုပ်လေးကလည်း ဆိုးတော့ မဆိုး။ အသားညို၍ ရုတ်တရက်ကြည့်လျှင် မလှဟု ထင်ရသော်လည်း သေချာကြည့်ပြန်တော့ ညိုညက်ညက်လေးနှင့် သူ့မျက်နှာလေးသည် တစ်စိမ့်စိမ့် ထိုင်ကြည့်ချင် စရာလေးဖြစ်သည်။ သာဂိ ..ဘီယာရှိန် တက် လာတာလဲ ဖြစ်နိုင်သည်။

ဒါပေမယ့် ဒီကောင်မလေး ရုပ်ရှင်ရိုက်နေသလား ဆိုတာတော့ သိအောင် အရင်လုပ်ရပေမည်။ ထို့ကြောင့် မေးကြည့်မိသည်။

"မင်းက ဆေးခန်းလိုက် မပို့ဘူးလား"

"ပိုက်ဆံ မထုတ်ရသေးလို့"

"ဩော်..ပိုက်ဆံက ဘယ်တော့ ထုတ်.."

"ခု ဆိုင်ပိတ်ရင်"

"ဩော်..ဩော်..ဒါနှင့် မင်းတစ်နေ့ ဘယ်လောက်လောက် ရလဲ"

"မသိဘူး၊ သမီးက ဒီနေ့မှ စဝင်တာ၊ အစ်မသော်တာကတော့ ပြောတယ်၊ ၁၀%တဲ့"

"၁၀% ဆိုတာက .."

"ခု..ဦးနောက်ထပ် သောက်တဲ့ ဘီယာ နှစ်လုံးရယ်၊ ငါးကြော် ရယ်က ၂၁၀၀ ကျတယ်။ အဲတော့ သမီး ၂၁၀ ရမှာပေါ့"

"ဩော်..ဒီလိုလား..ဒါနှင့် မင်း ဒီနေ့ ဘယ်နဝိုင်းရပြီလဲ"

"တစ်ဝိုင်း"

"ဟေ..ဒါဆို မင်းက အဲဒီ ၂၁၀နှင့် ဆေးခန်းသွားမှာပေါ့ ..ဟုတ်လား..ဟားဟား"

သာဂိက ရယ်မိတော့ ကောင်မလေးသည် သာဂိကို မျက်လုံးပြူးလေးနှင့် ကြည့်သည်။ ပြီးတော့

"မဟုတ်ပါဘူး၊ဦးရယ်..ဆေးခန်း မသွားပါဘူး၊ ဆေးဆိုင်မှာ ဆေးဝယ်ရုံပါပဲ"

လေသံလေးနှင့် မျက်နှာ အမူအယာကို ကြည့်၍ သာဂိ အားနာသွားမိသည်။

"ဆောရီးကွာ..ဒါနှင့် မင်းနာမည်က ငြိမ်းငြိမ်းလား"

သူမ ခေါင်းငြိမ့်ပြသည်။

"မင်းကို ငါ ကူညီချင်ပါတယ်၊ ဒါပေမယ့် အလကား မဟုတ်ဘူးနော်၊ ပြန်ဆပ်ရမယ်၊ ကဲ..မင်းအကြောင်းတွေ ပြောစမ်းပါဦး"

သူမသည် သာဂိကို မော့ကြည့်သည်။ သာဂိက ပြောင်သလို နောက်သလိုနှင့် အတည်ပြောလိုက်ခြင်းအပေါ် သူ့အတွေ့အကြုံလေးနှင့် စူးစမ်းနေပုံရသည်။ သူက ဘာပြန်ဆပ်ရမှာလဲ ဆိုတာကိုပါ တွေးနေပုံရသည်။ နောက် သူ့ကို ပြုံးပြုံးကြီး ငုံ့ကြည့်နေသော သာဂိ၏ ရီဝေဝေ မျက်လုံးကို ရင်မဆိုင်ရဲစွာ ခေါင်းလေး ငုံ့သွားရင်း သူ့အကြောင်းလေးတွေ ပြောပြနေတော့သည်။

သူမ၏ နာမည်မှာ ငြိမ်းငြိမ်းဖြစ်သည်။ နာမည်နှင့် ဆန့်ကျင်စွာ မငြိမ်းချမ်းသော သူမ ဘဝသည် သူမ ၆ တန်းနှစ် အရောက်တွင် စတင်ခဲ့သည်။ ကုန်တင်ကားမောင်းသမား တစ်ဦးဖြစ်သည့် ဖခင်သည် ရှမ်းပြည်ဘက်တွင် ကားမှောက်ပြီး ဆုံးပါးခဲ့သည်။ မိခင်က အကြော်ရောင်း၍ သူမနှင့် မောင်လေးကို ရှာဖွေကျွေးခဲ့သည်။ မိခင်၏ ရှာဖွေရသမျှသည် စားရုံလောက်သာရှိပြီး ကျောင်းဆက်တက်ဖို့တော့ မလုံလောက်ပေ။ ထို့ကြောင့် ငြိမ်းငြိမ်းသည် မိခင်ကို တစ်ဖက် တစ်လမ်းက ကူသည့် အနေဖြင့် ဆေးလိပ်ဝင်လိပ်ခဲ့ရသည်။ မောင်လေးကလည်း ကမ်းနားတစ်လျှောက်၊ တောတန်းတစ်ရိုး ဖားရှာ၊ ငှက်ပစ် ဖြင့် သူမတို့ကို ကူညီရှာ သည်။ သူတို့ မချမ်းသာသော်လည်း နေ့စဉ် ထမင်းစားရသည်။ နေ့စဉ် ရပ်ကွက်ထဲက ဗွီဒီယို ရုံမှာ ကြည့် နိုင်သည်။

ပြီးခဲ့တဲ့ လကတော့ အမေ နေမကောင်းဖြစ်ကာ အိပ်ယာထဲလဲသည်။ ချောင်းတွေဆိုးပြီး မောသည် ဟု ဆိုသည်။ လုပ်လုပ်ရှားရှား လုပ်ပြီးတိုင်း အမေသည် အသက်ကို ပြင်းပြင်းရှူရင်း ဟောဟဲ ဆိုက်နေတတ်သည်။ ငြိမ်းငြိမ်းဘာလုပ်ရမှန်း မသိချေ။ ဆေးလိပ်ခုံက ရသော ဝင်ငွေသည် တစ်ထောင်

ဝန်းကျင်ခန့်သာ ရှိသည်။ စားဖို့ ၊ ရေဖိုး၊ မီးဖိုး နုတ်လိုက်သောအခါ လက်ထဲတွင် ဘာမျှ မကျန်တော့၊ ထို့ကြောင့် အပိုဝင်ငွေ ရစေရန် အလုပ်ထပ်ရှာတော့ မသော်တာ နှင့် တွေ့သည်။ ညစဉ် ညနေ ၆ နာရီမှ ၁၀ နာရီထိ စားပွဲဝိုင်းတွင် ထိုင်ပေးရုံသာလုပ်ရမည် ဆိုသောကြောင့် ဒီမှာ လာအလုပ်ဝင်သည် ဟုဆိုသည်။

သာဂိ ရင်ထဲတွင် မောသွားသည်။ သူ သော်တာကို သိပါသည်။ သော်တာသည် ဘန်းဘူးဟောက်စ်၏ ညမင်းသမီး တစ်ယောက်ဖြစ်သည်။ ရွှေဟသ်ာ နောက်ပေါက်နားတွင် နေသည်။ ရွှေဟသ်ာရပ်ကွက် ဆို၍ အထင်တစ်ကြီးဖြစ်ကြဦးမည်။ သော်တာနေသည်မှာ ရွှေဟသ်ာနောက်ပေါက်၏ နောက်ဘက်သချိုင်းကုန်းအကျော် ကျူးကျော်ရပ်ကွက်များ ရှိရာနေရာ ဖြစ်သည်။ သာဂိသည် ပွဲလန့်တုန်း ဖျာဝင်ခင်းချင်သည့် စိတ်ကို ခဏအောင့်ထားလိုက်သည်။ သော်တာ့ကို လှမ်းခေါ်လိုက်ပြီးမေးမိသည်။

"မြိမ်းမြိမ်းတို့ အိမ်က နင်တို့ နားမှာလား"

"ဟုတ်တယ်လေ..ဘာလဲ လိုက်ပို့မလို့လား၊ ဒီလိုတော့ မရဘူးနော်..ကျွန်မတို့ မြိမ်မြိမ်းက အသန့်လေး..လိုင်းမဝင်ရသေးဘူး၊"

"ကျွတ်..သော်တာကလဲ..ငါက သူ့ကို ကူညီချင်လို့ပါ"

"အံမယ်လေး..ဆိုင်ကယ်ပွဲစားရယ်..ဒီလိုဆို သော်တာလဲ အကူညီတောင်းမယ်နော်.."

"ဒါက....ဟို.."

"ဟင်း..ဟင်း...ရှင်ကူညီချင်တာ ကျွန်မ သိပါတယ်ကွယ်...ဟားဟား..နောက်တာပါ..ကိုသာဂိရယ်၊ ကဲ..ပြော..ဘာပြောချင်လို့လဲ"

"သြော်..ငါ မနက်ဖြန်ကျရင် သူ့အမေကို ဆေးခန်းလိုက်ပြပေးမလို့၊ အဲဒါ အိမ်မသိလို့ နင့်ဆီ အရင်ဝင်မယ်လို့ ပြောမလို့"

သော်တာသည် တစ်ချက်တွေသွားရင်း မြိမ်းမြိမ်းမျက်နှာလေးကို လှမ်းကြည့်သည်။ ပြီးတော့ သာဂိ မျက်နှာကို ပြန်ကြည့်လိုက်ရင်း

"ကိုသာဂိ..မြိမ်းမြိမ်းက သော်တာတို့လို မဟုတ်ဘူးနော်၊ နောက်ပြီး သော်တာတို့လိုလဲ မဖြစ်သေးဘူး၊ ကိုသာဂိ သိမှာပါ။ သော်တာ မလုပ်ပေးနိုင်တဲ့ ကိစ္စကို ကိုသာဂိက လုပ်ပေးမယ်ဆိုတော့ ကျေးဇူးတော့တင်တယ်၊ ဒါပေမယ့် အဲဒါအတွက်နဲ့တော့ အချုပ်မခံဘူးနော်"

နောက်တစ်နေ့ သာဂိ မြိမ်းမြိမ်းအမေကို ဆေးခန်းလိုက်ပို့သည်။ မြိမ်းမြိမ်းအမေသည် အသက် ၄၀ခန့်ရှိပြီး အသားခပ်ညိုညိုနှင့် ပိန်ပိန်ပါးပါး အမျိုးသမီးကြီးတစ်ယောက်ဖြစ်သည်။ သို့ရာတွင် သူမကို ကြည့်ရသည်မှာ အသက် ၅၀၊၆၀ ခန့်ရှိပြီ ထင်ရသည်။ ရိုးသားပုံရသော်လည်း ငယ်ရာက ကြီးလာသူပီပီ မြိမ်းမြိမ်းနှင့် သူ့အနေအထားကို နားလည်ပုံတော့ရသည်။ သို့ရာတွင် ဘာမျှတော့ မပြောချေ။ ထိုနေ့က မြိမ်းမြိမ်းအမေ ဒေါ်အေးနှင့် မြိမ်းမြိမ်းကို ဆိုက်ကားတစ်စီး ငှားပြီး မျိုးသုခ ဆေးရုံသို့ သွားပြစေခဲ့သည်၊ ဒေါ်အေးသည် အဆုတ်တီဘီ ရောဂါ ဖြစ်နေသည်။ ဆေးတော်တော်များများ ဝယ်ရသည်။ ဝယ်ရသည်မှ ၆ လစာတောင် ဖြစ်သည်။ သာဂိလဲ သောင်းဂဏန်းလောက် ထိသွားသည်။(ထိုစဉ်က စရိတ်မျှပေး မရှိသေးသလို၊ တီဘီရောဂါ တိုက်ဖျက်ရေးဌာနလည်း မရောက်သေး)

ငြိမ်းငြိမ်းသည် သာဂိကို အားနာနေပုံရသည်။ သူ့မျက်နှာလေးသည် သာဂိမျက်နှာကို လှမ်းလှမ်းကြည့်ပြီး တစ်ခုခုပြောချင်နေပုံရသည်။ ဆေးရုံကလည်း ပုဂ္ဂလိက ဆေးရုံဖြစ်သည့် အားလျော်စွာ ဂရုတစိုက်နှင့် ဆေးရုံတင်ဖို့ ပြင်သည်။ သို့သော် တစ်ရက် ၅၀၀ ဆိုသော ဂဏန်းသည် ဒေါ်အေးကို တစ္ဆေတစ်ကောင်လို ခြောက်လိုက်ပုံရသည်။ ဒေါ်အေးသည် သူ့ဟာသူ တုန်တုန်ချိချိနှင့် အခန်းထဲက ထွက်သွားပြီး ဆိုက်ကားပေါ် သွားထိုင်နေသည်။ သာဂိ ကအတင်းပြန်ခေါ်သော်လည်း မလိုက်တော့ချေ။ ငြိမ်းငြိမ်းကမူ တက်ပါဟု မတိုက်တွန်းသလို၊ မတက်ပါနှင့် ဟုလည်း မပြောချေ။ သူမသည် မအေ ဖြစ်သူကိုသာ မျက်ရည်လေးတွေ ဝဲပြီး ငေးကြည့်နေသည်။

နောက်ဆုံးတော့ ဘယ်လိုမှ ခေါ်မရသော ဒေါ်အေးကို သာဂိ လက်လျှော့လိုက်ရကာ တစ်ပတ်တစ်ခါ လာပြပါမည်ဆိုပြီး ညှိနှိုင်းရသည်။ သို့နှင့် သာဂိသည် ငြိမ်းငြိမ်းတို့အိမ်လေး၏ အခွင့်ထူးခံ ဧည့်သည်ကြီး ဖြစ်လာတော့သည်။ သူတို့ အိမ်လေးမှာ အိမ်ဟုသာ ပြောလိုက်ရသည်။အမှန်တော့ ခြေတံရှည် တဲပုံမျိုးသာဖြစ်သည်။ အောက်ထပ်ဟုခေါ်ရမည့် မြေကြီးထပ်တွင် ကွပ်ပျစ်ကျယ်ကြီး တစ်ခုခင်းထားပြီး အငယ်ကောင် ဒိုးလုံး၏ အိပ်ယာလည်း ဖြစ်သည်။ မီးဖိုခန်းလို့ ဆိုရမည့် ထမင်းဟင်းချက်ရာ သွပ်ပြားဟောင်းများကာထားသည့် နေရာနှင့်လည်း တစ်ဆက်တည်း ဖြစ်သည်။ အကာတော့ မရှိချေ။ အပေါ်ထပ်တွင်တော့ သားအမိ နှစ်ယောက် နေသည်။ ဘုရားစင်လေးနှင့် ဆက်နေသော အခန်းသည် ဧည့်ခန်းဟု ဆိုရမည်။ လိုက်ကာနှင့် ကာထားသော အခန်းကတော့ အိပ်ခန်းသာဖြစ်ပေမည်။ ခေါင်တွေကို သွပ်မိုးထားသော်လည်း မျက်နှာကျက် မရှိ၍ နည်းနည်းတော့ ပူသည်။

ငြိမ်းငြိမ်းသည် သာဂိကို တစ်ကယ့် ကယ်တင်ရှင်ကြီးလို သဘောထားနေ၍ သာဂိမှာ မနေတတ် မထိုင်တတ်တောင် ဖြစ်ရသည်။ ဒေါ်အေးကလည်း သူတော်ကောင်းလေး သာဓုပါကွယ် ဟုဆိုသော အခါ သာဂိ အိမ်လေးပေါ်ကနေ သွားစရာရှိသည် ဆိုကာ ဆင်းပြေးတော့သည်။ တစ်ကယ်တော့ သာဂိ၏ အကူအညီသည် ဖြူစင်ခြင်း မရှိလှတာ သာဂိဘာသာ သာဂိ သိနေမိသည် မဟုတ်ပါလား။

သာဂိသည် ငြိမ်းငြိမ်းထံ မကြာခဏ ဆိုသလို ရောက်ဖြစ်သည်။ အထူးသဖြင့် ညနေစောင်း တစ်ပက်၊ နှစ်ပက် သောက်ပြီးချိန် သွေးပူလာလျှင် ဆိုင်ကယ်ဦးကထိုရပ်ကွက်ဘက်သို့ အလိုလို လှည့်သွားတတ်သည်။ ငြိမ်းငြိမ်းကို သာဂိက ဘန်းဘူးဟောက်စ်တွင် အလုပ်မဆင်းခိုင်းတော့။ ထို့ကြောင့် သာဂိသွေးပူချိန်ဆိုလျှင် ငြိမ်းငြိမ်း အိမ်ပြန်ရောက်နေပြီ ဖြစ်သည်။ သာဂိသည် ငြိမ်းငြိမ်းကို ခုချိန်ထိတော့ ဘာမျှ ကြိုးစားခြင်း မရှိသေးချေ။ မလုပ်ချင်လို့ မဟုတ်။ သူက စိတ်တွေပါပြီး စမည် ကြံကာ ငြိမ်းငြိမ်းထံရောက်လျှင် သူတို့သားအမိက တစ်ကယ့် လူကြီးလူကောင်းလို ဧည့်ဝတ်ပြု ဆက်ဆံနေ၍ အနေခက်ကာ ပြောမထွက်ဝံ့ခြင်းသာ ဖြစ်သည်။

သာဂိသည် ငြိမ်းငြိမ်းနှင့် ဆက်ဆံရေးတွေ တိုးတက်လာသလို စီးပွားရေးလည်း အဆင်ပြေလာသည်။ ခုဆို သူသည် ကိုထွန်းနိုင်အရင်းထောင်ပေးသော တရုတ်ဆိုင်ကယ်လေး တစ်စီးကို ရင်းကာ ဝယ်လိုက် ရောင်းလိုက် ပြုရင်း ကိုထွန်းနိုင် အကြွေးကို ဆပ်ပြီးရုံသာမက ယိုးဒယား viva တစ်စီး၊ လော်ဂျား 125

တစ်စီးနှင့် ကမ်ဘို 110 သုံးစီး လက်ဝယ်တွင် အပိုင်ရှိနေသည်။ သာဂိသည် အိမ်ပိုင်ဝယ်မည် ဆိုလျှင်တောင် ရနေပြီ ဖြစ်သည်။ သို့ရာတွင် သာဂိ မဝယ်ချေ။ အဘယ့်ကြောင့် ဆိုသော် သူ့အိမ်မက်ထဲသို့ ရံဖန်ရံခါ ဝင်လာတတ်မြဲ ဖြစ်သော မိဖြူသည် စင်္ကာပူရောက်ကာ ယောက်ျားရနေပြီ ဆိုသော သတင်း ကြားရ၍ ဖြစ်သည်။ သာဂိသည် အိမ်ဝယ်မည်ဆိုလျှင် ရစ်မိုင်က အိမ်ကိုသာဝယ်လိုသည်။ သူသည် မိဖြူကို ခုထိ သတိရနေမိ၊ နာနေမိသည်မှာ ဘာကြောင့် မှန်း စဉ်းစား၍တော့ မရချေ။

သို့ရာတွင် သတိရမိသည်ကတော့ အမှန်ဖြစ်သည်။ သတိရခြင်းသည် စိတ်နှင့် ပစ်မှားခြင်း ဆိုပါက သာဂိသည် ကာမေသုမိစ္ဆာကို ထိုသတင်းကြားရချိန်လောက်က နေ့တိုင်း ကျူးလွန်နေမိသည်။ သို့ရာတွင် အကြာကြီးတော့ မဟုတ်။ ငြိမ်းငြိမ်း သူ့အခန်း မျက်နှာကျက်လေးပေါ်သို့ တက်မလာခင်ထိသာ ဖြစ်သည်။ သာဂိသည် ငြိမ်းငြိမ်းထံ မရောက်ဖြစ်သည်မှာ တစ်ပတ်ကျော်၊ နှစ်ပတ်ခန့် ရှိပြီ။ မိဖြူ သတင်းကြားရပြီးကတည်းက တည်ငြိမ်နေသော သူ့စိတ်နှလုံးသည် ဟောတီ မြေလွှာလို သွက်သွက်ခါနေခဲ့သည်။ ဖရိုဖရဲ ဖြစ်နေသော စိတ်အလျှင်ကို ပြန်လည် စုစည်းဖို့ ကြိုးစားလိုက်တိုင်း လက်တွေက ဝီစကီ ပုလင်းကိုသာလှမ်းမိသည်။ ထို့ကြောင့် ငြိမ်းငြိမ်းလာသော ထိုနေ့က သာဂိသည် မူးနေသည်။

ငြိမ်းငြိမ်းရောက်လာချိန်သည် သာဂိ အမြည်းကုန်သွား၍ ဘယာကြော် ဆင်းဝယ်ပြီးစ အချိန်ဖြစ်သည်။ သာဂိ တီဗွီရှေ့တွင်ထိုင်ရင်း သီချင်းစာသားနှင့် ဘယ်လိုမှ မပတ်သက်သော ဇာတ်ဆောင်များ၏ လှုပ်ရှားမှုကို အဓိပ်ပါယ်မဲ့ကြည့်ရင်း လက်ထဲက ခွက်ကို မော့လိုက် ၊ ဘယာကြော်ဝါးလိုက် လုပ်နေစဉ် တံခါးခေါက်သံကြားရသည်။ အလုပ်သမား တစ်ယောက်ယောက် ပစ္စည်း ကျန်ခဲ့၍ လာယူတာ ဖြစ်မည်ဟု ထင်ကာ ဆင်းဖွင့်ပေးလိုက်တော့မှ တံခါးရှေ့တွင် ငြိမ်းငြိမ်းကိုတွေ့ရခြင်းဖြစ်သည်။

ငြိမ်းငြိမ်းသည် စတီးချိုင့် သုံးဆင့်ချိုင့်လေး တစ်လုံးကို ကိုင်ထားကာ သူ့ကို ပြုံးပြပြီး...

"ဦး ..နေမကောင်းဘူး ထင်လို့ လာကြည့်တာ" ဟုဆိုသည်။ သာဂိက..

"ငါ နေကောင်းတယ်၊ စိတ်က သိပ်မကောင်းဘူး၊ ဘာလို့ လာတာလဲ၊ အန်တီအေး တစ်ခုခုဖြစ်သလား"

ငြိမ်းငြိမ်းက မျက်နှာလေးကို မဲ့လိုက်ပြီး..

"ဦးကလည်း ... လူကို ဒုက္ခသည်ကျနေတာပဲ၊ ဦးစားဖို့ ငါးရှဉ့်ကြော် လာပို့တာပါ၊"

"အေး..အတော်ပဲ၊ မစားရတာကြာပြီ" ဆိုကာ ချိုင့်ကို ဆွဲယူလိုက်သည်။

ချိုင့်ယူပြီးသော်လည်း ငြိမ်းငြိမ်းက မပြန်သေးချေ။ သာဂိက "ပြန်တော့လေ" ဆိုတော့ "ဟိုဒင်း..ချိုင့်က ငှားလာတာ၊ ပြန်ပေးရမှာ" ဟုဆိုသည်။ "တော်တော် ရှုပ်တာပဲ" ဟုရေရွတ်ရင်း သာဂိ အခန်းထဲ ဝင်တော့ သူမကပါ လိုက်ဝင်သည်။ ပြီးတော့ သာဂိ လက်ထဲက ချိုင့်ကို ဆွဲယူရင်း "သမီး လုပ်လိုက်ပါ့မယ်" ဟုဆိုသည်။ သာဂိ ဘာမှ မပြောတော့။ လွှတ်ပေးထားလိုက်ရင်း ကိုယ့်ဟာကိုယ် ဆက်သောက်နေမိသည်။ ခဏနေတော့ သာဂိရှေ့တွင် ငရှဉ့်ကြော် တစ်ပန်းကန် ရောက်လာသည်။ ဆိုင်ကြီးကြော်နှင့် မတူသော်လည်း

စေတနာ ပါ၍လားမသိစား၍ ပိုကောင်းသည်။ သူမကို လှည့်ကြည့်လိုက်တော့ သာဂိ၏ ထွေးလုံးပစ်တင်ထားသော အဝတ်များကို သိမ်းကြုံးစုနေတာ တွေ့ရသည်။ ပြီးတော့ ကုတင်ခြေရင်းတန်းပေါ်တွင် လှန်းထားသော အတွင်းခံဘောင်းဘီတွေပါ ဆက်ယူနေပြန်၍ "ဟေ့..ဟေ့..အဲဒါ ဘာလုပ်မလို့လဲ" ဆိုတော့ "လျှော်မလို့" ဟု တစ်ခွန်းထဲ ပြောရင်း အောက်ထပ်ဆင်းသွားသည်။ ရေချိုးခန်းနှင့် အိမ်သာက အောက်မှာပဲ ရှိလေသည်။

သာဂိ နည်းနည်းတော့ အနေရ အထိုင်ရ ခက်သည်။ ဘာလေးမှန်းလဲ မသိ။ ကိုယ့်ဟာကို အသဲ ကွဲတာတောင် ကောင်းကောင်း မကွဲရ။ ဒင်းလေးက လာနှောင့်ယှက်နေသည် ဟု ထင်ကာ စိတ်အနှောင့်အယှက်ဖြစ်နေမိသည်။ ဒါကို အသက်ပင် ငယ်သော်လည်း ဘဝက သင်ပေးပြီး ဖြစ်သော ငြိမ်းငြိမ်းက သိပုံရသည်။ သူမျက်စိရှေ့တွင် မနေချေ။ အဝတ်လျှော်ပြီး၍ လှန်းတာတောင် သာဂိရှေ့က မလျှောက်။ သာဂိ မျက်ဝန်းများနှင့် မဆုံနိုင်သော နေရာများတွင်သာ လျှောက်လှန်းနေသည်။ သာဂိ သူ့ကို ဂရုမစိုက်တော့။ ကိုယ့်ဟာကိုယ် ကာရာအိုကေ ဆိုမည်ဟု တွေးကာ ဖြူဖြူကျော်သိန်းနှင့် ကော်နီ၏ အတွင်းကြေကို ဖွင့်သည်။ ပြီးတော့ ယောက်ကျားသံကြီးနှင့် လိုက်အော်သည်။ ဘယ်လိုမှ နားထောင်မကောင်း။ ငြိမ်းငြိမ်းထံက "ခိ" ကနဲ ရယ်သံကြားရသည်။ သာဂိ လည်ချောင်းရှင်းဖို့ ဝီတစ်ခွက် ထပ်ထည့်သည်။ ပြီးတော့ ဆတ်ကနဲ မော့အချ..ရင်ထဲက "အွေ့" ကနဲ ပျို့ တက်သည်။

သာဂိ များနေပြီ ဖြစ်သည်။ များဆို အိပ်ယာနီးကထဲက သောက်နေသည်မှာ ဂရင်းရှိုင်ရယ် တစ်တောင့်ကုန်၍ နောက်တစ်တောင့် တစ်ဝက်ကျလုပြီ ဖြစ်သည်။ သာဂိ မခံနိုင်တော့။ စားထားသမျှ ဘယာကြော်တွေ အကုန် ပြန်ထွက်ကုန်သည်။ ငြိမ်းငြိမ်းသည် အပြေးလေးရောက်လာပြီး သာဂိ၏ ကျောကုန်းတွေကို ထုပေးသည်။ ဇက်ကြောတွေကို နှိပ်သည်။ သာဂိသည် အန်လို့ မပြီးနိုင်သေးချေ။ နှာခေါင်းထဲဝင်လာသော ချဉ်စုပ်စုပ် အန်ဖတ်အချို့သည် သူ့ကို ပို၍ မူးအောင်ပြုနေသည်။ အန်ပြီးသည်နှင့် သာဂိသည် ကြမ်းပြင်တွင် ပက်လက်ကြီး ဖြစ်သွားသည်။ မနေတတ်ရှာသော ငြိမ်းငြိမ်းသည် သာဂိ၏ ပေပွနေသော မျက်နှာကိုသန့်ရှင်းရေး လုပ်ပေးသည်။

ထို့နောက် အင်္ကျီကို လဲပေးဖို့ ကြိုးစားသည်။ သာဂိ၏ ခန္ဓာကိုယ်ကြီးကို မနိုင့်တနိုင် မ၍ တွဲထူပြီး လက်တစ်ချောင်းချင်းစီ ထုတ်ကာ အင်္ကျီကို ရအောင် ချွတ်သည်။ ဒီလို အဝတ်လဲတဲ့ နေရာတွင် သူမသည် မအေကြီးကို လဲပေးနေကျ အကျင့်ရှိသည်။ သို့ရာတွင် မအေကြီးနဲ့ မတူသည်မှာ အမေက ငြိမ်နေပြီး သာဂိက လှုပ်နေခြင်း ဖြစ်သည်။ သာဂိ ခေါင်းသည် ထူမပြီး သူမ ပခုံးစွန်းလေးပေါ် မှီတွဲပေးထားသော်လည်း အငြိမ်နေသည် မဟုတ်။ ဟိုဘက်စောင်းလိုက်၊ ဒီဘက် လည်ကျလာလိုက်နှင့် တစ်ခါတစ်ရံ သူမ နို့အုံလေးကိုပင် ထိလု မတတ်ဖြစ်ဖြစ်သွားသည်။ အင်္ကျီ အကုန် ချွတ်ပြီး အဝတ်ခြောက်တစ်ထည် ပြန်ဝတ်ပေးသာ အခါတွင်မှ သာဂိ မျက်လုံးဖွင့်ကြည့်၍ ငြိမ်းငြိမ်း တော်သေးရဲ့ ဟု ရေရွတ်မိသည်။

သို့သော် ငြိမ်းငြိမ်း၏ တော်သေးရဲ့ သည် ဘုရားတသံ အဖြစ်ချက်ချင်းပြောင်းသွားသည်။ အဘယ့်ကြောင့်ဆိုသော် သာဂိက သူမတစ်ခါမှ မကြားဖူးသောမိဖြူဆိုသော နာမည်ကို သူ့အားကြည့်၍

ခေါ်နေသောကြောင့် ဖြစ်သည်။ သာဂိ၏ မျက်ဝန်းတွေသည် အရမ်းကို ရီဝေလွန်းသည် ဟု
ငြိမ်းငြိမ်းထင်နေမိသည်။ထိုမျက်ဝန်းများ၏ ညှို့ငင်မှုနောက်သို့ ငြိမ်းငြိမ်း ခေတ္တ မျောပါသွားစဉ် သူမ၏
ခန္ဓာကိုယ်လေးသည် ကြမ်းပြင်ပေါ် လှဲချခံလိုက်ရပြီ ဖြစ်သည်။ ငြိမ်းငြိမ်း၏ ဆက်လက် မိန်းမောမလို
ဖြစ်နေသော ခံစားမှုလေးသည် သာဂိ၏ နောက်တစ်ခါ ထပ်ခေါ်လိုက်သော "မိဖြူ" ဆိုသည့် စကားသံ
အောက်တွင် လုံးဝ ပြိုကွဲပြိုကျသွားလေသည်။ သို့သော် ငြိမ်းငြိမ်းသည် မရုန်းမိပေ။ သာဂိ
စိတ်အနှောင့်အယှက် ဖြစ်စေမည့် အပြုအမူ မှန်သမျှကို လုံးဝ မလုပ်ဖို့ ကိုယ့်ကိုကိုယ် သတိပေးရင်း ငြိမ်းငြိမ်း
ငြိမ်နေမိစဉ် သာဂိ၏ နှုတ်ခမ်းထူကြီးတွေ သူမ နှုတ်ခမ်းတွေကို ငုံလာကြသည်။

ငြိမ်းငြိမ်း စိတ်တွေ မျောလွင့်သွားပြန်သည်။ ပူနွေးစွတ်စိုသော ထိုနှုတ်ခမ်းကြီးများ၏ အောက်တွင် ညှို့ငင်
စွဲဆောင်နိုင်သော မည်သည့်အရာတွေများ ထည့်ထားလေသနည်း၊ ငြိမ်းငြိမ်း ဆက်လက်တွေးတောရန်
အချိန် မရပါ။ သူ့လက်တွေသည် ငြိမ်းငြိမ်း ရင်အုံလေးတွေကို ထိကိုင်လာပြန်သည်။
တစ်သက်လုံးယုယုယယ နေမထိလေမခ ထိန်းသိမ်းလာခဲ့သော အရာလေးတွေကို သာဂိလက်ကြီးတွေက
အုပ်ကိုင်နေပြီ ဖြစ်ရာ ငြိမ်းငြိမ်း တော်တော်ကို မနေတတ် မထိုင်တတ်ဖြစ်သွားသည်။ ငြိမ်းငြိမ်းသည်
ကိုယ့်နို့အုံလေးတွေကိုယ် ကိုင်ကြည့်ဖူးပါသည်။ဘယ်လိုမှ မနေခဲ့စဖူး။ယခု သာဂိလက်ဖဝါးကြီးတွေနှင့်
ထိတွေ့မှုသည်ငြိမ်းငြိမ်း တစ်ကိုယ်လုံးကို ကြက်သီး ဖျင်းဖျင်း ထသွားစေသည်။ ငြိမ်းငြိမ်း
အရမ်းကြောက်လာသလို ပြောမပြတတ်သော ခံစားမှုတစ်မျိုးလည်း ဖြစ်လာသည်။

ဘာရယ်ဆိုတာတော့ ငြိမ်းငြိမ်း မပြောတတ်။ ပြောတတ်သည်က အောက်ပိုင်းတွင် စိုစိစိလေး
ဖြစ်လာခြင်းပင်တည်း။ သာဂိသည် ထပ်၍ တိုးလာပြန်သည်။ ငြိမ်းငြိမ်း ၏ အပေါ်က
ဘလောက်စ်အင်္ကျီလေးနှင့်အောက်ခံ ရင်မီး အင်္ကျီလေးကိုပါ ဗိုက်သားနေရာလောက်ကနေ အပေါ်ကို
ပင့်တင်လိုက်ခြင်း ဖြစ်သည်။ ငြိမ်းငြိမ်း ရင်တစ်ခုလုံး အေးကနဲ ဖြစ်သွားသလို ထင်ရသည်။ မကြာပါ။ သာဂိ
နှုတ်ခမ်းကြီးတွေ သူမ နို့သီးခေါင်းလေးပေါ် ရောက်လာသော အခါတွင်မူ အသဲတွေပါ ပူနွေးသွားသလား
ထင်ရအောင် နွေးကနဲ ဖြစ်သွားကာ သူ့အာခံတွင်းမှ စီးဆင်းလာသော စွတ်စိုမှုသည် ငြိမ်းငြိမ်း ကိုပါ
ကူးစက်လာစေသည်။

ငြိမ်းငြိမ်းသည် ဘာလုပ်ရမှန်း မသိတော့ချေ။ သူမသည် ကြောက်လဲ ကြောက်သည်။ သာဂိ ယခု
လုပ်နေတာတွေကို ရပ်ပစ်လိုက်စေချင်သည်။ သူမ နှလုံးသားတွေ ခုန်ရလွန်း၍ မောလာပြီ ဖြစ်သည်။
ထို့အတူ ရပ်လဲ မရပ်စေချင်ပေ။ သူမသည် ထိုသို့ ရင်ခုန်နေရတာကိုပင် ကြည်နူးနေမိသည်။ သို့ရာတွင်
နှုတ်ကတော့ ဘာမျှ ထုတ်မပြောမိချေ။ ငြိမ်းငြိမ်းသည် မောဟိုက်စွာ အသက်ရှူရင်း သာဂိကို မျက်လုံးလေး
ဖွင့်ကြည့်မိသည်။ အို..သာဂိ မျက်ဝန်းတွေသည် ရီဝေ စူးရှလွန်းလှချေသည် တကား။ ငြိမ်းငြိမ်းသည် သာဂိ
မျက်ဝန်းတွေကို ရင်မဆိုင်ဝံ့ချေ။ ဆက်ကြည့်မိလျှင် သူမ အသဲနှလုံးတွေ
ပြုတ်ကျသွားတော့မည်ဟုတောင်ထင်မိသည်။

သာဂိ၏ လက်တွေသည် ပိုမို နယ်ချဲ့လာသည်။ ခါးမှာ ဝတ်ထားသော ထမီလေးကို ပေါင်လည်လောက်ကနေ

လိပ်ပြီး ဆွဲတင်နေသည်။ ငြိမ်းငြိမ်း အသဲတွေပါယားလာသည်။ ဘယ်လိုကြီးမှန်း မသိချေ။ သူ့လက်ကြီးတွေနှင့် ပေါင်ကို လာထိခြင်းသည် လျှပ်စစ်တစ်ခု စီးဆင်းသလို ဖြစ်နေသည်။ ဟော..ထမီ တစ်ထည်လုံး ခါးပေါ်လိပ်တင်ပြီး ရောက်လာသည်။ အောက်ပိုင်းတစ်ခုလုံးသည် ရှက်စိတ်တို့ဖြင့် အေးစက်ရမည့် အစား သွေးတိုးနှုန်းသာ မြင့်လာပြီး ကြက်သီးတွေသာ တစ်ဖျင်းဖျင်းထလာမိသည်။ ပြီးတော့ သူသည် ငြိမ်းငြိမ်းကိုယ်လုံးလေးပေါ် လုံးလုံးလျားလျားကြီး တက်ဖိလိုက်သည် ထင်သည်။ ငြိမ်းငြိမ်း "အင့်"ကနဲ အသံထွက်အောင် အဆုပ်ထဲကလေတွေ ထွက်သွားသည်။ သူ့ကိုယ်လုံးကြီးသည် လေးလံ လွန်းသော်လည်း ငြိမ်းငြိမ်း မရုန်းမိချေ။

ငြိမ်းငြိမ်း ခံစားမိနေသည်မှာ သူ့ပေါင်လုံးလေး နှစ်လုံးကြားတွင် ရောက်ရှိနေသော ပူနွေးသော အရာ ကို ဖြစ်သည်။

နောက်တော့ ထိုအရာကြီးသည် ငြိမ်းငြိမ်း၏ မိန်းမကိုယ် အပေါက်ဝလေးကို လာထိသည်။ ငြိမ်းငြိမ်း ဆတ်ကနဲ တုန်သွားမိသည်။ အဲဒီဟာကြီး ငြိမ်းငြိမ်း အထဲဝင်လာလျှင် ဘာဖြစ်မည်နည်း၊ နာမှာလား...၊ လောကစည်းစိမ် တွေ့မှာလား ၊ ငြိမ်းငြိမ်းမသိ၊ လောလောဆယ် ငြိမ်းငြိမ်း သိသည်မှာ ငြိမ်းငြိမ်း အရမ်းကြောက်နေမိသည်။ ဦးလို့ ခေါ်သည့် သာဂိကိုလား...မဟုတ်ဘူး ထင်သည်။ ငြိမ်းငြိမ်းသည် ဦးသာဂိကို မကြောက်။ ဒါဖြင့် ငြိမ်းငြိမ်း ဘာကိုကြောက်နေမိ သနည်း။ အမှန်ဆိုရလျှင် ငြိမ်းငြိမ်းသည် ဘယ်ဟာကို ကြောက်နေမိမှန်း မသိအောင်ကို ကြောက်နေမိသည်။

ကြောက်ကြောက်နှင့် ရုန်းကြည့်သေးသည်။ သာဂိဖိထားသောကြောင့် လှုပ်လို့ပင်မရ။ အောက်ပိုင်းလေးကား ပို၍ ဆိုးသည်။ သာဂိ ခါးကြီးနှင့် အောက်ပိုင်းတစ်ခုလုံးသည် ငြိမ်းငြိမ်း ပေါင်ကြားထဲတွင် ရောက်နေသည်။ ထိုခန္ဓာကိုယ်ကြီး ဝင်သာအောင် ပေါင်လေးတွေ ကားပေးထားရ သဖြင့် ငြိမ်းငြိမ်းအောက်ပိုင်းသည် ဘယ်ညာ လူးလွန့်လို့တောင် မရ။ ထို့ပြင် ကားထားရသော ပေါင် အတွင်းကြောတွေ နည်းနည်း နာသည်။ ငြိမ်းငြိမ်း ပေါင်ကို အဲလောက်ထိအောင်တစ်ခါမှ မကားဘူးချေ။

ထိုစဉ် သာဂိက သူ့လိင်တံကို ငြိမ်းငြိမ်းကိုယ်လေးထဲသို့ ထိုးထည့်လိုက်သည်။ ငြိမ်းငြိမ်း အရေပြားတွေ တင်းကနဲ ဖြစ်သွားသည်။ လန့်ပြီး မျက်လုံးတွေကို စုံမှိတ်ထားသည့်ကြားက ထပ်ကြုံ့လိုက်ရင်း သာဂိ လက်မောင်းရင်းကို တွန်းထုတ်လိုက်မိသည်။ သာဂိ လိင်တံသည် ငြိမ်းငြိမ်း၏ မိန်းမကိုယ်လေး အပေါက်ဝတွင် တစ်နေသည်။ ထိုဟာကြီးသည် ရှေ့တော့ ဆက်မတိုးသေး။ သို့သော် တိုးလိမ့်မည် ဖြစ်ကြောင်းတော့ ငြိမ်းငြိမ်းသိသည်။ ငြိမ်းငြိမ်းသည် အရမ်းမောလာသည်။ အောက်မှာ ငြိမ်ငြိမ်လေးနေရင်းကို မောနေသည်။ အသက်ရှူရတာလဲ မဝသလို ဖြစ်လာသည်။ ထို့ကြောင့် ပါးစပ်လေးဟ၍ အသက်ရှူမိရာ သာဂိက ဘယ်လိုထင်သည် မသိ။ ဟနေသော နှုတ်ခမ်းလေးတွေကို သူ့နှုတ်ခမ်းကြီးတွေနှင့် လာငုံပြီး နမ်းသည်။

ငြိမ်းငြိမ်းသည် အသက်ကို ဘယ်လို ရှူရမှန်း မသိတော့ချေ။ နောက်ပြီး သူ့လက်ကြီးတွေက ရင်အုံလေးကို

ဖျစ်ညှစ်နေပြန်သည်။ အောက်မှာလည်း သူ့ဟာကြီးသည် အဝတွင် စိုက်လျက်ရှိနေသည်။ ငြိမ်းငြိမ်း ရင်တွေ ဘယ်လို ခုန်ရမှန်း မသိတော့။ ရင်ခုန်ခြင်းသည် လူက ထိန်းချုပ်တာမဟုတ်သော်ငြား သိတော့ သိနေသည့် ခံစားမှု ဖြစ်သည်။ ယခု ငြိမ်းငြိမ်းဖြစ်နေသည်မှာ ရင်ခုန်ခြင်းကို မသိရတော့လောက်အောင် ခုန်နေမိခြင်းသာ ဖြစ်သည်။ နောက်ပြီး သူ့ကိုယ်လုံးကြီးနှင့် အဖိ ခံထားရ၍ အသက်ရှူမဝ၊ မောနေမိ၍ ပါးစပ်လေးဟ အသက်ရှူပါသည်။ သူက အသက်ရှူသော နှုတ်ခမ်းလေးတွေကို ပိတ်ပစ်သော အခါ ငြိမ်းငြိမ်းအသက်ရှူတွေ မှားသွားသည်။ ငြိမ်းငြိမ်းသည် သူ့ကိုယ်သူ ဒုက္ခ ခံနေရသည်ဟု ထင်လာသည်။

ထိုစဉ် အောက်က တစ်ချက် တင်းကနဲ ဖြစ်သွားပြန်ကာ သူ့ဥစ္စာကြီး တိုးဝင်လာတာကို ခံစားမိသည်။ "ကျွတ်..ကျွတ်.." ငြိမ်းငြိမ်း စုတ်သပ်မိသည်။ နာသည်။ ထိုအရာကြီးသည် ဘယ်လောက် ပမာဏရှိသည် ဆိုတာ ငြိမ်းငြိမ်းမသိ။ သို့ရာတွင် လက်ညှိုးနှင့်တောင် နိူက်မဆေးဘူးသော ငြိမ်းငြိမ်းကိုယ်လေးနှင့် မတန်တာတော့ သေချာသည်။ ငြိမ်းငြိမ်း ရုန်းကန်ရင်း ထထိုင်ဖို့ ကြိုးစားသည်။ သူက ငြိမ်းငြိမ်း ခေါင်းလေးကို ငယ်ထိပ်ကနေ အုပ်ကိုင်ပြီး ထိန်းလိုက်ရာ ငြိမ်းငြိမ်း မထနိုင်တော့။ သို့သော် ရလိုရငြား လက်ကလေးတွေနှင့် ကြမ်းပြင်ကို ထောက်ပြီး ထကြည့်သည်။ ထိုစဉ် သူ့ဟာကြီးက ထပ်ပြီး တိုးဝင်လာပြန်သည်။ ငြိမ်းငြိမ်း မျက်လုံးတွေ ပြာကနဲ ဖြစ်သွားသည်။ မီးပွင့်လေးတွေ ဖြာထွက်သွားသည်ကို ပါ မျက်လုံးထဲတွင် မြင်လိုက်ရသည်။ အောက်ပိုင်းရှိ တစ်ခုသော နေရာတွင် သူ့ဟာကြီးက လာထောက်နေကာ အတင်းတိုးနေသည်။ တိုးလေ နာလေ ဖြစ်လာသောအခါ ငြိမ်းငြိမ်းမခံစားနိုင်တော့။ မျက်ရည်လေးတွေကျလာသည်။ ထိုစဉ် သူ့ဟာကြီး နောက်ပြန်ဆုတ်သွားသည်။ ငြိမ်းငြိမ်း သက်သာရာရသွားသည်။ စိတ်နည်းနည်းလျော့ သွားသလိုဖြစ်ကာ အသက်ရှူလိုက်စဉ်မှာပင် .. "ဖလောက်" ကနဲ အသံထွက်အောင် သူ့ဟာကြီးသည် ထိုအရာလေးကို ကျော်ဖြတ်၍ တိုးဝင်သွားသည်။

ငြိမ်းငြိမ်း အသက်ရှူနေရင်း တန်းလန်း ဆက်မရှူနိုင်တော့အောင် ဖြစ်သွားရင်း ခေါင်းလေးကို စောင်းကာ ရုန်းဖယ်ကြည့်မိသည်။မရချေ။ အောက်ပိုင်းတစ်ခု လုံးသည် စပ်ဖျင်းဖျင်းကြီး ဖြစ်နေသည်။ ဝမ်းခေါင်းတစ်ခုလုံးတွင် တစ်စုံတစ်ရာသည် တံစို့ထိုးထား သလိုကြီး ဝင်နေသည်။ နာသည်။ ကျိန်းသည်။ ပြီးတော့ ပူသည်။ ငြိမ်းငြိမ်း လုပ်မိလုပ်ရာ သူ့ပါးစပ်နားရှိ သာဂိ ပခုံးစွန်းကို ဖက်ပြီး ကိုက်ထည့်လိုက်သည်။ သူ့ကိုယ်ကြီး တွန့် ကနဲ ဖြစ်သွားသည်။ သို့သော် အောက်မှာတပ်ထားကိုတော့ မချွတ်။ မချွတ်သည့် ပြင် လှုပ်စိလှုပ်စိဖြင့် ဝင်လိုက်၊ ထွက်လိုက် လုပ်နေပါတော့သည်။

ငြိမ်းငြိမ်းသည် လှိုင်းစီးနေရသလို ဖြစ်နေသည်။ သူမကိုယ်လုံးလေးသည် သာဂိ၏ ရင်ခွင်အောက်တွင် တစ်ငြိမ့်ငြိမ့် လှုပ်ယမ်းနေသည်။ သူ့ဟာကြီးသည် ငြိမ်းငြိမ်း၏ ကိုယ်လေးအတွင်း ဝင်လိုက်ထွက်လိုက် ဖြစ်နေသည်။ အထဲတွင် ပူနွေးမှုနှင့် ကျိန်းစပ်မှုသည် ငြိမ်းငြိမ်းကို တစ်လှည့်စီ ဝေဒနာပေးနေသည်။ တစ်ခါတစ်ခါ သူ့ဟာကြီးအောက်က တွဲပါနေသော ဥတွေက စအိုဝလေးနားကို ထိခတ်မိလျှင် ငြိမ်းငြိမ်း အူတွေ လိပ်တက်လာမိသည်။ တစ်ချက် တစ်ချက် သူ့ဗိုက်သားက အစေ့လေးကို ပွတ်မိလျှင် အာရုံကြောတွေ ဖျင်းကနဲ နေအောင် ဖြစ်ဖြစ်သွားသည်။ ထူးဆန်းလှသော ခံစားချက်ပေါင်းစုံကို ခံစားရင်း ငြိမ်းငြိမ်းမေ့မျောနေသလို ဖြစ်နေမိသည်။ ထိုစဉ် သူသည် လှုပ်ရှားမှုတွေ မြန်လာသည်။

ငြိမ်းငြိမ်းကိုယ်ထဲကလည်း အရည်တွေ အထွက်များလာသဖြင့် "ပလွတ်၊ ပြွတ်" ဆိုသော အသံတွေပါ ထွက်လာသည်။ ခဏကြာ သူသည် ငြိမ်းငြိမ်းကို အတင်းဖက်ရင်း အပေါ်တွင် တစ်ဆတ်ဆတ် လှုပ်နေသည်။

တစ်ပြိုင်တည်း မှာပင် ပူနွေးသော အရာတွေ ငြိမ်းငြိမ်းကိုယ်ထဲ ဝင်လာကြသည်။ ထိုအရာတွေ၏ ပူနွေးမှုသည် ဟိုး ရင်ခေါင်းထဲတိုင်အောင် ရောက်ရှိသွားသည်ဟု ထင်ရသည်။ သူသည် ငြိမ်းငြိမ်းကို အတင်းဖက်ထား၍ ငြိမ်းငြိမ်း အရိုးတွေ ကျိုးကုန်တော့မည်ဟုတောင် ထင်လာသည်။ အသက်ရှူ လို့လဲ မရပြန်တော့ဂျ တစ်အင့် အင့် ဖြစ်နေရပြန်သည်။ သို့သော် သူသည် ခဏမျှသာ ငြိမ်းငြိမ်းကိုယ်လေးကို ဖျစ်ညှစ်ထားပြီးနောက် မကြာခင်တင် ပျော့ဖတ်ခွေကျသွားသည်။ သူသည် ငြိမ်းငြိမ်းကိုယ်ပေါ်တွင် လူသေကောင်ကြီးလို မလှုပ်မယှက်ကြီး ငြိမ်နေသည်။ ခုနက မုန်တိုင်းတိုက်သလို လှုပ်ရှားခဲ့သူမှာသူမဟုတ်တော့သည့် အလား ငြိမ်ကျသွားသည်။

ငြိမ်းငြိမ်းသူ့ကိုယ်လုံးကြီးကို အားစိုက်ပြီး တွန်းဖယ်ကြည့်သည်။ ရသည်။ သူသည် ငြိမ်းငြိမ်း ညာဘက်ကို လိမ့်ဆင်းပြီး ပက်လက်ကြီး အိပ်နေသည်။ ငြိမ်းငြိမ်းသည် ခုမှ အသက်ကိုဝဝ ရှူရင်း ငုတ်တုပ်လေး ထိုင်လိုက်သည်။ သူမ ကိုယ်ထဲက အရည်တွေသည် တစ်စိမ့်စိမ့်နှင့် ကြမ်းပြင်ပေါ် စီးကျသွားသည်။ ငြိမ်းငြိမ်းမျက်ရည်တွေ ကျလာမိသည်။ ဘာဖြစ်လို့မှန်း မသိ ။ငြိမ်းငြိမ်း ငိုချင်နေမိသည်။ စိတ်ထဲတွင် ဝမ်းနည်းမှုကသာ ကြီးစိုးနေသည်။ ငြိမ်းငြိမ်းသည် ငိုရင်း ရှိုက်ရင်း အဝတ်စားတွေကို ပြုပြင်သည်။ ရှုပ်ပွသွားသော ဆံပင်တွေကို ပြန်လုပ်ရသည်။ ပေပွနေသော မိန်းမကိုယ်လေးကို ဆေးကြောသည်။ ရေဆေးနေရင်း ထပ်ငိုမိပြန်သည်။ သူမ တစ်ကိုယ်လုံးနာနေသည်။ ခုနက မသိသာခဲ့သော နာကျဉ်မှုများသည် အခုမှ ပေါ်လာကြသည်။ ခါးတွေ အောင့်နေပြီး နို့အုံလေးတွေ အထိမခံနိုင်အောင် နာနေသည်။ ပေါင်အတွင်းကြောတွေကလည်း ဆွဲဆန့်ခံထားရသလို ဖြစ်ကာ လမ်းလျှောက်လျှင် ခပ်ကွကွ လျှောက်နေရသည်။

အဆိုးဆုံးကတော့ မိန်းမကိုယ်ထဲက ဖြစ်သည်။ ကျိန်းနေတာလား၊ နာနေတာလား၊ ဟာနေတာလား ငြိမ်းငြိမ်း မဝေခွဲနိုင်၊ တစ်မျိုးကြီးတော့ တစ်မျိုးကြီး ဖြစ်နေသည်မှာ မနေတတ်၊ မထိုင်တတ်အောင်ပင်။သို့ရာတွင် သူမ ခံစားနေရသမျှသည် အပြစ်ကင်းစွာ အိပ်မောကျနေသော သာဂိ မျက်နှာကို ကြည့်မိသောအခါ နေလာနှင်းပျောက်သကဲ့သို့ လွင့်စင်သွားကြပြန်သည်။ သာဂိသည် အသက်ကို မှန်မှန်ရှူ၍ တိုးညှင်းစွာ ဟောက်ရင်း အိပ်ပျော်နေသည်။ ငြိမ်းငြိမ်းသည်ကားယားကြီး အိပ်ပျော်နေသော သူ့ကို ခေါင်းအုံးလေး ခုပေးကာ စောင်ပါးလေး ခြုံပေးလိုက်သည်။ သူသည် ကလေးငယ် တစ်ယောက်လို နှစ်ခြိုက်စွာ အိပ်မောကျနေသည်။ ငြိမ်းငြိမ်း သူ့ရင်အုံကြီးပေါ် ခေါင်းလေး မှီအုံးကြည့်သည်။ သူ့ရင်သည် နွေးထွေးလွန်းသည်။ထိုစဉ်သူ့ လက်ကြီး တစ်ဘက်က ငြိမ်းငြိမ်းကိုသိုင်းဖက်လာသည်။ ငြိမ်းငြိမ်းစိတ်ထဲတွင် စောင်အကြီးကြီး တစ်ထည် အခြုံခံလိုက်ရသလို နွေးထွေးလုံခြုံသွားမိသည်။

(၅)

မိဖြူသည် သူ့ကို ပြုံးကြည့်နေသည်။ သူ့အပြုံးသည် နနယ် လတ်ဆတ်လွန်းနေသည်။ ပြီးတော့ သူ့ကို မော့မော့လေးကြည့်နေသည့် မျက်ဝန်းတွေသည် ရွှန်းလဲ့စိုဝင်း နူးညံ့လွန်းသည်။ သာဂိ သူမကို ဖြေးဖြေးချင်း ထွေးပွေ့လိုက်သည်။ ရုတ်ချည်း သူမ၏ နှုတ်ခမ်းထောင့်စွန်းတွင် အစွယ်ပြူးပြူးတွေ ထွက်လာကြသည်။ သာဂိ တအံ့တသြ ကြည့်နေမိစဉ်မှာပင် မိဖြူသည် သာဂိ ၏ ပခုံးကို ကိုက်ပြီး သွေးစုတ်လိုက်သည်။ လက်သဲရှည်ကြီးတွေ ထွက်နေသော လက်ကလေးတစ်ဘက်က သာဂိ ရင်ဝထဲကို ထိုးနိုက်သည်။ သာဂိ လန့်ပြီး နောက်သို့ ဆုတ်လိုက်သော်လည်း အချိန် မမီတော့။ သူ့လက်ချောင်းများသည် သာဂိ ရင်ထဲသို့ ထိုးနှိုက်ကာ နှလုံးသားကို ဆွဲနှုတ်သွားသည်။ သာဂိ ရင်တွေအောင့်ပြီး ပူထွက်သွားသည်။ အလန့်တကြား ထထိုင်ရင်း အော်ဟစ်မိမလို ဖြစ်သွားသည်။

ပြီးတော့ သာဂိ ဘေးဘယ်ညာကို ထိတ်လန့်တကြားကြည့်သည်။ သူသည် သူ့မျက်နှာကျက်ခန်းလေး ပေါ်တွင်သာ ရှိနေသည်။ သူအိမ်မက် မက်နေခြင်းသာ။ရင်တွေကကတော့ တစ်ကယ့်ကို ပူနေသည်။ ပခုံးစွန်းက လည်း တစ်ဆစ်ဆစ်နှင့် နာနေသည်။ ရေခဲသေတ္တာထဲက ရေပုလင်းကို ထုတ်ယူမော့ရင်း နာရီကို ကြည့်တော့ ၁၂ နာရီ ကျော်နေချေပြီ။ သူဘယ်လို အိပ်ပျော်သွားသနည်း။ သာဂိ စဉ်းစားရင်း ညနေကို ပြန်တူးဖော်တော့.. အား..ညနေက ငြိမ်းငြိမ်းလာသည်။ သူ သိပြီ။ သူသည် ငြိမ်းငြိမ်းနှင့် မိဖြူကို မှားပြီး ချစ်လိုက်မိပြီ ထင်သည်။ သူ့အာရုံထဲမှာ မိဖြူကို ချစ်သည်ဟုသာ ထင်နေခဲ့သည်။ ငြိမ်းငြိမ်း ဘယ်လို ပြန်သွားသလဲ.. သူ အဲဒါတော့ မသိတော့။ နောက်ပြီး ပခုံးစွန်း လက်မောင်းရင်းတွင် သွားရာ အကွင်းလိုက်လေးလဲ ရှိနေသည်။ ဟုတ်ပြီ။ ဟိုကောင်မလေး ကိုက်သွားတာ ဖြစ်မည်။ မနက်ကျလျှင် သူ့ကို ဘယ်လို စကားပြောရမလဲ.. သာဂိ ဆက်မစဉ်းစားချင်တော့။ ခုန ရေသောက်လိုက်သည်မှာ အရှိန်ပြန်တက်လာသည် ထင်သည်။ မူးလာပြန်သည်။ သာဂိ ကြမ်းပြင်က ခေါင်းအုံးနှင့် စောင်ကို ယူကာ ကုတင်ပေါ် တက်လှဲလိုက်သည်။ သူ့ ခေါင်းအုံးတွင် တစ်ထွာ သာသာ ဆံပင်လေးတွေ ကပ်နေတာ တွေ့ရသည်။ သူပြန်လည် အိပ်ပျော်သွားသည်။

မည်မျှ ကြာအောင် အိပ်ပျော်သွားသည် မသိ။ သူ့ကို အတင်း လှုပ်နိုးရင်း"ဟေ့ကောင် ထတော့ကွ၊ နေဖင်ထိုးနေပြီ၊ ထတော့၊ ထ ..ထ .. " ဆိုသည့် အသံနှင့်အတင်း လှုပ်နှိုးကာ ခံလိုက်ရတော့မှ သူနိုးလာသည်။ မျက်လုံး ဖွင့်ကြည့်တော့ ပြူးကျယ်။

"ဟာ.. ပြူးကျယ် ၊ မင်း ဘယ်တုန်းက ရောက်လဲ "

"ကြာပြီကွ၊ ဟိုက မနက် ၆ နာရီကားနှင့် လိုက်လာတာ၊ မင်းကွာ ၁၂ နာရီ ထိုးနေပြီ၊ ခုထိ အိပ်တုန်းလားဟ"

"အေးကွာ.. ညက နည်းနည်း များသွားလို့၊ ခဏစောင့်ဦး၊ သူငယ်ချင်း၊ ငါရေချိုး လိုက်ဦးမယ်"

သာဂိ ရေချိုးပြီး လက်ဘက်ရည်ဆိုင် သို့ အတူသွားကြသည်။ မတွေ့ကြသည့် ဒီ နှစ်ပိုင်းအတွင်း သူငယ်ချင်းနှစ်ယောက်မှာ ပြောစရာတွေ အများကြီး ရှိနေသည်။ သာဂိသည် သူ့လုပ်ငန်း အခြေနေကို ပြောသလို ပြူးကျယ်က သူ့ အိမ်ထောင်ရေး အခြေနေကို ပြောပြသည်။ ပြူးကျယ်နှင့် ဥမ္မာသည် သိပ်

အစေးမကပ်ကြတော့။ ချစ်လို့ ယူထားသည်မှာ မှန်သော်လည်း ခုချိန်တွင် ပြုံးကျယ်သည် ဥမ္မာ့ကို မချစ်ချင်တော့ပေ။ သာဂိက..

"ဟော့ကောင် .. မင်းနောက်တစ်ယောက် တွေ့နေတယ် မဟုတ်လား၊ မှန်မှန်ပြော"

"မဟုတ်ဘူး၊ သူငယ်ချင်း.. ငါ သူ့တစ်ယောက်ထဲကိုပဲ ချစ်တာပါ။ ဘယ်လိုကနေ ဘယ်လို စဖြစ်တယ် ဆိုတာ ငါလဲ မသိတော့ဘူး၊ ဒါပေမယ့် သူနှင့် ငါနှင့်ဆက်ဆံရေးက အရမ်းကို အေးစက်သွားတယ်။ ငါ လည်း မဖောက်ပြန်ဘူး၊ သူလည်း မဖောက်ပြန်ဘူး။ ဘာမှားနေတယ်ဆိုတာလဲ ငါ မသိဘူး"

သာဂိက တစ်ခု စဉ်းစားမိပြီး..

"မင်း ဟိုကိစ္စရော မှန်မှန်လုပ်သလား"

"မှန်ပါတယ်ကွာ၊ မှန်သမှ စကားများ ရန်ဖြစ်တဲ့ နေ့လည်း မှန်တယ်၊ စကားမများတဲ့ နေ့လည်း မှန်တယ်၊ နေ့တိုင်းမှန်တယ်၊ တစ်နေ့ တစ်ခါတော့ ပျက်ကို မပျက်ဘူး"

"ဒါဆို မင်းဟာက ဘာလဲ၊ ငါလည်း မသိတော့ဘူး"

ထိုစဉ် ကိုထွန်းနိုင်နှင့် လူတစ်ယောက် ဆိုင်သို့ ရောက်လာကြသည်။ သာဂိက ပြုံးကျယ်ကို မိတ်ဆက်ပေးသလို ကိုထွန်းနိုင်ကလဲ သူ့မိတ်ဆွေ နေဇာ ဆိုသူနှင့်မိတ်ဆက်ပေးသည်။ ကိုနေဇာ ဆိုသောလူတွင် အရပ် ခပ်ပျတ်ပျတ်နှင့် မလိုက်ဖက်လှသော စူးရှသည့် မျက်ဝန်းတစ်စုံ ရှိသည်။ ထိုမျက်ဝန်းများသည် သူလုပ်ချင်သည့် ကိစ္စကို မဖြစ်မနေ လုပ်မည်ဟု ပြောနေကြသည် အလား ခိုင်မြဲ တည်ငြိမ်လှသည်။ သာဂိက စကားဆက်၍ ပြုံးကျယ် ကိစ္စကို ပြောသော အခါကိုနေဇာ ဆိုသော လူက ...

"ကျွန်တော် ထင်တာကတော့ ခင်ဗျား .. ယောက်ခမတွေနှင့်တော့ သိပ်အဆင်မပြေဘူး ထင်တယ်"

"ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် ဆိုးဆိုးဝါးဝါးကြီးတော့ မဟုတ်ပါဘူး၊ သူတို့က ကျွန်တော့်ကို တစ်ခြား အလုပ် ပြောင်းလုပ်စေချင်တယ်လေ၊ ကျွန်တော်ကလဲ
ဝါသနာ မပါဘူးဗျာ။ ကျွန်တော် ဥပဒေ ဘွဲ့ယူထားတာ ရှေ့နေ လုပ်ချင်လို့ဗျ၊ လောလောဆယ် မအောင်မြင်သေးခင်တော့ ကျပ်တည်းတာပေါ့ဗျာ၊ အဲဒါကို မကျေ မလည် ဖြစ်နေကြတာ"

"နေပါဦး၊ သူတို့က ဘာလုပ်ခိုင်းတာလဲ"

" ဆီဆိုင်မှာ ပန့် မန်းတဲ့ဗျာ၊ စဉ်းစားကြည့်၊ ကျွန်တော် ပညာသင်ထားတာတွေ အလကား ဖြစ်ကုန်မှာပေါ့"

ပြုံးကျယ်၏ စကားသည် ရယ်စရာ မဟုတ်သော်လည်း သာဂိတို့ ဝါးလုံးကွဲ ရယ်မိကြသည်။ ကိုထွန်းနိုင် ဆိုလျှင် တစ်ခိခိနှင့် အူတွေတောင် တက်နေသည်။ ကိုနေဇာက ဆက်မေးသည်။

"အဲဒါနှင့် စကားများကြရော ဆိုပါတော့"

"ဟုတ်တယ်ဗျ။ မိန်းမကလဲ အဲဒါကို လုပ်ခိုင်းနေတယ်လေ၊ ကျွန်တော်ကလဲ လုပ်ကို မလုပ်ချင်ဘူး"

"စကားများပြီးတော့ ဆက်ဆံ ဖြစ်သေးလား"

"အင်း၊ ဟုတ်ကဲ့"

"အမြဲတမ်း ဆိုပါတော့"

"ဆိုပါတော့ ဗျာ"

"ကျွန်တော် သိပြီဗျ၊ ခင်ဗျားတို့ ကြားထဲက ပြဿနာကို ၊ အမှန်က ခင်ဗျား အချိန်မှားတာရယ်၊ စိတ်ကို တစ်လွဲ ထွက်ပေါက် ပေးတာရယ်က စတာဗျ"

"ဟာ.. လုပ်စမ်းပါဦးဗျာ၊ ဖြေရှင်းနည်းလေးများ ရမလား"

"ကျွန်တော် တစ်ခုတော့ ပြောမယ်နော်၊ ကျွန်တော်က ပညာရှင် မဟုတ်ဘူး၊ အတွေ့အကြုံနဲ့ မှန်းကြည့်တာပဲ ရှိတယ်၊ သေချာပေါက်ကြီး ဒီလိုပါလို့တော့ မပြောဝံ့ဘူးနော်"

"ဟုတ်ပါပြီဗျာ၊ ဗဟုသုတ ရရုံဆိုရင်တောင် ကျေနပ်ပါပြီ"

"ဒီလိုဗျ၊ ခင်ဗျားက မိန်းမနင့် စကားများပြီး ပြဿနာရဲ့ အဖြေ မထွက်ခင်မှာ ခင်ဗျားရင်ထဲမှာရှိတဲ့ မကျေနပ်ချက်တွေကို လိင်ဆက်ဆံတဲ့နည်းနင့် ခင်ဗျားက ရှင်းထုတ်ပစ်တာ မှားတာဗျ"

"ဗျာ..."

"ဟုတ်တယ်၊ ခင်ဗျားစိတ်ထဲက ထုတ်မပြောဖြစ်လိုက်တဲ့ အပြစ်တင်ချင်တဲ့ စိတ်တွေ၊ ရန်လိုတဲ့ စိတ်တွေကို သူ့အပေါ်မှာ လိင်ဆက်ဆံပြီး အာသာ ဖြေပစ်လိုက်တာ၊ အဲဒါကို ခင်ဗျား ပါးစပ်ကတော့ မပြောဘူး၊ မျက်နှာမှာ မပေါ်ဘူး၊ ဒါပေမယ့် ရင်ထဲမှာရှိနေတယ်၊ အဲဒီလိုနည်းနင့် သူ့အပေါ် အနိုင်ယူလိုက်တာကို ခင်ဗျား မိန်းမက သွေးထဲက အလိုလို သိတယ်ဗျ"

"......."

"ဟုတ်တယ်၊ ပြောရရင် အနိုင်ယူတဲ့ ဆက်ဆံမှုမျိုးပဲ၊ တစ်ကယ်တော့ လိင် ဆက်ဆံတယ် ဆိုတာ ချစ်ခြင်းကို အခြေခံတဲ့ စိတ်မျိုးနင့်မှ တစ်ဦးကို တစ်ဦး ပိုပြီး စီးပိုင်လာစေတာဗျ၊ အဲဒီ ခဏတာ သာယာ ခြင်းနင့် မကျေနပ်ချက်တွေကို ဖုံးပစ်မယ် ဆိုရင်တော့ တစ်ခါ နှစ်ခါသာ ခင်ဗျား အဆင်ပြေမှာပဲ၊ ကြာလာရင် ခင်ဗျားတို့ ဆက်ဆံရေးက အဓိပ်ပါယ် မရှိတဲ့ အဆင်မပြေမှုတွေ၊ မကျေနပ်ချက်တွေ၊ အပြစ်သေးသေးလေးတွေနင့် အက်ကြောင်း ထင်လာတော့တာပဲ၊ အဲဒီ အခါ ခင်ဗျားတို့ရဲ့ ဆက်ဆံရေးဟာ သာမန်အချိန်မှာတောင် သာယာမှာ မဟုတ်တော့ဘူး"

ပြုးကျယ်သည် ခေါင်းငိုက်စိုက်ချရင်း စဉ်းစားနေသည်။ ပြီးတော့ ..

"ဟုတ်တယ်၊ ကိုနေဇာ .. ခင်ဗျား ပြောတဲ့ အတိုင်းပဲ"

ကိုနေဇာက လက်ဝါး ကာပြလျက်..

"ကျွန်တော့်ကို အထင်မကြီးပါနင့်၊ ကျွန်တော်ပြောတာ မဟုတ်ဘူးဗျ၊ အဲဒါ ဒေါက်တာ မောင်မောင်ညို ပြောတာ"

"ဒေါက်တာ မောင်မောင်ညို..."

"ဟုတ်တယ်၊ သူရေးတဲ့သိပ္ပံ နည်းကျ ဖိုမ ဆက်ဆံရေးမှာ အကျယ်တဝင့်ရေးထားတယ်၊ ခင်ဗျား ရှာဖတ်ကြည့်လိုက်လေ၊ ခု ကျွန်တော်ပြောတာထက် ပိုပြည့်စုံတယ်ဗျ၊ ပြီးတော့ ပိုပြီး အသေးစိတ်တယ်၊ ဖတ်ကြည့်လိုက်ပါဗျာ။ ခုခင်ဗျား ကြုံနေရတဲ့ အဖြစ်မျိုးက လူတော်တော်များများ ကြုံတတ်တာပဲ၊ အိမ်ထောင်တွေတော်တော် များများ ပြိုကွဲကြတာလဲ ဒါ့ကြောင့်ပဲဗျ"

သာဂိသည် ကိုနေဇာကို ခင်မင်မိသွားလေသည်။ ထိုလူ၏ ခေါင်းသေးသေးလေးထဲတွင် နောက်ထပ် စာအုပ် ဘယ်နှစ်အုပ်များ ရှိနေလေဦး မည်နည်း။ ထိုနေ့က သူတို့ သည် စကားတွေ အများကြီး ဆက်ပြော

ဖြစ်ကြရင်း သာဂိက သူသိချင်သော အချစ်အကြောင်းကို မေးရာ ကိုနေဇာက ..

"ကျွန်တော်ကတော့ အချစ်ကို ဒီလို မြင်တယ်ဗျ။ သူက စိတ္တဇ နာမ် .. ဖန်တီးလို့ မရဘူး၊ ဖျက်ဆီးလို့ မရဘူး၊ ပြောရရင် လွတ်လပ်တယ် ပေါ့ဗျာ၊ အဲဒါရဲ့ဆန့်ကျင်ဘက်က ချုပ်တီးတာ၊ ထိန်းချုပ်တာ၊ စောင့်ထိန်းတာ၊ အဲဒါတွေက ဘာတွေလဲ ဆိုတော့ ဝတ္တုတွေထဲမှာပါတဲ့ သစ္စာ၊ နားလည်မှု၊ သံယောဇဉ်တွေပေါ့ဗျာ၊ အဲဒီ သစ္စာတွေ၊ နားလည်မှုတွေ၊ သံယောဇဉ်တွေက လုပ်ယူလို့ ရတယ်ဗျ၊ အဲဒီနှစ်ခုကို ရောထွေးပြီး အချစ်လို့ ခေါ်နေကြတယ်၊ ကျွန်တော့် အထင်တော့ အဲဒီ နှစ်မျိုးပေါင်းဟာ အချစ်မဟုတ်ပါဘူး။ အချစ်ဆိုတာ လွတ်လပ်တယ်၊ သူ့ကို ထိန်းချုပ်လို့ရတယ် ဆိုရင် အဲဒါ အချစ်ကို မဟုတ်ဘူး၊ အချစ်မှာက ချစ်နေဖို့ပဲ လိုတယ်လေ၊ ဒါဖြင့် သစ္စာတွေ၊ နားလည်မှုတွေ မလိုတော့ဘူးလား ခင်ဗျားက မေးမယ်။ မလိုပါဘူးဗျာ၊ ချစ်ပြီ ဆိုတာနှင့် ချစ်နေသေး သရွေ့သစ္စာရှိနေမှာပဲ ၊ ချစ်နေသေးသရွေ့ နားလည်မှု ရှိနေမှာပဲ။ အချစ်ကုန်သွားရင် အဲဒါတွေလဲ မရှိတော့ဘူး။ ကျွန်တော်ပြောနေတာ အိမ်ထောင်ရေး မဟုတ်ဘူးနော်၊ အချစ်ကို ပြောနေတာ။ တစ်ချို့ အချစ်တွေက ၂၄ နာရီ လောက်ခံတယ်၊ တစ်ချို့ အချစ်တွေက ၄၂ နှစ်လောက် ခံတယ်၊ ဘယ်လောက်ကြာကြာ ခံမယ် ဆိုတာ ဘယ်သူမှ ပြောနိုင်မှာ မဟုတ်ဘူး၊ ပြောနိုင်တယ် ဆိုရင် အဲဒါ အချစ် မဟုတ်ဘူး၊ အချစ်ရဲ့ ဆန့်ကျင်ဘက် ချုပ်ထိန်းမှုပဲ ဖြစ်လိမ့်မယ်"

သာဂိသည် ထို အယူအဆကြီးကို လန့်သွားမိသည်။

နှစ်ရက်ခန့် နေပြီးနောက် ပြူးကျယ် ပြန်သွားသည်။ သူက ဉမ္မာကို ညှိနှိုင်းကြည့်ဦးမည် ပြောသည်။ ဘယ်လို အဖြေထွက်လာမည်တော့ မသိချေ။ သာဂိ စိတ်ထဲမှာ လောလောဆယ် ရှိနေသည်က ပြူးကျယ် မဟုတ်၊ ငြိမ်းငြိမ်း ဖြစ်သည်။ ပြူးကျယ်ရောက်နေ၍ ငြိမ်းငြိမ်းတို့ အိမ်ဘက်မရောက်ဖြစ်။ အမှန်ဆိုရလျှင် ဘာမှဝေးတာတော့ မဟုတ်။ ဆိုင်ကယ် လီဗာ နှစ်ချက်သုံးချက် ဖြဲလိုက်ရုံနှင့် ရောက်သော ခရီးဖြစ်သည်။ သာဂိကိုယ်တိုင်က သူမကို ဘယ်လို ရင်ဆိုင်ရမှန်း မသိ ၍ မသွားဖြစ်ခြင်း ပင်။ ဒီနေ့တော့ မြို့ သစ်ဘက်မှာ ဆိုင်ကယ် သွားပြရင်း လှည့်ဝင်မည်ဟု ဆုံးဖြတ်လိုက်သည်။

သာဂိ ငြိမ်းငြိမ်း အလုပ်ပြန်လာချိန် ညနေစောင်းလောက်ကို မှန်း၍ သူမတို့အိမ်ဘက် ထွက်လာခဲ့သည်။ သာဂိ အိမ်လေးပေါ်တက်တော့ ဒေါ်အေးသည် သူ့ကို ပြုံးရွှင်စွာ ဆီးကြိုနှုတ်ဆက်သည်။ ငြိမ်းငြိမ်းကလဲ သူ့ကို ခါတိုင်းလိုသာ ဆက်ဆံသည်။ သူနည်းနည်းတောင် ဇဝေဇဝါ ဖြစ်သွားသည်။ သူအဲဒီနေ့က အမူးလွန်ပြီး ထင်ယောင် ထင်မှားတွေ ဖြစ်ခဲ့တာလား ။ ပြီးတော့မှ ခေါင်းအုံးပေါ်က ဆံပင်တိုလေးတွေနှင့် သူ့လိင်တံပေါ်က ခြောက်ကပ်နေသော ဖြူဖြူ အဖတ်လေးတွေကို ပြန်မြင်ယောင်ပြီး ဒင်းလေး ဟန်ဆောင်နေတာ ဖြစ်မည်ဟု တွေးမိသည်။

ဒေါ်အေးက အလ္လာပသလ္လာပ အနည်းငယ် ပြောပြီးနောက် အိမ်ခန်းထဲ ဝင်လှဲနေသည်။ သာဂိရှေ့တွင် ငြိမ်းငြိမ်း တစ်ယောက်ထဲ ကျုံ့ကျုံ့လေးထိုင်ရင်း ကျန်ခဲ့သည်။ သူမသည် အခုမှ ရက်လာဟန်တူသည်။ ခေါင်းကြီးကို စွတ်ငုံထားကာ ဖျာစတွေကို လက်သည်းနှင့် လျှောက်ခြစ်နေသည်။ သာဂိက ...

"ငြိမ်းငြိမ်း .."

မော့ မကြည့်၊ခေါင်းကြီးငုံ့ထားလျက်က ခေါင်းငြိမ့်ပြသည်။ သာဂိက ထပ်ခေါ်သည်။

"ငြိမ်းငြိမ်း"

မထူး။ ဖျာပေါ်ကို လျှောက်ခြစ်ကုပ်နေသော လက်ကလေးတွေကို ဘယ်နားထားရမှန်း မသိ ဖြစ်နေသလို၊ ပေါင်ကို ကုပ်မည် ပြုသည်။ နောက် သူရှိနေတာ သတိရသွားဟန်ဖြင့် ခြေထောက်လေးတွေကို ပြင်သလို ပြုသည်။

"ငြိမ်းငြိမ်း ၊ အလုပ် အဆင်ပြေလား"

ခေါင်းငြိမ့်ပြသည်။

"အား .. ကိုယ့်ပခုံးက နာနေတယ်ကွာ၊ ဘယ်ခွေးမလေး ကိုက်သွားတာလဲ မသိဘူး၊ ဘာဆေး လိမ်းရမလဲ ဟင်၊ သိလား"

အမှန်ကတော့ သိပ်နာလှတယ်တော့ မဟုတ်လှပေ။ ကိုက်သည်မှန်သော်လည်း တစ်ချက်မျှသာ ခဲပြီး ပြန်လွှတ်လိုက်၍ အနက်ကြီးတော့ မဟုတ်။ သွေးစို့ ရုံမျှသာ ဖြစ်သည်။ သွားစွယ်နေရာလေးတွေ လောက်ကသာ အညို အမည်းစွဲကျန်နေကာ ကျန်နေရာတွေက အနာဖေးတောင် တက်လုပြီ ဖြစ်သည်။ ဒီတစ်ခါ တော့ ငြိမ်းငြိမ်း မော့ကြည့်သည်။ သူမ မျက်ဝန်းဝိုင်းဝိုင်းလေးတွေထဲတွင် စိုးရိမ်ခြင်းကို တွေ့ရသည်။ နောက် နောက်ဖေးထဲသို့ သုတ်ကနဲ ဝင်သွားပြီး ဆန်လက်တစ်ဆုပ်ခန့် ယူကာ ပြန်ထွက်လာသည်။ ပြီးတော့ သူ့ရုပ်အကျႌ ကြယ်သီးတွေကို ဖြုတ်ကာ ပခုံးစွန်း လက်မောင်းရင်း ပေါ်အောင် ဖော်သည်။ ဒဏ်ရာကို မြင်သော အခါ နှုတ်ခမ်းလေးတွေ ဝိုင်းကနဲ ဖြစ်သွားပြီး ပါးစပ်လေးကို လက်ဝါးနှင့် အုပ်သည်။ နောက်ပြီးတော့ ဆန်တွေဝါးပြီး ဒဏ်ရာပေါ် အုံပေးရင်း ...

"ဦးကလည်း ..သိပ်ခက်တာပဲ၊ ဆေးခန်းသွားတာ မဟုတ်ဘူး၊ ပိုက်ဆံ မရှိတာလဲ မဟုတ်၊ ရင်းပြီး ပြည်တွေ တည်လာရင် ဘယ်လို လုပ်မလဲ"

စသည် စသည်ဖြင့် လူကြီးလေး တစ်ယောက်လို တတွတ်တွတ် ဆူပူနေသည်။ သာဂိက ပြုံးလိုက်ပြီး လေသံ တိုးတိုးလေးနှင့် ပြောလိုက်သည်။

"ဆရာဝန် က ဘယ်သူက ဘာဖြစ်လို့ ကိုက်တာလဲလို့ မေးရင် ဘယ်လို ဖြေရမလဲ ဟင်"

"အိုး .. မမေးပါဘူး"

ပြောရင်း သူ့ဘယ်လက်သီးဆုပ်လေးဖြင့် သာဂိ ရင်အုံကို တစ်ချက် လှမ်းထုသည်။ သာဂိက ထိုလက်ကလေးကို ဖမ်းဆုပ်၍ ဆွဲယူလိုက်တော့ သူမက တိုးတိုးလေး ပြောသည်။

"အမေ ရှိတယ်"

သာဂိသည် လောကကြီးကို မေ့နေပြန်သည်။ သူ့ စိတ်ထဲတွင် ငြိမ်းငြိမ်း တစ်ယောက်သာ ရှိသည်။ ရှစ်မိုင်က အိမ်ကိုမှ ဝယ်ချင်သည့် စိတ်လည်း မရှိတော့ ။ တစ်ကယ်တော့ ရှစ်မိုင်လို နေရာမျိုးက အိမ်ဝယ်ရန် ဆိုသည်မှာ သာဂိအတွက် အိမ်မက်တစ်ခု သာဖြစ်သည်။ မဖြစ်နိုင်ဘူးလို့ မဆိုနိုင်ပေမယ့် ဖြစ်ဖို့ လွယ်သည့် ကိစ္စမျိုး မဟုတ်။ ထိုမလွယ်သည့် ကိစ္စကို သာဂိသည် ယခုအခါ စွန့်လွှတ်ပစ်လိုက်ပြီ ဖြစ်သည်။ သို့သော် အိမ်မက် အသစ်တစ်ခုက ပေါ်လာပြန်သည်။ မြို့သစ်ဘက်တွင် အိမ်နှင့် ခြံဝယ်ချင်သည့် ကိစ္စဖြစ်သည်။ သူ့လက်ထဲမှာ ရှိသည့် ငွေနှင့် မလောက်။ ပစ္စည်းတွေပါ ဖျောလိုက်လျှင်တော့ မှီသည်။ သို့သော် ဒါတွေ အကုန်ဖျောလိုက်လျှင် ဘာနှင့် သွားရင်းမည်နည်း။ သူ ဒေါ်အေးကို တိုင်ပင်တော့ ဒေါ်အေးက သား

သဘောပါ ဟု ဆိုသည်။ ဒေါ်အေးသည် သာဂိကို သားဟု ခေါ်နေပြီ ဖြစ်သည်။

ငြိမ်းငြိမ်းသည် အရမ်းပျော်နေပုံ ရသည်။ သူမ မျက်နှာလေးသည် ဘယ်အချိန်ကြည့်ကြည့် ရွှင်လန်းနေသည်။ သူနှင့် တွေ့တိုင်းလည်း မြူးကြွ နေတတ်သည်။ သာဂိ အဖို့လည်း အဲလိုလေး မြင်နေရတာကို စိတ်ချမ်းသာနေမိသည်။ အဲ..ညနေဖက် အလုပ်သိမ်းလျှင်တော့ သာဂိက ငြိမ်းငြိမ်းကို သူ့မျက်နှာကျက် အပေါ်ခန်းလေးသို့ ခေါ်ခေါ်သွားတတ်သည်။ သာဂိ အလုပ်ပိုလုပ်ဖို့ စဉ်းစားသော်လည်း ဘာလုပ်ရမှန်း မသိချေ။ တစ်ခါ တစ်ခါတော့ သူ့ဆိုင်ကယ်တွေကို လမ်းဘေးမှာ တစ်စီး ငါးသိန်း ၊ တစ်စီး ငါးသိန်းဟု အော်ရောင်းရ ကောင်းမည်လား ဟုတောင် စဉ်းစားမိသည်။ အရောင်းဝယ် ပါးရသည့် ကြားထဲ အသစ်ဝင်လာသည့် စားကျက်လုဖက်တွေက များလာနေသည်။ သာဂိ ခါတိုင်းလို ဝင်ငွေမကောင်းချေ။ ကိုထွန်းနိုင်ကတောင် ပြောသေးသည်။ ကိုနေဇာနှင့် အလုပ်ပြောင်းလုပ်ပါလားဟု ဆိုသည်။ သာဂိ စဉ်းစားနေမိသည်။ ကိုနေဇာက မိုရေးဖက်တွင် ကုန်ကူးသည်။

ဒီကြားထဲ သာဂိ ဆိုင်ကယ်တွေ ပုသိမ်အဝင်မှာ ဆပ်ပလိုင်းချက် (surprise check) နှင့် မိ၍ ပါသွားသည်။ သာဂိ နည်းနည်းတော့ ညစ်သွားသည်။ သိပ်အထိနာခြင်းမျိုး မဟုတ်ပေမယ့် သာဂိလို ခေါက်ပြန်ရင်းသမားမျိုးအဖို့တော့ ကြီးမားသော ဆုံးရှုံးမှု ဖြစ်သည်။ ကိုထွန်းနိုင်လို လက်ကြီးသမားကတော့ ဘာဖြစ်မည်နည်း။ ဆင်ပိန် ကျွဲလောက်တော့ ကျန်မည်သာ။ ငြိမ်းငြိမ်းကလဲ သာဂိ အခြေအနေကို သိပုံရသည်။ သာဂိ မျက်နှာကို အရိပ်တကြည့်ကြည့်နှင့် နေတတ်သည်။ သာဂိ လိုအပ်ချက် မှန်သမျှကို ဖြည့်ဆည်းပေးဖို့ သူမသည် အမြဲလိုလို အသင့်ရှိနေတတ်သည်။ သာဂိ အတွက်တော့ တော်သေးသည် ဆိုရမည်။ ငြိမ်းငြိမ်း၏ ရင်ခွင်သေးသေးလေးသည် သာဂိအတွက် အိုအေစစ် တစ်ခု ဖြစ်နေသည်။ သူမ၏ လက်ဖဝါးသေးသေးလေးသည် သာဂိကို ရှေ့ဆက်လှမ်းဖို့ ခွန်အားတွေ ပေးတတ်သည်။ သူမ၏ ပေါင်လုံးလေးတွေပေါ် ခေါင်းအုံးအိပ်ရလျှင် သာဂိ စိတ်ချမ်းမြေ့သည်။ သာဂိ အတွက် ငြိမ်းငြိမ်းသည် မရှိလျှင် မဖြစ်သော လူတစ်ယောက် ဖြစ်လာလေသည်။

သို့ရာတွင် သိပ်မကြာခင်မှာ ငြိမ်းငြိမ်းသည် သာဂိကို စိတ်မချမ်းမြေ့ဖွယ် သတင်းကို ပေးလာသည်။ သူမတွင် ကိုယ်ဝန်ရှိလာပြီ ထင်သည်တဲ့။ ရာသီမလာတာ နှစ်လခန့် ရှိပြီဟု ဆိုသည်။ သာဂိ စိတ်ရှုပ်သွားသည်။ သာဂိသည် ဒီလို အခြေအနေတွင် မင်္ဂလာမဆောင်ချင်သေး။ သူ့တွင် ရှိသည်များက နောက်တစ်ကြိမ်အောဖို့ ဖြစ်သည်။ လေး၊ ငါးကြောင်းလောက် ဆွဲပြီးလျှင် ဆုံးထားသည်များ ပြန်ရနိုင်မည်။ ထိုအချိန်ကျမှ အိမ်နှင့်ယာနှင့် အတည်တကျ နေမည် စိတ်ကူးသည်။ သူ့အိမ်မက်တွေကိုလည်း ငြိမ်းငြိမ်းက သိပါသည်။ ထို့ကြောင့် ထင်သည်။ သူမက ပြောသည်။

"စိတ်မရှုပ်ပါနဲ့ .. ဦးရယ် .. သမီးဘာသာ သမီး ကြည့်ရှင်းလိုက်ပါ့မယ်၊ တစ်ပတ် နှစ်ပတ်လောက် မလာဖြစ်လောက် ဘူးထင်တယ်နော်၊ အများကြီးမသောက်နှင့်နော် ၊ ဦး ..."

ထိုစကားလေးသည် ငြိမ်းငြိမ်း ပြောသွားသော နောက်ဆုံး စကားဖြစ်မည် ထင်သည်။နှစ်ရက်ခန့် အကြာတွင် နေ့လည်ပိုင်းကြီး ငြိမ်းငြိမ်းမောင်လေး ဒိုးလုံးအပြေးအလွှားရောက်လာပြီး သာဂိကို လာခေါ်သည်။ ငြိမ်းငြိမ်း အသည်းအသန် ဖြစ်နေသည်တဲ့။ ထိုအချိန်တွင် သာဂိသည် ကေတီဗွီ ခန်းထဲတွင် ဘီယာမော့ရင်း

သီချင်းဆိုနေချိန် ဖြစ်သည်။ ကိုထွန်းနိုင်၏ ဆိုင်ကယ်နောက်မှ ပါလာသော ဒိုးလုံးသည် သာဂိကို ကြောက်မက်ဖွယ်ကြည့်ရင်း သတင်းဆိုးကိုပြောပြခြင်း ဖြစ်သည်။ သာဂိ ကမန်းကတမ်း ထပြေးပြီး ရောက်သွားတော့ ငြိမ်းငြိမ်းသည် အိပ်ယာထဲတွင် ပက်လက်ကလေး မှိန်းနေသည်။ အောက်ပိုင်းက ထွက်နေသော သွေး တို့မှာ ကြည့်လို့ ရှုလို့ပင် မရဲ စရာ ဖြစ်သည်။ ခြုံထားသော စောင်အစွန်းစနေရာလေးတွေမှာ ဆိုလျှင် သွေးစတွေသည် အဖတ်လိုက်၊ အခဲလိုက်ကြီး ကပ်နေသည်။ သာဂိ သဘောပေါက်ပြီ။ ငြိမ်းငြိမ်းသည် အရပ် လက်သည်နှင့် ကိုယ်ဝန်ကို ဖျက်ချခဲ့လေပြီ။

မိန်းမကိုယ်မှ ထွက်နေသော သွေးတို့မှာ ရပ်သည်ဟူ၍ မရှိတော့ဟု ထင်ရအောင် တရစပ် ထွက်နေသည်။ ငြိမ်းငြိမ်း မျက်နှာလေးသည် လုံးဝသွေးစုတ်နေ ချေပြီ။ စကားလဲ မပြောနိုင်တော့။ မျက်ဝန်းက မျက်ရည်တွေ ကျရင်း ဝေဒနာကို အလူးအလဲ ခံစားနေရသည်။ သာဂိ ရင်တွေအောင့်သွားသည်။ သူသည် ငြိမ်းငြိမ်းကို ပွေ့ဖက်ရင်း ရုတ်တရက် ဘာလုပ်ရမည် မသိ ဖြစ်နေသည်။ သူ့ကိုယ်တွင် ငြိမ်းငြိမ်းသွေးတွေ ပေကုန်သည်။ ငြိမ်းငြိမ်းသည် သူ့ကို မျက်ဝန်းလေးလှန်၍ ကြည့်သည်။ ပြီးတော့ တစ်ခုခုကို ပြောသည်။ ဘာပြောမှန်း သာဂိ မကြားရ။ ထပ်မေးမလို ပြုစဉ် ဒေါ်အေး အသံ ထွက်လာသည်။

"သား.. သာဂိ ၊ သမီးလေးကို ကယ်ပါဦးကွယ်"

ဟုတ်သည်။ ကယ်ရမည်။ သာဂိ ယခုမှ သတိဝင်လာသည်။ ကားတစ်စီး ငှားဖို့ လမ်းမပေါ် ဆိုင်ကယ်နှင့် ကမူးရှူးထိုးမောင်းထွက်သည်။ ကျွမ်းကျင်လှသော ဆိုင်ကယ်ကို ဂီယာ 1 နှင့် ဆောင့်ထွက်မိပြီး သစ်ပင်နှင့် ဝင်ဆောင့်သည်။ ရှေ့မီးလုံး ကွဲသွားသလို သာဂိ ထိပ်ပေါက်သွားသည်။ သာဂိ ဂရု မစိုက်။ လဲနေသော ဆိုင်ကယ်ကို ပြန်ထ၍ အပြင်းမောင်းထွက်သည်။ လမ်းမပေါ် မောင်းနေကြသော တွေ့ သမျှကား အကုန်တားသည်။ တစ်စီးမျှ မရပ်။ အင်္ကျီ နဲ့ ပုဆိုးပေါ်တွင် သွေးတွေ ပေနေသော သာဂိကို ဘယ်လို ထင်ကြသည် မသိ။ သာဂိနား ရောက်လျှင် ကွေ့၍ ပတ်၍ အရှိန်တင်၍ မောင်းထွက် သွားကြသည်။ လမ်းမကြီးပေါ်တွင် သာဂိသည် အရူးတစ်ပိုင်း ဖြစ်နေသည်။

မျက်ရည်တွေပါ ကျချင်လာသည်။ သူသည် ဒီတစ်ခါ လာသော ကားရှေ့ပိုင်းကို ဆိုင်ကယ်နှင့် ပြေးအောင်းရင်း ရပ်အောင် လုပ်မည်ဟု စိတ်ကူးသည်။ ထို့ကြောင့် လမ်းဘေးတွင် ရပ်ထားသော ဆိုင်ကယ်ကို တက်အခွတွင်မှ ဖုန်းဆိုင်ကို တွေ့သည်။ ဖုန်းကို မြင်တော့ သူ ကိုထွန်းနိုင်ကို သတိရသွားသည်။ ကိုထွန်းနိုင်တွင် ရှမ်းစတားဂျစ်တစ်စီး ရှိသည်။ သို့ရာတွင် ကိုထွန်းနိုင်၏ စကားကို ပြန်ကြားရသော အခါ သာဂိ ငိုချင်သလိုလို ဖြစ်မိပြန်သည်။ သူ့ကား အင်ဂျင် ချထားတယ် ဆိုသည်။ ဒါပေမယ့် စိတ်မပူဖို့ ဆက်ပြောသည်.။ သူ့မိတ်ဆွေတစ်ယောက်၏ ကားတစ်စီး ဖြင့် ခုလာမည်ဟု ဆက်ပြောသည်။ သာဂိသည် လမ်းဘေးတွင် ငုပ်တုက်ကြီး ထိုင်ရင်း ကိုထွန်းနိုင်ကို စောင့်ရသည်။

ကိုထွန်းနိုင်ရောက်လာပြီး ငြိမ်းငြိမ်းကို ဆေးရုံပို့ဖို့ ကားပေါ်တင်သော အခါတွင်မူ ငြိမ်းငြိမ်းသည် အသက်မရှူတော့ပေ။ လှုပ်ရှားခြင်း၊ ညည်းညူခြင်း၊ မျက်ရည်ကျခြင်း အလျင်းမရှိတော့ပဲ လုံးဝ ငြိမ်သက်နေပြီ ဖြစ်သည်။ သာဂိသည် သွေးရူးသွေးတမ်းဖြင့် ငြိမ်းငြိမ်းကို ဆေးရုံပို့သည်။ ဆရာဝန်များက ဆုံးသွားပါပြီ ဟု ဆိုသည့်တိုင် သာဂိသည် မယုံချေ။ ကိုထွန်းနိုင်က ဖြောင်းဖျချော့မော့၍ ဒေါ်အေးကို

အကြောင်းကြားရန် ပြောသည်။ သူက ဆေးရုံမှာ နောက်ပိုင်းကိစ္စတွေ စီစဉ်ပေးမည် ဟုဆိုသည်။ သာဂိသည် အသိမရှိတော့သူ တစ်ယောက်လို ထုံထုံထိုင်းထိုင်းကြီး ဒေါ်အေးအိမ်လေးသို့ ပြန်ရောက်လာသည်။ ဒေါ်အေးက မျက်ရည်တွေ ကျနေရင်းမှ တစ်ခွန်းထဲ ပြောသည်။

"သမီးက မှာသွားတယ်၊ ဦးကို သိပ်မသောက်ခိုင်းပါနှင့်တဲ့"

သာဂိ ဘယ်လိုမှ ခံစား၍ မရတော့ ငိုချင်လာသော စိတ်ကို အနိုင်နိုင် ထိန်းချုပ်ရင်း ခြံလေးထဲမှ အထွက် သူ့မေးရိုးကို ဖြောင်းကနဲ လာထိသော တစ်စုံတစ်ရာနှင့် အတူ ဘေးကို ယိုင်ထွက်သွားသည်။ ထိုးလာသူက ရပ်ကွက်ထဲက လူငယ်လေး တစ်ယောက်၊ သူ့နောက်တွင် ဒိုးလုံးအပါအဝင် တစ်ခြား ကောင်လေး တစ်ချို့။ သာဂိ ရှင်းပြရန် လက်ဝါးကာရင်း တစ်စုံတစ်ခု ပြောမည် အကြံ ခုန ကောင်လေးက ...

"သောက်ကျင့် မကောင်းတဲ့ လူယုတ်မာ" ဟုဆိုကာ ညာလက်သီးဖြင့် သာဂိ မျက်နှာကို ထပ်ထိုးပြန်သည်။ ထိုလက်သီး၏ လက်ကောက်ဝတ် အဆစ်နားကို ဘယ်လက်နှင့် ပုတ်ထုတ်ပြီး သာဂိကာလိုက်ရင်း ..

"မဟုတ်ဘူး၊ ညီလေးတို့ မင်းတို့ မှားမယ်"

ထိုကောင်လေးသည် သူ့လက်သီး အရာမရောက် ဖြစ်သွားသည်ကို ဒေါသဖြစ်သွားဟန် တူသည်။ ဘယ်ညာ တွဲလုံးတွေ ဆက်တိုက် ဝင်လာသည်။ သာဂိ ဘေးကို ခြေ တစ်လှမ်းခွဲထုတ်၍ ရှောင်ကာ လက်သီးတွေကို ပုတ်ထုတ်ရင်း

"တော်လောက်ပြီ .. ညီလေး"

ဟုတားသည်။ မရချေ။သူသည် နောက်တစ်ကြိမ် တိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ် အခြား တစ်ယောက်က ဘေးက ဝင်လာသည်။ သာဂိ ရိပ်ကနဲ မြင်၍ စွေအကြည့် ဝင်လာသူက ဒိုးလုံးဖြစ်သည်။ သူ့အရှယ်နဲ့ မလိုက်ဖက်သည့် ဝါးရင်းတုတ် တစ်ချောင်းကို ကိုင်သာ သာဂိ ခေါင်းကို လွှဲရိုက်လိုက်ခြင်း ဖြစ်သည်။ သာဂိ မြင်သော်လည်း မရှောင်ချင်တော့။ ထိုဒုတ်၏ လားရာ အတိုင်း ငြိမ်ငြိမ်လေး ရပ်နေပေးလိုက်ရာ ဒုတ်သည် သာဂိ ချိုစောင်းကို "ဂေါင်" ကနဲ ထိသည်။ သာဂိ မူးဝေသွားကာ မျက်လုံးတွေ ပြာထွက်သွားသည်။ ထိုစဉ် ဟိုကောင်လေးက ဝင်ထိုးသည် ထင်သည်။ သာဂိ ပုံကျသွားသည်။ ပြီးတော့ သူတို့ သာဂိကို ဝိုင်းကန်ကြသည်။ သာဂိသည် မြေပေါ်တွင် ဖရိုဖရဲ အလဲလဲ အကွဲကွဲ .....

ငြိမ်းငြိမ်းသည် သူ့ကို ထာဝရ ခွဲခွာသွားလေပြီ။ သူ့အိမ်မက်တွေကို နားလည်ပေးတတ်သော၊ သူ့အလို မှန်သမျှကို မဆန့်ကျင်တတ်သော၊ ဘယ်အချိန် ကြည့်ကြည့် ချစ်စဖွယ် ပြုံးနေတတ်သော ငြိမ်းငြိမ်းသည် သူ့ဆန္ဒတွေကို လိုက်လျောရင်း ပျောက်ကွယ်လွင့်ပါး သွားချေပြီ။ သာဂိသည် ငြိမ်းငြိမ်း၏ ရုပ်အလောင်းကိုသော်မှ လိုက်ပို့ခွင့် မရခဲ့ချေ။ သူတို့ အကြောင်းကို သိသော ဒေါ်အေး ကိုယ်တိုင်က လာပါစေဟု ခွင့်ပေးသည့်တိုင် သားဖြစ်သူ ဒိုးလုံးက ခွင့်မပြုခဲ့။ သာဂိ သည် ငြိမ်းငြိမ်း ၏ မျက်နှာလေးကို ကြည့်ချင်မိခဲ့သည်။ နောက်ဆိုလျှင် သူသည် ငြိမ်းငြိမ်း၏ ပကတိ အသားရေ မျက်နှာမျိုးကို ဘယ်တော့မှ ထိတွေ့ကိုင်တွယ် ကြည့်ရှုခွင့် ရမည်မဟုတ်တော့။ သို့သော် ဆန္ဒကို ထိန်းချုပ်ထားမှသာ ငြိမ်းငြိမ်းချစ်သော သူ့မောင်လေး စိတ်အေးချမ်းရာမည်။

သာဂိသည် လူကောင်းတစ်ယောက် မဟုတ်သလို လူဆိုးတစ်ယောက်လဲ မဖြစ်လိုပေ။ သူသည်

အတွေးထဲတွင် မျောလွင့်ရင်း အရက်ခွက်ကြီး ရှေ့ချကာ ငိုင်နေမိသည်။ ထိုစဉ်မှာပင် ကိုနေဇာ ရောက်လာသည်။ ကိုထွန်းနိုင် ခေါ်ထားခြင်း ဖြစ်မည်။ ကိုနေဇာသည် စိတ်မကောင်းစွာ သူ့ကို ကြည့်ရင်း နှစ်သိမ့်သည်။ ပြီးတော့ ကာကွယ်ဆေးတွေ ရှိကြောင်း ပြောပြသည်။ ပထမဆုံး 72 နာရီအတွင်း သုံးနိုင်သော morning after pill သို့မဟုတ် plan B ခေါ် emergency post-coital contraception ကိုအသုံးပြုနိုင်ကြောင်း၊ နောက်ပြီး တစ်ရက် တစ်ပြား စားရတဲ့ ဆေးကဒ် မျိုးစုံလည်း ဆေးရောင်းသည့် ဆိုင်တိုင်းတွင် မက ကွမ်းယာဆိုင်တွေမှာပါ အလွယ်တကူ ဝယ်ယူ ရရှိနိုင်ကြောင်း၊ ထို့ပြင် သုံးလ ခံ ၊ ခြောက်လခံ ထိုးဆေးတွေလဲ ရှိနေပြီ ဖြစ်ကြောင်း ပြောပြသည်။ သာဂိ ထိုဆေးတွေကို ကြားဖူးပါသည်။ သို့သော် ငြိမ်းငြိမ်းသည် ဆေးလိပ်ခုံ တစ်ခုမှာ အလုပ်လုပ်သော ရိုးအသည့် ကောင်မလေးသာ ဖြစ်သည် ဆိုတာ သာဂိ မေ့သွားခဲ့သည်။ သူသည် ငြိမ်းငြိမ်းကို အစ်မပြည့်လို အသိမျိုး ရှိမည် ထင်ခဲ့မိသည်။ မှားသွားခဲ့ချေပြီ။ အစ်မပြည့်လို အသိမျိုး ရှိဖို့ အစ်မပြည့် လို အတွေ့ကြုံ ရှိမှ ဖြစ်မည်ဆိုတာ သာဂိ လုံးလုံး မေ့သွားခဲ့သည်။

ကိုနေဇာသည် သာဂိကို စိတ်ပြေလက်ပျောက် သူနှင့်လိုက်ခဲ့ရန် ခေါ်သည်။ သာဂိ မငြင်း။ ချက်ချင်း ကျောပိုး အိပ် လွယ်ကာ အဝတ်စားတွေ ထိုးထည့်၍ လိုက်လာခဲ့သည်။ ကိုနေဇာသည် အရင်ဆုံး မန္တလေးသို့ တက်သည်။ ပြီးတော့ ပခုက္ကူကို ဆင်းသည်။ သူ့လုပ်ငန်း အချိတ်ဆက်တွေနှင့် သူလိုက်ချိတ်နေခြင်းဖြစ်မည်။ သာဂိသည် ယခင်အခါ များဆိုလျှင် ကြီးပွားချင်စိတ်ဖြင့် စီးပွားရေးကို စိတ်ဝင်စားကောင်း ဝင်စားမိမည် ဖြစ်သော်လည်း ယခုချိန်တွင် သူသည် အရက်သောက်ရင်း ပတ်ဝန်းကျင်ကို ငေးဖို့သာ စိတ်ပါနေသည်။ ကိုနေဇာကလဲ ဘာမျှ မပြော။ ပခုက္ကူတွင် ရှိစဉ် ကိုနေဇာက တမူးမြို့သို့ သွားမည် ပြောသည်။ သာဂိသည် လည်း တစ်ခါမှ မရောက်စဖူး။ သွားကြည့်ချင်သည်။ သို့ရာတွင် ကိုနေဇာက မုံရွာတွင် လိုင်စင် ကိစ္စ၊ ပါမစ် ကိစ္စ လုပ်ရန် ရှိနေ၍ မုံရွာသို့ အရင်သွားရမည် ဆိုသည်။ သာဂိ မုံရွာထိ မလိုက်ချင်တော့။ မြို့ခံတွေထံ စုံစမ်းကြည့်သောအခါ ရထားနှင့် သွားလို့ရသည် ဆိုသည်။ ထို့ကြောင့် သာဂိသည် ကိုနေဇာကို ကလေးမြို့တွင် ဆုံမည်ဆိုကာ နှုတ်ဆက် လမ်းခွဲ၍ ဂန့်ဂေါ ရထားပေါ် တက်လိုက်လာခဲ့သည်။ လမ်းတွင် နာမည်ကျော် ယောမြို့ ဆောမြို့ တို့ကို ကျော်ဖြတ်ခဲ့ရသည်။ သာဂိ တွေ့သမျှတော့ ဖြူဖြူချောချောလေးတွေ ဖြစ်သည်။ ပခုက္ကူ လိုလည်း မပူသည့်ပြင် အအေးဓာတ်တောင် နည်းနည်း ပိုသည်ဟု ထင်ရသည်။ ဂန့်ဂေါကျတော့ နည်းနည်း အညာဆန်သွားပြန်သည်။ အပူ နှင့် ဖုန်လုံးကြီးတွေသည် နေရောင်အောက်တွင် ပျံ့လွင့်နေသည်။

ရထားက ဂန့်ဂေါ ဘူတာတွင် ချိန်းသည်။ ပခုက္ကူကလာသော ရထားသည် ဂန့်ဂေါတွင် ဂိတ်ဆုံးပြီး ကလေးက လာသော ရထားက ဂန့်ဂေါတွင် ဂိတ်ဆုံးသည်။ ဘာ့ကြောင့်မှန်းတော့ သာဂိမသိ။ မသိသော်လည်း ပြောင်းစီးရမည်မို့ ဆင်းရသည်။ ဆင်းပြီး နောက်ရထားပေါ် ချက်ချင်းတက်ရသည်တော့ မဟုတ်။ ကလေးက လာသော ရထားသည် နက်ဖြန်မှ ရောက်မည် ဟုဆိုသည်။ ကိစ္စမရှိ။ အိပ်ပြီး စောင့်လိုက်ရုံသာ။ စားစရာ သောက်စရာ ပူစရာမလို။ ဘူတာရုံရှေ့တွင် စားသောက်ဆိုင်တန်းကြီး နှစ်တန်းတောင် ရှိသည်။ သာဂိသည် ခရီး ထွက်ခြင်း၏ လန်းဆန်းမှုဖြင့် ငြိမ်းငြိမ်းကို ခေတ္တမေ့နေသည်။ သူမအရွယ် ကောင်မလေးမျိုးကို မြင်ပါမှ ဖျပ်ကနဲ သတိရလာတတ်သည်။ ဘူတာရုံထဲက ကွမ်းယာဆိုင်လေး တစ်ဆိုင်တွင် သူမ အရွယ်ကောင်မလေး

နှစ်ယောက် ရှိသည်။ ထို့ကြောင့် ကွမ်းယာဝယ်တိုင်း ငြိမ်းငြိမ်းကို သတိရမိသည်။

သူမတို့ နှစ်ယောက်နှင့် သာဂိသည် တစ်ညနေစောင်း အတွင်းမှာပင် ခင်မင်သွားကြသည်။ သူတို့က ညီအစ်မ နှစ်ယောက်ဖြစ်ပြီး ယခု ပထမနှစ် တက်ကြမည်ဟု ဆိုသည်။ သာဂိက တက္ကသိုလ် အတွေ့အကြုံတွေ ရယ်စရာ ပြောသောအခါ သူတို့လေးနှစ်ယောက်သည် အားကျစွာ ငေးမောရင်း နားထောင် နေတတ်ကြသည်။ နောက်တစ်နေ့ သာဂိ ကလေး ရထားပေါ် တက်ခါနီး သူတို့က လိပ်စာ တစ်ခုပေးသည်။ သူတို့ သူငယ်ချင်း ချင်း အမျိုးသမီးလေး အက်စ်တာ ထံသို့ ခရစ်စမတ် လက်ဆောင် ယူသွားပေးပါဟု တောင်းဆိုသည်။ သာဂိ လက်ခံလိုက်သည်။ လက်ဆောင်ကလဲ ကလေးကြိုက် ဝက်ဝံရုပ်တစ်ရုပ်သာ ဖြစ်၍ သိပ်မလေးတာလဲ ပါသည်။ နောက်ပြီး မနေ့က ခြင်ထောင်နှင့် စောင် ငှားပေးတာကို ကျေးဇူးတင်တာလဲ ပါသည်။ သို့ဖြင့် သာဂိသည် ကျောပိုးအိပ် တစ်လုံးလွယ်၍ ဝက်ဝံရုပ်တစ်ကောင်ကို ပိုက်ရင်း ကလေးမြို့သို့ ရောက်ရှိလာခဲ့သည်။

တောင်တန်းတွေဝိုင်းနေသော လွင်ပြင်စိမ်းစိမ်းလေးသည် သာဂိကို ငြိမ်းချမ်းစွာ ဆီးကြိုသည်။ သာဂိသည် ကိုနေဇာနှင့် ချိန်းထားသည့် ကားကြီးဝင်းနားမှ ချင်းတောင်တန်း တည်းခိုခန်းသို့ သွားသည်။ မြို့လေးသည် သူလာခဲ့သည့် ပြည်မြို့နှင့် ခပ်ဆင်ဆင်တောင် တူသည်။ ဘာမှ မဆိုင်ပါပဲ သူ ငြိမ်းငြိမ်းကို သတိရသည်။ ထို့ကြောင့်သူသည် နာမည်ကျော် တာဟန်းရပ်ကွက်တွင် ဘီယာ သောက်သည်။ ချင်းမလေးတွေ ချောတာကို ခုမှ သူလက်ခံမိသည်။ သက်မွန်မြင့်ထက် ကြည့်ကောင်းတာတွေ ပေါသည်ပင်။ သူသည်ကိုနေဇာကို တစ်ရက်ပဲ စောင့်လိုက်ရသည်။ ကိုနေဇာက ချက်ချင်း တမူးဆက်သွားမည် ပြောသည်။ ဘာငြင်းစရာ ရှိမည်နည်း။ သာဂိသည် ကိုနေဇာနှင့် လိုက်သွားသည်။ ကလေးနှင့် တမူးလမ်းသည် တော်တော်ကို ကောင်းသည့် လမ်းဖြစ်သည်။ အိန္ဒိယ ဘက်က အင်ဂျင်နီယာတွေ လာခင်းပေးထားသည် ပြောသည်။ ကောင်းတာကတော့ တော်တော့်ကို ကောင်းသည်။ သို့သော်အနည်းငယ် ကျဉ်းသည်။ တစ်ခု အံ့သြရသည်မှာ ကလေးမြို့လယ်ခေါင်တွင် ရှိသည်က ဗိုလ်ချုပ်ကြေးရုပ် မဟုတ်။ စစ်သူကြီး မဟာဗန္ဓုလ ၏ မြင်းစီးကျောက်ရုပ် ခန့်ခန့်ညားညားကြီး ဖြစ်သည်။ မဟာဗန္ဓုလကြီး အာသံ၊ မဏိပူရကို တိုက်ခိုက်အောင်မြင်ခဲ့သည့် အမှတ်တရ များလား မဆိုနိုင်။ မည်သို့ပင် ဖြစ်စေ မြင်ရသည်ကတော့ ဇာတိမာန် တက်ချင်စရာ ဖြစ်သည်။

တမူးမြို့သည် ကလေးနှင့် မိုင် ၈၀ ခန့်တော့ ဝေးသည်။ နယ်စပ်နားနီးလာလို့လားတော့ မဆိုနိုင်ပေ။ အစောင့်ကြပ်နှင့် အစစ်ဆေးတွေလဲ တွေ့ရသည်။ ကိုနေဇာကပြောပြတာကတော့ တစ်ဘက်နယ်စပ်တွင် မဏိပူရ ခွဲထုတ်သူပုန်တွေ ရှိ၍ဟု ဆိုသည်။ ခန်းပတ်မြို့တွင် ခဏရပ်ကာ ကားတွေ အုပ်စုဖွဲ့ပြီး ကွန်ဗွိုင် ဆန်ဆန် သွားကြရသည်။ ခရစ်စယန် ကိုးကွယ်သူ များ၍ထင်သည်။ လမ်းမများပေါ်တွင် နေ့ခင်းပိုင်းလည်း ခရစ်စမတ် ကာရိုးသီချင်း လှည့်လည်ဆိုနေကြတာတွေရရသည်။ တမူးရောက်တော့ မြို့အဝင်ကားဝင်းကြီးတွင် မှတ်ပုံတင်နှင့် ကျောပိုးအိပ်ကို စစ်ဆေးခံကြရသည်။ ထို့နောက် ကိုနေဇာ၏ မိတ်ဆွေအိမ်တွင် တည်းသည်။ နောက်တစ်နေ့တွင် သာဂိသည် နယ်စပ်ကိုရောက်သည်။ လက်ဖဝါးမှာ နိုင်ငံခြားသွားရမည့် အရေးအကြောင်းများ ပါ၊ မပါ ဆိုတာတော့ သာဂိ မသိ။ သာဂိ နိုင်ငံခြားတော့

ရောက်ဖူးပြီ ဖြစ်သည်။ တမူးမြို့နှင့် မနီးမဝေး ဆယ်မိနစ်ခန့် ခရီးတွင် နန့်ဖာလုံဈေးဆိုတာ ရှိသည်။ နန့်ဖာလုံရွာတွင် ဆောက်ထားသော ဈေးဖြစ်၍ နန့်ဖာလုံဈေးဟု ခေါ်ကြသည်ဟုတော့ ပြောသည်။ ဟုတ် မဟုတ်တော့ သာဂိ မသိချေ။

သာဂိကတော့ တစ်ဘက်နိုင်ငံလို့ဆိုရမည့် ဂိတ်ပေါက် ဟိုဘက်ကို ငေးမော့ကြည့်ရင်း အံ့ဩနေမိသည်။ ဈေးက ဒီမှာရှိသော်လည်း ရောင်းမယ့်လူ အများစုသည် ဟိုဘက်ကို သွားရောင်းနေကြသည်။ သာဂိလဲ မရှင်း၍ ကိုနေဇာကို မေးကြည့်တော့မှ ယခုကဲ့သို့ ရှင်းပြသည်။ ဈေးထဲတွင် လူသုံးကုန် ပစ္စည်း မျိုးစုံကို ရောင်းသည့် ဆိုင်ကြီးများရှိသည်။ ထိုဆိုင်များတွင် အိန္ဒိယလုပ် ပစ္စည်းမျိုးစုံ၊ တရုတ်လုပ် ပစ္စည်းမျိုးစုံတွေသည် ဝယ်ချင်စရာတွေချည်း ဖြစ်သည်။ ကိုနေဇာက မန္တလေးက တရုပ်ကုန်တွေကို ဒီနေရာမှာ အိန္ဒိယကုန်နှင့် လာဖလှယ်ခြင်း ဖြစ်သည်။ သူတို့လို မတတ်နိုင်သည့် ခေါင်းရွက်ဗျတ်ထိုး မြန်မာနိုင်ငံသား အများစုက မိုးရေးဘက်တွင် ခြံထွက်သီးနှံများ သွားရောင်းသည်။ နယ်စပ်ဖြတ်ကျော်ဂိတ်တွင် ကာစတန်ခ တစ်ရာကျပ်ပေး၍ ဖြတ်ပြီး သွားရောင်း ကြခြင်းဖြစ်သည်။ (ထိုခေတ်ဈေး) အံ့ဩရသည်မှာ ထိုဈေးထဲတွင် အစိုးရ လက်နက်ကိုင်အဖွဲ့များရှိသလို ဆန့်ကျင်သူတွေလည်း ရှိသည်။ မြန်မာဈေးသည် တစ်ဦးကို စစ်သားတစ်ယောက်က ငါးပိမှာပြီး သူပုန်က ငါးခြောက်မှာသည်။ မည်သို့ပင် ဖြစ်စေ သူ့အရပ်နှင့် သူ့ဇာတ်ကတော့ အဆင်ပြေနေသည်မှာ အမှန်ဖြစ်သည်။

ဈေးသည်တွေကတော့ ပြောပါသည်။ "ကျွန်တော်တို့ကတော့ အားလုံးနှင့် အဆင်ပြေအောင် ပေါင်းရတာပဲ၊ ဈေးရောင်းရမှ ငွေပေါ်တာဆိုတော့ တန်ရာတန်ကြေး ပေးရင် ဘယ်သူလာဝယ်ဝယ် ရောင်းရတာပေါ့ဗျာ" အင်း .. မနက်ခင်း ဈေးသည်၊ ညခင်းကွေ့သည် ဘဝတွေဆိုတော့ သာဂိ ကိုယ်ချင်း စာမိပါသည်။ ရံဖန်ရံခါတော့လဲ သူတို့အချင်း ပစ်ကြခတ်ကြသည်။ ထိုအခါ ပြေးရလွှားရ ပုန်းကြ အောင်းကြနှင့် သွေးပျက်ကြသော်လည်း ပြီးသွားပြန်တော့ရယ်ရယ်မောမော စမြုံပြန်ကြပြန်သည်။ သာဂိသည် ကိုနေဇာ အလုပ်လုပ်နေတာကို စောင့်ရင်း ဟိုဘက်ကူးလိုက် ဒီဘက်ပြန်ဝင်လာလိုက်နှင့် နိုင်ငံခြားကို ထွက်ချင်တိုင်းထွက်နေသည်။ သည်တင် နောက်ထက်အံ့ဩစရာ တစ်ခုတွေ့ပြန်သည်။ ဟိုဘက်က အရက်ကြိုက်သူ ယမကာလုလင်များက ဒီဘက်တွင် လာသောက်ကြကာ၊ ဒီဘက်က ဆေးသမားများက ဟိုဘက်တွင် သွားရှူကြ၊ သုံးကြသည်။ ဩော် ..သူ့ဥပဒေနှင့်သူကတော့ အဆင်တွေပြေကြပြန်သည်။ အဲ ..ဘယ်လိုကဲကဲ ညနေမမှောင်ခင်တော့ ဒီဘက်ပြန်ဝင်ကြရသည်။ မှောင်သွားလျှင် တမူးမြို့ထဲဘက်အဝင်တံခါး ပိတ်သည် ဟုဆိုသည်။

တမူးမြို့လေးသည် ညဘက်တွင် မီးတစ်ခါပဲ လာပြီး ခဏ ခဏ မလာတာကိုလဲ သာဂိ အံ့ဩရသည်။ ကြာကြာတော့ မအံ့ဩနိုင်။ သူနှင့် ကိုနေဇာ စကားကောင်းနေတုန်း ခရစ်စမတ် ကာရိုး သီချင်းလှည့်ဆိုသူတွေ ရောက်လာ၍ ဖြစ်သည်။ ထိုအဖွဲ့ထဲက ဦးဆောင်လာသူ ဘုန်းတော်ကြီး ဆရာ ဦးထန်ခိုထန်း သည် ကိုနေဇာနှင့် ရင်းနီးသူဖြစ်၍ အလှူလာခံကြသည်။ တစ်ပျော်တစ်ပါး ချီးမွမ်းဖွယ် သီချင်းများကို သီဆိုကြသည်မှာ ကြည်နူးစရာ ဖြစ်၏။ သာဂိလဲ နားမလည်ပါပဲ လိုက်ဆိုမိသည်။

တစ်ချို့သီချင်းများသည် ကျောင်းတုန်းက သူငယ်ချင်းများနှင့် အပျော်လိုက်ဆိုခဲ့ဖူးရာ မှတ်မိနေ၍လဲဖြစ်သည်။ ဦးထန်သည် သာဂိကို ခင်မင်သွားပုံရသည်။ သီချင်းဆိုချင်လိုက်ခဲ့ဟု ဆိုသည်။ သာဂိက ကိုနေဇာကို လှမ်းကြည့်မိတော့ သူက အနွေးထည်တောင် ဝတ်ပြီးချေပြီ။

သို့ဖြင့် သာဂိသည် ဒီဇင်ဘာည၏ နှင်းမှုန်များအောက်တွင် ကာရိုး အဖွဲ့လေးနှင့် အတူ သီချင်းများလိုက်ဆိုမိသည်။ သူတို့ အဖွဲ့လေးတွင် ဂစ်တာသမားလေးယောက် နှင့် အော်ဂင်သမား တစ်ယောက်ပါသည်။ အမှန်တော့ သာဂိသည် ဘယ်သီချင်းကိုမှ ဟုတ်တိပတ်တိ ရသူမဟုတ်။ မစ္စတာဘီးန်ကဲ့သို့ ဟာလေလုယာ ပိုဒ်ရောက်မှ အသံကျယ်ကျယ်နှင့် ဝင်အော်တတ်သူ ဖြစ်သည်။ ဒါကို မိန်းကလေးအဖွဲ့က တခိခိနှင့် ရယ်နေတတ်သည်။ သာဂိက မရှက်ပါ။ ညနေကတည်းက အချမ်းဒဏ် ကာကွယ်ရေး အစီစဉ်အဖြစ် သောက်ထားသော ဝီစကီတန်ခိုးက သူ့မျက်နှာကြီးကို တစ်ဟီးဟီး ဖြစ်နေစေသည်။ ထိုစဉ် သူသည် နာမည် တစ်ခုကို အမှတ်မဲ့ကြားမိသည်။ “အက်စ်တာ”ဟု ခေါ်သံဖြစ်သည်။

သာဂိ “အက်စ်တာ” ဆိုမှ ဂန့်ဂေါကကောင်မလေးတွေ ပေးလိုက်သော ဝက်ဝံရုပ်လေးကို သတိရသည်။ သူသည် အလည်လွှန်နေရင်း အဲဒါကို မေ့နေမိသည်။ ဒီကောင်မလေးက သူတို့ လက်ဆောင် ပေးခိုင်းလိုက်သော အက်စ်တာ ဆိုတာများလား။ သေချာအောင်မေးကြည့်ဖို့ ငေးကြည့်မိတော့ ထိုကောင်မလေးသည် သီချင်းစာအုပ်ကြည့်ကာ ဆိုနေရင်းမှ ဖျပ်ကနဲ သူ့ကို မော့ကြည့်သည်။ ပြီးတော့ လှစ်ကနဲ ပြုံးပြရင်း ဆိုလက်စ သီချင်းကို ဆက်ဆိုသည်။ ခေါင်းစွပ် အနီရောင်လေးနှင့် မာဖလာ ပန်းရောင်လေးကြားထဲက မျက်နှာလေးသည် ဝင်းကနဲ လက်သွားသည်။ သီချင်းဆိုသောအခါ ခံတွင်းထဲမှ ထွက်လာသော အာငွေ့လေးတွေသည် တိမ်မျှင်တစနယ်ပင် ဖြစ်၏။ တိုင်းရင်းသူပီသစွာ ကျယ်သောပခုံးနှင့် ကားသော တင် လဲရှိသည်။ အရပ်ကလဲ သာဂိ မေးစေ့လောက်တောင် ရှိမည် ထင်သည်။ သူမ၏ အဖော်တွေမှာလည်း သူမအရပ်လောက် ရှိနေကြသည်။ လေကောင်း လေသန့်နှင့် လတ်ဆတ်သော အစားအသောက်များကြောင့် ဖြစ်မည် ထင်သည်။ ကျန်းမာ သန်စွမ်း တောင့်တင်းကြသည်။

နှုတ်ဆက်ခဲ့ပါတယ် .. သွားတော့မယ် ... သူမသည် နှုတ်ဆက် သီချင်းကို သီဆိုပြီးသည်နှင့် မော့အကြည့် သူ့ကို ငေးမောနေသော သာဂိ မျက်ဝန်းတွေကိုတွေ့သွားသည်။ ရှက်ကိုး ရှက်ကန်း ဖြစ်မသွားပါ။ ကြည်လင် ရှင်းသန့်သော အပြုံးလေးဖြင့် သာဂိကို ပြုံးပြသည်။ ကြည့်နေမိသော သာဂိသာ ရှက်သွားရသည်။ မျက်နှာကို ဟိုဘက် လှည့်ရမလို၊ ဒီဘက်ထားရမလို နှင့် ဘာလုပ်ရမှန်း မသိဖြစ်သွားသည်။ နောက်တစ်အိမ် အကူးတွင် “Merry Christmas to you all ” ဟုအော်သူများထဲတွင် သာဂိ အသံသည် အကျယ်ဆုံးဖြစ်မည်။ တစ်ဖြည်းဖြည်း အချိန်လင့်လာသလို အအေးဒဏ်သည် ပိုလို့ တိုးလာသည်။ သို့ရာတွင် သာဂိသည် ချမ်းဖို့မေ့နေသည်။ အချမ်းဒဏ်ကိုသာမက မိဖြူကို လည်းကောင်း၊ ငြိမ်းငြိမ်းကို လည်းကောင်း သာဂိသည် မေ့နေချေပြီ။

သူတို့ အဖွဲ့လေးကို ဆရာမ မိုင်ရင်ထွေးက သူမအိမ်တွင် ဆန်ပြုတ်ကျွေးမည်ဆိုကာ ခေါ်ဖိတ်သည်။ အဖွဲ့သားအားလုံး တစ်ပျော်တစ်ပါး လိုက်သွားကြသည်။ ဆန်ပြုတ်သည် သာဂိတို့ စားဖူးသည့် ဆန်ပြုတ်နှင့်

မတူချေ။ သူတို့က "ဘူကျင်" ဟုခေါ်သည်။ နွားနောက်သား အတုံးကြီးတွေနှင့် ဆန်ကို ရောကြိုချက်ထားခြင်းဖြစ်သည်။ ပူပူနွေးနွေးနှင့် စားလို့တော်တော်ကောင်းသည်။ အဲ ..မစားခင် ဦးထန်က သာဂိကို ခေါင်းရည် တစ်ဖူး လာပေးသေးသည်။ သာဂိ ငြင်းလိုက်သည်။ မသောက်ချင်လို့ မဟုတ်။ သူများဘာသာရေးပွဲတော်တွင် သောက်စားနေဖို့ မသင့်ဖူးထင်၍ ဖြစ်သည်။ စားအပြီးတွင် ဆရာမက သူတို့အဖွဲ့လေးကို
တောင်းဆိုသည်။ Silent Night, Holy Night သီချင်းနှင့် ချီးမြှင့်ဆုတောင်းပေးဖို့ ဖြစ်သည်။
မိန်းကလေးလေးယောက် တစ်ယောက်တစ်ပိုဒ်စီ ဆိုကြသည်။
သာဂိသည် သိပ်နားမလည်သော်လည်း ဆွတ်ပျံ့ကြည်နူးဖွယ် သံစဉ်အောက်တွင် လုံးဝမျောပါ သွားသည်။ (အင်္ဂလိပ်ဖားရှင်း သီချင်း) ထိုအထဲတွင် အက်စ်တာ၏ အသံသည် အသာယာဆုံးဟု ထင်သည်။

နောက်တစ်နေ့ သာဂိသည် ကိုနေဇာနှင့် မလိုက်တော့။ နိုင်ငံခြားထွက်ဖို့လဲ စိတ်မဝင်စားတော့။ သူသည် ဝက်ဝံရုပ်လေး ပိုက်ရင်း ဦးထန်နေထိုင်ရာ ဘုရားကျောင်းသို့ ထွက်လာခဲ့သည်။ သူ့ကို ဦးထန်က လှိုက်လှဲစွာ ဆီးကြိုသည်။ သူက ဂန့်ဂေါက ကောင်မလေးတွေ ပေးလိုက်သော လိပ်စာကို ပြကာ အက်စ်တာ ထံသွားချင်သည်ဟု ဆိုတော့ ဦးထန်က ခဏကြာလျှင် လာလိမ့်မည်ဟု ပြောသည်။ သာဂိ သိပ်ကြာကြာတော့ မစောင့်လိုက်ရပါ။ နာရီဝက်ခန့် အကြာတွင် သူမ ရောက်လာသည်။ မနေ့ညက အနွေးထည်ကြီးဝတ်ထား၍ ဖုံးကွယ်နေသာ အလှတရားများသည် ယခုလို ကိုယ်ကြပ်အကျီလေးနှင့် ထမီ စကပ် လေးဝတ်ထားသောအခါ ဘွားကနဲ ထွက်ပေါ်လာကြသည့် အလား သူမသည် ခပ်ယဉ်ယဉ်လေး လှနေသည်။ သာဂိက သူမ သူငယ်ချင်းတွေ ပေးလိုက်သော ဝက်ဝံရုပ်လေးကို ပေးလိုက်သောအခါ သူမက ကလေးတစ်ယောက်လို ခုန်ဆွ ခုန်ဆွနှင့် ပျော်နေသည်။ သူမကို ကြည့်ရင်း သာဂိလဲ ပျော်သလိုလို ဖြစ်လာသည်။ ထို့နောက် သာဂိကို ကျေးဇူးတင်သောအားဖြင့် သူမတို့မြို့လေး၏ နာမည်ကျော် ချစ်တီး ထမင်းဆိုင်တွင် ထမင်းလိုက်ကျွေးသည်။ သူမတွင် အိန္ဒိယလုပ် ဆိုင်ကယ် တစ်စီးပါလာသည်။ ထို့ကြောင့် ထိုဆိုင်ကယ်ကို သာဂိက မောင်းပြီး သူမက နောက်မှာထိုင်သည်။ လမ်းကြောင်း သိပ်မသိသော သာဂိက ခဏခဏ လမ်းမှားမလို ဖြစ်သည်။ ထိုအခါ ဘရိတ် ခဏခဏ နင်းရသည်။ နင်းလိုက်တိုင်း အိကနဲ ယိုင်ဆင်းလာသော သူမကိုယ်လုံးအိအိလေးသည် သာဂိရင်ကို နွေးကနဲ ဖြစ်သွားစေသည်။ ထို့ကြောင့် သာဂိသည် လမ်းမမှားပဲလဲ ဘရိတ်ကို နင်းချင်နေသည်။

ထိုသို့ဖြင့် ခရစ္စမတ်ရက်တိုင်သည် အထိ သာဂိသည် အက်စ်စတာတို့နှင့် သီချင်းလိုက်ဆိုဖြစ်သည်။ ဆိုနေကျလာသောအခါ သီချင်းတွေကို အလိုက်ရလာသလို အက်စ်စတာနှင့်လဲ ရင်းနှီးမှုတွေ ပိုလာသည်။ ခုဆိုလျှင် သူသည် အက်စ်စတာနှင့် သီချင်းစာအုပ် တစ်အုပ်ထဲကို ခေါင်းချင်းဆိုင်ကာ ကြည့်ပြီး သီချင်းဆိုနေပြီ ဖြစ်သည်။ " ဤအိမ်ပေါ်မှာ ကောင်းချီး မင်္ဂလာ(ရောက်စေသော်ဝ်)၂ " ဒီလိုသီချင်းမျိုး ဆိုလျှင်ကား သာဂိ စာအုပ်ကြည့်စရာ မလိုတော့ အက်စ်စတာ မျက်နှာလေးကို ကြည့်ပြီး အလွတ်ဆိုနိုင် နေချေပြီ။ ထိုအခါ အက်စတာက သီချင်းဆိုနေရင်း တန်းလန်း သာဂိကို ပြုံး၍ ကြည့်နေတတ်သည်။ ထိုအပြုံးလေး၏ အောက်တွင် သာဂိသည် အိမ်ပြန်ဖို့ကို မေ့နေတတ်သည်။

ခရစ္စမတ်ပြီးသည် အထိ သာဂိသည် အက်စ်စတာနှင့် တစ်တွဲတွဲ ရှိနေသည်။ ခရစ္စမတ်ပြီးသည့် ၂၆ ရက်နေ့တွင် သာဂိသည် မနေတတ်၊ မထိုင်တတ်ကို ဖြစ်နေသည်။ သူသည် အက်စတာထံသို့ ဘယ်လိုအကြောင်းရှာပြီး သွားရမည်နည်း။ နောက်ဆုံး ခပ်ပြောင်ပြောင်ပင် အလည်လာတယ်ဆိုကာ သွားတွေ့သည်။ အက်စ်တာ မိဘများက နန့်ဖာလုံဈေးထဲတွင် လျှပ်စစ်ပစ္စည်းများရောင်းသည်။ မနက်ကတည်းက ဈေးရောင်းထွက်သည်မှာ ညနေမိုးချုပ်သည် အထိဖြစ်သည်။ အက်စတာက တစ်ခါတလေ ဈေးထဲ လိုက်သွားတတ်သလို တစ်ခါတစ်လေ သူငယ်ချင်းတွေ အိမ်လျှောက်လည်တတ်သည်။ သာဂိ သွားလည်သော နေ့ကသူမသည် အိမ်မှာရှိနေသည်။

ပေါက်ကရတွေ ထိုင်ပြောကြရင်း သူမက ဆိုသည်။ ၃၁ ရက်နေ့ကျလျှင် နယူးယီးယားပါတီလုပ်ကြမည်။ မြို့ပြင်ကို ထွက်သည့် ကားလမ်းဘေးတွင် သူမတို့ အမျိုးတွေပိုင်သော ယာခင်းတွေရှိသည်။ ထိုယာခင်းတွေထဲတွင် မီးဖို ဖိုပြီး ပျော်ကြမည် လာခေါ်မည် ဟုပြောသည်။ သာဂိသည် ၃၁ ရက်နေ့ကို မြန်မြန် ရောက်ချင်နေမိသည်။ ၃၁ ရက်နေ့ ညနေခင်းကတည်းက သာဂိကို အက်စ်စတာက လာခေါ်သည်။ ကိုနေဇာက “ ဟေ့ ...ငါ့ရော မခေါ်ဘူးလား” ဟုနောက်သည်ကို သူမက နည်းနည်းမှ အားနာခြင်းမရှိပဲ “လူကြီးတွေ မခေါ်ဘူး”ဟု အတည်ပေါက် ပြန်ပြော၍ ကိုနေဇာ ပါးစပ်ကြီး ပြဲ ကျန်ခဲ့သည်။ သာဂိကတော့ ဆိုင်ကယ်ပေါ်ကနေ အားနာနာဖြင့် ကြည့်မိသော်လည်း ပြန်ဆင်းဖို့တော့ စိတ်မကူးချေ။ အက်စ်တာတို့ စတည်းချမည့် နေရာလေးသည် ကားလမ်းဘေးမှ အနည်းငယ် အထဲဝင်ရသည်။ ကျယ်ပြန့် ပြန့်ပြူးသော ယာခင်းများကြားတွင် သစ်ပင် အုပ်တွေက ဟိုတစ်နေရာ၊ ဒီတစ်နေရာ ရှိနေသည်။ ထိုသစ်ပင်တွေကြားထဲတွင် ယာစောင့်တဲလေးများကိုလည်း တွေ့ရသည်။

ထိုအထဲက တစ်ခုသော တဲလေးသည် သာဂိတို့ စခန်းချမည့် နေရာဖြစ်သည်။ သူမသည် စောင်ထုပ်ကြီးကို ပိုက်ရင်း ဆိုင်ကယ်နောက်တွင် ထိုင်ကာ ဟိုဟာက ဘာအခင်း၊ ဒီဟာက ဘာအခင်းနှင့် သာဂိကို ရှင်းပြနေသည်။ တဲအိမ်လေးဘေးသို့ ဆိုင်ကယ် ထိုးရပ်လိုက်သော အခါ ရောက်နှင့်နေသူများက ဆီးကြိုနှုတ်ဆက်သည်။ မျက်နှာစိမ်းများတော့ မဟုတ်။ ကာရိုးသီချင်းဆိုစဉ်က ဆုံဖူးကြသူများချည်းသာ။ တစ်ချို့က မီးဖို ဖိုရန် ပြင်ဆင်နေကြသည်။ တစ်ချို့က တဲအိမ်လေးနောက်တွင် စားစရာများ ပြင်ဆင်နေသည်။ တစ်ဖြည်းဖြည်း မှောင်လာသောအခါ မီးဖိုကြီးကို စတင်ဖိုလိုက်ကြသည်။ ပြီးတော့ ထိုမီးဖိုကြီးကို ဝိုင်းပတ်ကာ ထိုင်ကြသည်။ ယောက်ျားလေး တစ်ယောက်ခြားစီတွင် မိန်းကလေးတစ်ယောက်စီ ထိုင်ကြခြင်းဖြစ်သည်။ သာဂိက အူကြောင်ကြောင်နှင့် ဘယ်မှာ ထိုင်ရမှန်းမသိဖြစ်နေ၍ အက်စ်စတာက လက်ကို ဆောင့်ဆွဲကာ ထိုင်ခိုင်းတော့မှ ကမန်းကတမ်း ထိုင်ချရသည်။ အချမ်းဒဏ်ကာကွယ်ရန် အတွက် ဘောင်းဘီရှည် ဝတ်လာမိ၍ထိုင်ရတာ နည်းနည်းတော့ ခက်သည်။ အကြာကြီးတော့ မဟုတ်။ တစ်ယောက် တစ်လှည့်နှင့် လက်ဆင့်ကမ်းလာသော ခေါင်ရည်ကို နစ်ကြိုက်မျှ စုပ်ပြီးချိန်တွင် သာဂိ နေရထိုင်ရ အဆင်ပြေလာသည်။

ထို့အတူ အက်စ်တာ ၏ မျက်နှာလေးသည်လည်း ပန်းရောင်သန်းလာသည်။ မီးဖိုက မီးရောင်ကြောင့်လား၊ ခေါင်ရည်တန်ခိုးလား၊ ပခုံးစွန်းချင်း ထိနေလို့လားအက်စ်တာ ...။ သာဂိသည် ဂစ်တာသံကို လက်ခုပ်တီး၍ စည်းလိုက်ရင်း ယိမ်းနွဲ့ ပျော်ရွှင်နေသော သူမကို ကြည့်ကာ သွေးတွေ နွေးလာသည်။ သီချင်းတွေ အမျိုးမျိုး

ပြောင်းသွားသလို ခေါင်အိုးတွေလည်း အလွတ်တွေ များလာသည်။ အက်စ်တာသည် သူ့လက်မောင်းကို မှီနွဲ့ရင်း သီချင်းကို တိုးတိုးလေး လိုက်ဆိုနေသည်။ ထိုစဉ် မြောက်ပြန်လေက သုတ်ကနဲ တစ်ချက် တိုးဝှေ့သွားရာ သူမပခုံးလေးကြုံ၍ သူ့လက်မောင်းကို တိုးဖက်သည်။ သာဂိ သူမလက်လေးတွေကို ဖြေထုတ်လိုက်တော့ သူမက မော့ကြည့်သည်။ သာဂိက ဂျာကင်ဇစ်ကို ဖြုတ်၍ဆွဲဟလိုက်ကာ သူမကို ဂျာကင် တစ်ခြမ်းနှင့် ထွေးပွေ့ရင်း ဖက်ထားလိုက်သည်။ သူမက ကျေနပ်သလို ပြုံးရင်း သူ့ရင်ခွင်ထဲတွင် မှီနွဲ့ကာနေသည်။ သာဂိ ဂျာကင်ဇစ်ကို ဖွင့်လိုက်တော့ အေးစက်သော လေသည် သာဂိရင်ကို ကျီစားသည်။ သို့သော် ချက်ချင်းပင် သူမကိုယ်လေးက နံပါးကို မှီတွယ်လာသောအခါ သာဂိ ရင်သည် နွေးထွေးလာပြန်သည်။ သာဂိ သူမနှင့်သာ ဆိုလျှင် အာတိတ်စက်ဝိုင်းတောင် ဂျာကင်မပါပဲ သွားရဲဝံ့သည်။

သာဂိသည် ဘေးပတ်ဝန်းကျင်ကို ကြည့်တော့ ..အလို .. ဂစ်တာတီးနေသူ တစ်ယောက်နှစ်ယောက်နှင့် လူလေးငါးယောက်မှ လွဲ၍ ကျန်တဲ့လူတွေ ဘယ်ရောက်ကုန်သည် မသိတော့။ ဂစ်တာတီးသူသည် ယမကာနှင့် အနုပညာကလွဲပြီးကျန်တာကို အာရုံလာပုံမပေါ်။ သူတို့ ချင်းတိုင်းရင်းသား သီချင်းများကို တိုးတိုးလေး ညည်းရင်းတီးခတ်နေသည်။ ဘေးကလူတွေက ခေါင်အိုးတွေနှင့် စည်းလိုက်နေကြသည်။ သာဂိ သူမဘက်ကို ပြန်လှည့်ပြီး ငုံ့ကြည့်လိုက်တော့ သူမက သူ့ကို မော့မော့လေး ကြည့်နေသည်။ သူမ နှုတ်ခမ်းတွေက မဟ တဟ။ ဆေးဆိုးထားသော နှုတ်ခမ်းလေးတွေသည် မီးရောင်အောက်တွင် စိုဝင်း နေသည်။ သာဂိ ငုံ့နမ်းလိုက်သည်။ သူမက ချက်ချင်း တုန့်ပြန်၏။ သာဂိက အောက်နှုတ်ခမ်းကို ငုံနမ်းခြင်းအား သူမက သာဂိ အထက်နှုတ်ခမ်းကို စုပ်နမ်းခြင်းဖြင့် တုန့်ပြန်သည်။ သာဂိ အံ့သြသွားသလို ရင်ခုန်နှုန်းတွေလည်း မြင့်လာသည်။ သူမကိုယ်လုံးလေးကို ပွေ့ဖက်ပြီး အတင်းနမ်းတော့မည် ဟန်ပြင်စဉ် သူမကပြောသည်။

"ကို ... ဟိုဘက်ကို သွားရအောင်"

သာဂိသည် သူမလက်ကလေးကို ဆွဲ၍ ခပ်လှမ်းလှမ်းက သစ်ပင်တွေ အောက်သို့ ထွက်လာခဲ့သည်။ နှင်းမှုန်လေးတွေပါဝင်နေသော လေသရမ်းသည် အခွင့်ရေးရသည်နှင့် သူတို့ကို ကလူကျီဆယ်တော့သည်။ အက်စ်စတာက သာဂိဘယ်လက်မောင်းကို ယီးလေးခိုမတတ် ဖက်ထားရာ သာဂိလက်မောင်း တစ်ခုလုံးသည် သူ့ရင်ခွင်ကြားတွင် နစ်မြုပ်နေသည်။ သာဂိတို့ အပင်ကြီးနားရောက်တော့ သူတို့ထက် ဦးနေသူတွေ ရှိနေချေပြီ။ အပင်ကြီးခြေရင်းနားတွင် ပူးကပ်နေသော ခန္ဓာကိုယ်တွေကို ယိုးတိုးရိပ်တိပ်တွေ့ရသည်။ သာဂိခေါင်းကုပ်သည်။ ဘယ်နေရာ သွားရမည် မသိတော့။

ထိုစဉ် အက်စတာက သာဂိလက်ကို ဆွဲ၍ တစ်ဘက်သို့ ခေါ်သွားသည်။ ဪ.. သိပြီ။ အဲဒီဘက်တွင် ချောင်းကောလေး ရှိကြောင်း သာဂိ ညနေက တွေ့ထားသည်။ အက်စ်စတာသည် သာဂိလက်ကို ဆွဲခေါ်လာရင်း ချောင်းကောလေး၏ သဲနုန်းတွေပေါ် အရောက်၌ သာဂိလက်ကို လွှတ်လိုက်သည်။ ပြီးတော့ သာဂိဘက်ကို တစ်ဖြည်းဖြည်းလှည့်ရင်း မော့ကြည့်သည်။ သာဂိ သူမကို ထွေးဖက်လိုက်ပြီး ပါးချင်းအပ်လိုက်သည်။ သူမ ပါးလေးတွေသည် အအေးဒဏ်ကြောင့် ထင်သည် အေးစက်စက်လေး

ဖြစ်နေသည်။ သို့သော် ရင်ခွင်ကတော့မူ နွေးထွေးလွန်းလှသည်။ ချောင်းကောလေး၏ လက်ကျန်ရေ အိုင်လေးတွေထဲမှ ထွက်လာသော ဖြူလွှလွှ အငွေ့တစ်ချို့နှင့် လေထဲတွင် ဝေ့ဝဲ လှုပ်ရှားနေသော မြူနှင်းမှုန်တစ်ချို့တို့သည် သာဂိကို နတ်ဘုံနတ်နန်း တစ်ခုသို့ ရောက်ရှိသွားစေသည့် အလား အထင်မြင် ရောက်နေစေသည်။ သာဂိသည် ဒီအတိုင်းလေးငြိမ်နေမိရင်း အနောက်မြောက်ပိုင်းဒေသ၏ ဆောင်းတွင်းကို နွေးထွေးစွာ ခံစားနေမိသည်။ လောကကြီး တစ်ခုလုံးသည် တိတ်ဆိတ်နေသည်။တစ်ချက်ချက် ပေါ်လာသော လေတိုးသံ သဲ့သဲ့မှ တစ်ပါး အရာအားလုံးသည် ငြိမ်းချမ်းစွာ တည်ရှိနေကြသည်။ ကောင်းကင်ပြင်က လမင်းသော်တာနှင့် ကြယ်ညီနောင်တစ်စုတို့သည် သာဂိတို့ကို မမြင်ချင်ယောင် ဆောင်ကာ ချောင်းကြည့်နေသည်။

ခေါင်းစွပ်စွပ်ဖို့ မေ့လာမိသော သူ့နားရွက်တွေကတော့ ထုံကျင် အေးစက်နေပြီ ဖြစ်၏။ သာဂိက သူမကို ပြန်ငုံ့ကြည့်လိုက်သည်။ သူမသည် သာဂိ ပခုံးပေါ်တွင် မှေးနေရာမှ မျက်တောင်လေး တစ်ချက်၊ နှစ်ချက်ခတ်၍ သာဂိကို ပြန်ကြည့်သည်။ သာဂိ သူမကို နမ်းမည့်ဟန် ခေါင်းကို ငုံ့လိုက်စဉ် သူမကအရင် ခြေဖျားလေး ထောက်၍ သာဂိ နှုတ်ခမ်းတွေကို လာနမ်းသည်။ သူမ နမ်းပုံက တစ်မျိုးဖြစ်၏။ သာဂိနှုတ်ခမ်းသားတွေကို ငုံရင်း လျှာလေးနှင့် လာလာ ထိကစားခြင်း ဖြစ်သည်။ အေးစက်စက် ဖြစ်နေသော သာဂိနှုတ်ခမ်းတွေ နွေးထွေးလာသလို တစ်ကိုယ်လုံးရှိ သွေးတွေပါ ဆူတက်လာသည်။ သာဂိ သူမကို ဖက်ပွေ့ကာ သဲပြင်ပေါ် လှဲချမည့် ဟန်ပြင်စဉ် သူမက သာဂိကို တားသည်။ ပြီးတော့ လည်ပင်းက မာဖလာလေးကို ချွတ်ကာ သဲပြင်ပေါ်ခင်းလိုက်သည်။ ပြီးတော့ မာဖလာပေါ် ခေါင်းတင်ကာ လှဲလိုက်သည်။ သြော်.. ဆံပင်တွေထဲ သဲဝင်မည် စိုးရိမ်၍ ထင်သည်။ သာဂိ ဂျာကင်ကို ချွတ်လိုက်သည်။ ပြီးတော့ သူမ ခေါင်းလေးအောက်တွင် ခင်းပေးလိုက်သည်။

ပြီးတော့ သူမ ကိုယ်လေးပေါ်တက်ခွရင်း နှုတ်ခမ်းတွေကို နမ်းလိုက်သည်။ လက်က သူမ ဆွယ်တာ အောက်မှ လျှို၍ နို့အုံလေးတွေကို လိုက်ရှာရင်း စမ်းတော့ သူမဆီက "အရှီ..... ...စီးးးး" ဆိုသော အသံလေး ထွက်လာသည်။ သူတို့ ချင်းမလေးတွေသည် ယောင်လျှင် "အရှီ၊ အရှီ" ဟုယောင်တတ်သည်။ ယခု သာဂိလက်တွေက အေးစက်နေ၍ သူမ ရင်တွင်းသားလေးတွေနှင့်ထိသော အခါ အအေးဓာတ်ကြောင့် ယောင်အော်ခြင်း ဖြစ်မည်။ သာဂိလက်ကတော့ လုံးဝကြီးကို နွေးထွေးသွားသည်။ ခဏကြာမှ ထိကိုင်မိသည်နှင့်ပင် သူမနို့အုံလေးတွေ တင်းလာပြီ ဖြစ်ကြောင်း သာဂိ သတိပြုမိသည်။ သာဂိ ဘောင်းဘီကို ခက်ခက်ခဲခဲ လက်တစ်ဘက်ထဲနှင့် ရအောင် လျှောချသည်။ ပြီးတော့ သူမ ထမီကို အောက်ကနေလှန်ရင်း ပေါင်သားလေးတွေကို ပွတ်တော့ အောက်တွင် ဘောင်းဘီ တစ်ထပ် ရှိနေသေးတာ တွေ့ရသည်။ ထရပ်စု အမျိုးအစား ဘောင်းဘီ ဖြစ်၍ ဒူးခေါင်းလောက်သာရှိသည်မို့ သာဂိသတိမထား မိခြင်းဖြစ်သည်။

သာဂိက ထိုဘောင်းဘီလေးကို ဆွဲချွတ်ဖို့ ကြိုးစားသည်။ သူမက "မချွတ်နှင့်၊ အေးတယ်"ဟု ပြောရင်း ရုန်းသည်။ သာဂိ ဒုက္ခရောက်ချေပြီ။ ဘောင်းဘီကို ဘယ်လိုမှ ချွတ်လို့မရ။ ယောက်ကျားအားနှင့် အတင်းချွတ်မည်ဆိုလျှင် ဖြစ်နိုင်သော်လည်း အဲလိုကြီးလဲ မလုပ်ချင်။ မချွတ်ပြန်လျှင် လည်း ခရီးဆုံးရောက်ဖို့

ဘယ်ပုံနှင့် သွားမည်နည်း။ သာဂိ ခေါင်းတွေ ကုပ်မိသည်။ သူမကတော့ အောက်မှာ ပြုံးစိစိနှင့် သာဂိကို ကြည့်နေသည်။ သာဂိ စိတ်ထဲတွင် နည်းနည်းတော့ တင်းသွားသည်။ "နေနှင့်ဦး၊ ကလိပြီး ဒီအတိုင်းထားပစ်ခဲ့ဦးမယ်" ဟုတွေးကာ ဆွယ်တာလေးကို လှန်ပြီး ဗိုက်သားလေးတွေကို နမ်းစုပ်ပစ်လိုက်သည်။ သူမ ခါးလေးကော့ပြီး ထွန့်ထွန့်လူးရင်း တစ်ခစ်ခစ်နှင့် ရယ်သည်။ လက်တွေကက သူမ ပေါင်အတွင်းသားလေး တွေတစ်လျှောက် ပွတ်သပ်ရင်း ခွဆုံသို့ ရောက်လာသည်။ အဲတော့မှ သာဂိ အံ့သြရသည်။ သူက ဒ့ါကြောင့် မချွတ်နှင့် ပြောတာကိုးဟု ခုမှ သဘောပေါက်ရသည်။

သူမသည် ဘောင်းဘီကို ခွဆုံနေရာတွင် အပေါက်ဖောက်ထားသည်။ သာဂိအချိန်ဆိုင်းမနေတော့။ ဘောင်းဘီကို အောက်လျှောထားတာ နည်းနည်းကြာလာ၍ တင်ပါးတွေတောင် အေးစက်စက် ဖြစ်နေပြီ မဟုတ်ပါလား။ သာဂိ လိင်တံကို ကိုင်ကာ သူမ ဖောက်ထားသော အပေါက်ထဲ ရှာဖွေထိုးထည့်လိုက်သည်။ ရသည်။ ဖောက်ထားသော အပေါက်က ဟိုအပေါက်နှင့် ကွက်တိဖောက်ထားခြင်းဖြစ်၍ ပထမတစ်ပေါက် ဝင်သည်နှင့် နောက်တစ်ပေါက်က အော်တို အလိုလို လျှောကနဲ . ...အဲ ..လျှောကနဲ မဖြစ်။ ထိပ်ဝမှာကွမ်းသီးခေါင်း ပင်မမြုပ်သေး။ အထဲက တစ်စုံတစ်ရာသည် သာဂိ အောက်ငယ်ထိပ်ကို လာဖိထားသည်။ ရှေ့ဆက်တိုးရမှာတောင် ခပ်ခက်ခက်ဖြစ်၏။ အထဲက တစ်စုံတစ်ရာသည် ငြိမ်းငြိမ်းတုန်းက ဟာမျိုးနှင့် မတူချေ။ သူက အထဲကနေ ကာနေတာမျိုး မဟုတ်။ ဆို့နေတာမျိုး မဟုတ်။ အပေါ်က လာဖိထားတာ ဖြစ်သည်။ သာဂိ အဲဒါကို ကျော်ဖို့ အတန်ငယ် အားစိုက်လိုက်ရသည်။ သို့ရာတွင် နောက်တစ်ခုနှင့် ထပ်ဆုံပြန်၏။ ပထမဂိတ်ကို ကျော်လာ၍ ကျိန်းကနဲ ဖြစ်သွားတာပင် မပျောက်သေး။ နောက်တစ်ဂိတ် နှင့် ဆုံပြန်၏။ သာဂိသည် ခြောက်လက်မခန့် ခရီးကို အံကြိတ် လက်သီးဆုပ်ပြီး မနည်းကျော်ဖြတ်ရသည်။ အဆုံး ပန်းတိုင်ရောက်၍ ဆီးခုံ ချင်းထိသွားတော့မှ "ဟား" ကနဲ ရေရွတ်ရင်း သူမ ကိုယ်လုံးလေးပေါ် မှောက်ရင်း ခဏ အနားယူနေမိသည်။

သူမသည် သာဂိ မျက်နှာကို လက်ဖဝါး နှစ်ဖက်နှင့် ညှပ်ကိုင်ကာ သာဂိ နှုတ်ခမ်းသား တစ်ခုလုံးကို ငုံခဲလိုက်သည်။ ထိုစဉ် အောက်ပိုင်းက .. အောက်ပိုင်းက သူမ၏ အတွင်းသားတွေသည် စည်းချက်ကျကျ လှိုင်းထသလို တစ်ရွေ့ရွေ့ လှုပ်ရှားလာနေသည်။ သာဂိ ဇဝေဇဝါ ဖြစ်သွားသည်။ သူမ လက်နှင့် ကိုင်လိုက်တာလား။ မဟုတ်။ သူမ လက်များသည် သာဂိမျက်နှာပေါ်မှာ ရှိသည်။ သာဂိ ပဲ လှုပ်မိသလား .. မဟုတ်။ ခုနက နည်းနည်း ကျိန်းသွား၍ ခဏ မှိန်းနေမိစဉ် လုံးဝမလှုပ်။ ဒါဖြင့် .. သူမ အတွင်းသားတွေက လှုပ်တာပေ့ါ။ မှန်သည်။ သာဂိ ဝင်္ကလည်ပြီ ဖြစ်သည်။ သူ့ လိင်တံကို အက်စ်တာ့ အတွင်းသားတွေက ဖျစ်ညှစ်တစ်လှည့်၊ ညှစ်တာ တစ်ခါ၊ လျှော့တာ တစ်မျိုးနှင့် ဆော့ချင်တိုင်း ဆော့နေရာ သာဂိ တစ်ရှိုးရှိုး ... တစ်အားအား နှင့် အော်လိုက်ချင်သည်။ အော်လို့မရ ။ သူ့နှုတ်ခမ်းတွေသည် ဖွင့်လိုပင် မရအောင် အက်စ်တာ ခံတွင်းထဲမှာ ရောက်နေကြသည်။ သာဂိ လုပ်နိုင်တာ တစ်ခုပဲရှိတော့သည်။ အက်စ်တာ့ ပေါင်လုံးကြီးတွေကို ဆွဲမလိုက်ကာ အတင်း နင်းဆောင့်မိခြင်းပင် ဖြစ်ပါတော့သည်။

ဒါတောင် သိပ်ကြာကြာတော့မဟုတ်။ လေး၊ ငါးမိနစ်ခန့် အကြာတွင် သာဂိပြီးသွားသည်။ ပြီးနေစဉ်မှာ မချိမဆန့် တစ်ချက် ခံလိုက်ရသေးသည်။ သာဂိ လိင်တံက အရည်တွေ ထွက်နေစဉ် သူမက ပွစိပွစိ လုပ်ကာ

အတင်းရှုံ့ပြီး ဆွဲစုပ်ထား၍ သာဂိ ကိုယ်ထဲက သွေးတွေပါ ထွက်ကရော ထင်ရအောင် သုတ်ရည်တွေ တစ်စက် မကျန် ထွက်ကုန်သည်။ ပြီးတော့ သာဂိသည် မောဟိုက်စွာ သူမဘေးတွင် လှဲလိုက်ရင်း သူမကိုယ်လေးကို ဖက်ထားလိုက်မိသည်။ သူမက သာဂိ ခေါင်းကို ရင်ခွင်ထဲထည့်ကာ ကလေးတစ်ဦးကို ထွေးဖက်သလို ထွေးဖက်ထားသည်။ ထို့နောက် သာဂိသည် မှေးကနဲ အိပ်ပျော်သွားသည် ထင်သည်။ ၁၂ နာရီ ထိုးတော့မယ်ဟေ့ .. လာကြ ... လာကြ ..ဆိုသော အသံကိုကြားရတော့မှ သတိပြန်ဝင်လာသည်။

သာဂိ နှင့် အက်စ်စတာသည် ကမန်းကတမ်း ထပြီးကိုယ့်အဝတ်ကိုယ် ပြုပြင်ကြရသည်။ ဘောင်းဘီကြီး ကျွတ်ရင်း မေ့ကနဲ အိပ်ပျော်သွားမိသော သာဂိ တင်ပါးတွေကား ထုံနေချေပြီ။ ကိစ္စမရှိ၊ နလုံးသားက နွေးထွေးဆဲ ဖြစ်သည်။ သာဂိတို့ Happy New Year ကို အားပါးတရ အော်ဟစ်ရင်း ကြိုဆိုခဲ့ကြသည်။ ပြီးတော့ ဘေးနားက တဲအိမ်လေးထဲတွင် စုပေါင်းပြီး ကွေးသည်။ သာဂိကို အက်စ်စတာက သိုးမွှေးစောင်ကြီး တစ်ထည်ပေးသည်။ သာဂိက စောင်လာပေးသော လက်ကလေးတွေကို ဖမ်းဆုပ်ထားလိုက်တော့ သူမက မျက်စောင်းထိုးရင်း "ခဏနေမှ လာခဲ့မယ်" ဟုတိုးတိုးလေး ပြောသည်။ သာဂိဘေးတွင် ကောင်လေးတစ်ချို့ လှဲနေကြပြီ။ သူတို့ စောင်တွေကလဲ နှစ်ယောက်ခြုံ စောင်များချည်းသာ ဖြစ်သည်။ မီးဖိုကြီးက အလင်းရောင်များသည် တစ်ဖြေးဖြေး လျော့ပါးလာနေသည်။ တစ်ချို့ကတော့ အိမ်ပြန်ကြပုံ ပေါ်သည်။ ဆိုင်ကယ်စက်နှိုးရင်း အားလုံးကိုအော်ဟစ် နူတ်ဆက်နေသံ ကြားရသည်။ ထိုအသံတွေ တစ်ဖြည်းဖြည်းဝေး၍ တိုးတိတ်သွားချိန်တွင် သာဂိ စောင်ထဲကို တစ်စုံတစ်ယောက် တိုးဝင်လာတော့သည်။

နွေးထွေးနူးညံ့လှသော ရင်ခွင်တစ်ခုသည် သာဂိ၏ ဘယ်လက်မောင်းနှင့် ဘယ်ရင်အုံပေါ်လာပိသည်။ သာဂိ သူမကို ပြန်လည်ထွေးဖက်ထားလိုက်သည်။ သူမက ဝိုးတစ်ဝါးလေးတောင် မမြင်ရအောင် ပိန်းပိတ်နေသော အမှောင်ထုထဲတွင် သာဂိ မျက်နှာကို လက်လေးနှစ်ဖက်နှင့် စမ်းပြီး ရှာဖွေသည်။ သို့ရာတွင် သာဂိက သူမထက် ဦးစွာ သူမနူတ်ခမ်းလေးတွေကို ရှာဖွေ တွေ့ရှိသွားသည်။ အပြန်အလှန် နမ်းကြရင်း သာဂိစိတ်တွေပါလာသည်။ မရတော့။ သူမပေါ်တက်ဖိလိုက်သည်။ သူမက လေသံလေးနှင့် ပြောသည်။

"လူတွေရှိတယ်..."
"ရှိ .. ရှိ ..."

သာဂိသည် နွားသိုးကြိုးပြတ်သည့်နှယ် ဖြစ်နေချေပြီ။ သူမက အစပိုင်း ငြင်းဆန်သေးသော်လည်း ခဏအကြာတွင်မူ လိုက်လျောလိုက်တာလား၊ စိတ်ပါလာတာလားတော့ မသိ။

"ဖွတ်ကြီးပဲ.. အဲဒါဆို ထ.. အိမ်သွားရအောင်" ဟုဆိုသည်။

သာဂိ ချက်ချင်းပင် လူးလဲထသည်။ ပြီးတော့ သူတို့ နှစ်ယောက် တိတ်တိတ်လေး ချွတ်နင်းပြီး ဆိုင်ကယ်ရှိရာသို့ သွားသည်။ အတော် ခပ်လှမ်းလှမ်းထိ ဆိုင်ကယ်ကို တွန်းပြီးကာမှ စက်နှိုးပြီး မောင်းထွက်လာကြသည်။ သူမသည် သာဂိ ဂျာကင် အောက်ထဲကနေ သာဂိခါးကို အားရပါးရ

ဖက်ထားသည်။

ထိုနေ့ညက သာဂိ အက်စ်စတာတို့ အိမ်မှာ အိပ်သည်။ အပေါ်ထပ်က သူမအခန်းထဲတွင် နွေးထွေးစွာ မွေးစက်ရင်း သုံးခါလောက် လုပ်ဖြစ်သေးသည်။ သူမ၏ ပစ္စည်းကား သာဂိအတွက် အံ့သြဖွယ်ရာ အတိဖြစ်ချေသည်။ သာဂိ အရမ်းကို ကြိုက်နေမိသည်။ သူမ နည်းနည်းလေး လူးလွန့်မိ၍ သာဂိ နိုးလာသည်နှင့် တစ်ခါ လုပ်ဖြစ်နေသောအခါ နောက်ဆို သူမသည် ရင်ခွင်ထဲတွင် ငြိမ်ငြိမ်လေးသာ ခွေနေတော့သည်။ မနက် လေးနာရီခန့်တွင်မူ သူမက သာဂိကို အတင်းနှိုး၍ ပြန်တော့ဟု ပြောသည်။ ဆိုင်ကယ်ယူသွား မနက်ကျမှ လာပေးဟုဆိုသည်။ သာဂိ အိပ်ချင်မူးတူးဖြင့် တစ်ချီ ဆွဲဖို့ ကြံသေးရာ သူမက အတင်းတွန်းလွှတ်ပြီး " နင်တို့ ..ဗမာတွေ ဆိုးကို ဆိုးတယ်၊ မနက်ဖြန်မှ လာနော် ၊ အမေတို့ သိသွားမယ်၊ ပြန်တော့" ဟုဆိုသည်။ ထိုအခါမှ သာဂိလဲ "မန်းထန်မော" ဆိုကာ ပြန်ခဲ့ရသည်။
(မန်းထန်မော=အိမ်မက်လှလှ မက်ပါစေ၊ ခွဲခွာခါနီး နှုတ်ဆက်စကား)

သာဂိ နိုးလာတော့ ကိုနေဇာကို ဧည့်ခန်းထဲမှာ ထိုင်နေတာ တွေ့ရသည်။ ကိုနေဇာက ပြုံးပြပြီး ညက အခြေအနေကို မေးသည်။ သာဂိသည် ကိုနေဇာ မမေးလဲ ပြောပြဖို့ စိတ်ကူးရှိပြီးသား ဖြစ်သည်။ ညက သူ့လိင်တံကို ကစားချင်သလို ကစားထားခဲ့သော အက်စ်စတာ၏ ပစ္စည်း အကြောင်းလဲ သိချင်သည်။ သာဂိ ပြောပြ အပြီး ကိုနေဇာက ရှင်းပြသည်မှာ ဤသို့ ဖြစ်သည်။

" ဒါက သူတို့ တိုင်းရင်းသူတွေရဲ့ အားသာချက်လို့ ပြောရမှာပဲ။ ဟိုးအရင်တုန်းက ဒီတောင်တန်း ဒေသတွေမှာ ဆေးဆရာတွေ၊ သမားတော်တွေ မရှိခဲ့ကြဘူး မဟုတ်လား။ သူတို့ မိန်းမတွေမှာလည်း ယောက်ျားတွေလို အူကျတတ်တဲ့ ရောဂါ ရှိတယ်ဗျ။ တစ်ကယ်ပြောတာ။ တစ်ချို့ဆို အထဲကနေ လိပ်ခေါင်း ထွက်သလိုကို ပြူထွက်နေတာ။ အဲဒါကို သွားရင်း လာရင်း ပေါင်နှင့် တိုက်မိတဲ့ အခါ ပွန်းပြီး အနာဖြစ်၊ ပြည်တွေတည် တော့မှ ဆေးခန်းရောက်ကြရတာ။ တစ်ကယ်တော့ အဲဒါ အူကျတာ မဟုတ်ပါဘူး။ သားအိမ်ကျတာ၊ ဆီးအိမ်ကျတာ၊ အစာဟောင်း အိမ်ကျတာ အဲဒါမျိုးတွေ ဖြစ်တာလေ။ ဘာဖြစ်လို့ ကျသလဲ ဆိုတော့ ကျွန်တော်တို့ ဒီ တင်ပဆုံရိုးကွင်းထဲမှာ အင်္ဂါတွေ အများကြီးရှိတယ်ဗျ။ အဲဒါတွေကို သူ့နေရာနှင့်သူ ပုံမှန် ရှိနေအောင် အထဲမှာရှိတဲ့ အရွတ်တွေ၊ အကြောတွေက ထိန်းပေးထားတာ။ အဲဒီ ထိန်းပေးထားတဲ့ ကောင်တွေ အားနည်းလာရင် ခုန ပြောသလို ဖြစ်တော့ တာပဲ။ အားနည်းရခြင်း ကလဲ အမျိုးမျိုး ရှိတယ်တဲ့။ များသော အားဖြင့်တော့ လိင်ဆက်ဆံမှု များတာ၊ ကလေးတွေ တဖွတ်ဖွတ် မွေးတာ၊ နောက်ဆုံး အလေးပင် မတာ၊ ချောင်းဆိုးတာ၊ ရယ်တာကိုတောင် သတိမထားတတ်ရင် အဲဒီကောင်တွေကို အားနည်းစေတယ်။ အဲဒါကြောင့် ရှေးလူကြီးတွေက တစ်ဘက်လှည့်နှင့် ပြောဆိုဆုံးမခဲ့တာ ဖြစ်မယ်။ မိန်းကလေးတွေ အားရပါးရ ရယ်တာကို တားမြစ်တာလေ။ တစ်ကယ်တော့ သူတို့က စေတနာနဲ့ပါဗျာ။ အဲ ..စကားက ဘယ်ရောက်သွား.. ဟုတ်ပြီ။ ဒီမှာက ဆေးဆရာတွေ မရှိတော့ သူတို့မှာက ကုဖို့ခက်တယ်လေ။ အဲတော့ ကိုယ့်ဘာသာကိုယ် ကာကွယ်ကုသကြရတာပေ့ါ။

ဘယ်လိုလဲ ဆိုတော့ စစချင်း ဆီးသွားနေရင်း ဆီးမကုန်ခင် ဆီးသွားတာကို ခဏ ရပ်အောင်

လုပ်ကြည့်တာပဲ။ ပြီးရင် ပြန်သွား။ ရပ်လိုက်၊ သွားလိုက်နှင့် ကြာလာတော့ ဘယ်နေရာကို ဘယ်လို ညှစ်ကျုံ့လိုက်ရင် ရတယ်ဆိုတာ ကိုယ့်ဟာကိုယ် သိလာပါတယ်။ တစ်ခုပဲ သတိထားရမယ်တဲ့။ ပေါင်တွေ ခြေထောက်တွေ တောင့်ပြီး ညှစ်တာမျိုး မဖြစ်ရဘူး။ အသက်တွေ ဘာတွေ အောင့်ပြီး အတင်းကြီး ရှုံ့တာမျိုး မဖြစ်ရဘူး။ သက်သက်သာသာလေးပဲ ။ အဲ ခုန ဆီးသွားတာကို ရပ်တတ်ပြီဆိုရင်တော့ ပက်လက်အိပ်ရင်း စမ်းကြည့်၊ ထိုင်ပြီးတော့ စမ်းကြည့်၊ ဆီးသွားဖို့ ပြောတာ မဟုတ်ဘူးလေ။ ဆီးသွားရင် ရပ်အောင် ညှစ်တဲ့ ဟာတွေကို ညှစ်ခိုင်းကြည့်တာ။ နောက်ဆိုရင် အချိန်မရွေးလုပ်နိုင်တယ်။ အလုပ်လုပ်ရင်၊ တီဗွီ ကြည့်ရင်း ကလေးထိန်းရင်း ကျင့်နေလို့ရတယ်။ ညှစ်တဲ့ အချိန်ကိုတော့ တစ်ဖြေးဖြေး တိုးယူပေါ့။ စစချင်း နှစ်စက္ကန့်လောက်ကနေ ကြာနိုင်သလောက် ပိုကောင်းတာပေါ့။ ခင်ဗျား အက်စ်စတာဆို နာရီဝက်လောက်တောင် ညှစ်နိုင်တယ် မဟုတ်လား..ဟားဟား ။ ဒီလိုကျင့်တာ ဘာကောင်းသလဲ ဆိုတော့ ခုနပြောတဲ့ ရောဂါတွေ ဖြစ်ဖို့ အခွင့်အလမ်း အရမ်းကို နည်းသွားမယ်။ နောက်ပြီး ကိုယ့် လင်သားက အပျိုတွေနှင့်တောင် ကိုယ့်ကို လဲနိုင်မှာ မဟုတ်တော့တဲ့ အကျိုးရမယ်။ အပြင်ထွက်ထွက်ပြီး အသစ်မြည်းချင်တဲ့ ဒင်းတို့ကို ကောင်းကောင်း နှိပ်ကွပ်လို့ရတာပေါ့ဗျာ။ ခု ခင်ဗျားတောင် အဲလို ဖြစ်နေပြီ မဟုတ်လား။ ဟဲဟဲဟဲ..”

“ဟုတ်တယ်ဗျာ.. ကျွန်တော် တစ်သက်နှင့် တစ်ကိုယ် ဒီလောက်ကောင်းတာ တစ်ခါမှ မတွေ့ဘူးသေးဘူး။ ငြိမ်းငြိမ်း အကြောင်း အစ်ကို သိပါတယ်။ သူနှင့်တောင် ဒီလောက် မကောင်းဘူးဗျ။ ခုဟာက တော်တော် မိုက်တာ”

“ဟားဟားဟား ..အဲဒီတော့လဲ ရိုတ်စပီးယားကြီး ပြောသလို သူမရဲ့ ပေါင်ကြားမှာပဲ သေသွားပါစေ၊ ငါဟာ သွေးနားထင်ရောက်နေတဲ့ သတို့သားလို သတ္တိရှိရှိနှင့် သေသွားမယ် လို့သာ ကြုံးဝါးလိုက်ပေါ့ဗျာ။ အဲ.. ဒါနှင့် ခင်ဗျား တစ်ခုတော့ သတိထားနော်။ ခင်ဗျားတို့ နှစ်ယောက် ကိုးကွယ်တဲ့ ဘာသာ မတူကြဘူး။”

သာဂိသည် ကိုနေဇာ့စကားကို ဆုံးအောင် နားထောင်ဖို့ စိတ်ကူးမရှိတော့။ အက်စ်တာထံသို့ သွားချင်နေပြီ ဖြစ်သည်။ ဘာသာရေးနှင့် ပတ်သက်ပြီး သူက အယူသည်းလှသူ မဟုတ်၍လည်း ထိုကိစ္စကို သိပ်မစိုးရိမ်။ အက်စ်တာတို့ အိမ်ရောက်သောအခါ အက်စ်တာကို မနည်းခေါ်ယူရသည်။ သူမက အိပ်နေ၍ဖြစ်သည်။ သူမ မိဘတွေကတော့ နန့်ဖာလုံဈေးသို့ ဈေးရောင်းထွက်သွားကြပြီ။ သာဂိ သိပ်တွေးနေစရာ မလို။ သူမအိပ်ယာထဲတွင် ဝင်ကွေးလိုက်သည်။ တစ်ကယ်တော့ သူလဲ အိပ်ရေးဝသေးတာ မဟုတ်ချေ။ အိပ်မပျော်ခင် ခဏတာ ခွဲခွာရမှု အလွမ်းပြေ အဖြစ် တစ်ခါလောက် ချစ်လိုက် ကြသေးသည်။

သာဂိသည် ကိုနေဇာ အလုပ်လုပ်နေသည့်နှစ်ပတ်အတွင်း အက်စ်စတာ့အိမ်တွင်သာ အချိန်ကုန်နေသည်။ သူနှင့် အက်စ်စတာသည် ညဘက် အတူမနေရသည်မှ လွဲ၍နေ့ဘက် တစ်ချိန်လုံး လင်မယားလိုသာ နေကြသည်။ အတူစားသည်၊ အတူရေချိုးသည်၊ အတူတူ ချက်ပြုတ်ကြသည်၊ ပြီးတော့ အတူတူ ချစ်ကြသည်။ သာဂိ ပျော်နေပြန်ချေပြီ။ သို့ရာတွင် လွတ်လွတ်လပ်လပ်လည်း မပျော်နိုင်ချေ။ သူ့ အပျော်တွေသည် ဘယ်တော့မှ တာရှည် မခံတတ်မှန်း သာဂိ ခံစားနေကြဖြစ်လာ၍ စိုးရိမ်နေမိသည်။

အက်စ်တာ့ကို ကြည့်ရတာတော့ ဘာမှုအပူအပင် မရှိသလို ပုံမှန်ပဲ ဖြစ်သည်။ သူ့အပေါ်တွင်တော့ တစ်ကယ့်ကို ယုယုယယရှိသည်။ ခပ်ဝဲဝဲလေး ပြောသော မပီတပီ စကားသံလေးများအောက်တွင် သာဂိသည် ပျော်ဝင်နေပြန်သည်။ ဘာပဲဖြစ်ဖြစ် တစ်ရွာသား ဖြစ်သည့် သူသည် အချိန်တန်လျှင် အိမ်ပြန်ရမည်သာ ဖြစ်သည်။

သူတို့ ပြန်ရမည့်ရက်သည် သိပ်မကြာခင်တင် ရောက်လာတော့မည် ဖြစ်ကြောင်း ကိုနေဇာက အသိပေးလာသည်။ အလုပ်တွေပြီးပြီ။ နှစ်ရက်၊ သုံးရက်ကြာလျှင် ပြန်မည်ဟု ဆိုသည်။ သာဂိ အက်စ်စတာကို ခေါ်သွားချင်သည်။ သူ ငွေလဲရှာတတ်နေပြီ ၊ နောက်ပြီး မတွေ့တာကြာပြီ ဖြစ်သော အဖေနှင့် အမေတို့ဆီလည်း အလည်သွားရင်း သူမကို ခေါ်သွားချင်သည်။ အန်တီက မြို့နယ် ပညာရေးမှူးဖြစ်နေပြီဟု ကြားရသည်။ သူနှင့် အက်စ်တာကို အန်တီက မည်သို့ သဘောထားမည်နည်း။ သာဂိသည် အက်စ်တာကို လက်ထပ်ပြီး ခေါ်ယူသွားနိုင်ဖို့ သူ့မိဘတွေနှင့် ဆွေးနွေးရသည်။ သာဂိ ဘက်က လူကြီးကတော့ ကိုနေဇာပင်ဖြစ်သည်။ အက်စ်တာတို့ ဘက်တွင် သူ့မိဘများသာမက ဦးထန်ပါ ပါဝင်ဆွေးနွေးသည်။ အက်စ်စတာတို့ဘက်က တောင်းဆိုသည်မှာ မများလှပါ။ ခေတ်ဆန်သော အမြင်ကျယ်သည့် လူကြီးများ ဖြစ်သည့်အတိုင်း တင့်တင့်တယ်တယ် ဘုရားကျောင်း တွင် လက်ထပ်ပေးလျှင် ရပြီဟု ဆိုကြသည်။ စကားတတ်သလောက်၊ စပ်စုတတ်သော ကိုနေဇာကြောင့် ဆွေးနွေးပွဲ၏ အစသည် စိတ်ဝင်စားဖို့တော့ ကောင်းသည်။

ကိုနေဇာက အက်စ်တာတို့ အိမ်ဧည့်ခန်းနံရံတွင် ချိတ်ထားသော ပန်းချီကားထဲမှ ပါးရဲထိုး အမျိုးသမီးပုံကို ညွှန်ပြ၍သူတို့က ဘာလို့ အဲလို ထိုးရတာလဲ ဟု စပ်စုသည်။ သာဂိ အားနာသွားမိသည်။ ကြားဖူးတာက မြန်မာ ဘုရင်တွေ ချင်းမလေးတွေကို တော်ကောက်မှာစိုး၍ ပါးရဲထိုးရသည်ဟု ကြားဖူးသည် မဟုတ်ပါလား။ သို့ရာတွင် ဦးထန်က ရယ်၍ ပြောသည်။

"ဘယ် ဗမာ ဘုရင်မှ ဒီလို တောတောင်ထဲလာပြီး တော်ကောက်မနေပါဘူး၊ တစ်ကယ်လို့ တော်ကောက်လို့ ထိုးရတယ် ဆိုရင်တောင် အဆက်သွယ် ခက်ခဲတဲ့ ကျွန်တော်တို့ တောင်ပေါ်ဒေသမှာ ဒီသတင်းပြန့်ဖို့ တစ်ကယ်ကို မလွယ်လှပါဘူး။ အဲဒါက ကိုလိုနီခေတ် နယ်ချဲ့တွေ သွေးခွဲ ရန်တိုက် ပေးတဲ့ စကားပါ။ တစ်ကယ်တော့ ကျွန်တော်တို့ အမျိုးသမီးတွေ ပါးရဲထိုးတာက ဟိုး နတ်ကိုးကွယ်စဉ်တုန်းက နတ်ဆရာတွေရဲ့ အစီအရင် တစ်ခုပါ။ ပါးရဲကွက် မပြည့်ပဲ အိမ်ထောင်ပြုရင် နတ်က စိတ်ဆိုးတတ်တယ်လို့ ဆိုကြတယ်။ ခုတော့ နတ်ကိုးကွယ်တာ နည်းသွားသလို ပါးရဲထိုးကြတာလည်း ပျောက်သလောက် ဖြစ်သွားပါပြီ "
ဟုဆိုသည်။

ပြီးတော့ ကျွန်တော်တို့ လက်ထပ်ပွဲ အကြောင်းရောက်သွားပြန်သည်။ ထုံးစံ အတိုင်းဆိုလျှင်တော့ မိန်းကလေး တန်ဖိုးအဖြစ် နွားနောက် ငါးကောင်နှင့် ရွှေနားကွင်း ဆယ်ကွင်း ချက်ချင်းပေးရမည် ဆိုသည်။ သာဂိ နည်းနည်း နင်သွားတာကို မြင်၍လား မသိ။ ခုခေတ်မှာတော့ ဒါတွေ အဓိကမထားတော့ပါ ဟု ဆက်ပြောသည်။ နောက် .. ပြောရင်း ဆိုရင်း သာဂိကို နှစ်ခြင်းဘယ်တော့ခံမလဲ ဟုမေးသည်။ သာဂိ

မဖြေတတ်တော့။ ကိုနေဇာကို လှည့်ကြည့်မိတော့ ကိုနေဇာက စကားကို လှည့်ပတ်ပြောသည်။ အိမ်ထောင်ရေးမှာ ချစ်ခြင်းသာ အဓိက ဖြစ်ပြီး ကိုးကွယ်မှုကို နားလည်မှုနှင့် ညှိနိုင်းကြမည် ဖြစ်ကြောင်း သူ့ဘာသာကို ကိုယ်အားပေးသလို၊ ကိုယ့်ယုံကြည်မှုကိုလည်း အားပေးစေချင်ကြောင်း စသည်ဖြင့် ဝေ့လည်လည် ဖြေပေးတော့ လူရှိုးကြီး ဦးထန်က သဘောကျပုံမရ။ မျက်မှောင်သာ ကုပ်သွားပြီး ဘာမှ မပြောတော့။

ဆွေးနွေးပွဲ၏ အရိပ်ယောင်သည် မုန်တိုင်း အစလို ချက်ခြင်းငြိမ်သက်သွားသည်။ ပြီးတော့ ဝုန်းကနဲ တိုက်ခတ်လိုက်သော လေပြင်းလို အက်စ်တာ့ ဖခင်၏ စကားတစ်ခွန်းက သာဂိရင်ကို ဝင်မွှေသွားသည်။

" ထမ်းပိုး မညီတဲ့ အိမ်ထောင်ရေးကို ကျုပ် သဘောမတူနိုင်ဘူး "

အက်စ်တာကို သူ့မိခင်က အိမ်ခန်းထဲ ခေါ်သွားသည်။ အက်စ်တာသည် ထိုင်ရာမှ အထ သာဂိ မျက်ဝန်းတွေကို တစ်မျိုးလေး စိုက်ကြည့်သွားသည်။ သူမ မျက်ဝန်းတွေက သာဂိကို တစ်ခုခု ရွေးချယ်ဖို့ တောင်းပန်နေသည် ထင်သည်။ ကိုနေဇာက သာဂိကို ရွှေဘုံသာ ဘုရားရင်ပြင်တော်ပေါ်သို့ ခေါ်လာခဲ့သည်။ သာဂိ စိတ်သည် ဆည်းလည်း သံလေးများအောက်တွင် အနည်းငယ်တော့ တည်ငြိမ်မှုရလာသည်။ ကိုနေဇာက သာဂိကို စကားလုံးအေးအေးလေးများနှင့် တစ်လုံးချင်းပြောသည်။

" ခင်ဗျား .. စဉ်းစားပါ၊ ကိုသာဂိ။ လတ်တလော ချက်ချင်းကြီး မဆုံးဖြတ်ပါနှင့်ဦး။ ဘယ်ဘာသာတရားကိုမှ ကျွန်တော် မကောင်းမပြောပါဘူး။ ကျွန်တော်တို့ ဘာသာကိုမှ ကောင်းပါတယ်လို့လဲ အမွှန်း မတင်ချင်ဘူး။ ခင်ဗျားဟာ ခင်ဗျား မိဘတွေက မွေးထုတ်လိုက်ပေးတဲ့လူ၊ သူတို့ ကိုးကွယ်တဲ့ အတိုင်း ခင်ဗျား လိုက်ကိုးကွယ်ရတာပဲ။ ဒါဟာ အမှန်တရားပဲ။ အကျိုးကျေးဇူးတွေ၊ နောင်ဘဝတွေ အသာထားဦးဗျာ။ အကယ်လို့ ခင်ဗျားသာ ဘာသာ ပြောင်းလိုက်မယ် ဆိုရင် ခင်ဗျား မိဘတွေ ရင်ထဲမှာ ဘယ်လို ခံစားရမယ် ထင်သလဲ၊ နောက်ပြီး ခင်ဗျားကို တစ်သက်လုံး ပြုစု ထိန်းကျောင်းလာတဲ့ ခင်ဗျား အဒေါ် .. သူ ရော ဘယ်လို ခံစားရမလဲ။ တွေးကြည့်စမ်းပါ။ ခင်ဗျား တစ်ယောက် စိတ်ချမ်းသာဖို့ ဘယ်နှစ်ယောက် စိတ်ဆင်းရဲကြမလဲ။ တစ်နံ့နံ့နှင့် သူတို့ရင်တွေ ဘယ်လို ဖြစ်နေမယ် ထင်သလဲ၊ ခင်ဗျား .. ကိုရင်စည်းဖူးတယ် မဟုတ်လား၊ အဲဒီ တုန်းက သူတို့တွေ ဘယ်လောက် ပျော်တယ် ဆိုတာကို ပြန်မြင်ယောင် ကြည့်စမ်းပါဗျာ။ ခင်ဗျားလဲသင့်သလား၊ သေချာ စဉ်းစားပါ .. ကိုသာဂိ "

သာဂိ ပြူတင်းပေါက်ကနေ အောက်ကို လှမ်းကြည့်လိုက်သည်။ တိမ်မျှင်စတွေကြားက ကလေးမြို့လေးသည် မှုန်ပျပျသာ မြင်ရတော့သည်။ အက်စ်စတာ ရှိသည့် တမူးကိုကား မြင်ပင်မမြင်ရတော့။ သာဂိ ရင်ထဲက လေပူကြီးကို "ဖူး" ကနဲ မှုတ်ထုတ်လိုက်သည်။ သို့ရာတွင် ပေါ့မသွားချေ။ လေယာဉ်ထဲက အဲကွန်းသည် သာဂိ ရင်ကို အေးအောင် မတတ်နိုင်။ သာဂိ လေယာဉ်စီး၍ ရန်ကုန်ပြန်ခဲ့ခြင်း ဖြစ်သည်။ ပြည်မှာ နေချင်စိတ်လည်း မရှိတော့။ ဒေါ်လေး ကို ဝင်တွေ့ပြီးသည်နှင့် ရွာကို ပြန်မယ် စိတ်ကူးသည်။ ပြည်က လက်ကျန် ပစ္စည်းတွေကို ကိုထွန်းနိုင်နှင့် လွှဲလိုက်သည်။ သူက ဈေးဖြတ်ပြီး ရှီးမဘဏ်ကို

လွှဲပေးလိုက်မည်ဆိုသည်။

သာဂိ နည်းနည်းတော့ အတွေ့ကြုံရှိလာပြီ ဆိုရမည်။ အက်စ်စတာကို သတိရသည်မှ လွဲ၍ မိဖြူနှင့် တုန်းကလောက်၊ ငြိမ်းငြိမ်းနှင့် တုန်းကလောက် ခံစားရခြင်း မရှိတော့။ ဒါပေမယ့် သက်ပြင်းချရင်း ကိုယ့်လက်ဖဝါးကို ပြန်ကြည့်မိသည်။ (ဦး)စိုင်းထီးဆိုင် သီချင်းထဲကလို နှလုံးလမ်းကြောင်းမှာ ကျွန်းများ ပါနေသလားဟု ရှာနေမိခြင်းဖြစ်သည်။ ကျွန်းတော့ မတွေ့ သူ့နှလုံးလမ်းကြောင်းသည် အနားစတွေ ဖွာနေသော အုန်းဆံကြိုးကဲ့သို့ ဖွာလန်ကျဲ နေသည်မှာ ကပ်ကျေးနှင့်သာ ညှပ်ပစ်ချင်စရာ ဖြစ်၏။ သာဂိ ရန်ကုန်ရောက်သောအခါ ဒေါ်လေးရှိရာသို့ လိုက်သွားသည်။ ဒေါ်လေးသည် အရင်အတိုင်းပင် သာဂိကို ဆီးကြိုသည်။ ဒေါ်လေးသည် ဝဝဖိုင့်ကြီး ဖြစ်လာ၏။ ဆီဦးထောပတ်တွေ အစားများသွားသည် ထင်သည်။ သူ့ ဗိုက်ကြီးနှင့် လက်မောင်းလုံးလုံးကြီးတွေသည် ဦးလေးတစ်ကိုယ်စာလောက် ရှိသည် ထင်ရသည်။ ဦးလေးကတော့ သက်ပြည့်ပင်စင်နှင့် အငြိမ်းစားယူပြီး ဒေါ်လေးအခန်းမှာ ကပ်နေနေသည်။

သူ့ ဘာသာသူဆိုလျှင် သူ့ ပင်စင်လစာလေးကို လက်ဘက်ရည်ဆိုင် ထိုင်မှ သုံးစွဲတတ်သော်လည်း သာဂိရောက်လာသည့် ညနေက ဦးလေးသည် ဝီစကီ တစ်လုံးထောင်ပေး၏။ သာဂိ ဦးလေးကို အရမ်း ချစ်သွားမိသည်။ သူ နှစ်သက်သည့် လက်ဘက်ရည်ဆိုင် ထိုင်ခြင်း ကိစ္စအား တူဖြစ်သူကို ဧည့်ဝတ်ပြုခြင်းနှင့် လဲလှယ်လိုက်ပေပြီ။ အဲဒီနေ့ ညက တူဝရီး နှစ်ယောက်သား သာဂိအဒေါ်၊ ဦးလေးမိန်းမ ဆရာမကြီးအကြောင်း နှစ်ယောက်သား အတင်းတုပ်ရင်း အချိန်ဖြုန်းခဲ့ မိကြသည်။ နောက်တစ်နေ့ သာဂိ ဗိုက်ထဲက နည်းနည်းနာသည်။ ဘယ်နေရာရယ်လို့တော့ မပြောတတ်။ နာတာတော့ နာသည်။

ဒါပေမယ့်လည်း သိပ်အဆိုးဝါးကြီးတော့ မဟုတ်။ နေလို့ထိုင်လို့တော့ရသည်။သွားသွားလာလာ စားလိုက်သောက်လိုက်ဖြင့် ပျောက်သွားမည် ထင်မိသည်။ ထိုအထင်မှားသည်။ မပျောက်။ ခဏခဏနှင့် နာနေသည်။ ညနေစောင်းလောက်တွင် ထိုးပြီး နာသည်မှာ အထဲကနေ ဆွဲဆုပ်ထားသလို ဖြစ်၏။ သာဂိ ဗိုက်ကိုနှိပ် ဒူးထောက်ပြီး ခွေကျသွားကာ ညည်းငြူနေရသည်။ သို့ရာတွင် ခဏ အကြာ ပျောက်သွားပြန်သည်။ ဦးလေးက အူလိပ်တာများလား ဟု ဆိုသည်။ သာဂိလဲ မသိ။ ဟုတ်ချင်လဲ ဟုတ်မည်။ အားကစား လေ့ကျင့်ခန်းတွေ မလုပ်ဖြစ်တာ နှစ်တွေ တော်တော် ကြာခဲ့ပြီဖြစ်၍ခန္ဓာကိုယ်က နနေခြင်း ဖြစ်မည်ဟုသာ ထင်မိသည်။ ဤသို့ဖြင့် သုံးရက်လောက် နာလိုက် ပျောက်သွားလိုက် ဖြစ်နေကာ ဗိုက်ထဲက ဝေဒနာသည် သာဂိကို မျက်လှည့်ပြနေသည်။

သုံးရက်မြောက်သောနေ့ ၊ ထိုနေ့က ဒေါ်လေးက အစည်းဝေးသွားသည်။ ဦးလေးက သာဂိဖို့ ကြက်သားဆန်ပြုတ် ပြုတ်ပေးသည်။ အစားသရမ်းသော သာဂိ ဇလုံကြီးနှင့် နှစ်ပွဲ တီးသည်။ ညနေစောင်း ရောက်တော့ ဗိုက်ထဲက နာလိုက်သည်မှာ ပြောဖွယ်ရာ မရှိဟု ထင်ရသည်၊ သာဂိ ဆီးတွေပါ ထွက်ကျသည်။ ကြမ်းပြင်တွင် အလူးလူး အလဲလဲ။ ဦးလေး ခမျာ ကယောင်ချောက်ချားနှင့် တက္ကစီ တစ်စင်းငှားပြီး ဆေးရုံသို့ ထမ်းပို့သည်။ ဦးလေးသည် သာဂိ အတွက် အရမ်း စိုးရိမ်နေသည်။ သာဂိ မြင်နေရသည်။ သို့သော် ဘာမျှ မပြောနိုင်။ သူသည် ဗိုက်ကိုနှိပ်၍ ခါးကို ကုန်းထားရသည်။ သက်သာလို သက်သာငြား လုပ်မိ လုပ်ရာ

လုပ်ခြင်းဖြစ်သည်။ အမှန်တော့ ဘာမှ မထူး။ နာတာက နာတာပဲ ဖြစ်သည်။

ဆေးရုံ ရောက်၍ စစ်ကြဆေးကြ မေးကြရင်း သာဂီကို ပုလင်းကြီး တစ်လုံး ချိတ်ပေးသည်။ အကြောဆေး တစ်လုံး ထိုးသည်။ ထိုအခါမှ ဝေဒနာက လျော့ပါး သွားသည်။ ဆေးတွေထဲတွင် ဘာတွေပါသည် မသိ။ သာဂီအရက်မူးနေသလိုလို ဖြစ်နေသည်။ အဲ .. ခုနကလည်း နပ်စ်မလေးတွေက မေးသေးသည်။ အရက် သောက်တတ်လား.. မူးယစ်ဆေးဝါး သုံးစွဲသလားဟု.. ..ခုနမှ ရောက်လာသော အန်တီ့ မျက်နှာကို တစ်ချက်ကြည့်ရင်း မူးယစ်ဆေး မသုံးစွဲပါ။ အရက်တော့ ရံဖန်ရံခါ သောက်ဖြစ်ပါသည် ဟု ဖြေလိုက်သည်။ နေ့တိုင်းသောက်သည်ဟု ဖြေမိလျှင် အန်တီစိတ်မကောင်း ဖြစ်သွားမည် စိုးသည်လေ။ နောက်တော့ သာဂီ ဆီးခုံက အမွှေးတွေကို နပ်စ်တစ်ယောက်က ရိတ်ပစ်သည်။ တော်သေးသည်။ ထိုလူက ယောက်ျားလေး ဖြစ်၍ သာဂီ ရင်ခုန်ခွင့် မကြုံလိုက်။

နောက် ည ၁၂ နာရီခန့်လောက်တွင် ဆရာဝန်ကြီး ဆိုသူ ရောက်လာကာ နာနေပါသည် ဆိုသော ဗိုက်ကို လက်နှင့် ဖိလိုက် ပြန်လွှတ်လိုက် လုပ်သည်။ ပြီးတော့ နာလား ဟုမေးသည်။ သာဂီ ဝေဒနာသာ ခံစားနေရတာ မဟုတ်လျှင် ထထိုးပစ်လိုက်ချင်သည်။ ခုတော့ အားမရှိ၍ နာတယ် ဟုသာ ခပ်ပျော့ပျော့လေး ပြန်ဖြေရသည်။ မကြာခင် သာဂီကို ခွဲခန်းထဲ ပို့သည်။ ဝတ်ထားသော အဝတ်တွေကို ချွတ်သူက ချွတ်သည်။ နောက် ဘာကြီးမှန်း မသိသည့် ဝတ်ရုံကြီး ခြုံပေးသည်။ ပြီးတော့ တွန်းလှည်းလေးနှင့် မီးမောင်းတွေ အောက်က ခုတင်တစ်လုံးပေါ် တင်လိုက်ကြသည်။ ဘေးတစ်ဘက်ကို ကွေးကွေးလေး စောင်းခိုင်းကာ မြီးညှောင့်ရိုးကို ဆေးထိုးကြပြန်သည်။ ဘေးတွင် နပ်စ်မလေးတွေ၊ ဆရာဝန်မလေးတွေ၊ နပ်စ်မကြီးတွေ၊ အများကြီး ရှိနေသည်။ သာဂီသည် အားလုံးကို သိနေ၍ တော်တော် ရှက်နေမိသည်။

ထိုစဉ် သူ့မျက်လုံးတွေ ပေါ်သို့ တစ်စုံတစ်ခုနှင့် အုပ်လိုက်ကြသည်။ သာဂီ ဘာမှ မမြင်ရတော့။ သို့သော် အောက်ပိုင်းက သူ့လိင်တံကို တစ်ယောက်ယောက်က လာထိနေသည်ကို သူသိသည်။ ဒီလောက်လူတွေ အများကြီးထဲက ဘယ်ကောင်မလေးက ရွတတနှင့် လာကိုင်ရသနည်းဟု ရုတ်တရက် စဉ်းစားမိသည်။ သို့သော် မဟုတ်။ ခါတိုင်း လာမထိနှင့် ထိသည်နှင့် ထန်ကနဲ ဖြစ်နေသော သာဂီ လိင်တံသည် ဒီတစ်ခါတော့ ပျော့ခွေခွေ ကြီး ဖြစ်နေသည်။ ဘာအာရုံ ခံစားမှုမျှ မရှိ။ ထုံထုံ ထိုင်းထိုင်းကြီး။ ထိုစဉ် လက်ဖျောက်တီးသံ တစ်ချက်နှင့် လူတွေ ရုတ်ရုတ်ရက်ရက် လှုပ်ရှားသံများကိုပါ ကြားရသည်။ ပြီးတော့ သူ့ဗိုက်ကို တစ်ထုတ်ထုတ်နှင့် လာထိသည်။ ဩော်.. သိပြီ။ သူ့ ဗိုက်ကို ခွဲနေကြပြီ။ ခုမှ သာဂီ လန့်လာသည်။ ကြည့်စမ်း... သူများ ဗိုက်ကို ခွဲနေကြတာ ကြက်ကလေး၊ ငှက်ကလေးများ အောင့်မေ့နေကြသလား မသိ၊ စကားတစ်ပြောပြောနှင့်၊ အံမယ် ..တစ်ချက်တစ်ချက် စာသင်ပေးနေသော ဆရာကြီး စကားသံ နှင့် မရှင်း၍ ပြန်မေးသော ဆရာဝန်ပေါက်စမလေးတွေ အသံကိုပါ ကြားရသည်။

အင်း.. ဒီလိုဆိုတော့လဲ ငါ့ဗိုက်ကြီး အရင်းတည်ပြီး သူတို့လေးတွေ ပညာရတာပေါ့ဟု တွေးကာ သာဂီ ပျော်ချင်လာသည်။ မနက်ဖြန် မနက်ရောက် လျှင် ဒင်းတို့လေးတွေ မျက်နှာ ဘယ်သို့ ကြည့်ရမည်နည်း။ သူတို့ လေးတွေက ခန္ဓာကိုယ် တစ်ပြင်လုံးသာမက အထဲပါ မြင်ပြီးကြလေပြီ။ တွေးရင်း တွေးရင်း သာဂီ

ရှက်လာသည်။ ကြည်နူးသလိုလိုလဲ ဖြစ်လာ၏။ ထိုစဉ် နာကျင်မှု ဝေဒနာသည် ရင်ခေါင်းလောက်မှ စတင်လာသည်။ ဘယ်လို နာသည် ဆိုတာ ပြောပြဖို့ ဘယ်လိုမှ မဖြစ်နိုင်ချေ။ သာဂိ ဘဝတွင် သည်းမခံနိုင်ဆုံးသော နာကျင်မှု ၊ တစ်သက်နှင့် တစ်ကိုယ် ဒီလို နာကျင်မှုမျိုး တစ်ခါမှ မကြုံခဲ့ စဖူး။ သာဂိ မေးငေါ့၍ ညည်း ငြူလိုက်မိသည်။ ထိုစဉ် သူ့နှာခေါင်း ပေါ်သို့ တစ်စုံတစ်ရာသည် အုပ်ကျလာသည်။ သာဂိ ဘာမှ မသိတော့။

သာဂိ နိုးလာသောအခါ ကုတင်တစ်လုံးပေါ်တွင် ရောက်နေသည်ကို တွေ့ရသည်။ ဗိုက်ထဲက နာကျင်မှုသည် စတင်လာပြန်သည်။ တော်တော် အခံရ ခက်သော ဝေဒနာဖြစ်သည်။ အထဲတွင် အပ်အစင်းပေါင်း များစွာနှင့် ထိုးနေသကဲ့သို့ တစ်ဆစ်ဆစ်နှင့် နာနေသည်။ နာ၍ လူးလွန့်မိလျှင်ကား ဓားနှင့် အခွဲခံရသလို ပိုနာသည်။ ထို့ကြောင့် သာဂိသည် ပါးစပ်က ငြော်ညော်နေခြင်းသာ တတ်နိုင်သည်။ ကြာကြာအော်တော့ မောလာကာ ရေဆာလာပြန်သည်။ ဘေးက အန်တီကို ရေတောင်းတော့ ချစ်လှစွာသော တူလေးကို ရေလုံးဝ မတိုက်။ သာဂိ ဒေါသနှင့် နာတာ ပေါင်းပြီး မစင်တွေပါ ထွက်ကုန်သည်။ အန်တီက မရွံမရှာ သန့်စင်ပေးသည်။ သာဂိသည် တစ်ညလုံး ထိုဒဏ်ကို ကောင်းကောင်းခံစားလိုက်ရသည်။

မနက် မိုးလင်းတော့ ဗုံးထားသော နပ်စ်ရောက်လာပြီး ပြောသည်။
" အစ်ကို .. အရက်သောက်တတ်တယ် ဆို ဟုတ်လား"
"ဟုတ်ပါတယ်"
"နေ့တိုင်းသောက်သလား"
သာဂိ ဘေးက အန်တီ့မျက်နှာ တစ်ချက် ကြည့်လိုက်ရင်း ..
"မသောက်ပါဘူး"
"အစ်ကို.. မလိမ်နှင့်နော်.. ဆေးစစ်တာ အကုန်ပေါ်တယ်၊ သိလား။ တစ်ကယ်လို့ အစ်ကိုက လိမ်တဲ့ အခါ ကျွန်မတို့က ဆေး ပေးရတာလဲ ခက်တယ်။ တော်ကြာ ဆေးမှားပေးရင် ညကလို.. နာနေအုံးမယ်"
"အင်း.. ဟုတ်ကဲ့၊ သောက်ဖြစ်ပါတယ်"
"ဘယ်လောက်လောက် သောက်လဲ"
သာဂိ နည်းနည်း လျှော့ပြောလိုက်သည်။
"တစ်ရက် တစ်ပြားလောက်ပါ"
"ပုံမှန်လား၊ ဘယ်လောက်လောက် ကြာပြီလဲ"
"အင်း..သုံးနှစ်လောက်တော့ ရှိပြီ။ နေ့တိုင်းလိုလိုပါပဲ"

ထိုအခါကျမှ သာဂိ ဇာတ်ရည်လည်သည်။ သာဂိသည် အူအတက်ရောင်ခြင်းဖြစ်သည်။ ရောင်နေသော အူအတက်ကို ဗိုက်ခွဲပြီး ဖြတ်ထုတ်ရာ ထုံဆေး ပြယ်သွားခြင်းဖြစ်သည်။ ပြယ်ရခြင်း အကြောင်းက သာဂိ ကြိုက်နှစ်သက်သော အရက်က အစွမ်းပြခြင်းဖြစ်သည်။ ထုံဆေးနှင့် မေ့ဆေးတို့သည် အရက်လို အာနိသင်နှင့် အတူတူပင် ဖြစ်သည် ဟုဆိုသည်။ နည်းတာနှင့် များတာပဲကွာမည်။ သဘောကတော့ အတူတူပင်။ သာမန်လူကို ပေးနေကျ ထုံဆေးရည် ပမာဏသည် သာဂိလို အရက်သမားကို မတိုးချေ။

ထိုအခါ ဗိုက်ခွဲနေရင်း တန်းလန်း ဆေးပြယ်ပြီး သေလုအောင် ခံလိုက်ရသည်။ သာဂိသည် ဆရာမလေး ဆက်လက်ပြောကြားသော အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကြီးခြင်းတွေကိုပါ နားထောင်နေရသည်။ အံမယ် ..သူမက ဥပမာ တစ်ခုပင် ပေးသွားသေးသည်။ ဝေးဝေးမကြည့်နှင့် နိုင်ငံကျော် ရုပ်ရှင် အဆိုတော် စာရေးဆရာ ဦးသုမောင်ကို နမူနာ ယူပါ ဟုဆိုသည်။ သာဂိ နည်းနည်း နောင်တရသည်။ အင်း.. လျှော့မှ ရမည်။

သာဂိသည် ဆေးရုံပေါ်တွင် တစ်လကျော်လောက် နေခဲ့လိုက်ရသည်။ ကံကောင်းသည်ဟုတော့ ဆိုရမည်။ ယခင်အားကစား လုပ်ခဲ့ဖူးသည့် အကျိုးများကြောင့် ထင်သည်။ ဗိုက်က ဒဏ်ရာသည် အသားတက်မြန်သည်။ သို့သော် လုံးလုံးကြီး အသားပြည့်သေးသည်တော့ မဟုတ်ချေ။ ယူဇော ဟုခေါ်သည့် ပတ်တီးစနှင့် ဆေးထည့်တိုင်း သာဂိအော်ရမြဲဖြစ်သည်။ သို့သော် ဆေးရုံက ဆင်းပြီးသည့် နောက်ပိုင်း သိပ်တော့ မအော်တော့ချေ။ အဘယ့်ကြောင့် ဆိုသော် အိမ်မှာ ဆေးလာလာ ထည့်ပေးသော နပ်စ်မလေး မိစိုးက ရှိသောကြောင့် ဖြစ်သည်။ သူမသည် အမေတို့ရွာက ဆွေမျိုးနီးစပ် တော်သူလေး ဖြစ်ကာ လမ်းမတော်က သူနာပြု တက္ကသိုလ်တွင် တက်နေသူလေး ဖြစ်သည်။ နာမည် အပြည့်အစုံကိုတော့ သာဂိ မမှတ်မိတော့ ။ သာဂိရွာက ထွက်လာစဉ် ခြောက်တန်းလောက်က သူမက နပ်ချေးတွဲလောင်းနှင့်သာရှိသေးသည်။

သာဂိသည် မိစိုးကို ညနေစောင်းတိုင်း မျှော်တတ်လာသည်။ သူမျှော်နေသည်မှာ ဆေးထည့်ခံဖို့ မဟုတ်သလို အမျိုးတော်သော မိစိုးကိုလည်း မဟုတ်ပါ။ မိစိုး နှင့် အဖော်လိုက်လိုက်လာတတ်သော မိစိုး သူငယ်ချင်း လှသွေးကို ဖြစ်သည်။ လှသွေးသည် နာမည်နှင့် လိုက်အောင် အလှသွေးတွေ စုနေသော ကောင်မလေး ဖြစ်သည်။ လှိုင်သာယာ ဘက်တွင် နေသည်ဟု ဆိုသည်။ဘယ်မှာနေသည် ဘာတွေ လုပ်သည် ဆိုတာ သာဂိ အတွက် အရေးမကြီး။ သာဂိ ရောဂါဟောင်း ပြန်ထလာပြီ ဖြစ်သည်။ သူမသည် မိဖြူနှင့် အလွန်တူသည်။ သူမ မျက်နှာလေးကို ကြည့်ရသည်မှာ မိဖြူ ကို ကြည့်ရသလို ဖြစ်သည်။ မတူတာ နစ်ခုပဲ ရှိသည်။ မိဖြူက အသားဝင်းပြီး သူမက ဖြူခြင်းဖြစ်ကာ နောက်တစ်ခုက မိဖြူသူ့ကို ကြည့်နေတတ်သော ရွှန်းလဲ့ရီဝေ နေတတ်သော မျက်ဝန်းများ သူမမှာ မရှိခြင်း ဖြစ်သည်။သို့ရာတွင် သူမ၌ သူနာပြုက လူနာအပေါ်ကြည့်တတ်သော ကြင်နာသည့် အကြည့်လေးတော့ ရှိတတ်သည်။ ကိစ္စမရှိပါ။ သူမ မျက်ဝန်းလေးတွေ ရွှန်းလဲ့ သွားအောင် လုပ်ဖို့ ကိစ္စသည် သာဂိ တာဝန်သာ ဖြစ်သည်။

သို့ရာတွင် သာဂိသည် ဇာတ်လမ်းကို ချက်ချင်းကြီး မစဝံ့သေး။ အဘယ့်ကြောင့် ဆိုသော် သူမတို့က နာမည်ကျော် ပိတောက်ဆောင်သူများ ဖြစ်နေ၍ ဖြစ်သည်။ သူမတို့ အဆောင်ရာဇဝင်ကလဲ ခပ်သေးသေးတော့ မဟုတ်။ မိစိုး ပြောပြသည့် အတိုင်း သာဂိ ကြားရသည်က ဤသို့ ဖြစ်သည်။ မနှစ်က သူမတို့ စာမေးပွဲ ဖြေဆိုချိန် နီးကပ်လာချိန်တွင် အားလုံးလိုလို ဝရံတာထွက် စာကျက်ကြသည် ဆိုသည်။ အခန်းထဲတွင် စာမေးပွဲဖြေပြီးသည်နှင့် ပြန်ရန် အထုပ်အပိုး များ ထုပ်ပိုး ချည်နှောင်ထားသည်က တစ်ကြောင်း၊ အိမ်အပြန် လက်ဆောင်များနှင့် ရှုပ်ယှက်ခတ်နေသည်က တစ်ကြောင်း တို့ကြောင့် လွတ်လွတ်လပ်လပ် ဝရံတာပေါ်ထွက် စာကျက်ကြခြင်း ဖြစ်သည်။ လှသွေးကတော့ ထုပ်သိမ်းစရာ များများ

မရှိသလို၊ လက်ဆောင်လဲ ဝယ်စရာ မလို၍ အခန်းထဲတွင်ပင် စာကြည့် နေသည် ဆိုသည်။ စာကြည့်ရင်း တန်းလန်း အိပ်ပျော်သွားရာမှ သူမ ဘေးက ခြင်ထောင်ကို တစ်ယောက်ယောက်က ပြူတင်းပေါက်ကနေ ဆွဲနေကြောင်း သတိထားလိုက်မိသည်။ သူမလဲ ရုတ်တရက် သရဲ၊ တစ္ဆေများလားဟု အထင်မှားမိသော်လည်း သေချာကြည့်သောအခါ အပြင်ကလူသည် ခြင်ထောင်အစွန်းတွင် ချိတ်ထားသော လက်ကိုင်အိတ်ကို ဆွဲနေခြင်း ဖြစ်ကြောင်း တွေ့ရသော အခါ "သူခိုး ၊ သူခိုး" ဟု အော်ဟစ် အကူညီ တောင်းတော့သည်။

သူခိုးသည် အပေါ်ဆုံးထပ်သို့ အိမ်သာ ပိုက်လုံးမှ တစ်ဆင့် တွယ်တက်လာကာ လှသွေးအခန်း ပြတင်းပေါက် ပွင့်နေသည်ကို တွေ့၍ အပြင်မှ လှမ်းဆွဲခြင်း ဖြစ်သည်။ ကျောင်းသူတစ်ဦး ရှိနေတာ တွေ့သော်လည်း မိန်းမငယ်လေးမို့ မှုလောက်စရာ မရှိဟု သဘောထားပုံလည်း ရသည်။ သို့သော် လှသွေးက ကြောက်ကြောက်နှင့် ငယ်သံပါအောင် အော်သောအခါ စာကျက်နေကြသော ကျောင်းသူ အပေါင်းသည် ရရာ တံမြက်စည်း၊ အဝတ်လျှော်တုတ်၊ ပေါက်တူးနှင့် ခက်ရင်းတို့ကိုကိုင်ကာ ပြူတင်းပေါက် အပြင်မှ သူခိုးကို လှမ်း ထိုးခုတ်ကြ၏။ သူခိုးဆင်းမည့် ပိုက်လုံးအောက်ခြေတွင် လည်း ကျောင်းသူ ငါးဆယ်ခန့်သည် အုတ်ခဲကျိုး၊ တုတ်ချောင်းတို့နှင့် အဆင်သင့် ရှိနေသော အခါ သူခိုးသည် အထက်လည်း ဆက်မတက်နိုင်၊ အောက်လည်း ပြန်မဆင်းရဲ၊ အခန်းထဲလည်း ဝင်မရနှင့် ပိုက်လုံးတစ်လျှောက် ဗျာများနေသည် ဟူသတည်း။

သို့ရာတွင် သူခိုးကား မိန်းမပျိုတို့၏ အားနည်းချက်ကို လျှပ်တစ်ပျက်အတွင်း စဉ်းစားမိပုံရသည်။ သူ့အတွက် အချိန်က အရေးကြီးလေပြီ။ သိပ်မကြာခင် ယောက်ျားသားများ ရောက်လာပါက သူ့အဖို့ လွယ်မည် မဟုတ်တော့။ ရဲစခန်း မရောက်ခင် သူရဲကောင်းများ လက်ချက်နှင့် သူ အသက်ထွက်သွားနိုင်သည်။ သူနာပြု သင်တန်းကျောင်း ဆိုသည်ကား အိမ်ထောင်မရှိသူ အပျိုများချည်း ရှိသည့်နေရာ မဟုတ်ပါလော.. ဒီလို နေရာမျိုးတွင် လူစွမ်းပြချင်သူ အမြောက်အများ ရှိနိုင်လေသည်။ သူခိုးသည် ပိုက်လုံးအလယ်တွင် ကြံရာမရ ဖြစ်နေရင်းမှ ပုဆိုးကို ဖြေချလိုက်သည်။ အောက်က ပိုက်လုံး အောက်ခြေကို ဝိုင်းထားသော ကျောင်းသူ အုပ်ကြီးသည် "ဟင်" ကနဲ၊ "ဟာ"ကနဲ ဖြစ်ကာ "###.. သူခိုး၊ ရှင်းစိုင်းသူကောင်" ဟုသာ အော်ဟစ်ကာ ဘေးကိုရှဲသွားကြသည်။ သူခိုးသည် ပုဆိုးအောက်တွင် ဘာမျှ ဝတ်မထားချေ။ ထိုအခါ အောက်ခြေရှင်းသွားပြီ ဖြစ်သော လမ်းကြောင်း အတိုင်း သူခိုးသည် ဘုရင် မင်းတရားကြီး ကြွချီတော်မူသည့် အလား တွဲလောင်း တွဲလောင်း၊ တန်းလန်း တန်းလန်း ဖြင့် အေးအေးဆေးဆေး ထွက်သွားသည် ဟူသတည်း။ ကျောင်းသူများကား ရိုက်ဖို့နှက်ဖို့ မဆိုထားနှင့် မျက်နှာကို လက်ဝါးနှင့်အုပ်ထားမိ၍ ဘယ်သူမှန်းပင် မမှတ်မိလိုက်ကြတော့။

ထိုကိစ္စကို အခဲမကျေသော ကျောင်းသူကြီးများက အဆောင် နံရံပေါ်တွင် အောက်ပါအတိုင်း သတိပေးစာ ကပ်ထားသည် ဟူသတည်း..

"ကျေးဇူးပြု၍ မည်သည့် သူခိုးမဆို လေးစားလိုက်နာရမည်(သတ္တိရှိခဲ့ပါလျှင်)
အတွင်းခံဘောင်းဘီ ပါမှသာ အဆောင်ပေါ် တက်ခိုးခွင့် ရှိသည်"

ပုံ
ပိတောက်ဆောင်
ရန်ကုန်သူနာပြု တက္ကသိုလ်

သာဂိအိပ်ယာထဲ လှဲနေစဉ်အတွင်း ပြူးကျယ်လည်း ရောက်လာတတ်သည်။ သူလည်း ဥမ္မာနှင့် ပြန်အဆင်ပြေနေသည်ဟု ပြောသည်။ သာဂိက သူသိချင်သော အိမ်ထောင်ရေးအကြောင်းကို မေးသောအခါ ပြူးကျယ်က မြန်မာစာရေးဆရာကျော်ကြီး နှစ်ဦး၏ စကားဖြင့် ပြန်လည်ဖြေကြားသည်မှာ ဤကဲ့သို့ ဖြစ်သည်။

"ဆရာသော်တာဆွေက ပြောတယ်ကွ.. စင်စစ်တော့ အိမ်ထောင်ရေးမှာ သုခဆိုတာ လုံးဝမရှိ၊ အမှန်အားဖြင့် မိမိစိတ်ကို လှည့်စားနေခြင်းဖြင့် ဒုက္ခကို ဖုံးကွယ် ထားတတ်ကြသည်။ သို့ရာတွင် ရံဖန်ရံခါ ရရှိတတ်သော စိတ်ကြည်နူးမှု သုခလေးဖြင့် ကျေနပ်ကြရသည်သာ ဖြစ်သည် တဲ့။ နောက်ပြီး ဆရာကြီး ဒဂုန်တာရာကလဲ ဒီလိုပြောသေးတယ်ကွ ... ကိုယ်တိုင် အိမ်ထောင်ရေးကို မကြုံဖူးသော်လည်း အောင်မြင်နေသော သူများ အိမ်ထောင်ရေးများကို ကြည့်ပြီး သုံးသပ်ရမည်ဆိုလျှင် ခွင့်လွှတ်နိုင်ခြင်း ဟာ အိမ်ထောင်ရေး အောင်မြင်မှုရဲ့ အဓိက အချက်ပဲလို့ မြင်မိတယ်၊ ခွင့်လွှတ်နိုင်လေ အိမ်ထောင်ရေးမှာ အောင်မြင်လေ လို့ဆိုလိုချင်တာပဲ၊ မှန်၊ မမှန်တော့ မပြောတတ်လို့ ဆရာကြီးက ဆက်ပြောသေးတယ်။ ငါတော့ မှန်တယ် ထင်တာပဲ။ ငါ့ကတော့ သူတို့နှစ်ယောက် ပေါင်းပြောတဲ့ ရံဖန်ရံခါ သုခလေးကြုံရဖို့ အမြဲတမ်း ခွင့်လွှတ်ထားတယ်ကွာ"

"ဟေ..."

သာဂိ ခမျာ ဟေ ကနဲ တစ်ခွန်းသာရွတ်နိုင်ပြီး ပြူးကျယ်၏ အယူဆသစ်ကို စဉ်းစားနေမိသည်။ ဟုတ်ချင်လဲ ဟုတ်ပေမည်။ ဘာလုပ်လုပ်၊ ဘာပြောပြော ခွင့် လွှတ်ထားမှတော့ ဘာပြဿနာနှင့် ကြုံတော့မည်နည်း။

သာဂိသည် ပြူးကျယ်နှင့် မိစိုးတို့ မလာသည့် ရက်များဆိုလျှင် စာအုပ်တွေသာ လိုမ့်ဖတ်နေမိသည်။ သူ မြန်မာပြည် တစ်လွှား ဒိုးကလေးလို လိမ့်နေစဉ် အတွင်း ဦးလေးနှင့် အဒေါ် ဝယ်ထားသော စာအုပ်တွေသည် ဘီရိုကြီး တစ်လုံးစာလောက် ရှိနေသည်။ ထို့ကြောင့် သာဂိ စာအုပ်များများ ဖတ်ဖြစ်သည်။ အဲ.. မိစိုးတို့ လာသော နေ့များဆိုလျှင်တော့ သာဂိ စာမဖတ်ဖြစ်။ သူ့အကြည့်တွေကို မိစိုးရော၊ လှသွေးပါ ရိပ်မိနေကြပြီ ထင်သည်။ မိစိုးသည် စပ်ဖြီးဖြီးနှင့် သူ့ကို စနောက်ချင်သည်။ သူက လှသွေး ရှက်ပြီး နောက်မလာတော့မှာ စိုးသဖြင့်သာ နည်းနည်း ဟန့်တားသလို မျက်နှာ တင်းပြထားရသည်။ အမှန်တော့ စစေချင်ပါသည်။ လှသွေးကတော့ ဘာမှုမဖြစ်သလို မျက်နှာအမူအယာလေးနှင့် ရှိနေတတ်သည်။ သာဂိ ခန့်မှန်း တတ်ပါပြီ။ သူတို့ မိန်းကလေးတွေသည် ဒီလို ကိစ္စမျိုးတွင် ဟန်ဆောင် ကောင်းကြသည်။

သိပ်မကြာခင်တွင် သာဂိ ဗိုက်က ချုပ်ရိုးဖြေသည်။ ခွဲထားသောနေရာက အသားတက်ဖို့တော့ နည်းနည်း ကျန်သေးသည်။ သို့သော် စိုးရိမ်စရာတော့ မရှိတော့ ဟုဆိုသည်။ သာဂိ ဆေးရုံတက်ကတည်းက

အစားကောင်းကောင်းမစားရ၊ အစောပိုင်းကဆို ဂလူးကို့စ်ပိုက်နှင့်သာ နေရသည်။ နောက် အရည်လေးနည်းနည်း၊ နောက် အစာပျော့၊ ခုတော့ ထမင်းအနည်းငယ်တောင် စားနိုင်နေပြီ ဖြစ်သည်။ သို့ရာတွင် လူကတော့ တော်တော် ပိန်ကျသွားသည်။ ပေါင် ၁၆၀ ကျော်ရှိသော သာဂိ ခန္ဓာကိုယ်သည် ၁၂၀ လောက်သာ ကျန်သည်။ သာဂိသည် ကိုယ့်ကိုကိုယ် မနည်း ပြန်လည်ထူထောင်ရသည်။ ဖြေးဖြေးချင်း လမ်းလျှောက်ခြင်းနှင့် စရသည်။ စလျှောက်စက ခြေလှမ်း ၁၀ လှမ်းလောက်ဆို သာဂိ မလှမ်းနိုင်တော့။ လူက နုံးချိသွားသည်။ သို့သော် နောက်ပိုင်း တစ်ဖြည်းဖြည်းနှင့် ၁မိုင်၊ လောက်ထိ လျှောက်နိုင်လာသလို၊ အနာကလဲ လုံးဝ ပျောက်သလောက် ဖြစ်သွားသည်။

အနာဖေးသည် ကြောင်တစ်ကောင် ကုတ်ရာလောက်သာ ဗိုက်ပေါ်တွင် ကျန်သည်။ သို့သော် အောက်က အမာရွတ်ကတော့ ကင်းခြေများကြီး တစ်ကောင် တင်ထားသကဲ့သို့ ရှိသည်။ ထို့အတူ လှသွေးတို့လည်း အလာကျဲသွားသည်။ သို့သော် သာဂိက ခဏခဏ သွားတွေ့နေသည်။ အကြောင်းပြချက်ကလဲ ကောင်းပါသည်။ မိစိုးဖို့ ဟင်းစားပို့ပေးခြင်း ဖြစ်သည်။ သို့ရာတွင် သူပို့သမျှသည် မိစိုးကြိုက်တတ်သော ဟင်းတွေ မဟုတ်ပါ။ လှသွေး ကြိုက်သော ဟင်းတွေသာ ဖြစ်သည်။ လှသွေးသည် အိမ်မှာတွေ့စဉ်တုန်းကနှင့် အဆောင်မှာ တွေ့ရတာ သိပ်တော့ မတူချေ။ အိမ်မှာတုန်းက ရှက်နေတာလား မသိ။ စကား သိပ်မပြော၊ အဆောင်မှာတွေ့သော အခါတွင် ဆိုလျှင်မူ သူ့အားကိုးတွေ ရှိ၍ ရဲတင်းသလား မဆိုနိုင်။ တော်တော် သွက်သွက်လက်လက် ရှိသည်။

သာဂိ ရွာပြန်ဖို့ စိတ်ကူးမရှိတော့။ ရန်ကုန်မှာ တစ်ခုခု လုပ်မည် စိတ်ကူးထားသည်။ သူ့မှာရှိသမျှနှင့် နိုင်သလောက် ခွင်လေးတွေအတွင်း စနည်းနာကြည့်သောအခါ အသက်သာဆုံးသည် ဘောပွဲ လုပ်ဖို့ ဖြစ်လာတော့သည်။ သိပ်များများလဲ ရင်းစရာမလို၊ ဒိုင်ကြီးထံတွင် စပေါ်တင်ထားပြီး သူက ချပေးသည့် ကြေးအတိုင်းဖွင့်ကာ လာထိုးသမျှကို ဖုန်းနှင့် လှမ်းတင်ပေးခြင်း ဖြစ်သည်။ လူလဲ သက်သာသလို နစ်ဖက်ခွလဲ ရသည်။ ထိုးသားတစ်ယောက်က ငွေတစ်ရာ ထိုး၍ သူက ဒိုင်ကိုလှမ်းတင်တိုင်း ထိုတစ်ရာ အတွက် ကော်မရှင် တစ်ဆယ်ရသည်။ ထိုးသားကနိုင်၍ ဒိုင်က ပြန်လျော်ပြန်လျှင်လဲ အကောက်ဟု ဆိုကာ ထိုးသားထံမှ တစ်ရာကို တစ်ဆယ် ကောက်သည်။ ထို့ကြောင့် သာဂိသည် အဝင်တစ်ဆယ်၊ အထွက် တစ်ဆယ်နှင့် အလုပ်ဖြစ်နေပြန်သည်။ သာဂိ က ဆရာမကြီး တူဖြစ်၍ ယုံကြည်ကြသောကြောင့်လား မပြောတတ်။ သာဂိသည် ဘောပွဲရှိသည့် နေ့များဆိုလျှင် တစ်ရက် သောင်းဂဏန်းလောက်တော့ အောက်ထစ်ရသည်။ ဒါတောင် သာဂိ ရံဖန်ရံခါ လုပ်တတ်သည့် ကြေးဟတာ မပါသေးချေ။

ဘာပဲ ပြောပြောသာဂိသည် အဆင်ပြေနေပြန်သည်။ ဖုန်းတစ်လုံး ငှားကိုင်ပြီး ခါးချိတ်ထားကာ ပိုက်ဆံအိပ်ခါးပတ်ကြီးကြီးပတ်၍ အင်းစိန်လမ်းမပေါ်တွင် ဘောင်ချာ ဖွင့်နေတတ်သည်။ သို့ရာတွင် သာဂိတွင် အခက်ခဲ တစ်ခုရှိသည်။ လှသွေးက သူ့ချစ်ခြင်းတွေကို မသိဘူး၊ မပြောတတ်ဘူးနှင့် ကျောင်းပြီးမှ စဉ်းစားမယ် လုပ်နေခြင်းပင်။ မိစိုးကလည်း အားကိုးရပါသည်။ အချိန်ရတိုင်း ဝင်ဝင်လျော်ပေးတတ်သည်။ ထိုအတွက်တော့ ဒင်းအဆောင်ကို တစ်ပတ် တစ်ခါလောက် ရှေ့ဘဲက ဘဲကင် တစ်ခြမ်း ဆက်သနေရသည်။ သာဂိ အရင်းနီးမြုပ်နှံသည့် သဘော မဟုတ်သော်လည်း ထိုကောင်မလေးကို ဝယ်ကျွေးရ ကျိုးတော့

နပ်ပါသည်။ ဝါဆို လပြည့်နေ့ သူမတို့ ကျောင်းပိတ်ရက်တွင် သာဂိသည် ဘုရားလိုက်ပို့ခွင့်ရခဲ့သည်။

ထိုနေ့က သာဂိသည် တက္ကဆီ တစ်စီးငှားကာ သူမတို့ကို အဆောင်ရှေ့သို့ သွားခေါ်သည်။ လှသွေးသည် ပန်းနုရောင် အင်္ကျီ လက်ရှည်လေးနှင့် ချောကလက်ရောင် ထဘီလေးကို ဆင်မြန်းကာ လှချင်တိုင်းလှနေသည်။ သာဂိသည် သူမကို ငေးနေမိသည်။ မိစိုးက ကားထဲ ဝင်ထိုင်ရင်း "မျက်လုံးတွေ ကျွတ်ပြီး သွားမှန်နေဦးမယ်" ဆိုမှ သာဂိ ရှေ့ပြန်လှည့်ရသည်။ ဘေးက တက္ကစီ သမား အစ်ကိုကြီးတောင် ပြုံးစိစိ ဖြစ်နေရာ သာဂိ နည်းနည်း ရှက်သွားသည်။

ဒီနေ့က လပြည့်နေ့မို့ထင်သည်။ လိုင်းကားတွေ အားလုံးပြည့်ကျပ်နေသည်။ ဘုရားသွားသည့် သုံးကားဆိုလျှင် တော်ရုံ မိန်းကလေး မတိုးနိုင်လောက်အောင် ပြည့်နေတတ်သည်။ သို့ရာတွင် ဤအထင်သည် သာဂိ အထင်သာ ဖြစ်၍ ရန်ကုန်သူတို့ကမူ ငါးရှဉ့်တစ်ကောင် ရွံ့ထဲ ဝင်သွားသလို လျှောကနဲ၊ လျှောကနဲ တိုးဝင် တက်သွားတတ်ကြသည်။ သာဂိ မျက်စိရှုပ်စရာတွေကို ဆက်မကြည့်တော့ပဲ အာရုံတွေကို နောက်ကြည့်မှန်ဆီ ပို့လိုက်သည်။ တိုက်တိုက် ဆိုင်ဆိုင် လှသွေးသည် ဘယ်အချိန်ကတည်းက သူ့ကို ကြည့်နေသည် မသိ။ နောက်ကြည့်မှန် သေးသေးလေးထဲတွင် သူမ၏ မျက်ဝန်းလေးတွေနှင့် ဖျပ်ကနဲ ဆုံမိကြသည်။ သူမ ချက်ချင်း တစ်ဘက်သို့ မျက်နှာလွှဲသွားသည်။ သူမ ပြုံးလိုက်သလား.. သိပ်တော့ မရေရာ။ သာဂိ ချက်ချင်းပင် စိတ်ထဲတွင် ကြည်နူး သွားမိသလို လွမ်းသလိုလိုလည်း ဖြစ်သွားသည်။ ထိုအပြုမူလေးမျိုးကို တစ်ချိန်တုန်းက မိဖြူလည်း လုပ်ခဲ့ဖူးသည် မဟုတ်ပါလား။ သာဂိ စိတ်ထဲတွင် ဆုံးဖြတ်လိုက်သည်။ လှသွေးကို မိဖြူလိုတော့ ဘယ်နည်းနှင့်မှ အဖြစ်မခံတော့။

ဘုရားပေါ်က အပြန်တွင် လှည်းတန်းလမ်းဆုံက အပေါ်ထပ်က ဘာဂါဆိုင်လေးထဲတွင် သူတို့ အအေးသောက်ကြသည်။ ဆိုင်အပြင်ဘက် ဝရံတာဘက်က ထောင့်စားပွဲတစ်လုံးတွင် ထိုင်ကာ လှည်းတန်းလမ်းဆုံကို ငေးမောရင်း တိတ်ဆိတ်စွာ ထိုင်နေမိကြသည်။ သာဂိက မိစိုးရှေ့တွင် လှသွေးကို ဘယ်လို ပြောရပါ့မလဲ ဟု စဉ်းစားနေခိုက် မိစိုးက အလိုက်တသိ အိမ်သာ သွားဦးမည် ဆိုသည်။ လှသွေးသည် ခေါင်းလေးငုံ့ရင်း အအေးခွက်က ပလတ်စတစ်ပိုက်တံလေးကို ဖြေးဖြေးချင်း စုပ်နေရာမှ အလန့်တကြားကြည့်ကာ သူမပါ လိုက်မည် ဆိုကာ အတင်း ထလိုက်သွားသည်။ သာဂိ စိတ်နည်းနည်း ညစ်သွားသလို ရယ်လဲ ရယ်ချင်သွားသည်။ သူမ ကြောက်နေတာ ဖြစ်မည်။ ခဏကြာတော့ နှစ်ယောက်သား ပြန်ရောက်လာသည်။ မိစိုးက ဘာတွေ သွန်သင် ပြုပြင်ပေးလိုက်သည် မသိ။ သူမ နှုတ်ခမ်းလေးတွေ ပိုပြီး စိုလာကာ၊ ပါးမို့လေးတွေ ရဲလာသည်။

ထိုင်ခုံတွင် ထိုင်ကြရုံမျှ မကြာသေး မိစိုးက "ဟယ်တော့ ၊ အိမ်သာထဲမှာ လက်ကိုင် ပဝါ ကျန်ခဲ့ပြီ" ပြောပြောဆိုဆို ထထွက်သွားရာ လှသွေးက လှမ်းဆွဲလိုက်သော်လည်း မမိလိုက်တော့။ သူမသည် အသားစားတတ်သည့် ကျားရဲတစ်ကောင်ရှေ့ ရောက်နေသာ သမင်ငယ်လေးနှင့် တူနေသည်။ ခေါင်းကို မဖော်တမ်း ငုံ့ထားရင်း လက်နှစ်ဘက်ကို တင်းတင်းဆုပ်ထားသည်။ သာဂိ ငြိမ်းငြိမ်းကို သတိရမိပြန်သည်။ ငြိမ်းငြိမ်းလဲ ရှက်လာလျှင် ဤသို့ ပြုမူတတ်သည် မဟုတ်ပါလား။ သာဂိ ဆုံးဖြတ်မိပြန်သည်။ လှသွေးကို

ငြိမ်းငြိမ်းလို လုံးဝ မဖြစ်စေရ ဟု။

သူမသည် ခေါင်းလေးငုံ့ကာ လက်လေးနစ်ဘက်ကို တင်းတင်း ဆုပ်နယ်ရင်း အသက်ကို ခပ်ပြင်းပြင်းလေး ရှိုးရှူနေသည်။ သာဂိ သူမ ဘယ်လက်လေး၏ လက်သန်းဖျားလေးကို ဖြေးဖြေးချင်း ဆွဲယူလိုက်သည်။ သူမ မရုန်းပါ၊ တောင့်လဲ မထားပါ၊ သို့ရာတွင် သူမ ရင်တွေ အရမ်းခုန်နေသည် ဆိုတာကို လှိုင်းထ မတတ်လှုပ်ရှားနေသော ရင်အုံလေးကို ကြည့်၍ ခန့်မှန်းနိုင်ပါသည်။ သာဂိက ထိုလက်သန်းလေးကို လက်ဝါးပေါ်တင်ကာ ဖွဖွလေး နမ်းလိုက်ရင်း...

"လှသွေး.." ဟုခေါ်လိုက်သည်။ပခုံးလေးကျုံ့သွားသည်မှ လွဲ၍ သူမက ပြန်မထူးပါ။

အရေပြားလိုက်ပါမလာစေရန် အရင်းကနေ လက်နှင့် ကိုင်ထားသည် ဖြစ်၍ အပေါ်မှာ ဒစ်ချည်း သက်သက်ရှိနေသည်။ ထိုအရာကို လျှာ တစ်ပြားလုံးဖြင့် စုပ်ဆွဲ ခံလိုက်ရရာ သာဂိ အကြောတွေ တစ်ဖျဉ်းဖျဉ်း ဖြစ်သွားသည်။သူမက မရပ်တော့။ လက်တစ်ဘက်တည်းနှင့် သာဂိဝှေးဥတွေကိုရော၊ လိင်တံအောက်ခြေ အရေပြားကိုပါ ခပ်တင်းတင်းလေး ဆုပ်ကိုင်ထားကာ သူမမျက်နှာလေးကို ရှေ့တိုးနောက်ငင် လုပ်လျှက် သာဂိ လိင်တံထဲက သုတ်ရည်တွေကို စုပ်စုပ်ပြီး ဆွဲထုတ်နေသည်။ အားရပါးရ စုပ်ခြင်း ဖြစ်၍ "ပြွတ်၊ ပြွတ်" ဆိုသောအသံများ နှင့်အတူ သူမ၏ သွားရည်တွေသည် သာဂိ လိင်တံ တစ်လျှောက်မှ တစ်ဆင့် ဝှေးဥတွေပေါ်ပါ ကျလာသည်။

သာဂိမှာတော့ ထွန့်ထွန့်မလူးရုံ တစ်မယ်၊ သွားစေ့ကာ ရှုံ့မဲ့ ခံရင်း သူမ ပေါင်လုံးလေးတွေကို ဖျစ်ညှစ်ထားမိသည်။ ခဏနေတော့ သာဂိ အားမရတော့။ ထထိုင်လိုက်ရင်း သူမကို ဆွဲယူဖို့ကြံသည်။ သူမက လက်မခံပြန်ချေ။ သာဂိ ပေါင်ကြားထဲပြန်ဝင်ကာ ဝှေးဥတွေကို အာခံတွင်းထဲသွင်း၍ လျှာဖြင့် ကလိနေပြန်သည်။ သာဂိ ငုတ်တုပ်ကနေ ပြန်လဲသွားသည်။ အဲ့ဒီတော့မှ သူမက ဘယ်အချိန်က အဆင်သင့် ပြင်ထားမှန်း မသိသည့် ကွန်ဒုံး တစ်ခုကို ဖောက်လိုက်ရင်း ပါးစပ်ထဲတွင် အဝိုင်လိုက်လေး ငုံကာ ပါးစပ်ဖြင့် သာဂိလိင်တံကို စွပ်ပေးသည်။ လျှာနှင့် နှုတ်ခမ်းတို့၏ ပူးပေါင်းမှုဖြင့် သူမ၏ ကွန်ဒုံးစွပ်နည်းသည် သာဂိကို အသဲ ခိုက်သွားစေသည်။ ကွန်ဒုံး၏ လိပ်နေသော အလိပ်လေးများကို နှုတ်ခမ်းတို့ဖြင့် ဖိပြီးချသကဲ့သို့၊ လျှာဖျားလေးကပါ အောက်ကို ထိုးထိုး တွန်းလိုက်သောအခါ သာဂိ ပေါင်တွေ၊ ဒူးတွေ တစ်ဆတ်ဆတ် ဖြစ်သွားသည်။

အရင်းနား ရောက်လာသော အခါ သူမ ခါးနည်းနည်းကုန်း ကျောကုန်းလေးကြွကာ ခေါင်းလေးကို နှိမ့်၍ ဆက်ဖိချသည်။ သာဂိ၏ လိင်တံ ထိပ်ဖျားသည် နူးညံ့သော အပေါက်ဝကျဉ်းလေး တစ်ခုထဲတွင် ရောက်နေသည်။ ထိုအရာသည် တစ်ဖြည်းဖြည်းနှင့် သာဂိလိင်တံ
ကို မြိုနေသည်။ ဝါဂွမ်းဆိုင်တို့ဖြင့် ဖိညှပ်ခြင်း ခံနေရသကဲ့သို့ ရှိသည်။ ပြီးတော့ သူမ ခေါင်းလေးကြွကာ အားယူသည်။ ပြီးတော့ ထပ်ဖိချပြန်သည်။ ဒီတစ်ခါတော့ သာဂိ ဆီးခုံနှင့် သူမ နှုတ်ခမ်းများ ထိကပ်သွားသည်။ သာဂိ၏ ဒစ်ဖျား တစ်ခုလုံးသည် နနယ် တင်းကျပ်သည့် ခံစားမှု အောက်တွင် မလှုပ်သာ မယှက်သာ ဖြစ်နေသည်။ သူမ ခေါင်းလေးနည်းနည်းကြွကာ အဆုံးထိ ပြန်ထုတ်လိုက်သည်။ ပြီးတော့ သူမ အာခေါင်ထဲက အချွဲ အကျိတွေကို ကုတင်ဘေးသို့ လှမ်းထွေးလိုက်ကာ သာဂိ ပတ်ထားခဲ့သော တစ်ဘက်ဖြင့် သူမ နှုတ်ခမ်းတွေကို သုတ်သည်။ ပြီးတော့ သာဂိပေါ် ခွထိုင်လိုက်ကာ လိင်တံကို သူမ ပစ္စည်းလေးနှင့် တေ့၍ ဖိချလိုက်တော့သည်။

သာဂိ ဖျပ်ကနဲ လန့်နိုးလာချိန်သည် မနက် ၅ နာရီခန့်အချိန် ဖြစ်သည်။ သူ့လက်မောင်းပေါ်တွင် အသက်ကို မှန်မှန်လေး ရှူရင်း အိပ်ပျော်နေသော သူမကို ငေးကြည့်လိုက်မိသည်။ အမှတ်မဲ့ပင် စိုင်းထီးဆိုင်၏ သီချင်း တစ်ပုဒ်ကို သွားသတိရသည်။ အင်း.. အိပ်ပျော်ပါစေ.. အိမ်မက်ထဲမှာ သာယာသော ဘဝလေးကို ခဏလေးဖြစ်ဖြစ် ခံစားနိုင်ရပါစေ..အေးအေး..။ သူမနာမည်က အေးအေးခိုင်ဟု ခေါ်ကြောင်း ညက ပြောပြခဲ့သည်။ တစ်ချီနှင့် တစ်ချီအကြား ခဏနားစဉ် သာဂိ သူမ ဘဝကိုစပ်စုသောအခါ သူမ ပြောပြသော

သူမ၏ ဘဝသည် သက်ပြင်းချစရာတွေချည်း ဖြစ်သည်။ ညမွှေးပန်းပီသစွာ အနည်းငယ်
ပိုတာတော့ ရှိနိုင်သည်။ သို့သော် အများစုက လိမ်ညာခြင်း မဟုတ်ကြောင်း သူမ မျက်ဝန်းတွေကို
ကြည့်ရင်းနားထောင်နေသော သာဂိ
သိပါသည်။

သူမက ရခိုင်ပြည်နယ်ဘက်က ဖြစ်သည်။ သူမ မဲဆောက်ကိုလာတာက စားသောက်ဆိုင် တစ်ခုမှာ စားပွဲထိုးဖို့ ဖြစ်သည်။ သူမကို ခေါ်လာသော လူပွဲစားကလည်း မလိမ်ခဲ့ပါ။ စားသောက်ဆိုင်ကိုပင် ပို့ပေးခြင်းဖြစ်သည်။ တစ်ခု ဆိုးတာက သူမ အလုပ်လုပ်ရသော စားသောက်ဆိုင်သည် တည်းခိုခန်းနှင့် တွဲဖွင့်ထားသည့် (Inn) သဘောမျိုး ဆိုင်ဖြစ်သည်။ တည်းခိုခန်းဆိုသည်ကလည်း အမည်သာ တည်းခိုခန်းဖြစ်၍ လာရောက်သူတွေက ညအိပ်ညနေ တည်းခိုသူတွေ မဟုတ်ကြ။ တစ်နာရီစာ ဆက်ရှင် ယူသူ၊ တစ်နေကုန် ဆက်ရှင်ယူသူ၊ ညပိုင်း လာအိပ်သူ တွေနှင့် ပြည့်နေသော ပြည့်တန်ဆာ ခန်းတစ်ခုသာ။

သူမ၏ မျက်စိရှေ့တွင် တွေ့နေရသော ညငှက်လေးများသည် လူမျိုးစုံ၊ နိုင်ငံစုံကဖြစ်ပြီး မြန်မာနိုင်ငံသူက အများစု ဖြစ်သည်။ မြန်မာ အချင်းချင်း ဖြစ်၍ တစ်ခါတစ်ရံ စကားပြောဖြစ်သော်လည်း သူမ အဲဒီလို အလုပ်ကို စိတ်မပါခဲ့ပါ။ သူမရသော လစာလေးကို ခြစ်ကုပ်စုကာ
ရမ်းပြကျွန်းပေါ်က နာတာရှည် လူမမာ အဖေကြီးထံပို့ပေးဖို့ပဲ သူမ အာရုံထားခဲ့သည်။ အဲဒီတုန်းက သူမ အသက် ၁၈ နှစ်၊ လှချင် ပချင် စိတ်လေးဖြင့် ယိုးဒယားဖြစ် အဝတ်အစားလေးများကို ဝယ်ချင်စိတ်ရှိခဲ့သော်လည်း မြန်မာပြည်တွင်းရှိ တရိပ်ရိပ် တက်လာသော ကုန်ဈေးနှုန်းများ အောက်တွင် မဲဆောက်က သူမသည်လည်း မရှုနိုင် မကယ်နိုင် ဘဝနှင့် အလုပ်လုပ်ဂင်း ဝတ်ရသော ဝတ်စုံလေးများသာ ဝတ်နိုင်ခဲ့သည်။

သူမ၏ သူဌေးကလည်း မဆိုးပါဟုတောင် ပြောလျှင်ရနိုင်သည်။ တစ်ခြားဆိုင်ရှင်များလို အပေါက်မကြမ်း၊ ရိုက်နှက်ဆဲဆိုခြင်း မရှိ၊ ရံဖန်ရံခါ အဝတ်အစားလေးတွေတောင် ပေးတတ်၍ သူမ စိတ်ချမ်းသာခဲ့ရဖူးသည်။ သို့ရာတွင် သူမ၏ စိတ်ချမ်းသာမှုသည် ၄ လ ခန့်သာ ခံခဲ့သည်။ တစ်နေ့ ထိုတစ်နေ့သည် သူမ၏ ဘဝကို စတင် တစ်ဆစ်ချိုး ပြောင်းလိုက်သော တစ်နေ့ ဖြစ်သည်။ ထိုနေ့က သူမ ဆိုင်ထဲတွင်
အလုပ်လုပ်နေစဉ် ရဲနှစ်ယောက် ဝင်လာကာ သူမကို ဖမ်းသွားခဲ့သည်။ ဘာအတွက် ဖမ်းသည်ကို သူမ မသိ၊ နားမလည်၊ စိတ်ထဲတွင် တရားဝင် လာသည် မဟုတ်၍ ဖမ်းသည်ဟုပဲ ထင်နေခဲ့သည်။ သို့သော် မဟုတ်။ စခန်းရောက်မှ သိသည်က ဆိုင်ရှင် သူဌေး၏ တန်ဖိုးကြီး နာရီ ပျောက်သွား၍ ဖြစ်သည်တဲ့။ ထိုနာရီကို သူမ အိပ်စက်ရသော ကွပ်ပျစ်လေးပေါ်က သူမ၏ အဝတ်စုတ်လေးများ ထည့်ထားသော
အိပ်စုတ်ထဲတွင် ရှာတွေ့ခဲ့သည်ဟု လည်း ဆိုသည်။ သူမ မခိုးပါ၊ မယူပါ၊ သူမ လုပ်တာ မဟုတ်ပါဟု
မည်မျှပင် ကျိန်တွယ် ပြောစေကာမူ
ရဲတွေက သူမကို အချုပ်ထဲ ထည့်ခဲ့ကြသည်။

သူမ အားကိုးရသော သူဌေးရောက်လာသောအခါ သူမ မလုပ်ခဲ့သော ပြဿနာအတွက် သူဌေးကို

ခြေသလုံးဖက်တောင်းပန်ခဲ့သည်။ သူမ ထောင်ကျလျှင် သူမကို အားကိုး၍ ထမင်းစားနေရရှာသာ အဖေအိုကြီးနှင့် မောင်ငယ်လေး ငတ်သေသွားနိုင်သည်။ ထို့ကြောင့် သူမကို ထောင်မချပါရန်၊ အမျိုးမျိုး တောင်းပန်ခဲ့သည်။ သူဌေးကလည်း လိုက်လျောပါသည်။ သို့ရာတွင် ခြွင်းချက်က အပေါ်ထပ်တွင် အလုပ်လုပ်ရမည်ဟု ဆိုလာသည်။ သူမ မျက်ရည်လည်ရွဲဖြင့် ခေါင်းငြိမ့်ခဲ့ရသည်။ ရွာမှာကျန်ခဲ့သော ငယ်ချစ်ကို စိတ်ထဲက တောင်းပန်မိသည်။ သို့ဖြင့် ထိုနေ့က သူမ အချုပ်က လွတ်လာခဲ့သလို ထိုညတွင်ပင် လောက ငရဲကျခဲ့ရသည်။

သူဌေးက သူမကို အပေါ်ထပ် တည်းခိုခန်းဆောင်ပေါ်သို့ ခေါ်သွားခဲ့သည်။ ထိုအဆောင်မှာအုပ်ချုပ်သည့် တရုပ်မကြီး တစ်ယောက်နှင့် အတူ သူမကို ညဉ့်ငှက်တို့၏ တာဝန်များ အကြောင်း လက်တွေ့ လုပ်ပြစေခဲ့သည်။ သူမ၏ စအိုထဲသို့ ရာဘာတုတ်တစ်ချောင်းကို ဆီသုတ်၍ ထိုးထည့်ထားကာ ငှက်ပျောသီး တစ်လုံးကို အတောင့်လိုက်ကြီး ငုံထားခဲ့ရသည်။ သူမ စားထားသမျှတွေ အကုန် အန်ထွက်ခဲ့သည်။ စအိုထဲက မစင်တွေ ထွက်ကျခဲ့သည်။ စအိုဝ စုတ်ပြဲကာ သွေးတွေ တရစပ် ထွက်နေခဲ့သည်။ သူမ မခံနိုင်၍ အခန်းထဲ လှည့်ပတ်ပြေးတော့ ကြိုးနှင့် တုပ်ကာ ဆက်လုပ်ကြသည်။ သူမ ငိုရုံသာ တတ်နိုင်ခဲ့သည်။

တစ်နာရီခန့်ကြာတော့ သူတို့ ငှက်ပျောသီးကို အဆုံးထိ သူမ အာခေါင်ထဲ ထိုးသွင်းနိုင်ခဲ့ကြသည်။ သူမမှာတော့ အန်လိုက်ရသည်မှာ
ဗိုက်ထဲက ကလီစာတွေပါ ပါးစပ်က ထွက်ကုန်ပြီ ထင်ရသည်။ အဲဒီတော့မှ ငှက်ပျောသီးကို ပါးစပ်ထဲ အတင်းထိုးထည့်ခြင်းအား နားကြသည်။ အနားရစဉ် ခဏ သူမ တောင်းပန်မိသည်။ မလုပ်တော့ပါ။ ထောင်ထဲသာပို့ပါတော့ဟု ပြောမိသည်။ အဖြေက သူဌေး၏
လိင်တံကြီး သူမ စအိုထဲ ဝင်လာခြင်းပင်။ ခုန ထိုးထည့်ထားသော ရာဘာတုတ်ထက် ကြီးပုံရသော သူဌေး၏ လိင်တံသည် သူမ ၏
စအိုကို ထပ်မံ စုတ်ပြဲ သွားစေသည်။ နာလိုက်၊ စပ်လိုက်သည်မှာ တစ်ပတ်၊ နှစ်ပတ် ကြာသည်အထိ သူမ အဲဒီနေရာကို အထိ မခံနိုင်ခဲ့ပေ။ အိမ်သာ တက်ပြီး၍ ရေဆေးတိုင်း စပ်ဖြည်းဖြည်းဖြစ်နေသည်။ ထို့အတူ သူဌေး၏ မျက်နှာကြီးကို အက်ဆစ်နှင့် ပက်ချင်စိတ်တွေ တစ်ဖွားဖွား ပေါ်လာခဲ့သည်။

သို့ရာတွင် တစ်ကယ် လက်တွေ့လုပ်သူက သူဌေးသာ ဖြစ်သည်။ သူသည် ဧည့်သည်တစ်ယောက်နှင့် သူမကို လွှတ်ပေးခဲ့သည်။ ထိုလူက သူမ အချုပ်ကျခဲ့သော ရဲစခန်းက စခန်းမှူးဖြစ်သည်။ သူသည် သူမ၏ အပျိုစင် ဘဝကို ရယူရုံသာမက လည်ပင်းညှစ်ခြင်း၊ ပါးရိုက်ခြင်း၊ မျက်နှာနှင့် မွေးယာကို ကိုင်ဆောင့်ခြင်းများ လုပ်ခဲ့သည်။ သူဌေးက ဘေးမှနေ၍ ကြာပွတ်တစ်ချောင်းနှင့် ရပ်ကြည့်နေခဲ့သည်။ သူမ ထွက်ပြေးမည် ပြုလိုက်တိုင်း သူဌေး၏ ကြာပွတ်က သူမကိုယ်ပေါ်သို့ ရောက်လာခဲ့သည်။ နောက်ဆုံး ထိုလူက သူ၏ လိင်တံကို သူမ
ပါးစပ်ထဲ ထိုးသွင်း၍ အတင်းဆောင့်ကာ သုတ်ရည်တွေပန်းထုတ်ရင်း သူမ နှာခေါင်းကို ညှစ်ပိတ်ထားပြီး မြိုချခိုင်းခဲ့သည်။ မမြိုလို့လည်း မရခဲ့။ သူမ အသက်ရှူ ကျပ်လှပြီ ဖြစ်သည်။ မြိုချလိုက်တော့မှ ထိုလူနှစ်ယောက်က တစ်ဟားဟားရယ်ရင်း ထွက်သွားခဲ့ကြသည်။

ဝမ်းနည်းကြေကွဲမှုတို့ဖြင့် သူမ ကိုယ့်ကို သတ်သေရန် စဉ်းစားခဲ့သည်။ အဖေ့ကို ရည်မှန်းကန်တော့ကာ အပေါ်ထပ် ဝရံတာမှနေ ခုန်ချခဲ့သည်။ နှစ်ထပ် အမြင့်သာရှိ၍ မသေပဲ သူမ ခြေကျိုးသွားသည်။ ဆေးရုံရောက်သည်။ အန်ဂျီအိုတွေ၊ ရဲတွေ ရောက်လာသည်။ မြန်မာ့ အရေး လှုပ်ရှားဆောင်ရွက်နေသည် ဆိုသူများ ရောက်လာသည်။ သူမကို မေးခွန်းတွေ မေးကြသည်။
ဓာတ်ပုံတွေ ရိုက်ကြသည်။ သူမ အမှန်အတိုင်းပြောပြခဲ့သည်။ သူမ၏ သူဌေးကို အရေးယူရန် ဆောင်ရွက်ပေးမည်ဟု ဆိုကြသည်။ ထိုကဲ့သည် ပြောသည်မှာ ပထမ တစ်ရက်သာ နောက်ရက်တွေတွင် ထိုလူများ ပေါ်မလာကြတော့။ ထိုလူများ အစား သူဌေး၏ လူယုံ
ရှမ်းမ(ယိုးဒယား) တစ်ယောက် သူမအနားရောက်လာခဲ့သည်။ ထိုရှမ်းမက လူနာစောင့်လိုလိုဖြင့် သူမ၏ လှုပ်ရှားပြုမူပုံတိုင်းကို တားမြစ်သည်။ သူမ ကြောက်သည်။ နေကောင်းသွားလျှင် သူဌေးလက်ထဲ ပြန်ရောက်မည် စိုးသည်။

ထို့ကြောင့် ရှမ်းမ အိမ်သာသွားချိန် ဆေးရုံက အများသုံးဖုန်းဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေး အဖွဲ့တစ်ခုထံ ဆက်သွယ်ခဲ့သည်။ ဖုန်းနံပတ် အလွတ်ရ၍ မဟုတ်ပါ။ လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့များ၏ ကြော်ငြာစာရွက်များသည် နေရာအနှံ့တွင်ရှိနေသလို ဆေးရုံ
ပေါ်တွင်လည်း ကပ်ထား၍ ဖြစ်သည်။ တစ်ကယ်တမ်း ဆက်သွယ်သောအခါ ထိုအဖွဲ့ ပြန်ကြားချက်က ဤသို့ဖြစ်သည်..
(၁) တိကျခိုင်မာတဲ့ သတင်းအချက်အလက် (ဓါတ်ပုံ/ဗွီဒီယို) စာရွက်စာတမ်း အထောက်အထားတွေ ပြည့်စုံရမယ်။
(၂) လူကုန်ကူးမှုဖြစ်ပေါ်နေတဲ့ နေရာကို တိုက်ရိုက်လိုက်လံ ပြသနိုင်သူ ရှိရမယ်။
(၃) လူကုန်ကူးမှု ပြုလုပ်သူရဲ့ အခန်းမှာ လူ အနည်းဆုံး သုံး၊ လေးဦး ရှိရမယ်။ လူကုန်ကူးသူပါ ရှိရမယ်။
(၄) လူကုန်ကူးသူကို ဥပဒေအရ အရေးယူနိုင်ဖို့အတွက် လူကုန်ကူးခံရသူဟာ အစိုးရ သက်သေအဖြစ် အနည်းဆုံး (၆) လခန့် သက်ဆိုင်ရာ အာဏာပိုင်များ စီစဉ်ပေးတဲ့ စခန်းမှာ အပြင် မထွက်ရ၊ ဝင်ငွေမရှိ နေထိုင်ရမယ်။
(၅) နောက်ဆုံးတော့ တရားမဝင် ဝင်ရောက်လာမှုနဲ့ နယ်စပ်သို့ ပြန်လည်ပို့ ဆောင်ခြင်းခံရမှာဖြစ်တယ်။

ထိုအချက်များ ပြည့်စုံမှ သူမကို ကူညီနိုင်မှာ ဖြစ်ကြောင်း ပြောသည်။ နံပတ် တစ် အချက်နှင့်တင် သူမကို ကူညီနိုင်မည် မဟုတ်ကြောင်း သူမ သိသွားခဲ့ရသည်။ သူမတွင် ဓာတ်ပုံ ကင်မရာဝေးလို့ ဘောပင်တောင် မရှိခဲ့ပါ။ နောက် ၆ လ လုံးလုံး အလုပ်မလုပ်ပဲ နေရပါက သူမ ဖခင် မည်သို့ နေထိုင် စားသောက်ရမည်နည်း။ ပြန်လွှတ်မည်ဆိုတာက အကြောက်ဆုံးဖြစ်သည်။ ဟိုမှာ မည်သို့ လုပ်ကိုင် စားသောက်ရပါမည်နည်း။ သူမ ခြိမ်းပွဲချ ငိုရင်း ငရဲကျမည့်နေ့များကိုသာ ထိုင်စောင့်နေရတော့သည်။

သာဂိ ရင်နာနာနှင့် လက်မောင်းပေါ်က သူမမျက်နှာလေးကို ဆက်လက် ငေးမောနေမိသည်။ နနယ်လှသော မျက်နှာလေးသည်

အမုန်တစ်ကယ်ဆို ကျောင်းတက်နေရမည့် အရွယ်လေးသာ။ လွယ်အိပ်လေးလွယ်၍ အပူအပင်ကင်းစွာ ဘဝကို ဖြတ်သန်းဂမည့် အရွယ်လေး ဖြစ်သည်။ ခုဒီလို ဖြစ်ရကြံုတာ သူမ အမှားလား.. သူမ ဘာအမှားတွေ လုပ်ခဲ့လို့ ဒီလို ဖြစ်ရတာလဲ.. ရိုးသားစွာ ပိုက်ဆံရှာချင်တာတောင် ရှာမရသည့် အချိန်ကြီးအတွင်း မွေးဖွားလာခဲ့မိသော မိမိကိုယ်ကိုသာ အပြစ်တင်ပါ အေးအေးရယ်..
သာဂိ ဒီလိုသာ ညည်းညူလိုက်မိပါတော့သည်။

သာဂိသည် ယိုးယားတွင် မပျော်ချေ။ မစ္စတာဗက ဗလကြီး မျက်နှာဖြင့် ဧည့်ဝတ်ကျေသော်လည်း သာဂိ မပျော်။ ယိုးဒယားသည် မြန်မာတွေကို နှိပ်ကွပ်ရာတွင် မလေးရှားတွေထက် သာလေသည်။ မလေးလူမျိုးတွေက မြန်မာတွေကို အလုပ်သမားလို ဆက်ဆံသော်ငြား အနိုင်ကျင့်နှိပ်စက်တာမျိုး သိပ်မရှိလှ။ လုံးဝ မရှိဘူးဟုတော့ မဆိုနိုင်။ သို့သော် တိရစ္ဆာန်သာသာ သဘောထားတာမျိုး မလေးရှားတွင် သိပ်မတွေ့ခဲ့ရ။ ယိုးဒယားတွင်ကား လူမှောင်ခို ဈေးကွက်ကြီးသည် တရားဝင်လုပ်ကိုင်ခွင့် ရထားသည့်အလား ကြီးမား ကျယ်ပြန့်လှချေ၏။ထို့အတူ လုပ်ခနှိမ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ အနိုင်ကျင့် နှိပ်စက်မှုများလည်း ရှိနေကြသည်။ အထူးသဖြင့် လိင်နှင့်ပတ်သက်သော အနိုင်ကျင့်မှုများသည် နေရာတိုင်းတွင် လေနှယ် ပျံ့လွင့်လျှက် ရှိ၏။

သာဂိကို မစ္စတာဗက ဟိုဟိုသည်သည် မသွားရန် မှာခဲ့သည်။ ခြေအငြိမ် မနေနိုင်သော သာဂိက ဘယ်မှာ နားထောင်မည်နည်း။ စပ်စပ်စုစု ရှေ့က ဂိုထောင်ကို သွားကြည့်သည်။ ထိုအထဲတွင် ရှေ့ပိုင်းက စက်ရုံ ဖြစ်သည်။ ပုစွန်တွေကို စည်သွပ်ဗူးလုပ်ကာ သိုလှောင်ထားပြီး တံဆိပ်ကပ်သည့်နေရာ ဖြစ်သည်။ စည်သွပ်သည့် စက်ရုံက မြို့ပြင်ဘက်တွင် ရှိသည်ဟု ဆိုသည်။ ဒီမှာ အလုပ်လုပ်နေသူများက မစ္စတာဗနှင့် သူ့လူများက ယုံကြည်စိတ်ချထားသော လူများချည်းသာ။ သို့ရာတွင် သူတို့လဲ အလုပ်သိမ်း၍ ပြန်ကြရလျှင်တော့ မြို့ပြင်က တန်းလျားကိုသာ ဖြစ်သည်။ ကမ္ဘာကျော်အောင်လှသော ဖူးခတ်ဆိုသည့် ကမ်းခြေမြို့လေးသည် အောက်ခြေ လူတန်းစား မြန်မာ တို့အတွက်တော့ ထူးပြီး မလှသော နေရာသာ၊ ငွေရလွယ်သလောက် အမြန် အသက်ပျောက်နိုင်သော နေရာ၊ စက်ရုံအတွင်းရှိ နှစ်ကြာ အလုပ်သမား ဦးကြီးတစ်ယောက်ကတော့ ပြောပါသည်။ ဒီ ဖူးခတ်က ယိုးဒယားမှာ တော်တော် ငြိမ်းချမ်းတဲ့ နေရာဟု၊ မလေးနယ်စပ်ဘက်တွင် ဆိုလျှင်ကား လစာ ဘတ် တစ်ထောင်ကို မပေးချင်၍ ပစ်သတ်တတ်သည်ဟု ဆိုသည်။

ဘြော်.. ကျည်ဆန် တစ်တောင့် ၂၅ ဘတ်၊ ၃၀ ဘတ်လောက်သာ ရှိသည်ဆိုတော့ သူဌေးအတွက်ကား အမြတ်ကျန်ပေမည်။ သာဂိ တော်တော် စိတ်ဆင်းရဲသွားမိသည်။ ထိုစဉ်မှာပင် မစ္စတာ ဗ ရောက်လာသည်။ သာဂိကို စက်ရုံထဲတွင် မြင်ရသောအခါ သူ့
မျက်နှာ တော်တော် တင်းသွားသည်။ အနည်းငယ်မှ အားနာခြင်း မရှိပဲ
"ဧည့်သည်က ဧည့်သည်လို နေပါ ကိုသာဂိ"
သာဂိ ဘာမျှ ပြန်မပြောတော့ပဲ သူ့ရှေ့က ကုပ်ကုပ်လေး ထွက်လာခဲ့သည်။ အခန်းထဲတွင်ကား အေးအေး မရှိတော့။ ပြန်သွားချေပြီ။ သာဂိ ငွေမလဲရသေး၍ လက်ထဲတွင် ယိုးဒယား ပိုက်ဆံ မရှိသော်ငြား ဗလကြီး

ပေးလိုက်သည့် မလေးငွေ တစ်ရာကို သူမအား
ပေးလိုက်မိခဲ့သည်။ သူမ အတွက် အနည်းငယ်တော့ အထောက်အပံ့ရနိုင်မည်ဟု ထင်မိသည်။ သာဂိ ဒိလောက်ပဲ ကူညီရဲသည့် ကိုယ့်ကိုကိုလည်း မုန်းမိသည်။ သူ့ဦးဏှောက်က သူ့ကို အပြန်လမ်းစရိတ်၊ အပြန်လမ်းစရိတ်ဟု သတိပေးနေခဲ့ခြင်းကြောင့်လည်း
ဖြစ်သည်။

ခဏကြာတော့ မစ္စတာဇ သာဂိအခန်းထဲ လိုက်ဝင်လာသည်။ ပြီးတော့ ဆိုဖာပေါ် ဝင်ထိုင်ရင်း..
" စိတ်မရှိပါနှင့်.. ကိုသာဂိ၊ ကိုသာဂိက ဒီမှာ အမြဲနေမယ့်လူ မဟုတ်တော့ ကျွန်တော်တို့ အလုပ်တွေကို ကိုသာဂိ မမြင်တာ အကောင်းဆုံးပဲ၊ ဒါကြောင့်ပါ၊ ကျွန်တော်က ကိုသာဂိ အတွက်ပြောတာပါ"

သူ့စကားက စိုးရိမ်သံ ဆန်သော်လည်း တစ်ကယ်က သတိပေးတာ ဖြစ်ပုံရသည်။ သာဂိ စကားကို ဖြတ်လိုက်သည်။
"ကျွန်တော် မားဆိုးကို ဘယ်အချိန်လောက် တွေ့လို့ရနိုင်မလဲ မစ္စတာဇ"
"ကျွန်တော် ဆက်သွယ်ထားပါတယ်၊ သူတို့လှေက အခု ပင်လယ်ထဲမှာလို့ သူတို့သူဌေးက ပြောတယ်၊ ကြေးနန်းနှင့် ပို့ထားတယ်လို့
ပြောတယ်ဗျ၊ အဆင်ပြေမှာပါ၊ သူတို့ ကျွန်တော့်ဆီမှာပဲ ပုစွန်လာရောင်းမှာပါ၊ အဲ့ဒီတော့မှ ခင်ဗျားလူကို ပြန်ရွေးကြတာပေါ့၊ သူတို့ တန်ချိန် ပြည့်တာနှင့် ဝင်လာမှာပါ၊ နောက် စောင့်ရလှ နှစ်ပတ်၊ သုံးပတ်ပေါ့ဗျာ၊ ခင်ဗျားတို့ ပင်လယ်က ပုစွန်တွေ ပေါပါတယ်၊ ကဲ..
ဒါတွေ ထားလိုက်၊ လာ.. ခင်ဗျားကို ခင်ဗျား အကြိုက်တွေ လိုက်ပြမယ်"

ပြောပြောဆိုဆို သူက သာဂိကို ဆွဲခေါ်သွားသည်။ ကားပေါ်တွင် ထိုင်ရင်း သာဂိ စဉ်းစားနေမိသည်။ ငါ့ အကြိုက်ဆိုတော့ အရက်ဆိုင်လား၊ မိန်းမတွေ ဆီလား.. ဒါဆို ညက သွားသည့် ကွမ်းတို့ဆိုင်များ သွားမလား၊ မဟုတ်နိုင်။ မနက်ပိုင်းကြီး ဘယ် နိုက်ကလပ်က ဖွင့်မည်နည်း၊ အေးလေ.. ရောက်ရင် သိမှာပေါ့ဟုသာတွေးရင်းလိုက်လာခဲ့ရာ ကားလေးက တစ်ဖြည်းဖြည်း မြို့ပြင်ဘက်
သွားနေတာ သတိထားမိသည်။ နောက်တော့ သစ်ပင် အုပ်အုပ်လေးပါ တွေ့လာရသည်။ တောဆန်ဆန် နေရာမျိုးပင်။ ကားလေးက ထိုတောအုပ်ထဲသို့ ချိုးကွေ့ဝင်လိုက်ရာ ဆောက်လက်စ တန်းလန်း အဆောက်အဦးကြီးများကို ဘွားကနဲ တွေ့လိုက်ရသည်။ ပုံစံကတော့
လူနေကွန်ဒိုတွေ ပုံစံမျိုးပင်။ ပတ်ဝန်းကျင်မှာလည်း အလုပ်သမား တဲတန်းလျားများက ဟိုတစ်အုပ်၊ ဒီတစ်အုပ်ရှိနေသည်။ ဝန်ချီစက်ကြီး
များကလည်း တစ်ရမ်းရမ်းနှင့် တင်လိုက်ချလိုက် အလုပ်လုပ်နေကြသည်။

သာဂိမှာသာ ဘယ်နယ့်၊ ငါ့ ကိုဘယ်ခေါ်လာပါလိမ့်ဟုသာ တွေးနေစဉ် ကားလေးက အစွန်ဆုံး ကွန်ဒို တစ်ခုရှေ့တွင် ရပ်လိုက်သည်။ ဒီကွန်ဒိုကတော့ တော်တော်လေး ပြီးနေချေပြီ။ အနည်းငယ်

လက်စသတ်ရန်နှင့် ဆေးသုတ်ရန်သာ ကျန်ပုံပေါ်သည်။ ကားပေါ်က ဆင်း၍
သာဂိ ရှေကြည့်တော့ အထပ်က ၈ ထပ်ရှိသည်။ မစ္စတာဇက သာဂိကို လက်ဟန်ပြကာ မြေညီထပ်
တစ်ခုထဲသို့ဝင်သွားသည်။ သာဂိလဲ နောက်က လိုက်ရ၏။ ဝင်ဝင်ချင်းမှာပင် ထိုင်ခုံတစ်ခုတွင်ထိုင်နေသော
ယူနီဖောင်းဝတ်ရဲတစ်ယောက်ကို တွေ့ရသည်။

မစ္စတာဇက ထိုရဲနှင့် စကားအနည်းငယ်ပြောပြီး အိပ်ထဲက ပိုက်ဆံတစ်ချို့ ထုတ်ပေးတာတွေ့ရသည်။ ရဲက နောက်သလို ပြောင်သလို
ဖြင့် မစ္စတာဇကို အတည်အလေးပြုသည်။ ထို့နောက် မစ္စတာဇနှင့် သာဂိတို့ ဓာတ်လှေကားစီး၍
အပေါ်တက်ခဲ့ကြသည်။ တက်တာမှ ဟိုး
အပေါ်ဆုံးထပ်ရောက်သည် အထိပင်။ ဓာတ်လှေကားတံခါးပွင့်သွားပြီးပြီးချင်း မြင်ရတာက သံပန်း
သံတံခါးများ ဖြစ်သည်။ ထိုနေရာတွင်လည်း အစောင့်နှစ်ယောက်ရှိသည်။ အထဲတွင် သုံးထပ်သားဆန်ဆန်
သစ်သားတစ်ခါး တစ်ချပ်ရှိနေသေးသည်။ ထိုနှစ်ခု ပြီးတော့မှ မှန်တံခါး၊ မှန်တံခါးကိုဖွင့်၍
အထဲရောက်တော့မှ သာဂိ ပါးစပ်အဟောင်းသား ဖြစ်ရသည်။

အထဲတွင်ကား မညီမညာ အိပ်ယာခင်းများ လက်ဆွဲအိပ်များ၊ အဝတ်တန်းများဖြင့် ပြည့်နေသည်။
ထိုအရာများကြားတွင် ရှိနေသူများက မိန်းမကြီး၊ ငယ်၊ လတ် အရွယ်စုံ၊ ဆိုက်စုံ များ။
ဘယ်နှစ်ယောက်ဟူ၍တော့ သာဂိ မခန့်မှန်းတတ်။ တော်တော် များသည်ဆိုတာပဲ မြင်နေရသည်။
ထိုမိန်းကလေးတွေသည် ယိုးဒယားကို အလုပ်လုပ်ဖို့ လာကြသည့် မိန်းကလေးတွေ ဖြစ်သည်။
သူတို့လာပုံက ပွဲစားကို ငွေအကြေပေးပြီး လာခြင်းမျိုး မဟုတ်။ ဒီရောက်မှ လုပ်အားခထဲက ဖြတ်၊
လောလောဆယ် ပွဲစားက စရိတ် ခံပြီး ခေါ်လာဆိုတဲ့ ပုံစံမျိုးဖြစ်သည်။ သူတို့ကို အမှန်အကန်
အလုပ်သွင်းပေးသည့် ပွဲစားများရှိသလို၊ ဒီနေရာကို ခေါ်လာပြီး ရောင်းထားခံ
ခဲ့ရသူများလည်းရှိသည်။

တစ်ချို့က အလုပ်ထဲရောက်ပြီးမှ အဆင်မပြေ၊ သူဌေးနှင့် သို့မဟုတ် လုပ်ဖော်ကိုင်ဖက်နှင့် သို့မဟုတ်
ပင်ပန်းဆင်းရဲသည့် အလုပ်နှင့်
အဆင်မပြေဖြစ်ကြသည့်အခါ ပွဲစားလက်ပြန်ရောက်လာသည်။ ထိုအခါ ပွဲစားက သူစိုက်ထားသည်များ
ပြန်ရရန် ဒီနေရာမျိုးတွေတွင် လာရောင်းထားလိုက်သည်။ ဤကဲ့သို့လာရောင်းသူများကို မစ္စတာဇက
ဒိုင်ခံဝယ်ထားပြီး ဝယ်လိုသူရှိက ပြန်ရောင်းသည်။ ဝယ်လိုသူမရှိက
ပြည့်တန်ဆာအဖြစ် အသုံးပြုလိုက်သည်။ ပြည့်တန်ဆာအဖြစ်တောင် သုံးလို့မရလောက်သည့် ပုံမျိုးဆို
ငါးဖမ်းလှေတွေပေါ် ရောင်းလိုက်သည်။ မိန်းမမရှိသည့် ပင်လယ်ထဲတွင်ကား မိန်းမ ဖြစ်တာတစ်ခုနှင့်တင်
လှေတစ်စီးလုံးက သဘောကျကျ မည်သာ။အဲ.. လှေသားတွေ ကျေနပ်အားရသွားပြီ၊ မိန်းကလေးလည်း
စုတ်ပြတ်လန်ပြန်သွားပြီဆိုလျှင်ကား ပင်လယ်ထဲ ကန်ချလိုက်ကြ
သည်။ ထိုမိန်းကလေးအတွက် ဝယ်ယူခ ကုန်ကျငွေကို လှေပိုင်ရှင် သူဌေးက စိုက်ထားပြီး
လစာထုတ်သည်နှင့် လှေသားတိုင်းဆီက အချိုးကျပြန်ဖြတ်တတ်သည်။

ဒါတွေကို တော်ကြာနေမှ သာဂိ သိလာခြင်းသာ။ မစ္စတာဇကက ကြိုက်ရာရွေးပါ ဆိုကာ ရွေးခိုင်းစဉ်တုန်းကတော့ သာဂိ အံ့သြနေရုံသာ ရှိသည်။ ရွေးလဲ မရွေးဖြစ်ခဲ့။ အဲ့လိုမျိုးကြီးကျတော့လဲ သာဂိက စိတ်မပါချေ။ သူတို့တွေကလဲ ပြင်ပြင်ဆင်ဆင်နေကြတာ မဟုတ်သည့် လူများက အများစု၊ တစ်ချို့ဆို မျက်ရည်နှင့် မျက်ခွက်။ သာဂိရှေ့တွင်ပင် မိန်းကလေးတစ်ယောက်ကို လူနှစ်ယောက်က ဘတ် ၅၀၀၀ နှင့် ဝယ်သွားတာ တွေ့လိုက်ရသည်။ ဩော်.. ခေတ်ဟောင်းရုပ်ရှင်တွေထဲမှာသာ မြင်ဖူးသည့် လူရောင်းပွဲသည် သာဂိ မျက်စိရှေ့တွင်ပင် ဖြစ်လာနေသည်။ လူကို ဒီလို ရောင်းလို့ ဝယ်လို့ရသော နေရာ တစ်ကမ္ဘာရှိပါလားဟု သာဂိ ယခုမှ သိသည်။

နဂိုလ်ကတည်းက သိပ်မကြည်သော သာဂိ စိတ်တွေသည် အခန်းထဲပြန်ရောက်သည့်တိုင် ရှင်းမလာခဲ့ချေ။ ထို့ကြောင့် အကြောင်းပြမြဲ ဖြစ်သော အရက်ကိုသာ တစ်နေကုန် အဖော်ပြုတော့မည်ဟု တွေးလိုက်မိသည်။ သာဂိ ရှေ့ဖက် ဧည့်ခန်းထဲ ထွက်လာခဲ့ လိုက်သည်။ ဧည့်ခန်း၏ တစ်ဘက်နံရံတွင် ဘားခန်းသဘောမျိုး ထားသည့် အရက်စင်လေးရှိသည်။ သာဂိ မျက်စိရှေ့က တစ်လုံးကို ဆွဲယူဖွင့်လိုက်ကာ ဆက်တီတွင် ထိုင်ရင်း တစ်ယောက်ထဲ သောက်နေမိသည်။

ထိုစဉ် တံခါးမကြီး ပွင့်သွားကာ ကွမ်း ဝင်လာသည်ကို တွေ့သည်။ သာဂိနှင့် အပြန်အလှန် ဆဝါဒီခကြပြီးနောက် သူပါ ဖန်ခွက်လေး တစ်ခွက်ကိုင်၍ ငှဲ့ထည့်ပြီးသောက်သည်။ သောက်ရင်းစားရင်း ဂျိုကျိုးနားရွက်ပဲ့ အင်္ဂလိပ်စကားများဖြင့် အပြန်အလှန် ပြောဖြစ်ကြသည်။ သူမသည် အသက် ၂၅ နှစ် ရှိပြီး မိခင်အိုသာ ရှိတော့သည့် ဘွဲ့ရ တစ်ဦးဖြစ်ကြောင်း၊ တစ်ခြားအလုပ်များ ဝင်လုပ်ဖို့ကြိုးစားခဲ့သော်လည်း အဆင်မပြေကြောင်း၊ ဒီအလုပ်က ပင်ပန်းကြောင်း၊ သူဌေးက သဘောကောင်းကြောင်း စသည်ဖြင့် နားလည်တစ်ဝက် မလည် တစ်ဝက် ပြောကြရင်း ကွမ်းနှင့် ရင်းနှီးလာသည်။

စိတ်ကရင်းနှီးလာ၍ ထင်သည်။ သာဂိသည် ကွမ်းကို သိပ်မကြောက်တော့ပဲ ရဲရဲတင်းတင်း ကြည့်ရဲလာသည်။ သူမသည် တီရှပ် အပွကြီးတစ်ထည်နှင့် အသားကပ်ဘောင်းဘီ တစ်ထည်ကို ဝတ်ထားသည်။ သူမ၏ ခန္ဓာကိုယ် သေးသေးသွယ်သွယ်လေးနှင့် ထိုအင်္ကျီ ဖားဖားကြီးသည် ကလေးတစ်ယောက် လူကြီးအင်္ကျီ ကို ဝတ်ထားသကဲ့သို့ ရှိသည်။ သို့ရာတွင် ကြည့်လို့တော့ ကောင်းချေသည်။
သူမက ဆက်တီပေါ်တွင် ဒူးခေါင်းလေး တစ်လုံးပေါ် ဒူးခေါင်းတစ်ခုထပ်ချိပ်ထားရင်း ထိုင်နေခြင်း ဖြစ်ရာ အသားကပ်ဘောင်းဘီ ဝတ်ထားသော သူမ၏ ပေါင်တံလေးတွေသည် သွယ်သွယ်လျလျ လုံးလုံးဝန်းဝန်းလေးဖြစ်သည်။ သာဂိ၏ မျက်လုံးက ထိုနေရာတွေကို အကြည့်ရောက်နေကြောင်း သူမ သိသွားသည်။

" မင်း ငါ့ကို ကြိုက်သလား"

ရုတ်ရက် သာဂိ လန့်သွားသည်။ သူမမျက်လုံးနှင့် မျက်နှာကို လှမ်းအကဲခတ်လိုက်တော့ သူမ မျက်နှာသည် သိပ်ရီဝေနေတာမျိုးမရှိ။ အရက်ရှိန်ကြောင့် အနည်းငယ် ရဲနေပုံရသည်က လွဲလျှင် သိပ်ပြီး စိတ်ပါလို့ မေးခြင်းမျိုး မဟုတ်ဟု ထင်သည်။ ထို့အတူ မနှစ်မြို့လို့
မကြည်ဖြူလို့ မေးတာမျိုးနှင့်လည်း မတူပြန်ချေ။ ထို့ကြောင့် သာဂိ မဟုတ်မလွန် ဖြေလိုက်သည်။

"မင်းလို လှတဲ့ မိန်းမလှမျိုးကို.. ဘယ်သူဖြစ်ဖြစ် ကြိုက်မှာပဲ"
သူမ ခိကနဲ တစ်ချက်ရယ်သည်။ ပြီးတော့ မတ်တပ်ရပ်လိုက်ဂင်း "ငါ ဒီလို လှဖို့ ပိုက်ဆံအများကြီး ကုန်ခဲ့တယ်" ဟုပြောသည်။ ထို့နောက်
လက်ထဲက ခွက်ကျန်ကို ဇတ်ကနဲ မော့လိုက်ရင်း " မင်း ဆန္ဒ ရှိတယ်ဆိုရင် မင်းအခန်းကို သွားကြစို့" ဟုပြောလာသည်။ သာဂိ
မျက်လုံးပြူးသွားသည်။ မျက်စိထဲတွင် အမှတ်မထင် ဆာမိကြီး၏ လက်မောင်းတုတ်တုတ်ကြီးတွေကို မြင်ယောင်သည်။

သို့ရာတွင် ယောက်ျားတစ်ယောက်ဖြစ်သော သာဂိ မငြင်းနိုင်။ အခန်းထဲသို့ထွက်လာခဲ့မိသည်။ကွမ်းလဲနောက်ကလိုက်လာသည်။ တံခါးပြန်ပိတ်ပြီး သူမဘက်သို့ လှည့်လိုက်သောအခါ သူမက အဝတ်တွေ ချွတ်နေချေပြီ။ သူမသည် ကိုယ်လုံးကိုယ်ပေါက် တော်တော်လှသူလေးဖြစ်သည်။ ရုပ်ရှင်တွေ မဂ္ဂဇင်းတွေထဲကလောက်ကို လှသူဖြစ်သည်။ ရွှေဝါရောင် ရင်နှစ်မွှာသည် တစ်ကယ့် တောင်ပူစာလေး နှစ်လုံးလို စူစူပွံ့ပွံ့ မို့မို့လေး၊ ထိုအောက်က ဗိုက်သားချပ်ချပ်နှင့် ဝမ်းပျဉ်းပြားပြားလေးသည် အလယ်တွင် မြောင်းတစ်ခု ပေါ်လျှက် အဆီပြင်တစ်စက်မျှ မရှိပါဟု ပြောနေသည်။

ဆင်နှာမောင်းလို သွယ်ပြောင်းသည့် ပေါင်တံတွေကား အရင်းတွင်ကားလျှက် လုံးလုံးကစ်ကစ်လေး ဖြစ်နေကာ အောက်ဘက်သို့ သွယ်ဆင်းသွားသည်။ သာဂိ သူမအနား တိုးသွားမိ သည်။ သူမက သာဂိကိုလှမ်းဖက်လိုက်ရင်း သာဂိ နှုတ်ခမ်းတွေကို လျှာဖြင့် သိမ်းလျှက်သည်။ သာဂိ နှုတ်ခမ်းတွေသည် သူမ၏သွားရည်တွေဖြင့် စိုကုန်သည်။ ပြီးတော့ သာဂိ ခေါင်းကို အောက်ဆွဲနှိမ့်လိုက်ရင်း သူမ၏ နို့အုံလေးတစ်လုံးပေါ် တင်ပေးသည်။ သာဂိ ကုန်းစို့ရင်း ကျန်နို့အုံလေး တစ်လုံးကို လက်နှင့်ဖျစ်ညှစ်လိုက်သောအခါ သူမက "ဖြေးဖြေး၊ ဖြေးဖြေး" ဟုပြောသည်။

သူမ၏ နို့အုံတွေသည် တစ်ကယ့်ကို တင်းတင်းအိအိလေး ဖြစ်သည်။မြန်မာမ အပျိုစစ်တွေထက် အများကြီး သာသည်ပင်။ ယိုးဒယားမတွေက ဒီလို နို့အုံကောင်းသလား၊ မျိုးရိုးနှင့် ဆိုင်သလား ဖျပ်ကနဲ တွေးမိသော်လည်း လောလောဆယ် ဒါတွေ တွေးနေဖို့ အချိန်မရှိ၍ ခေါင်းထဲက ထုတ်လိုက်သည်။ နို့အုံတွေကို စို့ရင်း အကျင့်ပါနေသော လက်တစ်ဖက်က အောက်ပိုင်းကို စမ်းမိသည်။ သူမသည် ပိန်သွယ် သော်လည်း အဲဒိနေရာတွင်ကား အဆီများသည် ထင်သည်။ ဖောင်းဖောင်းအိအိ ဆီးခုံမို့မို့ကြီးကား ခပ်ဝဝ မိန်းမများတွင်သာ ရှိတတ်သည့် အဆီစုပုံမျိုး ဖြစ်သည်။

တစ်ခြား ခပ်ပိန်ပိန်မိန်းကလေးတွေမျိုးလို ဆီးခုံရိုး ငေါထွက်နေတာ မရှိ။ သာဂိ မှာသာ အံ့ဩပြီးရင်း အံ့ဩရသည်။ ဒီလို စလင်းဘော်ဒီ မိန်းကလေးမျိုးတွင် ဒီလိုဆီးခုံရှိတာ တစ်ခါမှ မတွေ့ဘူးခဲ့။ အဆီမရှိတာဆိုလျှင် တစ်ကိုယ်လုံး အဆီ မရှိရမည်ဖြစ်၍ ဒီနေရာလဲ မရှိရမည်သာ။ ဘယ့်နှယ် သူမကျမှ...

တွေးရင်း ငိုက်နေမိသော သာဂိကို သူမက စိတ်မရှည်တော့လို့ ထင်သည်။ ဝတ်ထားသော အင်္ကျီ ကို အတင်းဆွဲချွတ်ပစ်သည်။ ခါးပတ်ကို ဖြုပ်သည်။ သာဂိ ကူညီဖြုပ်ပေးရင်း အတွင်းခံပါ ချွတ်ချလိုက်သည်။ အဝတ်မဲ့သွားသည်နှင့် သူမက သာဂိကို ကုတင်ဘက်သို့ ဆွဲလှည့်ရင်း ဆောင့်တွန်းလိုက်သည်။ သာဂိ ဂုန်းကနဲ ကုတင်ပေါ် ပစ်ကျသွားသည်။ ကြည့်စမ်း ခပ်သွယ်သွယ် မိန်းမ တစ်ယောက်၏ အားကလည်း မသေးလှပါကလား၊ သူမက သာဂိ မျက်နှာပေါ်သို့ ပြောင်းပြန် ခွထိုင်လိုက်ကာ သူမ၏ ပစ္စည်းနှင့် သာဂိ မျက်နှာကို တေ့သည်။ ပြီးတော့ သူမ၏ မျက်နှာကလည်း သာဂိ ဆီးခုံပေါ်အပ်ကာ လိင်တံကို အားရပါးရ စုပ်လေသည်။

သာဂိ သူမ ပစ္စည်းလေးကို ပွတ်သပ် ကိုင်တွယ်ရင်း ဖြဲကြည့်မိသည်။ သာဂိတို့ အာရှသူတွေသည် အသားဘယ်လောက်ဖြူဖြူ ဒီနေရာကတော့ မည်းသည်သာ။ သို့ရာတွင် ကွမ်း၏ ပစ္စည်းကား ထူးဆန်းအံ့ဩဖွယ်ရာ ပန်းနုရောင် ထနေ၏။ သာမန်ထက် အနည်းငယ် ရှည်သော အစေ့လေးကလဲ ပန်းနုရောင်၊ နှုတ်ခမ်းသားကြီးတွေကလဲ ပန်းနုရောင်၊ ကွမ်းသည် ယိုးဒယား အစစ် မဟုတ်ဘူးထင်သည်။ အနောက်တိုင်းသွေးများ အနည်းငယ် ရောသလားမသိ။

နောက်တစ်ခုက သူမ၏ ပစ္စည်းသည် မည်သို့ပင် နူးစေကာမူ အရည်ကြည် အနည်းငယ် ထွက်ရုံမှ လွဲ၍ ရွှေပြွေ့ရည်များ စိုလာခြင်း မရှိ။သာမန် မိန်းကလေးမျိုး ဆိုလျှင်ကား သာဂိ၏ လက်များအောက်တွင် အရည်တောက်တောက် ကျနေမည်သာ။ ကွမ်းကား စိတ်မပါ လို့များလားဟု တွေးမိပြန်သည်။ ဒီလိုလဲ ဟုတ်ပုံမရ။ သူမ သာဂိလိင်တံကို စုပ်ပေးနေသည်မှာ တစ်ကယ့်ကို အားရပါးရ ဖြစ်သည်။ အေးအေးလောက် မကျွမ်းကျင်သော်ငြား စိတ်ပါလက်ပါ လုပ်ပေးခြင်း ဖြစ်၍ ခံစားလို့တော့ ကောင်းသည်။

ခဏနေတော့ သူမ သာဂိပေါ်က ဆင်းကာ စလင်းဘတ်အိပ်လေးထဲမှ ကွန်ဒုံး တစ်ခုကို ယူကာ ပါးစပ်နှင့် ကိုက်ဖြဲပြီး သာဂိ လိင်တံတွင် စွပ်ပေးသည်။ပြီးတော့ နောက်အထုပ်တစ်ထုပ်ကို ထပ်ဖောက် သည်။ ဒီအထုပ်က ဂျယ်လီတွေထင်သည်။ အဆီရည်တွေကို ယူ၍ ကွန်ဒုံးစွပ်ထားသော သာဂိ လိင်တံ ပေါ်သို့ သုပ်သည်။ ထို့နောက် သာဂိ ပေါင်နှစ်ချောင်းကို ဆွဲမလိုက်ကာ သူမက သာဂိ ပေါင်နှစ်လုံးကြားတွင် နေရာယူသည်။

အလို၊ ဘယ့်နှယ်ပါလိမ့်၊ သာဂိ တွေးနေမိစဉ်မှာပင် သူမက ဒူးကွေးပြီး ပေါင်ကို မထားခံရ၍ ကော့လန်လန် ဖြစ်နေသော သာဂိလိင်တံကို အောက်ဘက် ဆွဲကွေးလိုက်ရင်း သူမ ပစ္စည်းနှင့် တေ့သည်။ ဂျယ်လီတန်ခိုးဖြင့် အဆီတွေရွှဲနေသော သာဂိ လိင်တံသည် သူမ ပစ္စည်းလေးထဲ လျှောကနဲ တိုးဝင်သွားသည်။ သူမက သာဂိ ဒကောက်ကွေးထဲ သူမ ပေါင်တံလေးတွေကို ထိုးခံထားလိုက်ပြီး သာဂိ ကိုယ်ပေါ် မှောက်ချလိုက်ကာ ဖြေးဖြေးချင်း စတင်ပြီး အဝင်အထွက်လုပ်သည်။ အဆုံးထုတ်တာမျိုး မဟုတ်ပဲ

နည်းနည်း လေးပြန်ထုတ် ပြန်ဖိသွင်း ၊ ဆီးခုံချင်း ကပ်သွားလျှင် သူမ၏ အစေ့လေးနှင့် သာဂိဆီးခုံကို ဘယ်ပြန်ညာပြန် ပွတ်သေးသည်။

သာဂိ မည်သို့ ဖြစ်သည် မသိ။ သူများတွေကို ဒီလို လုပ်တုန်းက ဒီလို ခံစားရလိမ့်မည်ဟု မတွေးမိခဲ့။ ကိုယ့်ဟာကိုယ် အားရအောင် ပေါင်တွေဖြဲကာ ဆောင့်ခဲ့မိသည်ချည်း ဖြစ်သည်။ ယခု မှ သိရသည်က ဒူးကွေး ထားပြီး ဆက်ဆံခံရသည်မှာ ပေါင်တွင်းကြောတွေ ရှိန်းကနဲ ရှိန်းကနဲ ထသည်။ ခြေဖျားက အကြောတွေ တစ်ဆတ်ဆတ် လှုပ်သည်။ဒီကြားထဲ သူမက သာဂိ ရင်အုပ်ကြီး တစ်ဘက်ကို လက်ဖြင့် ဖျစ်ညှစ်လိုက်သည်။ သာဂိ အမှတ်မထင် တောင့်ထားလိုက်မိသော်လည်း သူမက အားနှင့် တစ်ကယ် ညှစ်သည်ဖြစ်၍ နည်းနည်း နာသွားသည်။ နာသွား၍ မျက်နှာရှုံ့မိသောအခါ သူမက ဆောင့်ပါလေတော့သည်။

တစ်ကယ့်ကို အားရပါးရ ဆောင့်ခြင်းဖြစ်ရာ သာဂိမှာ ပန်းနုရောင် သူမ ပစ္စည်းလေးကို အားနာနေမိသည်။ သာဂိ ပေါင်တွင်းကြောတွေ တစ်လှုပ်လှုပ်နှင့် တစ်ကိုယ်လုံး တစ်ဖျဉ်းဖျဉ်း ဖြစ်ပြီး သူမလည်း ဟောဟဲ လိုက်ကာ မောလာတော့မှ ပုံစံပြောင်းမည့် သဘောနှင့် သာဂိဘေးတွင် ကျော်ခိုင်းကာ တစ်စောင်းလေး လာလှဲသည်။ သာဂိ နောက်ကနေ သူမ ပစ္စည်းလေးကို လိင်တံဖြင့် ထိုးသွင်းရှာဖွေ စမ်းသပ်တော့ သူမက လက်ကလေးတစ်ဘက်ဖြင့် နောက်ပြန် လှမ်းကိုင်ကာ ပစ္စည်းအဝနှင့် တေ့ပေးသည်။

သာဂိ ဖြည်းဖြည်းချင်း ဖိအသွင်း အံ့သြသွားရသည်။ဒီဟာက ကျပ်လွန်းသည်။ ကွေ့ နောက်ပေါက်သာ ဖြစ်ရမည်။သူမကား ညာခြေဖျားလေးကို သာဂိ ပေါင်ပေါ် နောက်ပြန် လှမ်းတင်ရင်း ကိုယ့်အစေ့လေးကိုယ် လက်နှင့်ပွတ်ကာ ဖိမ်ခံနေချေပြီ။ သာဂိ လဲ အချိန်ဆိုင်းမနေတော့။ သူမ ခါးကျဉ်ကျဉ်လေးကို လက်နစ်ဘက်နှင့် စုံကိုင်ကာ လုပ်ချလိုက်မိတော့သည်။

သူမသည် ညနေစောင်း ၄ နာရီဝန်းကျင်ခန့် ရောက်မှ ကမန်းကတမ်း ပြန်သွားခဲ့သည်။ ပြောသွားသေးသည်။ ဆိုင်ပိတ်တာနှင့် အပြန်ဝင်လာမည်ဟု။ သာဂိမှာသာ ယိုးဒယားရောက်မှ အထူးအဆန်းတွေချည်း တွေ့နေရသည်။ ညဥ့်နက်ပြီး မစောင့်နိုင်တော့၍ သာဂိ အိပ်ပျော်သွားစဉ် သူမပြန်ရောက်လာပြန်သည်။ ညနေက ပြောထားခဲ့သည့် ကတိကို တည်ချင်လို့ ထင့်။ သူမက သာဂိ ရင်ခွင်ထဲ ခပ်သာသာလေး တိုးဝင်ရင်း လက်မောင်းတစ်ဘက်ကို ဆွဲယူကာ ခေါင်းအုံးလိုက်မှ သာဂိနိုးသည်။

သူမသည် သာဂိနှင့် တစ်နေကုန်နေသည်။သာဂိ ဘာလိုချင်လဲ၊ ဘာစားချင်လဲ၊ ဘာသောက်ချင်လဲ အချိန်မရွေး မရသည် မရှိ။ သူမကို အားတောင် နာယူရသည်။ ဟုတ်သည်လေ။ ကိုယ်က ဒီမှာ အမြဲနေမှာ မဟုတ်၍ သူ့ကို တစ်ကယ် ယူနိုင်တာလဲ မဟုတ်။ ပြီးတော့ ယောက်ကျားလေး၊ စားတာ သောက်တာ ကိုယ်ကရှင်းရမည့် ကိစ္စ။ ခု သူချည်း ရှင်းနေတော့ သာဂိ တော်တော် အားနာနေမိသည်။ ဒီနောက်ပိုင်း မစ္စတာဗလဲ ပေါ်မလာ။ ဆာမိကြီးသာ ရုံဖန်ရံခါ ရောက်လာတတ်ပြီး ကွမ်းနှင့် စကားပြောကြသည်။

ဒီလိုနှင့် အချိန်ကုန်မှန်းမသိ ကုန်သွားခဲ့သည်မှာ မစ္စတာ ဗ ရောက်လာသည့် နေ့အထိဖြစ်သည်။ ထိုနေ့က မစ္စတာဗသည် သူ့ထုံးစံ အတိုင်း ချိုပြုံးနေသော မျက်နှာဖြင့် ရောက်လာခဲ့သည်။ သို့ရာတွင် သူ့နှုတ်ခမ်းက ထွက်လာသော စကားတို့ကမူ ချိုမြခြင်း မရှိပါလေ။

" မားဆိုးကို တင်ပေးလိုက်တဲ့ လှေ ပြန်ဝင်လာပြီ ကိုသာဂိ၊ စိတ်မကောင်းစရာက ခင်ဗျား ရှာချင်တဲ့ မားဆိုးက လှေပေါ်မှာ ပါမလာ
တော့ဘူး၊ ပင်လယ်ထဲ ကျန်ခဲ့တယ်"

"ဗျာ.. အဲဒါ ဘာကို ပြောတာလဲ၊ သူ.. သူ.. သူသေပြီလို့ ပြောတာလား"

"အင်း၊ ဟုတ်တယ်၊ သူတို့လှေ မြန်မာ ရေတပ်က လိုက်လို့ပြေးရင်း ကျွန်းတစ်ခုမှာ ဝင်ခိုတာ၊ ဖြစ်ချင်တော့ အဲဒီ ကျွန်းက ဓားမြ ကျွန်း ဖြစ်နေတယ်လေ။ သူတို့ လှေပိုင် သူဌေးရဲ့ မန်နေဂျာလည်း ပါသွားတော့ ပိုက်ဆံ ယူရုံပဲ ရည်ရွယ်တာ နေမှာပါ။ ဒါပေမယ့် မန်နေဂျာနှင့် ပွဲနင်းက
ပေကပ်ကပ်လုပ်နေကြတော့ နမူနာ ပြတဲ့ အနေနှင့် အနားမှာ ခွေနေတဲ့ မားဆိုးကို သေနတ်နှင့်
တော့ပစ်ပြတယ် ပြောတယ်ဗျ။ ပွဲခြင်းပြီးပဲတဲ့"

"ဟားးး"

သာဂိ ဘာဆက်လုပ်ရမှန်းမသိတော့။ သူရည်ရွယ်ထားတာတွေ အကုန် ရေစုန်မျောသွားပြီ ဖြစ်သည်။ ဒါပေမယ့် ဒီလူတွေကို ယုံရမှာလား စဉ်းစားကြည့်ရသေးသည်။ တော်ကြာ ငွေပေးပြီး မရွေးနိုင်ဘူးထင်၍ လုပ်ဇာတ်ခင်းတာဆိုလျှင် မားဆိုးရော သာဂိပါ
အကြီး အကျယ် နစ်နာနိုင်သည်။ မစ္စတာဗကလည်း သာဂိ အကြည့်ကို သိပါသည်။

" ကိုသာဂိ မယုံဘူး ထင်တယ်။ ခင်ဗျားကို အမှန်တွေ ပြောနေတာပါ၊ ဗလကြီး မျက်နှာနှင့်ပေါ့။ ကျွန်တော်က အကျိုးအမြတ်မရှိရင်
မလုပ်ဘူးဆိုတာ မှန်ပါတယ်။ အခု ခင်ဗျားကို ကူညီတဲ့အတွက် ဗလကြီးဆီက ခရုလှေတစ်စီး ပို့ပေးမယ်ဆိုတဲ့ ဂတိစကား ရထားပြီးပြီ။ စီးပွားရေး လုပ်တာ ဂတိတည်ရတာဗျ။ ခင်ဗျားကို ကျွန်တော် မလိမ်ပါဘူး"

သာဂိ စိတ်လျှော့လိုက်သည်။ မိစိုးကို ခုမှ အမှတ်ရလာသည်။ ဒင်းကို ဘယ်လိုပြောရပါ့မလဲ။ မွေးတော့ မမွေးလောက်သေးဘူး ထင်သည်။

"ဒါဆို ကျွန်တော် ပြန်ချင်တယ်ဗျာ၊ ကျွန်တော့်ကို တစ်ခုခု စီစဉ်ပေးပါလား"

"ဒါက မခက်ပါဘူး၊ ဒါပေမယ့် ခင်ဗျား သူ့ကို ဘယ်လို လုပ်မလဲ"

" ခင်ဗျာ.. ဘာ.. ဘယ်လို လုပ်ရမှာလဲ၊ သူလဲ အပျော်၊ ကျွန်တော်လဲ အပျော်ပဲဟာ"

"ဟုတ်ပါတယ်၊ ကိုသာဂိ ဘက်ကတော့ မှန်ပါတယ်၊ အပျော်ပါ၊ ဒါပေမယ့် သူကတော့ အဲဒီလို ဟုတ်ပုံမရဘူးနော်၊ သူက သိပ် သံယောဇဉ် ကြီးတတ်တာ ၊ ဟားဟား"

သာဂိ မစ္စတာဗကို သေချာကြည့်မိသည်။ ဒီလူ နောက်နေတာလားဟု။ သို့ရာတွင် သူ့မျက်နှာက နောက်နေတာနှင့် မတူချေ။ ပျော်နေပုံသာရသည်။ သူဆက်ပြောလိုက်တော့မှ သာဂိ မျက်လုံးပြူးရတော့သည်။

" ကွမ်းက တစ်ကယ်တော့ ယောက်ကျားလေးဗျ၊ ကိုသာဂိရဲ့ ခွဲစိတ်ပြုပြင်ထားတာ၊ သူငယ်ငယ်တုန်းက မွေထိုင်းကို အရမ်းဝါသနာပါတာ၊ ကြေးစားတောင် တက်ထိုးဖူးတယ်၊ နောက် ကောလိပ်တက်ပြီး ခွဲစိတ်ပြုပြင်လိုက်တော့မှ နားလိုက်တာ၊ ဒီမှာကလဲ ခင်ဗျားတို့ မြန်မာပြည်လိုပဲလေ၊ ဒီလို အခြောက်တွေဆို နေရာမပေးချင်ဘူး မဟုတ်လား၊ အဲတော့ သူ့မှာ အလုပ်တစ်ခုရဖို့ မနည်း ကြိုးစားခဲ့ရတာ၊ ရည်းစားတစ်ယောက် ရဖို့လည်း အဲဒီလိုပဲ၊ ခဏတစ်ဖြုပ် ချမယ့်လူကတော့ ပေါတာပေါ့ဗျ၊ ပြောချင်တာက ရေရှည် တွဲချင်တဲ့လူ မရှိဘူးလို့ ပြောတာ၊ မသိပဲ ဝင်တွဲလို့ ဖြစ်ဖြစ် ၊ သိသိနှင့် တွဲတာပဲ ဖြစ်ဖြစ်၊ သူ့ကို ထားခဲ့မယ်ဆိုရင် သူနှင့် လက်ဝှေ့တစ်ခါ ထိုးရလိမ့်မယ်"

"ဗျာ.. ဟာ၊ မထိုးချင်ပါဘူး၊ ကျွန်တော် လက်ဝှေ့လဲ မထိုးတတ်ဘူး၊ မထိုးဘူးဗျာ"

"စိတ်မကောင်းပါဘူး၊ ကိုသာဂိ၊ ခင်ဗျားက သူ့အပေါ် လွန်လွန်ကျူးကျူး ဖြစ်ခဲ့တာ တစ်ခါ၊ နှစ်ခါထဲမှ မဟုတ်တာ၊ နောက်ပြီး သူ ကျွန်တော်တို့ ဆီမှာ အလုပ်ဝင်တော့ ကတိစကားတစ်ခုရှိတယ်။ ကျန်တာ အဆင်ပြေအောင် သူ တတ်သရွေ့ အလုပ်လုပ်ပေးမယ်။ သူလိုချင်တဲ့ ဒီအချက်ကို ငြင်းတဲ့လူရှိရင် ဖြစ်အောင်လုပ်ပေးပါလို့ တောင်းဆိုထားတဲ့ ကတိပဲ၊ အဲဒါ ကျွန်တော်တို့ သဘောတူခဲ့ကြတယ်လေ၊ ဆောရီးပါ ကိုသာဂိ"

သာဂိ ဗလကြီးနှင့် ဖြဲခြောက်ကြည့်သည်။

"ဗလကြီး သိသွားရင် ခင်ဗျားနှင့် မိတ်ပျက်မှာ မကြောက်ဘူးလား"

" မကြောက်ပါဘူး၊ ဒါက စည်းကမ်းပဲ ဉစ္စာ၊ နောက်ပြီး ခင်ဗျားကို သေအောင် သတ်မှာမှ မဟုတ်ပဲ၊ အင်း.. ပြောလို့တော့ မရဘူး၊ ဟိုတစ်ယောက်တုန်းကတော့ ဆေးရုံမှာ ၆ လလောက် တက်လိုက်ရတယ်၊ ကဲ.. ခင်ဗျား ပြန်မယ်လို့ ဆုံးဖြတ်ထားတာ ဆိုရင်တော့ ကိုယ့်ကိုကိုယ်သာ အားမွေးထား၊ ဒါမှမဟုတ် ဘုရားစာတွေ နာနာရွတ်"

ပြောပြောဆိုဆို မစ္စတာဗက ကွမ်းကို ယိုးဒယားလို လှမ်းပြောရင်း တသောသော ရယ်နေသည်။ ကွမ်းက သာဂိကို လှမ်းကြည့်သည်။ ခါတိုင်း ရွှဲနေသော အကြည့်တွေသည် ယခုတော့ ရေခဲ စိမ်ထားသလားတောင် ထင်ရသည်။ နောက်ပြီး ကွမ်းမျက်နှာသည် ခါတိုင်းနှင့် မတူတော့သလို ထင်ရသည်။ ယောက်ကျားမှန်း သိသွား၍လားတော့ မဆိုနိုင်။ သူ့မျက်နှာကြီး ကြည့်ရသည်မှာ ဘယ်လိုမှန်းမသိ။ အီလည်လည်ကြီး ဖြစ်နေသည်။ ထိုစဉ် မစ္စတာဗက ထပ်မေးလာသည်။

"ကိုသာဂိ၊ ဒီမှာနေမှာလား.. ပြန်မှာလား"

သာဂိ သက်ပြင်းချရင်း ဖြေလိုက်သည်။
"ပြန်မယ်"

သာဂိ ဆုံးဖြတ်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။ နင်တို့ မွေထိုင်းဆိုတာ အရင်က မွေဖမာလို့ ခေါ်တာပါကွာ၊ (ဖမာ-ဗမာ)
ခုမှ မွေထိုင်းဖြစ်လာတာလို့ စိတ်ထဲက ကြိတ်ပြောရင်း ကိုယ့်ကိုကိုယ် ရဲဆေးတင်လိုက်ရသည်။
တစ်ကယ်တော့ သာဂိ နည်းနည်း
ရှိန်နေမိသည်။ သူ့ကို မဟုတ်။ ကိုယ့်ကိုကိုယ် အားမရခြင်းသာ။ နှစ်ပေါင်းများစွာ
ဆက်တိုက်သောက်လာခဲ့သော သာဂိ၏ ခန္ဓာကိုယ်သည် ငယ်ငယ်တုန်းကလို ကျစ်ကျစ်လျစ်လျစ် မရှိတော့။
တင်းမာနေသည့် ကြွက်သားတွေကို အဆီပြင်တို့က ဖုံးအုပ်စ ပြုနေပြီ ဖြစ်သည်။

နောက်ပြီး အရေးကြီးတာက သက်လုံ၊ သက်လုံ မကောင်းလျှင် အမောမခံနိုင်လျှင် ဘာအားကစားမျှ လုပ်လို့မရ။ ခုလို ကိစ္စမျိုးက ပိုဆိုးမည်။ မစ္စတာဗက သာဂိကို ရက်ချိန်း ၅ ရက်ပေးပြီး ပြန်သွားသည်။ နောက် ၅ရက်ကြာလျှင် ထိုးကြမည်။ သာဂိ ခုမှ လေ့ကျင့်ခန်း ပြန်လုပ်ရသည်။ အပြင်းအထန်တော့ မဟုတ်။ သွေးပူရုံ၊ အကြောလျှော့ရုံလောက်သာ။ ၅ ရက်အတွင်း သက်လုံကောင်းလာအောင် လုပ်ဖို့ဆိုတာ ဖြစ်နိုင်သော ကိစ္စမဟုတ်။ မဖြစ်နိုင်သော အလုပ်ကို လက်လျှော့၍ ခံနိုင်ရည် ရှိအောင်သာ သွေးပူလုပ်နေရတော့သည်။

၅ ရက်မြောက်သောနေ့တွင် မစ္စတာဗ လာခေါ်၏။ သာဂိ အဝတ်အိပ်လေး လွယ်၍ ကောက်လိုက်လာခဲ့သည်။ ရှုံးရှုံး နိုင်နိုင် အဲ ကိုယ်ခံရသည်ဖြစ်စေ သူခံရသည် ဖြစ်စေ၊ ဒါပြီးရင်တော့ ပြန်ရမည်ဖြစ်၍ အဝတ်အိပ်လေးပါ တစ်ခါထဲ သယ်လာခြင်း ဖြစ်သည်။ ကားပေါ်တွင် မစ္စတာဗက စကားစသည်။

"ကိုသာဂိက သတ္တိကောင်းသားပဲဗျ၊ စင်ပေါ်တက်ရမှာ မလန့်ဘူးလား"
"လန့်တယ်၊ ဒါပေမယ့် လန့်နေလဲ တက်ရမှာပဲ မလား၊ အဲဒါကြောင့် အဲဒါကို မေ့ထားတယ်"

မစ္စတာဗက တစ်ဟားဟားရယ်၍ "အင်း.. ဒီတစ်ခါတော့ ကွမ်းမလွယ်ဘူးထင်တယ်" တိုးတိုးလေး တစ်ယောက်ထဲ ပြောရင်း "ခင်ဗျား သိုင်းတွေ ဘာတွေ သင်ဖူးလား" ဟုမေးသည်။ သာဂိ တစ်ချက် စဉ်းစားလိုက်ရင်း တစ်ဘက်လူ အထင်သေးလေ ကောင်းလေဟု တွေးလိုက်ကာ "သင်ဘူးပါဘူးဗျာ" ဟု ဖြေလိုက်သည်။

စကားစမြည် ပြောနေစဉ်မှာပင် ကားလေးက ခြံကြီးတစ်ခုထဲ မောင်းဝင်သွားသည်။ ခြံထဲတွင်ကား မီးရောင်စုံတို့ဖြင့် တော်တော်ကြည့်ကောင်းသည်။ မစ္စတာဗက ကားပေါ်က ဆင်းရင်း "ဒါ ဖွန်ရဲ့ အလုပ်ရုံပေါ့" ဟုပြောသည်။ သြော်.. ဒါဆို ဒီခြံကြီးက လောင်းကစားရုံပဲဟု တွေးမိသည်။မစ္စတာဗက သာဂိကို နောက်ဖက်ကနေ ပတ်ခေါ်သွားသည်။ သာဂိ နောက်က လိုက်ရင်း အကဲခတ်ရသလောက်

တော်တော်ကျယ်သည့် ခြံနှင့် တိုက်ကြီး ဖြစ်သည်။ အထပ်က ဘယ်နှစ်ထပ်ရှိလဲဆိုတာတော့ မခန့်မှန်းနိုင်။ ဆောက်ထားသည့် ပုံစံက လူနေအိမ်လိုမျိုး မဟုတ်။ အကျောင်းပြခန်းလိုလို ၊ ခေတ်မှီ စက်ရုံကြီးလိုလို ထည်ဝါသော တိုက်ကြီးသာ ဖြစ်သည်။

ထိုစဉ် မစ္စတာဗက ဘေးပေါက်တစ်ခုမှ အထဲဝင်သွားသည်။ သာဂိလဲလိုက်ဂုသည်။ ဘေးပေါက်ဆိုသော်လည်း အတော် ကျယ်သော အပေါက်ဖြစ်သလို အဲကွန်းကလည်း စိမ့်နေသည်။ ထိုအပေါက်မှ ထွက်သည့် လမ်းလေးအတိုင်း လှမ်းဝင်ကြရင်း အခန်းတစ်ခုရှေ့ ရောက်တော့ သာဂိကို အထဲဝင်ဆိုသည့် အမူအယာ ပြကာ တံခါးဖွင့်ပေးသည်။ အထဲတွင် ဆာမိကြီး ရှိနေသည်။ ဆာမိကြီးက သာဂိကို သွားဖြဲပြီး ပြုံးပြကာ အဝတ်စားတွေ လဲရန် ပြသည်။ သာဂိ ဝတ်ရသည်က အပြာရောင် ဘောင်းဘီနှင့် အဖြူရောင် စွပ်ကျယ် ဖြစ်သည်။ လက်အိပ်တွေကိုတော့ ဆာမိကြီးက ကြိုးချည်ပေးသည်။

သာဂိ ခုံပေါ်တွင် အသာထိုင်ရင်း စိတ်ငြိမ်အောင် ကြိုးစားနေမိသည်။ ဝင်လေ၊ ထွက်လေကို မှန်မှန် ရှုကာ သတိလေး ကပ်ထားလိုက်သည်။ ကျန်တာတွေ ဘာမှ မစဉ်းစားတော့။ ဝင်တယ်၊ ထွက်တယ်၊ ဝင်တယ် ထွက်တယ်၊ ဝင်တယ် ထွက်တယ်၊ အချိန် အနည်းငယ် ကြာသွားသည် ထင်သည်။ သာဂိ ပခုံးကို တစ်ယောက်ယောက် လာပုတ်၍ မျက်စိဖွင့်ကြည့်မှ မစ္စတာဗ ဖြစ်နေသည်။ အားလုံး အဆင်သင့် ဖြစ်၍ လာခေါ်ခြင်းဖြစ်သည်။ သာဂိ ခုမှ ခုန်ဆွခုန်ဆွနှင့် သွေးပူလုပ်ရင်း နောက်က လိုက်သွားသည်။

မစ္စတာဗနှင့် ဆာမိတို့က ဦးဆောင်၍ ခေါ်သွားသော နေရာသည် အတန်ငယ် ကျယ်သော ့နေရာ ရှိသည့် လက်ဝှေ့စင် တစ်ခု ဖြစ်သည်။ ဘေးမှာ ပရိပ်သတ်တွေလည်း ရှိပုံပေါ်သည်။ သို့ဂုတွင် မှောင်နေ၍ အဲ သူတို့ဘက်က မှောင်တာမဟုတ်။ သာဂိ ဝင်လာသည့် လမ်းနှင့် စင်က လင်းလွန်းနေတာ ဖြစ်၍ အဲဒီဘက်တွေကို သဲသဲကွဲကွဲ မမြင်ရ။ သာဂိ စင်ပေါ်ရောက်ပြီး ခဏနေလျှင်ပင် ကွမ်းထွက်လာသည်။ ပရိပ်သတ်တွေ၏ လက်ခုပ်သံကြားရသည်။ မကြာခင်တင် ပွဲစတော့သည်။စင်ပေါ် ဒိုင်မရှိသည်က လွဲလျှင် ကျန်တာအားလုံး တစ်ကယ့် ပွဲကြီးတွေအတိုင်း ဖြစ်သည်။ သာဂိ တွေးထားသည်က သူ့ကို မောအောင် လုပ်မည်။

သူက လူငယ်ဖြစ်၍ စိတ်ဆတ်နိုင်သလို၊ ဒေါသလဲ ကြီးလိမ့်မည်။ ထို့ကြောင့် သူ့ဒေါသကို ဆွကာ ရှောင်ရင်းရှားရင်း သူ့သက်လုံ အကျကို စောင့်မည်ဟု စဉ်းစားထားသည်။ သို့ရာတွင် တစ်ကယ့်လက်တွေ့တွင်မူကား ထင်သလို ဖြစ်မလာခဲ့။ သူသည် သာဂိ တွက်ထားသည့်အတိုင်း အတင်းပူးကပ်ဝင်ကာ ဖြောင့်လက်သီးတွေ၊ ဝိုက်လက်သီးတွေ လိုင်လိုင်သုံးရင်း အလစ်တွင် ဒူးပျံတွေက ဝုစ်ကနဲ ဝုစ်ကနဲနေအောင် ဝင်လာသည်။ သာဂိ ဘေးကို ရှောင်ထွက်လိုက်သည်နှင့် ထိုဘက်က ပတ်လာသည့် ခြေဖျားက ဝီခေါ်အောင် ဝင်လာသည်။

သာဂိ ချွေးပြန်ချေပြီ။ ကွမ်းကား မလွယ်ချေ။ တော်တော် ခြေအနတ်အသိမ်း မြန်သူ ဖြစ်သည်။ သူ ရွှေ့သလို သာဂိ လိုက်မရွှေ့နိုင်၊ သူ လှုပ်သလို သာဂိ မလှုပ်နိုင်၊ သူမြန်သလို မမြန်နိုင်။ ထို့ကြောင့် ပထမ အချီ

မပြီးခင်မှာပင် သာဂိ နှုတ်ခမ်း ပေါက်သွားပြီ ဖြစ်သည်။ အလေ့အကျင့် မရှိသည့် လက်အိပ်ကြီး စွပ်ထားရသည်မှာ လေးလံလွန်းလာသည်။ ထိုလက်တွေဖြင့် မျက်နှာကို ကာကွယ်ဖို့ မနည်း မြှောက်ထားရသည်။ ကွမ်းကား သာဂိကို သဲအိပ်လို သဘောထားကာ တစ်ဖုံးဖုံး၊ တစ်ဂွမ်းဂွမ်းနှင့် ပထမဆုံး အချီမှာပင် လက်စွမ်းပြနေတော့သည်။

၃ မိနစ်ပြည့်၍ ခဏ နားတော့မှ နှုတ်ခမ်းက သွေးတွေကို သုတ်ရင်း သာဂိ စဉ်းစားရသည်။ ဘယ်လို လုပ်မလဲ၊ အဖြေမှ မပေါ်သေးခင် ခေါင်းလောင်းတီး၍ ဒုတိယအချီ ပြန်စသည်။ မျက်နှာချင်းဆိုင်မိသည်နှင့် ကွမ်းက သွေးတိုးစမ်းသလို ဘယ်ခြေဖြင့် သာဂိရင်ဝကို လှမ်းထောက်သည်။ သာဂိ ကိုယ်ကိုရှိုကာ ဘေးတစ်လှမ်းခွဲရှောင်လိုက်သည်နှင့် ညာဝိုက်လက်သီးက အရှိန်ပြင်းစွာ ဝင်လာတာ ရိပ်ကနဲတွေ့သည်။ ရှောင်ချိန်မရတော့ ပခုံးကျုံ့၍ မြင့်ပြီး ခေါင်းကို စောင်းကာ လက်မောင်းရင်းနှင့် မေးစေ့ကို ကာလိုက်သည်။ ကွမ်း၏ ဝိုက်လက်သီးသည် အုန်းကနဲ နေအောင် သာဂိ လက်မောင်းရင်းနှင့် နားအုံကို လာထိသည်။ ကွမ်း ဟန်ချက်ပျက်သွားသည်။

သာဂိကို အားကုန်ကျုံးလိုက်ခြင်း ဖြစ်ရာ အမာခံ သာဂိ ပခုံးစွန်း၊ နားထင်တို့နှင့်အထိ အနည်းငယ် ယိုင်သွားပြီး သူ့ရှေ့မှာ ကာထားသည့် ဘယ်လက်သီးက ဟသွားသည်။ သာဂိ အခွင့်ရေးကို လက်လွှတ်မခံ။ ညာခြေနှင့် သူ့ဗိုက်ကို ဆောင့်ကန် ကန်ထည့်လိုက်သည်။ သူ ယိုင်ထွက်သွားသည်။ ပြီးတော့ ကြမ်းပြင်ပေါ် ခွေခွေလေး ထိုင်ကျသွားသည်။ ပရိပ်သတ်တွေထံက ဝေါကနဲ အသံတွေ ထွက်လာသည်။ ပဝါ တစ်ထည် စင်ပေါ်ရောက်လာတာ တွေ့သည်။ ပြီးတော့ ဆာမိကြီးက သူ့ကို စင်ထောင့်ဘက် ခေါ်သွားကာ ပြုစုပေးနေတာ တွေ့သည်။ အသံတွေကတော့ ဘာမှ သဲသဲကွဲကွဲ မကြားရ။ ဘယ်ဘက်နား တစ်ခုလုံး ပူထူကာ အူနေသည်။ လေတွေ တစ်စီစီ ထွက်နေသည်။ တော်တော် ပြင်းတဲ့ လက်သီးပဲ။ မေးရိုးကိုသာ တိုက်ရိုက်ထိလို့ကတော့ ပြုတ်တောင် သွားလောက်မည် ထင်သည်။

ခဏနေတော့ ကွမ်းပြန်ထလာသည်။ သူ့ မျက်နှာသည် ဒေါသဖြင့် ရဲပတောင်း ခတ်လျှက် ရှိသည်။ ဆာမိလက်က လွှတ်လွှတ်ခြင်း သာဂိ ရှေ့ကို ရောက်လာသည်။ ပြီးတော့ သွေးတိုးစမ်း ဘယ်ထောက်လောက်သီးဖြင့် တစ်ချက်ချင်း ထိုးကာ မြူနေသည်။ သာဂိ နည်းသိသွားချေပြီ။ နည်းနည်းတော့ အနာခံရမည်။ တစ်ချက် သူ့ထောက်လက်သီးက ဝင်အလာ သာဂိ ရှောင်သလိုလိုလုပ်ကာ နဖူးနှင့် တေ့ပေးလိုက်သည်။ ထောက်ရုံ ထောက်တာ ဖြစ်၍ အားသိပ်မပါသော်လည်း သာဂိ နောက်နည်းနည်း ယိုင်သွားသည်။ ယိုင်သွားသည်နှင့် သာဂိ အခြေပျက်ပြီဟု ယူဆကာ တစ်ဖွတ်ထိုး တွဲလုံးတွေနှင့် ဝင်လာတော့သည်။ သာဂိ ဘေးကို ခြေထပ်၍ ခုန်ရှောင် ရှောင်တော့ သူ့ ဘယ်ခြေဖျားက ဝီးကနဲ ပတ်လာသည်။ လက်အိပ်သာ စွပ်မထားဘူးဆိုလျှင် ဒူးခေါင်းရင်းလောက်ကို အနူလက်သီးဆုပ်ဖြင့် ထိုးချလိုက်ပါက လမ်းတောင် လျှောက်နိုင်မည် မဟုတ်တော့။

သို့ရာတွင် ယခုက လက်အိပ်တွေ စွပ်ထား၍ ထိုးလျှင်လည်း သိပ်အထိနာမည် မထင်။ ပွဲမြန်မြန်ဖြတ်မှ ရမည်။ ကြာလာလေ သာဂိ မောလာလေ ဖြစ်လာနေသည်။ ထို့ကြောင့်ဝင်လာသော ခြေဖျားကို

မရှောင်သည့်ပြင် ညာလက်မြှောက်၍ နံကြားက ကြွက်သား တွေနှင့် ပေးတွေ့လိုက်သည်။ ဖြောင်းကနဲ မြည်သည်။ ညာဘက်နံရိုး တစ်လျှောက် အောင့်တက်သွားသည်။ ထို့အတူ အခြေမခိုင်သော ကွမ်းလည်း ယိုင်သွားသည်။ သာဂိ အချိန် မဆွဲတော့။ နာတာကို ခဏမေ့ကာ ရှိသမျှ အားကို ညှစ်ထုတ်လိုက်ရင်း ဘယ်ခြေတစ်ချောင်း မြှောက် အရှိန်ယူ၍ ဟန်ချက်ပျက်နေသော သူ့မေးရိုးတွေကို ညာဒူးနှင့် ခုန်တိုက်လိုက်သည်။ သူ ဝုန်းကနဲ ပြုတ်ကျသွားသည်။ ပွဲပြီးသွားချေပြီ။ သူ ပြန်ထ မလာနိုင်တော့။ သာဂိလဲ စင်ပေါ်တွင် ချိုင်းကြားကို လက်နှင့်ဖိကာ ရှုံ့မဲ့နေရသည်။

ပြင်းလိုက်သည့် ခြေခတ်ချက်။ ခုမှ ပိုနာလာသည်။ မစ္စတာဗ စင်ပေါ်တက်လာကာ တွဲခေါ်ရသည်။ သာဂိဘက်က လောင်းထား၍ နိုင်လိုက်သည်ဆိုကာ ဘီယာတွေ တိုက်သည်။ သောက်သာသောက်လိုက်ရသော်လည်း ကွဲထားသည့် နှုတ်ခမ်းတွေက စပ်နေသည်။ ချိုင်းအောက်ကလဲ နာနေသည်။ သို့ရာတွင် မစ္စတာဗက သာဂိကို အနားယူခွင့် မပေးတော့။ လှေတစ်စီးပေါ် ထိုးတင်ပေးလိုက်ကာ အမြန်သွားပေတော့ သာဂိရေ၊ ခဏနေရင် ကွမ်းရဲ့ တပည့်တွေ မင်းကို သတ်ဖို့ လိုက်ရှာကြတော့မယ် ဟုဆိုကာ လက်ထဲသို့ ငွေ တစ်ချို့ ထိုးထည့် ပေးသွားသည်။

သို့ဖြင့် သာဂိ ယောင်ချာချာနှင့် လှေစီးရပြန်သည်။ ပထမ တစ်ရက်၊ နှစ်ရက် လှိုင်းမူးလိုက်သည်မှာ ပြောစရာ မရှိ။ ထမင်းစား လည်း အန်သည်။ ရေသောက်လည်း အန်သည်။ ဘာမှ စားလို့မရ။ ၄ ရက်မြောက်နေ့တွင် နည်းနည်း သက်သာလာသလိုလှေတစ် စင်းပေါ် ပြောင်းစီးရသည်။ ယခု စီးလာသော လှေက ကယ်ရီလှေ ဖြစ်သည်။ ပင်လယ်ထဲတွင် ငါးဖမ်း၊ ပုစွန်ဖမ်းနေသော လှေတွေ ဆီကို စားစရာ၊ ရိက္ခာ၊ အရက်၊ မူးယစ်ဆေးနှင့် အခြားအသုံးအဆောင်များ လာပို့ကာ အပြန်တွင် ဖမ်းမိထားသော ငါးပုစွန်တွေကို သယ်သွားကြသည်။ ရေပိုင်နက်ကား မြန်မာနှင့် ယိုးဒယား ဘော်ဒါလိုင်း ဖြစ်ပုံရသည်။

သူတို့က သွားရင်း လာရင်း ရနောင်းဘက်သွားမည့် လှေကြုံတစ်စီးပေါ် တင်ပေးလိုက်ကြသည်။ ထိုလှေက ရနောင်းထိ သွားမည် ဖြစ်သော်လည်း လမ်းတွင် ဇာဒတ်ကြီးကျွန်းသို့ ဝင်သည်။ သာဂိ ထိုကျွန်းပေါ်တွင် ဆင်းနေခဲ့သည်။ ရနောင်းသို့ မလိုက်ဝံ့။ ကွမ်း၏ လူများ ရနောင်းတွင် ရှိမနေဟု မပြောနိုင်။ ထို့ကြောင့် ဇာဒတ်ကြီးတွင် နေကာ ပြည်တွင်းဝင်မည့် လှေကြုံများကို စောင့်နေ မိသည်။ တစ်ခု တော်သေးတာက သာဂိ၏ မလေးပိုက်ဆံများကို ဒီမှာ ဘယ်သူမှ မယူ။ လဲမည့် နေရာလည်း မရှိ။ သို့သော် မစ္စတာ ဗ ပေးလိုက်သည့် ဘတ် ၂၀၀၀ သည် ဒီမှာ ကောင်းကောင်း သုံးနိုင်နေသည်။

သာဂိ လှေဆိပ်က ထမင်းဆိုင်တစ်ခုမှာ တည်းခိုရင်း တစ်နေကုန် အရက်သောက်သည်ရင်း ကာရာအိုကေ ဆိုရင်း လှေကြုံစောင့်ရသည်။ တနင်္သာရီသူ လှလှလေးတွေ၊ မိုက်မိုက်လေးတွေ တွေ့သော်လည်း သာဂိ အာရုံမလာတော့။ အချစ်နှင့် ရမ္မက်ကို နည်းနည်း စိတ်ကုန်စ ပြုလာပြီ ဖြစ်သည်။ ကြာကြာလည်း မစောင့်ခဲ့ရပါ။ နှစ်ရက်မြောက်နေ့တွင် ကော့သောင်းလှေ တစ်စီးရောက်လာကာ အပြန်တွင် သာဂိ လိုက်သွားသည်။ ကော့သောင်းရောက်တော့လည်း ကော့သောင်းတွင် ကြာကြာမနေဝံ့။ ဆိုင်ကယ် ကယ်ရီ တစ်စီးငှားကာ မြိတ်သို့ ပြေးသည်။

ကယ်ရီခ ဗမာငွေ တစ်သောင်းတောင် ပေးလိုက်ရသည်။ ကိစ္စမရှိ။ ယိုးဒယားဘတ် ၅၀၀ ပေးလိုက်သည်။ သာဂိ မြိတ်ရောက်မှ စိတ်ချလက်ချ နားနိုင်သည်။ နာမည်ကျော် ညဈေးတန်းသို့ သွားသည်။ ထိုအခါမှ သာဂိ ဒုက္ခရောက်သည်။ မလေးရှားနှင့် ယိုးဒယားတွင် မြန်မာလို ပြောခဲ့သမျှ မြိတ်တွင်ကား သာဂိ မြန်မာလို ပြောတာကို သူတို့က နားမလည်။ ထို့အတူ သူတို့ ပြောတာကိုလည်း သာဂိ နားမလည်။ သို့သော် သာဂိ စိတ်မညစ်ပါ။ အားရပါးရ အော်ရယ်ရင်း လက်ညှိုးထိုးမှာ၍ သောက်စား ခဲ့ရသည်။ သူတို့ ပြောပုံ မှတ်မိသလောက်က ဤသို့..

" ကောင်ဝေး၊ ဘာမှာမရော..စားစရာကောင်း အများ ရှိသေးဟယ်..သောက်ရင်ကော ရသေးဝေး"

သို့ဂလို စကားများကို လေယူလေသိမ်း အတက်အကျနှင့် ပြောသောအခါ သာဂိ ဘာမျှ နားမလည်တော့။ စပ်ဖြဲဖြဲနှင့် လက်ညှိုးထိုး မှာတော့ သူ့ စားပွဲထိုးတွေကို ပြသည် ထင်သလား မသိ။

" ကောင်မငယ် မရဟဝေး"

သာဂိ ဘာမျှ မပြောတော့။ ကိုယ့်ဟာကိုယ်ပဲထပြီး ဒီဟာ၊ ဒီဟာဆိုကာ လက်နှင့် ထိပြရတော့သည်။

သာဂိ မြိတ်တွင် ခဏတစ်ဖြုတ် တစ်ရက်၊နှစ်ရက်ခန့်သာ နေပြီး ရန်ကုန် လေယာဉ်နှင့် တိုး၍ ထလိုက်လာခဲ့သည်။မြိတ်ကား မြို့ကြီးဖြစ်၍ ပိုက်ဆံတွေ လဲ၍ ရခဲ့သည်။တစ်နာရီ ခွဲလောက် စီးလိုက်လျှင်ပင် လေယာဉ်သည် ရန်ကုန်သို့ ရောက်လာခဲ့သည်။ လေဆိပ်ကနေ တက္ကစီငှားကာ ဒေါ်လေး အိမ်သို့ ပြန်လာရင်း သာဂိ စဉ်းစားနေမိသည်။

မိစိုးကို ဘယ်လို ပြောရပဲ့။ တွေးနေစဲ၊ ငေးနေမိစဲမှာပင် ကားလေးက အိမ်ရှေ့သို့ ရောက်လာသည်။ သာဂိ အိမ်ထဲ လှမ်းဝင်လိုက်တော့ ဦးလေးက ဆက်တီပေါ်မှာ ထိုင်နေတာ တွေ့သည်။ ဦးလေးနှင့် အပြန်အလှန် နှုတ်ဆက်ရင်း အိမ်ခန်းလေးထဲ ဝင်လိုက်တော့ မိစိုးသည် မှန်တင်ခုံရှေ့က ကုလားထိုင်လေးတွင် ထိုင်ကာ သိုးမွှေးထိုးနေတာ တွေ့သည်။ အနည်းငယ် စူထွက်နေသော ဗိုက်က လွဲလျှင် သူမ ပုံစံလေးက ဘာမျှ အပြောင်းအလဲ မရှိ။

အသံကြား၍ ထင်သည်။ သူမ လှည့်ကြည့်လာသည်။ အပေါက်ဝတွင် ရပ်နေသော သာဂိ ကိုတွေ့သော အခါ ပြုံးကနဲ မပ်တပ်ထရန် ပြင်သည်။ သို့ရာတွင် သူ့ဆန္ဒကို သူ့ဗိုက်က ခွင့်ပြုပုံမတူ။ မှန်တင်ခုံကို လက်ထောက်အားယူကာ ထရန် ကြိုးစားနေ၍ သာဂိ အမြန်လျှောက်ရင်း ဖေးမပေးလိုက်ကာ ပြန်ထိုင်စေသည်။ ပြီးတော့ သူ့အနားက ကုတင်စွန်း မွေ့ယာပေါ်ထိုင်ရင်း ဘာကစပြောရမလဲဟု စဉ်းစားနေမိသည်။

ဖျပ်ကနဲ သူမကို မော့ကြည့်လိုက်တော့ သူမက သာဂိ မျက်နှာကို စိုက်ကြည့်နေတာ တွေ့သည်။ သူမ နှုတ်ခမ်းတွေက တစ်လှုပ်လှုပ်နှင့် တစ်ခုခုကို မေးချင်ပုံရသည်။ သို့သော် အသံကတော့ ထွက်မလာချေ။သာဂိ ခေါင်းကို တစ်ပြင်းပြင်းကုပ်လိုက်ရင်း မျက်နှာကို လက်ဝါးနှင့်အုပ်ကာ စကားအစကို စဉ်းစားကြည့်နေသည်။ စိတ်လျှော့ဖို့က စပြောရမလား၊ အဖြစ်အပျက်ကိုပဲ ပြောရမလား၊ ခဏလောက် လိမ်ထားရင် ကောင်းမလား...

စဉ်းစားရင်း သူမကို ဖျပ်ကနဲ ကြည့်လိုက်တော့ သူမ ငိုနေချေပြီ။ အကင်းပါးသော သူမက သာဂိ မျက်နှာပုံစံကို မြင်သည်နှင့် ရိပ်မိလောက်ချေပြီ။ သာဂိ သူမ အနားသွားရပ်လိုက်ကာ ခေါင်းလေးကို ရင်ခွင်ထဲ ထည့်ရင်း ပွတ်သပ် ချော့မော့ပေးမိသည်။

"တိတ်ပါ၊ မိစိုးရယ်.. သူ မရှိတော့ပေမယ့် အားမငယ်ပါနှင့်၊ နင့်ကို ငါ စောင့်ရှောက်မှာပါ၊"
ချော့ကာမှ သူမသည် သာဂိ ခါးကို ဖက်၍ ရှိုက်ကြီးတငင် ငိုပါတော့သည်။သာဂိလဲ ဘာမှမပြောတတ်တော့။ သူမ ခေါင်းပေါ်က ဆံနွယ်လေးတွေကို ပွတ်သပ်ချော့မြူပေးတာလောက်ပဲ လုပ်တတ်တော့သည်။

နောက်တစ်လခန့် အကြာတွင် သူမ ကလေးမွေးသည်။ယောက်ကျားလေးဖြစ်သည်။ အပျိုဗိုက် ဖြစ်တာက တစ်ကြောင်း၊ သူမက ညှပ်ရိုးကျဉ်းသည် ဆိုတာက တစ်ကြောင်းတို့ကြောင့် ဗိုက်ခွဲမွေးခဲ့ရသည်။ ခွဲကာနီး အုပ်ထိန်းသူ လင်ယောက်ကျားနေရာတွင် လက်မှတ်ထိုးရတုန်းက သာဂိ လက်တွေ ခပ်တွန့်တွန့်တော့ ဖြစ်ခဲ့သေးသည်။

ကလေးလေး နီတာရဲလေးသည် သာဂိ စိတ်ထင် ဘယ်သူနှင့်မျှ မတူချေ။ ယက်ကန်ယက်ကန်လေးဖြင့် တစ်အဲ့အဲ့ အော်နေသော ထိုသတ္တဝါလေးသည် သာဂိအတွက် အသည်းယားစရာနှင့် အနှောင့်အယှက် တော်တော်ပေးသော ကောင်လေးဖြစ်သည်။ ပထမ စကြုံရတာက ဆေးရုံပေါ်မှာကတည်းက ဖြစ်သည်။ မိစိုးက ကလေးသာမွေးပြီးသော်လည်း နို့က ချက်ချင်း မထွက်။ နို့အုံတွေသာ တင်းပြီးစူလာသည်။ နို့က ထွက်မလာသေး။

နပ်စ်မတွေက သာဂိ ရှေ့တွင်ပင် သူမ နို့သီးခေါင်းတွေကို ဆွဲဆွဲ လိမ်ကာ နို့ပေါက် ဖွင့်ပေးသည်။သူမ နာလို့ထင်သည်။ ရှုံ့မဲ့ တွန့်လိမ်သွားသည်။ သို့သော် ကလေးအတွက်မို့ဆိုတော့ အောင့်ခံရှာသည်။ အသံတော့ မထွက်။သာဂိကိုယ်ချင်းစာမိပါသည်။ ထိုနေရာကို လိမ်ဆွဲပါက ဘယ်လောက်နာသည် ဆိုတာ သိသည်။ ကွမ်းသည် သူ့ကို ခဏခဏ လိမ်ဆွဲဖူးသည်လေ။သနားစိတ်နှင့် ငေးနေသော သာဂိကို ကရင်မနပ်စ်မကြီးက အပြစ်တင်သည်။

"ရှင်.. တော်တော် အသုံးမကျတဲ့ ယောက်ကျားပဲ"
"ခင်ဗျာ.."
"ကိုယ့် မိန်းမ ဗိုက်ကြီးပြီ ဆိုကတည်းက နို့ထွက်ပေါက် ရအောင် ဖြည်းဖြည်းချင်း ကျင့်ပေးပါတော့တဲ့လား၊ တော်တော် တစ်ကိုယ်ကောင်းဆန်တဲ့လူ၊ သူ အာသာပြေဖို့ပဲ သိတဲ့လူ၊ အလကားပဲ၊ ယောက်ကျားတွေ ဒီအတိုင်းပဲ"

ပြောလည်းပြော လက်ကလည်း မိစိုး နို့သီးလေးတွေကို ညှစ်သည်။ မိစိုးက အားနာသလိုလို သာဂိကို တစ်ချက်မျှသာကြည့်နိုင်သည်။ သူ့ခမျာလည်း နပ်စ်မကြီး လက်များအောက်တွင် မသက်သာရှာ။သာဂိမှာသာ

ရယ်ရမလိုလို၊ ငိုရမလိုလို အောင့်သက်သက်နှင့် အပြင်ထွက်လာရသည်။ နပ်စ်မကြီးပြောတာက မမှား။ ယောက်ကျားလုပ်သူက မိန်းမဖြစ်သူ၏ နို့အုံတွေကို စိတ်ကြိုက် ကစားခြင်းသည် နောင်ကိုယ်ဝန်ရလာ၍ ကလေးမွေးသည့်အခါ နို့ထွက်ဖို့ လွယ်သည်။ အလွယ်နှင့် မထွက်၍ ယခုလို ညှစ်ရ၊ ဖွင့်ရသောအခါ အလေ့အကျင့်ရနေပြီ ဖြစ်၍ သိပ်မနာတော့။

မှားနေတာက သာဂိသည် သူမ နို့အုံမပြောနှင့် ဘယ်နေရာကိုမျှ ထိဖို့စိတ်ကူးရှိခဲ့သူမဟုတ်။ဆေးရုံမှာ နှစ်ပတ်လောက်နေပြီး အိမ်ပြန်ရောက်တော့ရော တစ်အိမ်လုံး အိပ်ပျက်ကြရသည်။ ထိုသတ္တဝါလေးက သူများအိပ်ချိန်လဲ မရှောင်။ နားနေချိန်လဲ မရ၊ မိုးလင်းစလဲ နားမလည် တစ်ဝါးဝါးနှင့် ထထငိုတတ်သည်။ မိစိုးကတော့ အားနာစိတ်နှင့် ထင်သည်။ ကလေး မငိုအောင် အတတ်နိုင်ဆုံး ထိန်းရှာသည်။ ဒါပေမယ့် ၂၄ နာရီလုံးတော့ ဒင်းလေးလဲ မခံနိုင်ရှာ။

ပင်ပန်းမှုဖြင့် မျက်တွင်းတွေ ချောင်ကျလာသည်။ သာဂိ ထိုင်ကြည့်မနေရက်တော့ ဝင်ထိန်းပေးရတော့သည်။ အံ့ဒီ လဒလေးကလဲ သာဂိ လက်ပေါ်တွင် ပျော်သည်။ သာဂိချီမှ ကောင်းကောင်းအိပ်သည်။ သာဂိ အပေါ်တွင် အီးအီးပါသည်။ ရှူးရှူးပေါက်ချသည်။ သာဂိက သူအိပ်ပြီထင်၍ ပုခက်ထဲ သာသာလေးထည့်ထားလိုက်လျှင်လည်း ခဏပဲ ခံသည်။ တစ်ရေးနိုးလာသည်နှင့် တစ်ဝါးဝါး အော်သံက တစ်အိမ်လုံးကို ညံသွားစေသည်။

နောက်ပိုင်းတော့ ထိုသတ္တဝါလေး၏ ကိစ္စအဝဝသည် သာဂိ တာဝန်သာ ဖြစ်လာတော့သည်။ လက်ဘက်ရည်ဆိုင် ထွက်လျှင်တောင် ကျေးဇူးရှင်လေးကို တွန်းလှည်းလေးနှင့် ခေါ်သွားရသည်။ လဒလေးကလဲ အပြင်သာ ထွက်ရမည်ဆိုလျှင် တစ်ခစ်ခစ်နှင့် အူမြူးနေတတ်သည်။ အဲ.. သာဂိ လုပ်ပေးလို့ မရတာ တစ်ခုပဲ ရှိသည်။ နို့တိုက်ခြင်း ကိစ္စ။ အဲဒါကိုတော့ မိစိုးသာ တတ်နိုင်သော ကိစ္စဖြစ်၍ ထိုအချိန်မျိုး ရောက်လျှင် သူ့ဆီ လွှဲလွှဲပေးရသည်။

ထိုကလေး နှစ်လသားလောက်ရတော့ သာဂိရော၊ မိစိုးပါ ကလေးထိန်းခြင်း၊ ကိစ္စအဝဝကို အနည်းငယ်တော့ ကျင်လည်လာကြသည်။ ထိုအခါ သာဂိ အလုပ်လုပ်ဖို့ စစဉ်းစားရတော့သည်။ ယခင် ဘဏ်မှာ အပ်ထားသည်များကို တတိတိနှင့် ထိုင်သုံးနေတာ တစ်ဝက်ကျိုး ချေပြီ။ ဒါတောင် ကလေးမီးဖွားစရိတ်ကို အန်တီတို့က ကျခံပေး၍ တော်သေးသည်။

သာဂိ ဘာလုပ်ရမလဲ စဉ်းစားနေမိသည်။ ဘောပွဲ ပြန်မလုပ်ချင်တော့။ ယခု အချိန်က အဖမ်းအဆီး များလာသလို ဒိုင်တွေကလည်း မှိုလိုပေါက်နေသည်။ အရင်လို ဝင်ငွေ မကောင်းနိုင်ဟု ထင်သည်။ပြည်က ကိုထွန်းနိုင် ဆီသွားကြည့်မည်ဟု စိတ်ကူးမိသည်။ မိစိုးကို ပြောပြတော့ မိစိုးက

"မနက်ဖြန် တရားရုံး သွားမလားဟင်"
"ဟမ်.. ဘာလုပ်ဖို့.."

" ကွာရှင်းပေးဖို့လေ.."

"တော်..တော်.. ဆက်မပြောနှင့်၊ နင့်သားကို ငါ့သားလို့ သဘောထားလိုက်ပြီ၊ နင်ကိုယ်တိုင် ငါ့အနားမှာ မနေချင်တော့ဘူးဆိုရင်တော့ နင့်သဘောပဲ၊ ဟိုတုန်းက ပြောခဲ့တာတွေ မေ့လိုက်တော့ ဟုတ်လား၊ ခု ငါ့အလုပ်ရှာတယ်ဆိုတာ နင့်သား.. လဒလေး ရှေ့ရေးအတွက် ပိုက်ဆံရှာချင်လို့၊ နင် သဘောပေါက်လား"

သူမ ဘာမျှပြန်မပြော၊ မျက်ရည်တွေ စိုနေသော မျက်ဝန်းတွေနှင့် ကလေးချီရင်း သာဂိကို ငေးနေသည်။ သာဂိ သူမကို ထားခဲ့ကာ ကားဝင်းကြီးဘက်သို့ ထွက်လာခဲ့သည်။ ကားဝင်းကား နေရာ ပြောင်းသွားချေပြီ။ စော်ဘွားကြီးကုန်းတွင် မဟုတ်တော့။ အောင်မင်္ဂလာ အဝေးပြေးဆိုသော နေရာ ရောက်နေသည်။သာဂိ ကားထွက်ချိန်ကို ဂျာနယ်လေး တစ်စောင် ဖတ်ရင်း ထိုင်စောင့်နေမိသည်။ ယခင်လို ဘီယာလေး မြဲ့ရင်း အချိန်ဖြုန်းဖို့ စိတ်တော့ ကူးလိုက်မိသေးသည်။ သို့သော် ဘီယာ တစ်ဂျားသောက်မည့် အစား မိစိုးကို အိုဘီမင် တစ်ဗူး ဝယ်ပေးလိုက်လျှင် ဟိုလဒလေး နို့ကောင်းကောင်းပို စို့ရမည်ဟု တွေးမိသည်။

ထို့ကြောင့် သောက်ချင်သည့် စိတ်ကို ကွမ်းစားရင်း ရေသောက်ကာ ဖြေထားလိုက်သည်။ ကားထွက်တော့ ကားပေါ်တွင် စဉ်းစားနေမိသေးသည်။ လဒလေးကို နာမည်တော့ ပေးရဦးမည်။ သာဂိ အစက သောက်ညင်ကပ်ကပ်နှင့် လဒလေးဟု ခေါ်ခဲ့တာသည် ယခု တစ်အိမ်လုံး တစ်ရပ်ကွက်လုံးကပါ လဒလေး ဖြစ်နေသည်။မိစိုးက သဘောတော့ ကျပုံမရ။ သို့ရာတွင် သာဂိ ကိုယ်တိုင် စခေါ်တာဖြစ်၍ ကန့်တော့ မကန့်ကွက်ခဲ့။ အင်း.. ဒီကောင့်ကို နာမည် ပေးရဦးမည်။ပြည်တွင် ကိုထွန်းနိုင် မရှိ။ ပေါက်ခေါင်းသွားသည် ဆို၍ ပွဲရုံမှာတွေ့သည့် ဆိုင်ကယ် တစ်စီးဆွဲကာ လိုက်သွားလိုက်သည်။ ပေါက်ခေါင်းနှင့် ပြည်က မိုင် ၂၀ ကျော်သာဝေး၍ အကြာကြီး မစီးလိုက်ရ။ ခပ်မှန်မှန်လေး စီးရင်း ကားလမ်းဘေးက လယ်ကွင်းတွေကို ဖြတ်တိုက်လာသော လေနုအေးလေးတွေကို အားပါးတရ ရှူရှိုက်ကာ စည်းစိမ်ခံနေမိသည်။

၄၅ မိနစ်ခန့်ကြာတော့ သာဂိ ပေါက်ခေါင်းကို ရောက်လာသည်။ ကိုထွန်းနိုင်သည် မြို့စွန်က ကိုနေနိုင်သူ ဆိုသည့်လူ၏ သစ်စက်မှာရှိနေမည်ဟု ပွဲရုံကပြောလိုက်သည်။ သာဂိ ဆိုင်ကယ်လေးကို စီးလာရင်း ဆေးရုံလမ်းခွဲသို့ ရောက်လာသည်။ သာစိ ဘယ်လမ်းလိုက်ရမည်မှန်း မသိတော့။ လမ်းထောင့်က ကွမ်းယာဆိုင်နှင့် ဆိုင်ကယ်ပြင်ဆိုင် တွဲဖွင့်ထားသော ဆိုင်ခန်းလေးထဲဝင် ကွမ်းယာ ဝယ်ရင်း စုံစမ်းရသည်။ ကိုနေနိုင်သူ၏ သစ်စက်က စမ်းကလေး ဘက်တွင် ရှိသည်ဟု ဆိုသည်။ ညာဘက် လမ်းအတိုင်း လိုက်သွားရမည်။သာဂိ ကွမ်းယာသည်လေးကို ကျေးဇူးတင်စကား အထပ်ထပ် ပြောမိသည်။

ပေါက်ခေါင်းသူလေးတွေကလည်း ညိုညက်ညက်နှင့် အတော်အကြည့်ခံသည်ပင်။သို့ဖြင့် သာဂိ ကိုနေနိုင်သူ၏ သစ်စက်ထဲ ရောက်သွားသည်။ ကိုထွန်းနိုင်သည် သစ်စက်ထဲရှိ အိမ်တစ်လုံးပေါ်တွင် စကားပြောနေသည်။ စက်ထဲတွင်လည်း သစ်ခွဲသံက ဆူညံနေသည်။ သာဂိကို မြင်တော့ ကိုထွန်းနိုင်က ဝမ်းသာအားရ လှမ်းခေါ်ကာ ကိုနေနိုင်သူနှင့် မိတ်ဆက်ပေးသည်။ ကိုနေနိုင်သူသည် မျက်ခုံးကောင်းကောင်း၊ ပိန်ပိန်ပါးပါး ကုလားဆင်ရုပ်နှင့် ပျော်တတ်ပုံရသူ တစ်ဦးဖြစ်သည်။

သူက စကားပြောနိုင်သလောက် သောက်လည်းသောက်နိုင်သည်။ သူသောက်နိုင်သလောက် သူ့မိန်းမကလည်း အမြည်းလုပ်ပေးနိုင်သည်။ သူမ၏ ယောက်ကျားထိန်းချုပ်ရေး မူဝါဒကား သောက်ချင်သလောက်သောက် အပြင်မထွက်လျှင် ပြီးရော ဟူသတည်း။ ဇာတ်လမ်းလေးတွေလဲ ရှိပုံရပါသည် ။ ထိုဇာတ်လမ်းက ညနေစောင်းတွင်ပင် ရောက်လာသည်။

ထိုသူက ကိုနေနိုင်သူ၏ ပါတနာ ရှယ်ယာဝင် မွန်ခိုက်ဖြစ်သည်။မွန်ခိုက်ဆိုသူ၏ ပြုံးချိုနေသော မျက်နှာနှင့် ဟာသစွတ်သော ပေါ့ပါးသည့် လေယူလေသိမ်း၊ စကားသံတို့က သူ့ကို ခဏချင်းတွင်ပင် ခင်သွားစေသည်။ မခင်နိုင်သူက ကိုနေနိုင်သူ၏ ဇနီး မဖြူလုံး ဖြစ်သည်။ ဇာတ်ရည်မလည်သေးသူ သာဂိကို မဖြူလုံးက ဤသို့ရှင်းပြသည်။

"အဲ့ဒီ မွန်ခိုက်ကို ကြည့်ပေါင်း ကိုသာဂိရေ.. ကျွန်မယောက်ကျားတောင် သူနှင့်ပေါင်းနေလို့ သတိထားနေရတယ်"

"ဘာဖြစ်လို့လဲ မဖြူလုံးရဲ့"

"ဟွန်း.. လှေနံ နှစ်ဘက်ကို ကိုယ်တစ်ခြမ်းစီ နင်းထားတာလေ၊ သူက ..."

ဖြစ်ပုံက ဤသို့...... ကိုမွန်ခိုက်က တောကိုယ်စားလှယ် ဖြစ်သည်။ တောထဲက သစ်တွေရှာဖွေ ဝယ်ယူကာ ကိုနေနိုင်သူထံ ပို့ပေးသည်။ ကိုနေနိုင်သူက ခွဲခြမ်းစိတ်ကာ ရောင်းသည်။ စပ်တူလုပ်ကြရင်း အဆင်ပြေလာကြသည်။ အပြေလွန်လာတာက ကိုမွန်ခိုက်က တောထဲက သစ်ကုန်သည် တစ်ဦး၏ သမီးလေးကို အတည်ယူလိုက်ရခြင်း ဖြစ်သည်။ လူပျိုဆိုလျှင် အကြောင်း မဟုတ်။ သူ့တွင် ပေါက်ခေါင်းမှာ ယူထားသည့် မယားက ရှိသေးသည်။

သို့ရာတွင် မည်သို့များ စည်းရုံး ပြောဆိုထားသည် မသိ။ ပေါက်ခေါင်းက မိန်းမက တောထဲက မိန်းမကို ပြဿနာမရှာသည့်ပြင် ကားကြုံရှိက ဆန်တို့ ဆီတို့ ပို့ပေးတတ်သလို၊ တောထဲက မိန်းမကလည်း မြို့ပေါ်က မိန်းမဖို့ လမ်းကြုံ့လူကြုံ ရှိလျှင် သစ်ခွတို့၊ ဆတ်သားခြောက်တို့တောင် ပို့ပေးတတ်သေးသည်။ သူက ဒီလို စည်းရုံးနိုင်စွမ်း ရှိသည့် အာဂလူ ဖြစ်၍ သူ့နည်းတွေ ကိုနေနိုင်သူ ရသွားမှာ မဖြူလုံးက ကြောက်နေခြင်းဖြစ်သည်။

သာဂိကား ထိုလူတွေနှင့် အဖွဲ့ကျချေပြီ။ အသက် အရွယ်တွေကလည်း မတိမ်း မယိမ်း ဖြစ်သည့်ပြင် ဝါသနာတွေကလည်း ထပ်တူ မကျရုံတမယ် မဟုတ်ပါလော၊ နောက်ဆုံး အရက်ဝိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ကိုမွန်ခိုက်က တောထဲက သစ်ကို ရှာဖွေ ဝယ်ယူပေးမည်၊ ထိုသစ်တွေကို သာဂိက မြို့ပေါ်ရောက်အောင် သယ်ပေးရမည်။ ရောက်လာသော သစ်တွေကို ကိုနေနိုင်သူက ခွဲစိတ်ဖြတ်တောက်မည်။ ဖြတ်ပြီးသမျှကို ကိုထွန်းနိုင်က ရောင်းချပေးရမည်။ လေးဦး ရှယ်ယာ သဘောတူလိုက်ကြသည်။ လက်ဝါးချင်း ဖြောင်းကနဲ ရိုက်လိုက်ကြသည်။ မဖြူလုံးက အမြည်းတစ်ပန်းကန်

ဆောင့်ဆောင့် အောင့်အောင့် လာချသည်။

သာဂိတို့ မရည်ရွယ်ပါပဲ တစ်ဟားဟား ရယ်မိသည်။ နောက်တစ်နေ့တွင်ပင် သာဂိ ကိုယ့်တာဝန် ကိုယ်ကျေပွန်စေရန် လုပ်ငန်းစရသည်။ လမ်းကြောင်း တစ်လျှောက် ရှိနိုင်သည့် အခက်ခဲများကို လေ့လာရသည်။ ကိုမွန်ခိုက် အိမ်ရှိရာ ပေါ်လံကြီးမှ ပေါက်ခေါင်းရောက်သည် အထိ ဂိတ် ၈ ခု အကြမ်းဖျင်းရှိသည်။ သက်ဆိုင်ရာ ဂိတ်မှူးများနှင့်သာမက သူတို့၏ အိမ်သူ သက်ထားများဆီပါ နောက်ဖေးပေါက်က ဝင်ရသည်။ မြို့နယ် စခန်းမှူးဆီကိုလဲ ဝင်ရောက် ဂါရဝ ပြုရသည်။ သစ်တော ဦးစီးမှူး အဆင့်ကိုတော့ သာဂိ မဝင်ဝံ့၍ သူ့ယောက်ဖကိုသာ ပေါင်းသည်။

အခြေအနေက အားလုံး မီးစိမ်းပြသည်။ ရယ်ဒီ.. သာဂိတို့တွင် ကော့တလက်ဖုန်းလေးတွေ ကိုင်ထားကြရသည်။ အရေးကြောင်း ရှိက ဆက်သွယ်နိုင်ဖို့ ဖြစ်သည်။ သာဂိ၏ ပထမဆုံး အခေါက်သည် ရင်ခုန်သံတွေနှင့် ညံနေခဲ့သည်။ ပျဉ်းကတိုး ၈ တန်တင်လာသော ကားကို ဆိုင်ကယ် တစ်စီးဖြင့် လမ်းပြ ဦးဆောင်ရင်း သာဂိ ပေါ်လံကြီးက ဆင်းလာခဲ့သည်။ ထွက်ထွက်ချင်းပင် ပေါ်လံကြီးဂိတ်ကို တစ်သောင်းခွဲ ပေးခဲ့ပြီး ဖြစ်သည်။ ညအမှောင်ကို အားကိုးသည် ဆိုတာက ပျက်လုံး သဖွယ်ပင်။ မှောင်ကြီးမည်းကြီး မီးပိတ်မောင်းပါက ကားချောက်ထဲ ထိုးကျသွားလိမ့်မည်။ ထို့ကြောင့် ကားသမားကလည်း ရှိသမျှ မီး အကုန်ဖွင့်၍ မောင်းသည်။ သူ့ကားမီး ရောက်နိုင်လောက်သည့် နေရာတွင် သာဂိ ဆိုင်ကယ်က ရှိနေရမည်။ အကယ်၍ သာဂိ ဆိုင်ကယ်ကို မတွေ့လျှင် သူက ကားစက်သတ်၍ မီးပိတ်ပြီး ရပ်ထားမည် ဖြစ်သည်။

ဒါက သူတို့ အထာ.. တစ်ခါတစ်ရံ သတင်းမရပဲ ရောက်လာတတ်သည့် လှည့်ကင်း၊ ပတ်ကင်း စတာတွေက ရစ်တတ်သည်။ ထိုအတွက် သူတို့ ကားသမားတွေမှာ တာဝန်မရှိ။ လမ်းကြောင်း ယူထားသည့် သာဂိတွင်သာ တာဝန်ရှိသည်။ ဒါက စာချုပ်မထားသည့် ကတိစကား၊ ဒါကို သာဂိကလဲ လိုက်နာရမည်ပင်။ ပေါ်လံကြီးပြီးတော့ ပေါ်လံလေး၊ ညောင်ဝန်းဂိတ်.. ဘာပြဿနာမှမရှိ၊ အားလုံး အဆင်ပြေ ချောမွေ့နေသည်။ ကားသမားမျက်နှာလည်း ရွှင်လန်းနေသည်။ အဘယ့်ကြောင့်ဆိုသော် ညောင်ဝန်း ဂိတ်ကျော်လာပါက လမ်းကောင်းလာသလို မြို့ထဲဘက် နီးလာ၍ ဖြစ်သည်။

သို့သော် ဖြစ်ချင်တော့ တောင်ရွာဂိတ်တွင် ပြဿနာစတက်သည်။ ဘာဂိတ်မှူး မရှိသော်လည်း နယ်မြေ ကင်းတဲက သာဂိ ကားကို အဖြတ်မခံ။ မင်း ဘယ်ကလဲ.. ဘာလဲ.. တွေစလာသည်။ မင်းတို့ စခန်းမှူးနှင့် စကားပြောပြီးသားပါ ၊ မင်းတို့ယူနေကျ သုံးထောင်ထက် နှစ်ထောင် ပိုပေးမည် ၊ ငါးထောင်ယူ ဆိုသော်လည်း မရ။ ငါက တာဝန်ကို အတိအကျ ထမ်းဆောင်တာဟု ရွတ်နေသည်။ သာဂိ က ပိုရွတ်လိုက်သည်။ ဒါဖြင့် ဖမ်း.. ငါ့ကားပေါ်မှာ သစ် ၈ တန်ပါတယ်။လမ်းတစ်လျှောက် ဘယ်သူတွေကို ပေးခဲ့တယ်၊ အဲ့ဒါကြောင့် ဒီအထိ ရောက်လာတယ်.. ဖမ်းစမ်းကွာဟု ရွတ်တော့ ထို အရာရှိက သာဂိကို လက်ထိပ်ခတ်သည်။ ကားသမားကား ကားပေါ်က ကြည့်ရင်း တုန်နေချေပြီ။

ပြီးတော့ သာဂိကို ကင်းတဲထဲ ခေါ်သွားသည်။ ငွေ ဆယ်သိန်းတောင်းသည်။ ပြေလည်လျှင်

လွှတ်ပေးမည်ဟု ဆိုသည်။ သာဂိ ဟားတိုက် ရယ်မိသည်။ ငွေ ဆယ်သိန်းလိုချင်ရင် ကားပေါ်က သစ်တွေရော.. ကားပါ ယူသွားဟု ပြောလိုက်သည်။ ဟုတ်သည်။ သစ်ဖိုးက တစ်တန်ကို တောဈေး တစ်သောင်းခွဲနှင့် အားလုံးပေါင်းမှ တစ်သိန်းကျော်ပဲ ရှိသည်။ကားက အစိုးရလမ်းဌာန တစ်ခုက ကျောက်သယ်သည့်ကား၊ သူတို့လဲ မပြေလည်၍ အငှားလိုက်လာခြင်းသာ။ တစ်ကယ်တမ်း ဖြစ်လာလျှင် ထွက်ပြေးလို့တော့ လွှတ်မည်ပင်။ ထားဦး၊ ကားခက ပေါက်ခေါင်း အရောက်မှ တစ်တန် နှစ်သောင်း၊ ပေါင်း တစ်သိန်းခြောက်သောင်း၊ ပစ္စည်းဖိုးပါ တွက် သုံးသိန်းမကျော်၊ ဒါကို ဆယ်သိန်းတောင်းနေခြင်းအား သာဂိ မည်သို့ ပေးမည်နည်း။

သူတို့က သာဂိကို ခံဝန်ချုပ် လက်မှတ်ထိုးစေ၍ လွှတ်လိုက်ကြသည်။ ဤနေ့ ဤရက်တွင် သာဂိ တရားမဝင် သစ်များကို သယ်ဆောင်လာသည်။ ရပ်ရွာ လူကြီးများက မည်သူ့ စသည်ဖြင့်.. ထိုလက်မှတ် တရားရုံး မရောက်စေလိုက ငွေငါးသိန်း လာပေး ဟူလို။ သာဂိ လက်မှတ်ထိုးပေးလိုက်ရသည်။ ကြောက်တော့ မကြောက်။ သာဂိ တွင် အပျင်းပြေနားထောင်ရန် ဆောင်လာသော ဖုန်းဟမ်းဆက် တစ်လုံးရှိသည်။ ဖုန်းခေါ်လို့မရ၊ လိုင်းမရှိ၊ သို့သော် သီချင်းနားထောင်နိုင်သည်၊ ဘာလေး ညာလေး အပျင်းပြေ ကြည့်နိုင်သည်။ ဓာတ်ပုံ ရိုက်နိုင်သည်။ ယခုလည်း ထိုလူတွေပြောသမျှကို အသံ သွင်းထားခဲ့သည်။

သာဂိ ပေါက်ခေါင်းရောက်သည်နှင့် မြို့နယ် ဦးစီးမှုးထံ သွားသည်။ ဖြစ်ပျက်သမျှကို နတ်သံနှော၍ ပြောရင်း အသံသွင်းထားတာတွေ ဖွင့်ပြသည်။ ဦးစီးမှူး ပေါက်ကွဲချေပြီ။ သူနှင့် ညှိထားသောလူကို ကျော်ခြင်းကိစ္စ၊ ဘယ်ခေါင်းဆောင်က လက်ခံမည်နည်း။ ထိုလူတွေကို ခေါ်၍ အချုပ်ချသည်။ သာဂိ ကိုတောင် ခေါ်ပြလိုက်သေးသည်။ သာဂိ စိတ်မကောင်းပါ။ သူတို့ကို ထုံးစံထက် နှစ်ထောင်တောင် ပိုပေးခဲ့ပါသေးသည်။ သူတို့ကိုယ်တိုင်က သိန်းချီလိုချင်နေအား သာဂိ အနေနှင့် ဖြည့်စွမ်းပေးဖို့ မဖြစ်နိုင်ချေ။

မည်သို့ပင်ဆိုစေ သာဂိ၏ ပွဲဦးထွက်ကား အခက်ခဲလေးတွေ အနည်းကျဉ်း ရှိသော်ငြား အောင်တော့ အောင်မြင်ခဲ့သည် ဆိုရမည်။ ထိုအတွက် သာဂိ ဝေစု အနည်းအကျဉ်းရသည်။ ပျဉ်းကတိုး ၈ တန်ကို ခွဲရာ ခွဲသား ၆ တန်ထွက်သည်။ ပြည်မြို့တွင် တစ်တန်ကို ၄ သိန်းပေါက်သည်။ စရိတ်စကနှင့် အရင်းကို နုတ်အပြီး တစ်ယောက်ကို လေးသိန်းစီရကြသည်။ ဒီလိုဆိုတော့ ဟိုကောင်တွေ တောင်းတာကိုတောင် လွန်တယ် မထင်တော့။ ထင်သာ မထင်သော်လည်း တစ်ကယ်တမ်းကျတော့ မပေးနိုင်ပါ။ တစ်ကယ်တမ်း ဖြစ်လာလျှင် ခံရမည်က ကိုယ်တွေသာ ဖြစ်သည်။

သာဂိ နှစ်ခေါက်မျှ ဆွဲအပြီး ရန်ကုန် ခဏပြန်သည်။ မိစိုးလက်ထဲကို ပိုက်ဆံတွေ အပ်သည်။ မိစိုးက သာဂိကို မျက်ရည်တွေနှင့် ကြည့်ရင်း ပြောသည်...

" သမီးအတွက် ဒါတွေ မလိုပါဘူး အစ်ကိုရယ်"

" ဟာ.. နင့်အတွက် မဟုတ်ဘူး.. လဒလေး အတွက်.. ဟိုကောင် ဘယ်ရောက်သွား.. ဘယ်မှာလဲ.."

သာဂိ ပြူးပြူးပြဲပြဲနှင့် လဒလေးကို ရှာတော့ မိစိုးက "အန်တီနှင့် ပါသွားတယ်"ဟု ပြောသည်။ သာဂိလဲ

အဲတော့မှ ဒီကောင့်ကို ရှာနေခြင်းအား ရပ်လိုက်ရသည်။ သူမက သာဂိကို ရေချိုးဦးလေ.. ဆိုကာ ရေလဲ အဝတ်တွေ ထုတ်ပေးသည်။ အဲ.. မှန်တင်ခုံပေါ်တွင်လည်း သာဂိ ကြိုက်သော ရမ်တစ်ပြားကို ရေခဲ၊ ဖန်ခွက်၊ ချိစ် တစ်ပြားတို့ဖြင့် တွေ့ရသည်။ သာဂိ ပျော်သွားသည်။ ရေချိုးခန်း မဝင်ခင် တစ်ခွက် နိုပ်ထည့်လိုက်သည်။

ပြီးတော့ အေးအေး ဆေးဆေး ရေစိမ်ချိုးသည်၊ တောထဲတွင် သွားရလာရ၊ လမ်းပေါ်တွင် ဆိုင်ကယ် တစ်စီးဖြင့် ဂျလန်းနေရသော သာဂိ ရေကို အေးအေးဆေးဆေး မချိုးရတာ နှစ်လနီးပါးတောင် ရှိခဲ့လေပြီ။ ရေချိုးခန်းက ထွက်တော့ မိစိုးသည် သာဂိကို မျက်နှာသုတ် ပဝါကြီးဖြင့် စောင့်နေသည်။ ရေချိုးခန်းနှင့် အိမ်ခန်းကြားထဲရှိ လမ်းလေးထဲမှာတင် သာဂိခေါင်းက ရေတွေကို သုတ်ပေးသည်။ ရုတ်တရက် သာဂိလဲ ငြိမ်နေမိသည်။ သူမသည် သာဂိကို သူ့သားလို သဘောထားရော့သလား မသိ၊ ခေါင်းတွေရော၊ ကိုယ်လုံးပါ ရေသုတ်ပေးနေသည်။ သာဂိသည် အမှတ်မဲ့ပင် သူမ၏ ယုယခြင်း၌ နစ်မျော သွားမိရာ မိးဖိုခန်းထဲက ဦးလေး၏ ချောင်းဟန့်သံ ကြားရသည် အထိဖြစ်သည်။

သာဂိ ရန်ကုန်တွင် ကြာကြာမနေနိုင်။ နှစ်ရက်ခန့်သာ နေပြီး ပေါက်ခေါင်းပြန်သည်။ မိစိုးက သာဂိကို ကားဂိတ်ထိ လိုက်ပို့သည်။သာဂိ လက်ကို ဆုပ်ကိုင်ပြီး "ကျန်းမာရေး ဂရုစိုက်နော်၊ အစ်ကို" ဟုမှာသည်။ သာဂိ ခေါင်းသာ ငြိမ့်ပြလိုက်သည်။ လူကသာ ကားပေါ်မှာ ထိုင်နေသော်လည်း စိတ်တွေက မိစိုးတို့ သားအမိထံတွင် ကျန်ခဲ့သည်။ သူတို့၏ မျက်နှာတွေကိုသာ တစ်ဝဲလည်လည်နှင့် မြင်ယောင်နေသည်မှာ ဘာ့ကြောင့်မှန်း သာဂိမသိချေ။

သာဂိ တောထဲ ရောက်တော့ ကိုမွန်ခိုက်၏ သစ်တွေက အဆင်သင့် ဖြစ်နေချေပြီ။သာဂိ ကားခေါ်ရင်း ဆင်သမားတွေကို ငေးနေမိသည်။ ဒီလိုတောထဲ တောင်ထဲတွင် ပျော်နေသူတွေ၊ဆင်တစ်ကောင်ကို ဖက်တွယ်ရင်း လောကကြီးကို ပျော်သလို နေထိုင်နေကြသူတွေ၊ သူတို့လဲ သူတို့ဘဝနှင့် သူတို့ ကျေနပ်နေပုံရကြသည်။ ဆင်ကို အမိန့်ပေးရင်း သစ်လုံးတွေကို ကားပေါ် စီတင်နေသည်။ ကားပေါ်ကို သစ်တင်တာသည် ကရိန်း သို့မဟုတ် ကလပ်(လက်နှစ်ခွလို ညှပ်ကြီးပါသည့်ကား) သို့မဟုတ် ဆင် ၊ ဘာမှမရလျှင် လူနှင့်တင်သည်။

အကောင်းဆုံးက ကလပ်နှင့်တင်တာ ဖြစ်ပြီး သစ်လုံးတွေကို ညီညီညာညာ စီနိုင်၍ အများကြီး တင်နိုင်သည်။ ပြီးလျှင် ဆင်၊ လူတစ်ယောက်လိုပင် နှာမောင်းနှင့် ဦးကင်းကို အသုံးပြု၍ သစ်လုံးကို ညီနေအောင် စီနိုင်သည်။ ယခု သာဂိ ဆင်နှင့် တင်နေခြင်း ဖြစ်သည်။ တစ်ကယ်က ဆင်ခေါ်ရတာ မလွယ်ချေ။ ဟိုး ကရင်မသေ အထိ သွားခေါ်ရတာ ဖြစ်သည်။ သာဂိကတော့ သွားခေါ်သည်။ အဘယ့်ကြောင့် ဆိုသော်များများနှင့် မြန်မြန် လုပ်ချင်သောကြောင့် ဖြစ်သည်။ ကလပ်ငှားဖို့ကတော့ မလွယ်။ ထိုလို ကားကြီးမျိုးကို သစ်ထုတ်ရေး ဌာနကသာပိုင်၍ သူတို့ကလဲ အငှားလိုက်ရဲ သည်မဟုတ်။

ငေးနေသော သာဂိကို မွန်ခိုက်က လာခေါ်သည်။ အနီးတစ်ဝိုက်ရှိ ဆိုင်တန်းများ ဆီသို့။ ထိုဆိုင်တန်းများတွင် ဘီယာ၊ အရက် မျိုးစုံရသည်။ ပျင်းလျှင် ကာရာအိုကေ ဆိုနိုင်သည်။ တောထဲက

ပွဲဈေးတန်းဟု ခိုင်းနှိုင်းရပါမည်။ အလုပ်လာလုပ်ကြသော သစ်ကုန်သည်များ၊ ကားသမားများ၊ ဆင်သမားများ၊ ကျွဲသမားများနှင့် ဌာနဆိုင်ရာဝန်ထမ်းတို့ဖြင့် လူမပြည့်သည့် ဆိုင်မရှိ။မိသားစု ဆိုင်များ ဖြစ်၍ အဖေက အရက်ချိန်လျှင် မအေက အမြည်းရောင်း၊ သမီးက ကွမ်းယာယာ၊ သားက စားပွဲထိုး၊ ဒီလို လုပ်ကြရသော ဆိုင်များ ဖြစ်သည်။ မွန်ခိုက်က သာဂိကို ကုန်းဆန်ဆန်လေး တစ်ခုပေါ်ရှိ ကိုဝက်ကြီး ဆိုသူ၏ ဆိုင်လေးထဲသို့ ခေါ်သွားကာ ဧည့်ဝတ်ပြုသည်။

အကြောင်းသိချင်း ပီပီ ကိုဝက်ကြီး၏ သမီး နှစ်ယောက်ဘက်ကို သာဂိအား မျက်စပစ်ပြ၏။ သာဂိ ရယ်ရယ်မောမော လုပ်၍ ခေါင်းခါပြလိုက်၏။ သိက္ခာထိန်းတာ မဟုတ်။ သာဂိ စိတ်ဝင်စားနေတာက ချောင်းဖြောင့်က ဆိုင်ခန်းရှင်လေးများကို ဖြစ်သည်။ ဤလမ်းကြောင်း တစ်လျှောက်ဂိတ်များတွင် တောင်လည်ဂိတ်နှင့် နတ်စင်ကုန်း ဂိတ်က အဝေးဆုံး။ တောလမ်းဖြစ်၍ ပုံမှန်သာ မောင်းလျှင် ဝိတ်ပါသော သစ်ကားကြီးများသည် ဆိုင်ကယ်ထက်အများကြီး နှေးလေသည်။ ထို့ကြောင့် အဝေးကြီး ပြတ်မကျန်ရလေအောင် တောင်လည်နှင့် နတ်စင်ကုန်းကြား ချောင်းဖြောင့် သစ်ဆိပ်က ဆိုင်လေးတွင် ခေတ္တ ထိုင်စောင့်ကြရသည်။ စောင့်ရင်းနားရင်း သောက်စားနိုင်သလို ဆိုင်ရှင်လေးတွေနှင့်လည်း အပျင်းပြေ စကားစမြည် ပြောနိုင်သည်။ ချောင်းဖြောင့်ကဆိုင်ခန်းများအနက် သာဂိ စက်ကျနေသော ဆိုင်က မမိုးကြီးတို့ဆိုင်ဖြစ်သည်။ ထိုဆိုင်တွင် မိန်းကလေး လေးယောက်နှင့် ယောက်ကျား နှစ်ယောက် ရှိသည်။ မိသားစု ခေါင်းဆောင် အမယ်ကြီး ဒေါ်ပြုံးက သူတို့၏ မိခင်ဖြစ်ပြီး မမိုးကြီးက အစ်မ အကြီးဆုံး အပျိုကြီးဟုဆိုကြသည်။ သေချာတာကတော့ လောလောဆယ် အိမ်ထောင်မရှိ။နောက်သူ့အောက်က ဇင်မာ၊ သူက အိမ်ထောင်ရှိသည်။ သူ့ယောက်ျား ချောင်းအုပ်လေးနှင့် အတူနေသည်။ နောက်အငယ်ဆုံးလေးက ယုယု ။ တစ်ခုလပ်ဟု ဆိုကြသည်။

အောင်လံ ဘက်က ကားသမားနှင့် လိုက်ပြေးဖူးသည် ဟု လည်းပြောကြသည်။ ဆိုပင် ဆိုသော်ငြား အသားအရည်၏ တင်းရင်းခြင်းကား အပြည့်အဝ ကျန်သေးသည်။ ငယ်ရွယ်သေးသောကြောင့်လား ဆိုတာတော့ မပြောတတ်။သာဂိက ဘယ်သူ့ကိုမှ ရွေးချယ် ပစ်မှတ်မထား၊ လက်မဲ့ နှစ်ယောက် အနက် မှန်ချင်တာမှန် ရမ်းပစ်နေသူသာ။ ဟုတ်သည်။ မမိုးကြီးကလည်း အတန်ငယ် အသက်အရွယ် ရပြီ ဆိုသော်ငြားလည်း ညိုညိုညက်ညက်ကလေးနှင့် ကြည့်လေ လှလေ ဖြစ်လေသူ၊ အငယ်မ ယုယုကား ငယ်ရွယ်သူတို့ ထုံးစံ သွက်လက်ချစ်စရာကောင်းသလောက် ကလေးဆန်သူလေး။။နောက်တစ်ယောက်က သူမတို့ မောင်လေး နေမင်းဖြစ်သည်။

သာဂိက ဘယ်သူ့ကိုမှ မရွေး၊ ရွေးလဲ ရမည်မထင်။ ကိုယ်လိုလူစား အများကြီးဟု ဆိုရလောက်အောင် သူမတို့ဆိုင်တွင် လူက ပြည့်နေတတ်သည်။ သို့သော်ငြားလည်း မရခါမှ မရစေ၊ ဒီပြင်ဆိုင်သောက်ပြီး ငေါင်တောင်တောင် ထိုင်နေမယ့်အစား သူမတို့ဆိုင်မှာ တောရောက် တောင်ရောက် ပေါက်ကရပြောပြီး သောက်ရတာ ပိုကောင်းလေသည်။ထို့ကြောင့် ယခုလည်း သစ်တင်ပြီး၍ ထွက်လာကာ ချောင်းဖြောင့် ရောက်သည်နှင့် ဒီဆိုင်လေးထဲပဲ ဝင်ထိုင်ဖြစ်သည်။

ခဏ ခဏ ထိုင်ဖြစ်သောအခါ ရင်းနှီးလာကြသည်။ တောထဲတွင် မိန်းမသားတွေ တန်မဲ့ ဆိုင်ဖွင့်ရဲသည် ဆိုကတည်းက သတ္တိမခေကြမှန်း သာဂိရိပ်စားမိပါသည်။ သို့သော် လက်ရဲ ဇက်ရဲ နိုင်လိမ့်မည်ဟုတော့ ဘယ်လိုမှ တွေးမထားမိခဲ့။ တစ်ခုသော ညနေစောင်းတွင် သာဂိ ကားစောင့်ရင်း ဝင်ထိုင်ဖြစ်သည်။ ခေါင်းရင်းဘက်နားတွင် ဌာနဆိုင်ရာ အရာရှိတစ်ယောက် ထိုင်နေတာ တွေ့သည်။ သာဂိ နှုတ်ဆက်ရင်း သူနှင့် ဝိုင်းလိုက်သည်။ သာဂိတို့ လုပ်ငန်းသဘာဝ အရ ဒီလိုလူတွေနှင့် ပြေလည်မှ ဖြစ်မည်လေ။ သောက်ရင်းစားရင်း နှုတ်သွက်လာကြတော့ သာဂိက နဂိုအကျင့်ပါနေသည့် အတိုင်း မမိုးကြီးတို့ကို လှမ်းစသည်။ သာဂိစသည်က မောင်လို နမလို စခြင်းဖြစ်၍ သူမတို့ကလဲ မောင်လို နမလို ရယ်ရယ်မောမော တုန့်ပြန်ကြသည်။

သာဂိ နှင့် သူမတို့ ရယ်မော စနောက်နေသည်ကို ကြည့်ပြီး ထိုအရာရှိကလဲ ဝင်စ၏။ စစချင်းတော့ ရိုးရိုး၊ နောက်တော့ တစ်မျိုးတိုး၍ သားမယား စကားတွေ ပါလာသည်။ သာဂိ မျက်နှာပူသွားသည်။ ဟို ညီအမတွေလဲ မျက်နှာပျက်ကုန်၏။ အရာရှိကား မရပ်သေး။ သူ့ဟာသူ သဘောတွေ ကျရင်း သုံးယောက် တစ်ယောက် အိပ်မည်ဆိုတာတွေပါ ပါလာသည်။ ဟိုညီအမတွေ တုန့်ပြန်ချက်ကလဲ မြန်လှသည်။ လေးခွ တစ်ယောက် တစ်လက်နှင့် ဝိုင်းပစ်ကြရာ သာဂိပါ ထွက်ပြေးရတော့သည်။

တော်သေးတာက မိန်းမအားနှင့် ပစ်တာဖြစ်၍ ပေါက်ကွဲ ဖူးယောင် မသွားတာ။ ပစ်ပုံကလည်း တစ်ယောက်က လောက်စာထည့်ချိန် တစ်ယောက် က ပစ်သည်။ ထိုတစ်ယောက် လောက်စာထည့်ချိန် နောက်တစ်ယောက်က ပစ်။ သုံးယောက် ပတ်လည် ပစ်သောအခါ အနားကပ်၍ လေးခွ လုဖို့ ဝေးစွ၊ မျက်လုံး မမှန်အောင် အရာရှိခမျာ ဖင်ထောင်ပြေးရလေ၏။ သာဂိလဲ မကောင်းတတ်၍ ကျပ်ထုပ်ထိုးကာ တောင်းတောင်းပန်ပန် ပြန်လွှတ်ရ၏။ ဒါတောင် သူက ပြောသွားသေးသည်။ နေနှင့်ဦး.. တစ်ယောက်ချင်းတွေ့မှ သိမယ် ဟူသတည်း။ ဩော်.. ခက်၊ ခက်ရချည့်။

အခက်ခဲ အနည်းငယ်နှင့် အစားအသောက်အနေအထိုင် ဆင်းရဲသည်ကလွဲလျှင် ဒီအလုပ်ကို သာဂိ ပျော်သည်။ သစ်ကုန်သည် တစ်ဦး၏ အလုပ်သည် လောင်းကစားလုပ်ရတာနှင့် တူသည်။ ပစ္စည်းများ အမှန်အကန်ရဖို့၊ လမ်းခရီး ချောမွေ့ဖို့၊ စက်ခွဲသည့်အခါ အထွက်ကောင်းမွန်ဖို့၊ ဝယ်လက်က မညစ်ဖို့ ၊ အကြွေးမထားပဲ ငွေအကြေချေဖို့ စသည့် အစီအစဉ်များ အားလုံး ညီညာချောမွေ့နေမှ လက်ထဲ ပိုက်ဆံအမြတ်ရောက်သည်။ တစ်ခုခု ချို့ယွင်းသည်နှင့် ထိုတစ်ခေါက် အရင်းရှုံးသည်။ ထို့ကြောင့် လက်ထဲ ပိုက်ဆံမရောက် မချင်း ရင်တမမနှင့် နေရသော စိတ်လှုပ်ရှားမှုကို သာဂိက ကြိုက်သည်။

ထို့ကြောင့် တစ်ခေါက်ပြီး တစ်ခေါက် လှုပ်ရှားရင်း သာဂိ ခြောက်လလောက်ကြာသွားသည်။ မိစိုး ဆီကိုတော့ ရိုးမ ဘဏ်ကနေ ပိုက်ဆံပို့ဖြစ်သည်။ သူမက ဖုန်းဆက်ဖို့တော့ ပြောပါသည်။ သာဂိက မဆက်ဖြစ်၊ ဆက်လျှင် ဘာစကားတွေ ပြောရမည် ဆိုတာ သာဂိ မစဉ်းစားတတ်၍ ဖြစ်သည်။ ယခုက မိုးနည်းနည်းကျလာပြီ၊ သင်္ကြန်ပြီးကတည်းက ရိုးမပေါ်တွင် မိုးပြေးလေးတွေ ရွာစ ပြုလာ၏။ သွားရလာရ မကောင်းတော့။ သစ်ကားကြီးတွေလဲ ဗွက်ထဲ ရွှံ့ထဲတွင် ရုန်းရမလွယ် ဖြစ်လာသည်။

လုပ်ငန်းနားဖို့ အချိန်တန်ပေပြီ။ ကိုမွန်ခိုက်တောင် ပေါက်ခေါင်းက အိမ်ကို ပြန်နပ်နေပြီ ဖြစ်သည်။ ထို့ကြောင့် သာဂိလဲ ရန်ကုန် ပြန်လာခဲ့သည်။ မိစိုးသည် ပို၍ ကြည့်ကောင်းလာသည်။ ထက်နေကလဲ တော်တော်ကြီးကို ထွားလာကာ စကားတောင် တစ်ခွန်းစ နှစ်ခွန်းစ ပြောနေချေပြီ။ မိစိုးက သာဂိကို ယခင်အခါကထက် ပိုပြီး ယုယ စောင့်ရှောက်လာသည်။ သာဂိမှာ သူမကို မည်သည့် ပုံစံနှင့် ဆက်ဆံဂုမည်ကို ခုထိ ဝေခွဲမရသေး။ တစ်ရက်တော့ အန်တီက ပြောလာသည်။ ထက်နေကို နို့ဖြတ်ဖို့ ကိစ္စ ။ သာဂိကို မိစိုးက လှမ်းကြည့်သည်။ သာဂိက သဘောပဲ ဟုသာ ပြောလိုက်သည်။ ဟုတ်သည်လေ.. ဒီကိစ္စမျိုးက သာဂိ နားလည်သည့် ကိစ္စမဟုတ်၍ ဘာမှမပြောတာ အကောင်းဆုံးဖြစ်မည်။

သို့ရာတွင် သာဂိနှင့် ဆိုင်သော ကိစ္စသည် နို့စဖြတ်သော ညတွင်ပင် စလာသည်။ ထက်နေကား ဘောဘီဗိုက်တာလား၊ ဘာလား မသိ တနင့်တပိုးစား၍ စက်တော် ခေါ်နေချေပြီ။ မိစိုးသည် အိပ်နေရင်း တစ်ကျွတ်ကျွတ်နှင့် စုပ်သပ်နေသည်။ ဘေးမှာ အိပ်နေသည့် သာဂိက ကြား၍ မေးတော့လဲ မပြော။ တော်တော်လေး မေးယူမှ နာလို့ဟု ပြောသည်။ ဩော်.. ထက်နေစို့နေကျနို့တွေက ယခု စို့မယ့်လူ မရှိတော့ တင်းပြီး ထွက်ပေါက်ရှာကာ အနေရ အထိုင်ရ ခက်လာတာ ဖြစ်မည်။ သာဂိလဲ ဘာမှ လုပ်မပေးတတ်၍ လမ်းထိပ်က ဆေးဆိုင်ကို ပြေးရသည်။ ဆေးဆိုင်က လူက ပြောသည်။ စုပ်ခွက်နှင့် စုပ်ထုတ်ပေးလိုက်ရင် သက်သာမည်။ ဒါပေမယ့် သူ့ဆိုင်မှာ မရှိ။ မြို့ထဲက ဆိုင်တွေမှာသာ ရမည်တဲ့။

သာဂိ ခေါင်းကုပ်ပြီး ပြန်လာရသည်။ ဒီအချိန် မြို့ထဲက ဘယ်ဆေးဆိုင် ဖွင့်ပါ့မည်နည်း။ ၂၄ နာရီ ဆေးဆိုင်တွေ၊ ဆေးရုံတွေ မှာတော့ ရနိုင်မည် ထင်သည်။ တက္ကစီနှင့် သွားဝယ်လျှင် တော့ရမည်။ ထို့ကြောင့် ပိုက်ဆံယူရန် ပြန်လာစဉ် မိစိုးကား တော်တော် အခြေအနေ ဆိုးနေချေပြီ။ သူ့ဟာသူ ရေနွေး အိပ်လေးနှင့်ကပ်ကာ သက်သာရာ ရှာရင်း ညည်းညူနေသည်။ သာဂိ ထွေထွေထူးထူး စဉ်းစား မနေတော့ စုပ်ခွက်နှင့်တောင် စုပ်လို့ရသေးလျှင် ပါးစပ်နှင့် စုပ်လည်း ရရမည်။ ထို့ကြောင့် ဘာမပြော ညာမပြော တစ်ဘက်လှည့်ကာ ရေနွေးအိပ်လေး ကပ်နေသော မိစိုးကို သူ့ဘက် ဆွဲလှည့်လိုက်သည်။ မိစိုးက ကမန်းကတမ်း သူ့ရင်အုံလေးတွေကို ဖုံးဖိရင်း အလိုက်သင့်လေး ပါလာသည်။

သာဂိ သူမ တီရှပ်လေးကို ဆွဲပင့်ကာ နို့အုံတွေကို ဖော်လိုက်တော့ သူမ " အို " ကနဲ ကယောင်ကတမ်း အော်ကာ သာဂိလက်တွေကို တားမည့် ဟန်ပြင်သည်။ သူမ နို့အုံတွေကား တင်းဖောင်းနေကာ ပေါက်ကွဲထွက်တော့ မယောင် သွေးကြောလေးတွေပါ ထောင်ထနေသည်။ သာဂိ စဉ်းစားမနေတော့ မျက်စိရှေ့က ဘယ်ဘက်တစ်လုံးကို ကုန်းစို့လိုက်သည်။ သူမ " အင်း" ကနဲ မြည်ကာ တောင့်တင်းနေသော ခန္ဓာကိုယ်လေး ပျော့သွားသည်။ နို့ရည်တွေသည် သာဂိ အာခံတွင်းထဲကို တစ်စိမ့်စိမ့် စီးလာနေသည်။ အရသာကား စိမ့်တိမ့်တိမ့်နှင့် ကုလားပဲ ရေစိမ်သောက်ရသကဲ့သို့ ရှိသည်။ မိန်းမ တစ်ယောက်၏ လျှို့ဝှက်သောအသားစိုင်ကို ထိတွေ့နေရသည် ဆိုသော အသိက သာဂိကို စိတ်လှုပ်ရှားလာစေကာ အောက်က လိင်တံကလည်း ထောင်လာသည်။ သို့သော် သူမက ကုတင်ပေါ်တွင် ပဆစ်တုပ်လေး ထိုင်ရင်း လက်ထောက်ထားရာကနေ သာဂိ ခေါင်းကို ဖွဖွလေး ကိုင်ကာ ဆံပင်တွေကို

ပွတ်သပ်ပေးလိုက်သောအခါတွင်ကား သာဂိသည် သူမကို သာဂိ၏ မိခင်တစ်ယောက်လို ထင်လာမိသည်။ ထို့ကြောင့် ပါးစပ်ထဲ ပြည့်လာသော နို့ရည်တွေကို ထွေးမထုတ်ပဲ မျိုချလိုက်မိတော့သည်။

သူမ သက်သာရာရသွားသည် ထင်လောက်သည်အထိ သာဂိ သူမ၏ နို့တွေကို စို့နေမိသည်။ သူမကတော့ သာဂိ ခေါင်းကို ဖွဖွလေးပွတ်ပေးနေတာကလွဲလျှင် ဘာမျှ တုန့်ပြန်မှုမရှိ။ ပြီးတော့ သာဂိ သူမ မျက်နှာကို မကြည့်ရဲတော့။ မိုး သိပ်မအေးပါပဲ စောင်ခြုံပြီး တစ်ဘက်လှည့်ကွေးနေမိသည်။ ထိုနေ့ညကတော့ သိပ်ပြဿနာမရှိလှ။ သာဂိ စိတ်တွေလဲ ကယောက်ကရက် သိပ်မဖြစ်ခဲ့။ ဒုတိယညရောက်မှ ဒုက္ခတွေ့ရသည်။ သူမ မနေ့ညကလောက် အခြေအနေ မဆိုးသော်လည်း နည်းနည်းတော့ ကသိကအောင့် ဖြစ်နေတာ သာဂိ သတိထားမိသည်။ အနည်းငယ် လူးလွန့်လိုက်၊ သက်ပြင်းလေး ချလိုက်နှင့် ဂဏှာမငြိမ်။ သာဂိ မနေသာတော့။ လုပ်လက်စလဲ ရှိနေပြီဖြစ်၍ လက်ကလဲ နည်းနည်း ရဲလာပြီ ထင်သည်။

သူမကိုယ်လေးကို သာဂိဘက် လှမ်းဆွဲလိုက်ရင်း အင်္ကျီ လေးကို ပင့်တင့်ကာ စို့ပေးလိုက်သည်။ သူမ ဘာမျှ မပြော။ သာဂိ မနေ့ကလို စေတနာနှင့် လုပ်ပေးခြင်း ဖြစ်သော်ငြား ဒီနေ့က လုံ့လျှောင်းနေရင်း ဘေးတိုက် မို့လို့လား မသိ။ စိတ်တွေ တော်တော် ထလာသည်။ ထိန်းမနိုင် သိမ်းမရ ဆိုသလိုကို အောက်ကကောင်က ထောင်ထလာနေသည်။ သူမ သိသွားလျှင် မကောင်းဟု ထင်ကာ သာဂိ ပေါင်နှစ်လုံးဖြင့် ညှပ်ကာ ထိန်းကြည့်သည်။ ပိုဆိုးသွားသည်။ ဖွားဘက်တော်က အညှပ်ခံရကာမှ သွေးတွေပိုဆူလာသည်။ မရတော့။ သာဂိ သူမကိုယ်လေးကို လွှတ်လိုက်ကာ တစ်ဘက်လှည့်၍ ကွေးနေလိုက်မိသည်။

စိတ်ကပါသည်။ မလုပ်ချင်။ လုပ်လို့ မဖြစ်ဟု သာဂိ သွေးတွေကို အသိစိတ်က ပြောနေသည်။ မိစိုးသည် သူငယ်ချင်း၏ ဇနီး ဖြစ်သည်။ သူငယ်ချင်း မရှိတော့သည် ဖြစ်စေကာမူ စောင့်ရှောက်ရမည်။ ရိုးသားရမည်။ ဒါပေမယ့် စိတ်ကပါနေသည်။ သာဂိ တစ်ယောက်ထဲ ရန်ဖြစ်ရင်း စိတ်နည်းနည်းတော့ ပျော့သွားသည်။ ဒါတောင် အိပ်လို့မပျော်။ သူမ ထံက ခပ်သဲ့သဲ့ ဟောက်သံလေး ထွက်လာမှ ကိုယ့်ဟာကိုယ် တစ်ယောက်ထဲ ငွင်းတိုက်လိုက်ရသည်။ အင်း.. ဒီ ဒုက္ခကလဲ တော်တော် မလွယ်တဲ့ ဒုက္ခ၊ သူ ဆာနေပြီ ဆိုလျှင် တော်တော်ကို အနေရ အထိုင်ရခက်ကာ ဘာမျှ လုပ်မရတော့။ ပြီးသွားပြန်တော့ သူမဟုတ်တော့သည့် အလား။

နောက်တစ်နေ့ မနက် မိုးလင်း ၍ မနက်စာစားပြီး လက်ဖက်ရည်ဆိုင်က ပြန်လာချိန်တွင် သူမက သာဂိကို ပြောသည်။ လှည်းတန်း သွားချင်တယ် လိုက်ပို့ပေးပါ ဟုဆိုသည်။ သာဂိ ခေါင်းငြိမ့်လိုက်သည်။ လှည်းတန်း ဈေးတွင် အနည်းငယ် ဝယ်ခြမ်းပြီးချိန်တွင် သူမက မက်ဘာဂါ သွားရအောင်ဟု ဆိုလာသည်။ သာဂိ တွန့်ကနဲ ဖြစ်သွားသည်။ ဒီ အပေါ် ၊ ဒီဆိုင်တွင် သူနှင့် လှသွေး ရင်ခုန်ခဲ့ကြတာ မိစိုး မေ့နေရှာ့သလား ၊ သူမကို ကြည့်လိုက်တော့ သူမ မျက်နှာက ပြုံးနေသည်။ မျက်ဝန်းတွေကတော့ တစ်မျိုး၊ ဘယ်လို တစ်မျိုးလဲ ဆိုတာတော့ သာဂိ မခွဲတတ်၊ မည်သို့ပင်ဆိုစေ သာဂိ ခေါင်းငြိမ့်လိုက်သည်။ ဆိုင်ပေါ်မှာ ကစားကွင်းလေးလဲ ရှိ၍ ထက်နေလဲ ပျော်ပါလိမ့်မည်။

သို့ရာတွင် အပေါ်ရောက်၍ မိစိုးဝင်သွားသည်က ကာရာအိုကေ ခန်းထဲကိုသာ ဖြစ်သည်။ သာဂိ နောက်က လိုက်ဝင်သွားလိုက်တော့ အခန်းထဲက ဆိုဖာတွင် ထိုင်နေသူ တစ်ယောက်ရှိနေတာ သတိပြုမိသည်။ သေချာကြည့်လိုက်မှ သာဂိ "ဟာ" ကနဲ ဖြစ်သွားသည်။ လှသွေး .. ဟုတ်သည်။ သာဂိ တမင်တကာ မေ့ထားရသူ လှသွေး ။ ညှပ်ထားသည့် ဆံပင်ပုံက စတပ်ဖ်၊ ဝတ်ထားပုံက ဟိုယခင်ကနှင့် မဆိုင်စွာ ကလေးဂါဝန်ကို ကောက်စွပ်လာသည် ထင်ရသည့် တင်ပါးဖုံးကျော်ရုံ ဂါဝန်၊ အောက်မှာက အသားကပ်လိုလို အလတ်စတစ်လိုလို ဘောင်းဘီရှည် ၊ ဖိနပ်က ၃ လက်မလောက် မြင့်သည့် ဖိနပ်။ သာဂိ သူမကို တအံ့တသြ ငေးကြည့်နေမိစဉ်မှာပင် မိစိုးက သာဂိ လက်ထဲက ထက်နေကို လက်ပြောင်းချီကာ သာဂိကို ပြုံးပြရင်း အခန်းပြင် ပြန်ထွက်သွားသည်။

လှသွေးက သာဂိကို ပြုံးပြလိုက်ရင်း "ထိုင်လေ.. ကို " ဟုဆိုသည်။ သာဂိ သူမကို ငေးရင်း..

"မိစိုးနှင့် ချိန်းထားကြတာလား"

"ဟုတ်တယ်၊ ကိုကိုကမှ အဆက်မသွယ်မလုပ်တာ "

"အင်း.. ဟုတ်တယ်၊ ကိုယ် မအားဘူး၊ နယ်မှာ အလုပ်လုပ်နေတာ"

"ပြန်ရောက်တာ ကြာပါပြီ ကိုကိုရယ်"

သာဂိ နှုတ်ဆွံ့သွားသည်။ ဘာပြောရမှန်းမသိတော့၊ လိမ်လဲ မပြောချင်၊ ဟိုးတုန်းကလို လျှာအရိုးမရှိတိုင်း သုံးစွဲနေကျ စကားလုံးတွေကို ထုတ်ဖို့ ဘာလို့ တုန့်နှေးနေမိသည် မသိ။

" ကိုကို.."

" ဟင်.."

"ကျွန်မကို သတိမရဘူးလား "

"အင်း.. ရပါတယ် "

"ဒါနှင့်များ ကိုကိုရယ်.. "

ပြောပြောဆိုဆို သူမက သာဂိ လက်မောင်း တစ်ဘက်ကို ဖက်တွယ်ကာ မှီနွဲ့လိုက်သည်။ သာဂိ ဘာဖြစ်နေသည်ကို ကိုယ့်ကိုကိုယ် မစဉ်းစားတတ်။ လှသွေးသည် သူ ချစ်ရသူ ဖြစ်သည်။ ယခု ထိုသူ သူ့ရင်ခွင်ထဲ မရောက်ရုံ တမယ် ရှိနေပြီ။ ရင်ခုန်ဖို့ ဝေးလို့ စိတ်ထဲတွင် မသက်မသာ ခံစားချက်ကြီးဖြင့် ရင်တွေပြည့်နေသည်။ သူမ ဝတ်ထားသော အဝတ်အစားတွေကြောင့်လား၊ ဒါတော့ ဟုတ်မယ် မထင်၊ ဒီလို အဝတ်တွေက နိုင်ငံခြားမှာ ပြည့်တန်ဆာသာသာတွေ ဝတ်တာမှန်သော်လည်း ဒီမှာတော့ ပိုက်ဆံရှိ သား၊ သမီးမှ ဝတ်နိုင်သည့် တန်ဖိုးကြီး အဝတ်တွေ ဆိုတာ သာဂိ သိသည်။ ဘာဖြစ်လို့လဲ ဆိုတာ သာဂိ မသိသေးခင်မှာပင် သူမက သာဂိကို မှီနွဲ့ရင်း သူမ ညာဘက်ဒူးခေါင်းလေး ပေါ် ဘယ်ဘက်ခြေထောက် ချိတ်တင်လိုက်သည်။ အလတ်စတစ် တန်ခိုးဖြင့် သူမ ပေါင်တံတွေသည် မို့မို့ အစ်အစ် လုံးလုံးဝန်းဝန်းလေး ထင်ကွားစွာပေါ်လာသည်။

သာဂိ ခါတိုင်းလို အာခေါင်တွေ ခြောက်မသွားပါပဲ ဖျပ်ကနဲ " ကွမ်း" ကိုသွားမြင်ယောင်မိသည်။ ထို့ကြောင့် ဆိုဖာနောက်ကျောကို မှီလိုက်ရင်း သူမကို ဘာစကားတွေ ပြောရပါ့မည်နည်း သာဂိ

စဉ်းစားနေမိသည်။ သာဂိ စဉ်းစားနေဆဲမှာပင် သူမက

"ကိုကို့..."

"ဟင်.."

"ဘီယာ သောက်မလားဟင်"

သာဂိ ဖက်တွယ်ထားသော သူမ လက်ချောင်းလေးများကို ဖြေထုတ်လိုက်ရင်း

" လုသွေး.. ကိုယ်ပြောတာ သေချာ နားထောင်ပါ၊ ခု မားဆိုးက ပင်လယ်ထဲမှာ ဆုံးသွားရှာတယ်၊ မိစိုးကို ကလေး တစ်ယောက်နှင့် ကိုယ် ဘယ်လို အိမ်ပြန်ခိုင်းရက်ပါ့မလဲ "

သူမက ကိုယ်လုံးလေးကို မတ်မတ်လေး ပြင်ထိုင်လိုက်ရင်း

"အဲဒီတော့ .. "

" ကိုယ့်ကို ခွင့်လွှတ်ပါလို့ ပြောချင်တယ်.."

"ဒါပဲလား.."

" မင်းကို ချစ်တဲ့သူ တွေ့ရင် လက်ခံလိုက်ပါ"

သူမလက် တစ်ဖက်မြောက်တက်သွားတာ မြင်လိုက်သည်။ သာဂိ ငြိမ်နေပေးလိုက်ရာ " ဖြန်း" ကနဲ မြည်သံနှင့် အတူ ထိုလက်ဖဝါးက သာဂိ ပါးပြင်ပေါ် ကျလာသည်။ သူမ စားပွဲပေါ်က စလင်းဘက်အိပ်ကို ဆတ်ကနဲ ကောက်လွယ်ကာ နေရာမှ ထထွက်သွားသည်။ ပြီးတော့ အခန်းတံခါးကို တွန်းဖွင့်ကာ ပျောက်ကွယ်သွားသည်။ သူမ တွန်းဖွင့်ခဲ့သော တံခါးကား ဘယ်ညာ ယမ်းရင်း လှုပ်ရှား ယိမ်းယိုင်ကာ ကျန်ခဲ့လေသည်။

ထိုတံခါးမှပင် မိစိုး ခပ်သုတ်သုတ်ဝင်လာတာ တွေ့ရသည်။ သူမက သာဂိ မျက်နှာကို စူးစမ်းသလို ကြည့်နေသည်။ သာဂိ သူမကို ပြုံးပြလိုက်ရင်း အောက်ထပ်ကို ဆင်းလာခဲ့သည်။ ကားဂိတ်ရောက်တော့ အိမ်ပြန်ချင်စိတ်မရှိ။ ကန်ဘောင်ပေါ် သွားထိုင်လျှင် ကောင်းမည်ဟု တွေးမိသည်။ တက္ကစီ ငှားနေစဉ် မိစိုးလဲ ရောက်လာသည်။ သာဂိ ကားပေါ်တက်တော့ သူမလဲ လိုက်တက်သည်။ တံတားဖြူမှာ ဆင်းကာ ကန်ဘောင်ပေါ်က ခုံတန်းတစ်ခုမှာ ဝင်ထိုင်ရင်း လှိုင်းကြက်ခွပ်လေးများကို ငေးနေမိသည်။ မိစိုး ဘေးမှာဝင်ထိုင်တာ သတိထားမိသည်။ သာဂိ လှည့်မကြည့်။ ဒီလမ်းက ကိုယ်တိုင်ရွေးချယ်လိုက်သော လမ်း၊ အရင်အခါတွေလို ကံတရားက ရွေးခဲ့တာ မဟုတ်။ ဒါပေမယ့် စိတ်ထဲမှာ ဘာလို့ လွင့်နေသည်ကို သာဂိ မတွေးတော့။ မိုးအုံ့လာ၍ ဖြစ်သည်။ ရန်ကုန်မိုးက အစိုးရသည် မဟုတ်။ တွေးနေရင်းပင် ဖွဲဖွဲလေးကျလာသည်။

မိစိုးကို ကလေး အအေးပတ်မည်စိုး၍ အတင်းပြန်လွှတ်လိုက်သည်။ သူမက မြန်မြန်ပြန်လာနော် ဟုဆိုကာ ဆင်းသွားသည်။ ထိုနေ့က မိုးသည် နစ်နာရီလောက် ရွာသည်ထင်သည်။ ရေပြင်ပေါ်ကို ထိမှန်လာသော မိုးစက်မြားတွေသည် အရှိန်ပြင်းလွန်းလှသည်။ အင်းလျားရေပြင်သည် ကြိမ်ဒဏ်သင့်ခံရသော ရာဝတ်သားတစ်ယောက်လို လူးလွန့်နေရှာသည်။ အိမ်ပြန်ရောက်တော့ ညနေစောင်းလုလုပင် ဖြစ်နေသည်။ သူမက သာဂိဆံပင်တွေကို သုတ်ပေးရင်း အနွေးထည်ဝတ်ထားဖို့ ပြောသည်။ သာဂိ ခေါင်းခါလိုက်သည်။ တောထဲမှာ တစ်နေကုန် မိုးထဲ ရေထဲ အလုပ်လုပ်လာတာတောင်

ဘာမှ မဖြစ်တာ ရန်ကုန်မိုးက သာဂိကို မည်သို့ ဒုက္ခပေးမည်နည်း။

စာကြည့်စားပွဲတွင် ထိုင်၍ အချမ်းပြေသောက်လိုက်သည်မှာ ထမင်းပါ လွတ်သွားသည်။ တစ်ယောက်ထဲ သောက်ရင်း ဘယ်လို အိပ်ပျော်သွားသည် မသိ၊ ဖျပ်ကနဲ တရေးနိုးတော့ သာဂိ ကုတင်ပေါ်မှာ ရောက်နေတာ တွေ့ရသည်။ လည်ချောင်းတွေနာကာ ရင်တွေပူနေသည်။ ခေါင်းထဲက တစ်ရှိန်းရှိန်း ထနေသည်။ နဖူးကို စမ်းလိုက်တော့ အသားတွေ ပူနေတာ သတိထားမိသည်။ အင်း.. ဖျားပြီလား မသိ။ ရေသောက်ရန် ကုတင်ပေါ်က အဆင်း လူက ယိုင်သွား၍ နံရံကို ဖမ်းထိန်းထားလိုက်ရသည်။ ခေါင်းမူးတာမျိုး မဟုတ်ပဲ အားမရှိသလို ဖြစ်နေသည်။

အသံကြား၍ ထင်သည်။ မိစိုးက "အစ်ကို.. ဘာဖြစ်တာလဲ" ဟုမေးသည်။ သာဂိ ပြန်မဖြေနိုင်။ နံရံကို မှီရင်း အားယူနေရသည်။ မိစိုးက အနားရောက်လာကာ သာဂိကို တွဲရင်း ကုတင်ပေါ် ပြန်လှဲစေသည်။ သာဂိ သူမကို တိုးတိုးလေး ပြောရသည်။
"ငါ .. ရေသောက်ချင်လို့"
"အင်း.. ခဏနော်.. အစ်ကို ဖျားနေပြီ၊ သမီး ဆေးပါယူလိုက်မယ်နော်၊တစ်ခါထဲ သောက်လိုက်"
ပြောပြောဆိုဆို သူမ ထွက်သွားကာ ဆေးနှင့် ရေခွက် တစ်ခွက်ယူလာသည်။ ပြီးတော့ သာဂိ ခေါင်းကိုထူမကာ ဆေးတိုက်သည်။ နောက် သာဂိ နဖူးပေါ်တွင် ရေပတ်ဝတ် တင်ပေးနေသည် ထင်သည်။ ခဏပဲ သတိထားလိုက်မိကာ ပြန်အိပ်ပျော်သွားသည်။ မနက်မိုးလင်းတော့ လူက နည်းနည်းနှံးနေတာကလွဲလျှင် ဘာမှမဖြစ်တော့။ အာဂ္ဂနွ အဖျားလောက်ပဲ နေမှာပါဟု တွေးရင်း ပုံမှန် လုပ်စရာ ရှိတာတွေ လုပ်ကာ အပြင်ထွက်လာခဲ့သည်။ မိစိုးက မတားသော်ငြား ဆေးတစ်ခွက်တော့ တိုက်လွှတ်လိုက်သေးသည်။ ပြီးတော့ သူမပြောနေကျ စကားဖြစ်သည့် "မြန်မြန်ပြန်လာနော်" ဆိုသည့်စကားနှင့် မှာဖြစ်အောင် မှာသေးသည်။ သာဂိ အလုပ်မရှိ၊ အကိုင်မရှိ မြို့ထဲဘက် သွားကာ ပလက်ဖောင်းတွေပေါ် လျှောက်နေမိသည်။ နေပူ၍ ချွေးပြန်လာလျှင် နီးရာဆိုင်ထဲ ဝင်ကာ အအေးသောက်သည်။ ပြီးလျှင် ဟိုကြည့် ဒီကြည့် ဆက်လျှောက်သည်။ လည်ရင်း ပတ်ရင်း နေ့လည် နှစ်နာရီလောက်တွင် သာဂိ မျက်လုံးတွေ ပူလာသည်။ နားထင်တွေ ထိုးလာသည်။ လူက ချမ်းစိမ့်စိမ့် ဖြစ်လာသည်။ အဖျားတက်ပြီ ထင်သည်။

မိစိုးမျက်နှာကို အားကိုးတကြီး မြင်ယောင်လာမိကာ အိမ်ကို တန်းပြန်ပြေးရသည်။ တက္ကစီပေါ်မှာတင် သာဂိ အဖျားတက်နေသည်မှာ တဟင်းဟင်းနှင့် နတ်ပူးသကဲ့သို့ ရှိသည်။ ကားပေါ်က မဆင်းနိုင်၍ ကားဆရာက တွဲကာ ထိန်းပေးနေစဉ် မိစိုး အပြေးလေးရောက်လာကာ လာတွဲသည်။ နောက်ချက်ချင်းပင် ကားထဲပြန်ထိုင်စေကာ ဆေးခန်းကို ခေါ်သွားသည်။ ဆရာဝန်က စမ်းသပ်ပြီး ဆေးထိုးကာ၊ သောက်ဆေးတွေပေးသည်။ မိစိုးနှင့် စကားတွေ ပြောသည်။ သာဂိကား ချမ်းနေသည်။ နေ့လည်ခင်းကြီး အနွေးထည် နှစ်ထပ်ဝတ်ထားတာတောင် အာသာမပြေ။

လမ်းမှာ မိစိုးက ပြောပြသည်။ တိုက်ဖွိုက်လား၊ ငှက်ဖျားလား သေချာအောင် မနက်ဖြန်မှ ပြန်လာလို့

ဆိုသည်တဲ့။ ဒါဖြင့် မပျောက်သေးဘူးပေါ့။ သာဂိ စိတ်နည်းနည်း ညစ်သွားကာ အမှတ်မဲ့ပင် မိစိုး ပခုံးစွန်းလေးကို ခေါင်းမှီထားမိသည်။ သူမက သာဂိ ၏ အေးစက်နေသော လက်ဖျားတွေကို ဆုပ်နယ်ကာ ပြန်လည်ထွေးပွေ့ပေးသည်။ သာဂိ မျက်ဝန်းတွေကို ဖွင့်ကြည့်လိုက်တော့ ကားဆရာ၏ စပ်ဖြီးဖြီး မျက်နှာကြီးကို နောက်ကြည့်မှန်မှ တဆင့် တွေ့လိုက်ရသည်။ သာဂိ ရှက်သွားသည်။ ဟုတ်သည်။ ပေါင်ချိန် ၁၆၀ ကျော်ရှိသည့် ယောက်ကျားကြီးက ပေါင် ၁၀၀ ကျော်ကျော်လောက်သာ ရှိမည့် မိန်းမငယ်လေး ပခုံးကို မှီနွဲ့နေသည် ဆိုတော့.... သာဂိ လူးလဲ ထရန် ဟန်ပြင်သည်။ မိစိုး ဆီက တစ်ခါမျှ မကြားဘူးသည့် ခပ်မာမာလေသံနှင့် " မထနှင့် "ဆိုသည့် စကားကို ကြားတော့ ပြန်ငြိမ်နေလိုက်မိသည်။

ထိုနေ့က အဖျားကျသွားသော်လည်း သာဂိ မိစိုး၏ အမိန့်အရ အပြင်ထွက်ခွင့် မရှိ။ ထမင်းမစားရ၊ ဆန်ပြုတ် အရည်ကျဲ သောက်နေရသည်။ သူမက ၁၀ မိနစ်တစ်ခါလောက် သာဂိ နဖူးကို စမ်းသည်။ ပျင်းလာ၍ စာအုပ်ဖတ်နေလျှင်တောင် အဆုံးထိ မဖတ်ရ၊ နာရီဝက်လောက်သာ ပေးဖတ်သည်။ သာဂိ သူမကို အတင်းဂျီကျရသည်။ အဲတော့မှ နာရီဝက်ဖတ် ၁၅ မိနစ်နား ဖြင့် သူကိုယ်တိုင် စာအုပ်ကို လာသိမ်း၊ ပြန်ပေးလုပ်နေသည်။ ဘယ်နယ့် ဟာလေးမှန်းမသိ၊ သူက မအေကျနေတာပဲ ဟုတောင် အောင့်မေ့မိသည်။ အောင့်မေ့ရုံရှိသေး သူမက မျက်နှာသုတ် ပဝါ တစ်ထည်နျင့် ရေဇလုံကြီးကိုင်ကာ ရောက်လာပြီး သာဂိ ကို ရေပတ်တိုက်ပေးသည်။ အပေါ်ပိုင်းတွေက ပြဿနာ မရှိလှဟု ဆိုသော် ရသေးသည်။ သူမက အောက်ပိုင်းပါ မကျန် တိုက်လာသောအခါ သာဂိ မျက်နှာ ဘယ်နားထားရမှန်း မသိတော့။ အောက်က ကောင်ကလည်း ဖျားနေ၍ အားမရှိလို့သာ တော်သည်။ ဒါတောင် နည်းနည်း အချောင်းက ရှည်လာချင်သေး။ သူမက မသိတာလား၊ မသိချင်ယောင် ဆောင်တာလားတော့ မပြောတတ်။

ပုဆိုးအောက်ကနေ ပေါင်ရင်းတွေ၊ ပေါင်ခြံတွေကို တိုက်ပေးရင်း လက်ခုံလေးနျင့် တစ်ချက် တစ်ချက် ထိသွားသော်ငြား ဟန်မပျက်သလိုပင် ဆက်လက် လုပ်ကိုင်ပေးနေသည်။ သာဂိ စာအုပ်ကို မျက်နှာပေါ် မှောက်ကာ ရှက်စိတ်နှင့် ရမ္မက်ကို ထိန်းရင်း သာယာနေမိသည်။ သူမသည် တစ်ကယ့် ဇနီးကောင်းတစ်ယောက် စိတ်ထားမျိုး ရှိသူဖြစ်ပါလိမ့်မည်။ နောက်တစ်နေ့ နေ့ခင်းရောက်တော့လည်း သာဂိ အဖျားတက်ပြန်သည်။ ရှိသမျှစောင်တွေကို အကုန် ခြုံပေးထားသည့်တိုင် သာဂိ အချမ်းမပြေ။ နောက်ဆုံး သူမ ကိုယ်လုံးလေးနှင့်ပါ တက်ဖိထားမှ နည်းနည်းနွေးသလိုထင်လာရသည်။ ထက်နေကလည်း ဘုမသိ၊ ဘမသိ သူ့အမေ လုပ်သလို သာဂိကို တက်ဖိထားရာ အဖျားတက်နေသည့် ကြားမှ သာဂိတို့ ပြုံးလိုက်ရသေးသည်။

သာဂိက ငှက်ဖျားထတာဖြစ်သည်။ တောထဲက ခြင်တွေကိုက်၍ ပိုးဝင်နေတာတော့ ကြာပြီထင်သည်။ ယခု အားနည်းနေချိန်၊ စိတ်ဓာတ် အားပျော့သွားချိန်တွင် အအေးမိပြီး ကိုယ်ခံအားနည်းလာရာက စဖျားလာခြင်းဖြစ်မည်။ သာဂိ တော်တော် ခံလိုက်ရသည်။ ငှက်ဖျားဆေးတွေကလည်း ပြင်းလှသည် ဖြစ်ရာ လူက မသောက်ပဲနှင့် မူးနေတတ်သည်။ မိစိုးသည် သာဂိကို တစ်ကယ့် အမေရင်း နှမရင်းလို ပြုစုပေးခဲ့သည်။ သူမသည် သာဂိ အတွက် မြင့်မြတ်ခမ်းနားသော မေတ္တာရှင်မ ဖြစ်သည်။ လေးစား ရိုကျိုးဖွယ်ရာ အဖော်ကောင်းဖြစ်သည်။ အောက်ခြေသိမ်း စိတ်ချရသည့် အစေခံလည်း ဖြစ်သည်။ တုစရာမရှိသည့်

လက်တွဲဖော် ဖြစ်သည်။

အဖျားကျသွားပြီး နာလန်ထလာသည့်တိုင် သူမက နစ်ရက်တစ်ခါလောက် သာဂိကို ရေပတ်ဝတ်ပဲ တိုက်ပေးသည်။ ရေချိုးခွင့် မပြုခက်တာက နေကောင်းလာသည်နှင့်အမျှ အားပြန်ပြည့်လာသော သာဂိ လိင်တံသည် အရင်လို ရှည်ချင်ရုံ မကတော့ပဲ တောင့်တောင့်တင်းတင်း အစွမ်းပြချင်နေတာက ခက်သည်။ ထို့ကြောင့် ရေပတ်တိုက်ပြီး သူမထွက်သွားချိန်တွင် သာဂိ ကိုယ့်ဟာကိုယ် ကိုင်ကာ အာသာဖြေမည်ဆိုပြီး ကစားနေစဉ် သူမ ပြန်ဝင်လာသည်။ သာဂိ ကမန်းကတမ်း တစ်ဘက်လှည့်ကာ ဒူးကွေးထားလိုက်ရသော်လည်း သူမ မြင်သွားသည် ထင်ကာ မျက်နှာပူနေမိသည်။ သူမက သာဂိဘေး ကုတင်စွန်းတွင် ဝင်ထိုင်ရင်း…

"အစ်ကို.. "

"ဟင်.."

"ဘာလုပ်နေတာလဲ "

" အိပ်နေတာ"

" ခစ်ခစ်.. အစ်ကိုကတော့လေ.. ခုနလိုမျိုး မလုပ်ရဘူးနော်၊ အစ်ကို၊ နာလန်ထစမှာ အဲ့ဒါမျိုးတွေ ရှောင်ထားသင့်တယ်၊ ပြန်ဖြစ်လာရင် အစ်ကိုပဲ ခံစားရမှာ.. "

" ….."

"နောက်ပြီး.. အစ်ကို့ကို သမီး ပွင့်ပွင့်လင်းလင်း မေးဦးမယ်၊ အစ်ကို သမီးကို ရွံနေတာလားဟင်"

"ဘာ.. ဘယ်လို.."

"ဩော်.. ကလေးတစ်ယောက် အမေ၊ သူများ ပန်ပြီးသား ပန်းမို့ ရွံနေတာလားလို့ မေးတာပါ"

" မဟုတ်ပါဘူး.. မဟုတ်ဘူး၊ ငါ့မှာ အဲ့ဒီလို စိတ်မရှိဘူး"

" ဒါဖြင့်.. …"

သူမ ဆီက ဘာသံမှ ဆက်ထွက်မလာ။ သာဂိ ရိပ်မိလိုက်သည်။ သူမ ဘာကို ပြောချင်သည်ဆိုတာ။ သူမ သက်ပြင်းလေးချရင်း ပြန်ထွက်သွားသည်။ သာဂိ မှာတော့ အတွေးတွေနှင့် လုံးလည် ပတ်ချာလည်ကာ ကျန်ရစ်သည်။ ကောင်းကောင်း နေကောင်းလာပြီးပြီးချင်း သာဂိ ပထမဆုံး လုပ်သော အလုပ်သည် အပြင်ထွက်ကာ တစ်ယောက်အိပ် ကုတင် တစ်လုံးဝယ်လာခြင်း ဖြစ်သည်။ သူမက သာဂိကို ပါးစပ်က ဖွင့်မမေးသော်ငြား မျက်လုံးတွေကတော့ နားမလည်မှုဖြင့် မေးခွန်းတွေ ထုတ်နေသည်။ သာဂိ ကုတင်ကို ဆင်ပြီးပြီးချင်း သူမ ပခုံးလေး နှစ်ဘက်ကို ဆုပ်ကိုင်ကာ ..

" မိစိုး.. နင်က ဒီကမ္ဘာပေါ်မှာ ငါ့အတွက် မရှိမဖြစ်လူပါ။ နင့်ကို ငါ ရင်ထဲက ရှိတဲ့အတိုင်း ပြောရရင် ချစ်တယ် ဆိုတာထက် ပိုတယ်၊ နင် ငါ့ကို ခွဲသွားမှာ ငါ သိပ်ကြောက်တယ်၊ ကြောက်လို့ နင်နှင့် ခွဲအိပ်မလို့။ ငါ ချစ်မိတဲ့ မိန်းမတိုင်းက ငါနှင့် ခွဲသွားရတာချည်းပဲ။ အဲဒ့ါကြောင့် နင့်ကို ငါ မချစ်ဘူး။ ဘယ်တော့မှ မချစ်ဘူး။ ငါ့ကို ခွဲ မသွားပါနင့်။ ဒီမှာပဲ အမြဲနေပါ။ ဒီလိုလေးပဲ နေပေးပါဟာ.. နော်.."

သူမ မျက်ဝန်းတွင် မျက်ရည်တွေ စို့လာတာတွေ့သည်။ နှုတ်ခမ်းတွေကတော့ ပြုံးကာ ..

" အစ်ကို ထင်တာ အမြဲ မမှန်နိုင်ပါဘူး၊ အင်းလေ.. အစ်ကို့ သဘောပါပဲ"

သာဂိ သူမ နဖူးလေးကို ခပ်ဖွဖွလေး နမ်းလိုက်တော့ သူမ မျက်လုံးလေး မှေးစင်းရင်း ခံယူသည်။ ဘာပဲပြောပြော သာဂိ ကျေနပ်သွားသည်။ ဟုတ်သည်။ အသွေးအသား ကိစ္စ တစ်ခုကြောင့်နှင့်တော့ သူမနှင့် အခွဲမခံနိုင်။ ဒီကိစ္စက ဘယ်နေရာမှာ ဘယ်လိုပုံစံနှင့် ရှင်းရှင်း ပြေလည်နိုင်သည်။ သူမလို မေတ္တာမျိုးနှင့် ကြုံဖို့က ဒီတစ်သက် လွယ်မည် မဟုတ်။ ထို့ကြောင့် သာဂိ လောဘကြီးစွာ ဤသို့ ဆုံးဖြတ်မိခြင်း ဖြစ်သည်။ ချစ်မိခဲ့သမျှ ခံစားခဲ့ရတာ များနေပြီ မဟုတ်ပါလား။
မိစိုးသည် သာဂိ အပေါ်ကို ပိုပြီး ပွင့်ပွင့်လင်းလင်း ဆက်ဆံလာသည်။ သာဂိ စာရင်းဟောင်းတွေ ထိုင်တွက်နေလျှင် ခါတိုင်းလို ဘာသိဘာသာ နေနေတာမျိုး မလုပ်ပဲ။ ဟိုဟာကဘာလဲ၊ ဒီဟာက ဘာအတွက် မေးတတ်လာသလို၊ သူမဆီက သူမထင်သည့် အကြံလေးတွေပါ ပေးတတ်သည်။ တစ်ခါတစ်ရံ မိန်းမ တစ်ယောက် ဆီက ရသည့် အကြံသည် သာဂိ မပြောနှင့် ကိုထွန်းနိုင်လိုလူတောင် တွေးမထားသည့် အကြံတွေ ထွက်လာတတ်သည်။ သာဂိတို့က မိုးတွင်း ကားကြီးတွေ တက်မရ၍ နားနေသည်။ ဒါကို သူမက ဒီပြင့်ကားတွေ မရှိဘူးလားဟု မေးသည်။ ခရီးသည်တင်ကား နှင့် အစိုးရဌာန ကားတွေတော့ အတက်အဆင်း ရှိသည် ဆိုတော့ သူမက သစ်တုံးတွေကို ပိုင်းပိုင်းပြီး ခရီးသည်တင်ကားတွေနှင့် သယ်လို့မရဘူးလားဟု မေးသည်။

သာဂိ ခေါင်းထဲတွင် လက်ကနဲ ဖြစ်သွားသည်။ သူမ ပြောသလိုတော့ တင်လို့မရ၊ သူမက လုပ်ငန်းသဘောကို မသိ၍ မှန်းပြောလိုက်ခြင်း ဖြစ်ပေမယ့် လုပ်နေသူ သာဂိတွေးမိသည်က သစ်လုံးကို လေးဖက်ချထားသည့် လွှစင်သမားတွေနှင့် ချိတ်ကာ ပေပျဉ်ကြီးတွေ အဖြစ် တင်လျှင် ရနိုင်မည်။ ဒါဆို တမိုးတွင်းလုံး ငုပ်တုပ် ထိုင်နေစရာ မလိုတော့။ တစ်ပြားမှ မဝင်တာနှင့် စာလျှင် ဒါက ပိုက်ဆံ ဝင်မည့် အလုပ်ဖြစ်၍ စိတ်ဝင်စားသွားသည်။ ကိုထွန်းနိုင်ဆီ ဖုန်းဆက်ကြည့်တော့ သူလဲ စိတ်ဝင်စားသည်။ ဝယ်လက် ရှိမရှိ၊ စုံစမ်းကာ အကြောင်းပြန်မည်ဟု ဆိုသည်။ နစ်ရက်ခန့် အကြာတွင်ပင် ကိုထွန်းနိုင်ဆီက မီးစိမ်းပြသည်။ လာခဲ့တော့ လုပ်ကြမယ်ဟု ဆိုသည်။

သာဂိ ခရီးထွက်ဖို့ မိစိုးက ပြင်ဆင်ပေးနေရင်း စကားလှမ်းပြောသည်။ သူမလဲ လိုက်ချင်သည် ဟုဆိုသည်။ သာဂိ စဉ်းစားကြည့်သည်။ လိုက်လို့တော့ရသည်။ ပေါက်ခေါင်းက ကိုမွန်နိုက် ဇနီးအိမ်တွင် ထားခဲ့ကာ တောတက်လို့ရသည်။ အကယ်၍ ရာသီဥတု သာယာလျှင်လည်း တောတောင် ရှုခင်းများ ခံစားနိုင်ရန် ညောင်ဝန်းလောက်အထိတော့ ခေါ်သွားလို့ရနိုင်လောက်သည်ဟု တွေးကာ ခေါင်းငြိမ့်လိုက်တော့ သူမသည် ကလေးလေး တစ်ယောက်လို ပျော်မြူးသွားသည်။ အင်း.. သူမလဲ ဘယ်မှ မသွားရမလာရတာ တော်တော်ကြာနေလောက်ချေပြီ။ ပျင်းရှာမည်။

ခရီးစဉ် တစ်လျှောက်လုံး သူမသည် မြူးကြွနေသည်။ ထက်နေသည် အစက ကားစီးရတာ ကြောက်နေပုံရကာ နည်းနည်း ဂျီကျသေးသည်။ နောက်တော့ သူ အိပ်ပျော်သွားသည်။ ပြည်ရောက်တော့ သာဂိက ထုံးစံအတိုင်း ဆိုင်ကယ် စီးကာ သူမတို့ကို လိုင်းကားပေါ် တင်ပေးမည် ကြံတော့ သူမ လက်မခံ။

အစ်ကိုနှင့် တစ်ခါမှ ဆိုင်ကယ် မစီးဘူးလို့ စီးချင်တယ် ဟုဆိုသည်။ ပြောပုံဆိုပေါက်နှင့် လေသံကို သာဂိ မလွန်ဆန်နိုင်။ ခေါင်းငြိမ့်ရပြန်သည်။ သာဂိ ဆိုင်ကယ် ရှေ့တွင် ကလေး ကယ်ရီယာ တစ်ခု ကမန်းကတမ်း ဝယ်တပ်ကာ ခရီးဆက်ရသည်။ ထက်နေကို လေ အရမ်းတိုးမည် စိုး၍ ဖြေးဖြေးသာ မောင်းရင်း လမ်းတစ်လျှောက်က ဘောဘောကြီး ဘုရားတို့ မော်ဇာပြတိုက်တို့ကို ဝင်ပြသည်။

သူမသည် သာဂိ ခါးကို ဖက်ထားရင်း သီချင်းလေး ညည်းကာ လမ်းတစ်လျှောက်လိုက်လာသည်။ ထက်နေကား ဆိုင်ကယ် စီးရင်း အိပ်နေ၍ သူ့ကို လက်တစ်ဘက်နှင့် ထိန်းပေးထားရသည်။ ပေါက်ခေါင်းရောက်တော့ ကိုမွန်ခိုက်က မရှိတော့။ အလုပ်သမားတွေနှင့် ညှိဖို့ တက်သွားချေပြီ။ သာဂိ ကိုမွန်ခိုက်အိမ်တွင် တည်းခိုရင်း တောင်ပေါ်က အဆင်သင့် ဖြစ်မည့်အချိန်ကို စောင့်ကာ ဌာနဆိုင်ရာတွေနှင့် ညှိရသည်။ ပြေလည်ပါသည်။ ခရီးသည်တွေ ထိုင်ရတာ အနှောင့် အယှက် မဖြစ်စေရန် ပြုလုပ်ပေးမည်ဆိုလျှင် ရသည်ဟု ဆိုလာသည်။ ဒါက မခက်ပါ။ ပေပျဉ်ကြီးတွေပေါ် တာလဘတ်အုပ်၊ ထိုအပေါ်မှ ဆာလာအိပ်ဖုံး၊ အပေါ်မှာ ဖျာကြမ်းကြီးတွေ ခင်းပေးလိုက်လျှင် ရမည်ဟု တွေးထားမိသည်။

တစ်ကယ်လဲ အဆင်ပြေခဲ့ပါသည်။ ခရီးသည်တွေ ဆီက ဘာသံမျှ မကြားရသည့်ပြင် ကားသမားကလည်း စိုစိုပိုပို့လေး ရ၍ ပျော်နေသည်။ ထို့အတူ သာဂိတို့လဲ ပျော်ခဲ့ရသည်။ ဝယ်လက် အသစ်တစ်ယောက်က ပေပျဉ်ကြီးတွေကို ဈေးကောင်းပေးသွား၍ ဖြစ်သည်။ သူက ဆန္ဒ ရှိလျှင် စပ်တူ လုပ်ကြမည်ဟု စကားစကြောင်း ကိုထွန်းနိုင်က သာဂိတို့နှင့် တိုင်ပင်သည်။ သာဂိတို့ ဘာပြောတတ်မည်နည်း။ ကိုထွန်းနိုင် ကြည့်လုပ်ပေးပါဟု သာဆိုလိုက်သည်။ သို့ဖြင့် နောက်တစ်ခေါက်တွင် သာဂိတို့ လေးယောက်က တစ်ဝက်၊ ရန်ကုန် ကုန်သည်က တစ်ဖက် ရှယ်လိုက်ကြသည်။ သူက နည်းနည်းချင်း မသယ်။ သူ့တွင် ဆယ်ဘီးကားကြီး ရှိသည်။ ထိုကား တစ်စီးစာ ရမှ ထွက်မည်ဖြစ်ရာ။ သာဂိ ၅ ကြောင်းလောက် တက်လိုက် ဆင်းလိုက် လုပ်လိုက်ရသလို ကိုနေနိုင်သူ၏ စက်လည်း မီးခိုးမတိတ် လည်လိုက်ရသည်။

ပစ္စည်းပြည့်၍ ရန်ကုန်ပို့သောအခါ ကိုနေနိုင်သူနှင့် ကိုထွန်းနိုင်တို့ လိုက်သွားကြသည်။ သာဂိနှင့် မွန်ခိုက်က နောက်တစ်ခေါက် အတွက် လှုပ်ရှားရင်း ကျန်ခဲ့သည်။ လုပ်သာ လုပ်နေရသော်လည်း စိတ်က တစ်ထင့်ထင့် ။ ပစ္စည်းက များသည် မဟုတ်ပါလား။ လိမ်သွားမှဖြင့် ဟုတွေးကာ နည်းနည်း သောကများသည်။ မိစိုးသည် သာဂိဘာတွေးနေသည်ကို ခံစားတတ်သူ ဖြစ်သည်။ သာဂိ မွန်ခိုက်တို့အိမ်ရှေ့ ကွပ်ပျစ်တွင် ထိုင်ရင်း ကောင်းကင်ပြာကြီးကို ကြည့်ကာ တွေးနေစဉ် သူမ ရောက်လာကာ သာဂိ ပခုံးပေါ် ပါးအပ်၍ သူမပါ လိုက်တွေးပေးသူ ဖြစ်သည်။ နောက်တော့ တွေးနေသော အတွေးတွေ ပျောက်သွားကာပခုံးပေါ်က နှုးညံ့မှုနှင့် ဝင်လေ ထွက်လေ နွေးနွေးလေးကို ခံယူရင်း သာဂိ ငြိမ်းချမ်းနေမိသည်။

ဆယ်ရက်ခန့် အကြာတွင် ကိုထွန်းနိုင် ကြွပ်ကြွပ်အိပ်ကြီး နှစ်လုံးဆွဲ၍ ရောက်လာကာ စာရင်းရှင်းသည်။ သာဂိဖို့ ကြွပ်ကြွပ်အိပ်ကြီး တစ်လုံးရသည်။ မိစိုးလက် အပ်လိုက်ရာ သူမက မဆိုင်းမတွပင်

ဘဏ်ပြေးအပ်သည်။ သာဂိတို့ ကံဇာတာ တက်လာချေပြီ။ တောက ထုတ်၍ နယ်မှာရောင်းရသည်မှာ မြတ်တာ မှန်သော်လည်း အချိုကြီး မဟုတ်။ ရန်ကုန်ဈေးကွက်ကား နိုင်ငံခြားနှင့်ပါ ဆက်နေ၍ ဈေးမြင့်လှချေသည်။ သာဂိတို့ တစ်အုပ်စုလုံး အားတက်သွားကြသည်။ နောက်တစ်ခေါက် အတွက် ရန်ကုန် လိုက်အလှည့်ကို သာဂနှင့် ကိုမွန်ခိုက်တို့ကို လိုက်စေသည်။ ကိုယ်က ဘာမျှ လုပ်ရမည်မဟုတ်။ သစ်တင်ကားကြီး နောက်က သို့မဟုတ် ဂျေကနေ ကားလေး တစ်စီးဖြင့် လိုက်သွားရင်း ရန်ကုန်ရောက်တော့ ထိုကုန်သည် ပေးသည့်ပိုက်ဆံ ယူပြီးပြန်လာရုံသာ။ သူ အကောင်းအဝယ် လုပ်နေသည့်အချိန်လေး ခေတ္တ စောင့်ပေးရတာပဲ ရှိမည်။ ဒါကလဲ အကြာကြီး မဟုတ်။ သုံး၊ လေး ရက်ခန့်သာ။

သာဂိတို့ အလှည့်တွင် ကိုမွန်ခိုက်ကလည်း ကားမောင်းတတ်၍ ထိုကုန်သည်နှင့် သူ တစ်ယောက်တစ်လှည့်စီ မောင်းကြသည်။ သာဂိကတော့ နောက်မှာထိုင်ရင်း ဘီယာ တစ်ဗူးပြီး တစ်ဗူးသောက်ကာ မိစိုးနှင့် ကြည်နူးနေမိသည်။ ရန်ကုန်ရောက်တော့ ကုန်သည်က ဟိုတယ်တွင် နေရာ စီစဉ်ပေးသော်လည်း မိစိုးက အိမ်မှာပဲ ပြန်နေမည်ဆို၍ ပြန်လာကြသည်။ လေးရက်ခန့် အကြာတွင် ကိုမွန်ခိုက် ကားလေးဖြင့် လာခေါ်သည်။ ပိုက်ဆံရချေပြီ။ စာရင်းကတော့ ကိုထွန်းနိုင်နှင့် ကျမှ ရှင်းကြမည်။ ပြန်မည်ပြင်တော့ ကိုမွန်ခိုက်က မပြန်ချင်သေး။ ဟုတ်သည်၊ ရန်ကုန်သည် ပိုက်ဆံသာ ရှိလျှင် အတော် ပျော်ဖို့ကောင်းသော နေရာ ဖြစ်သည်။ ထို့ကြောင့် ကိုမွန်ခိုက်သည် အာတကေ (ကြိုတင်ငွေ) တော်တော် သုံးလိုက်မိရာ စာရင်းရှင်းသော အခါ သူ့အတွက် သိပ်မကျန်လှ။

ပေါက်ခေါင်း ပြန်ရောက်တော့ မိစိုးကို ညောင်ဝန်းလောက်ထိ လိုက်ပို့ဖို့ စိတ်ကူးမိသည်။ ရာသီဥတုကလဲ ခုတစ်လော သာယာနေသည်။ မိုးရေလေရိပ် ကင်းစင်နေ၍ အသွားအပြန် လေးနာရီလောက် ခရီးကို လိုက်ပို့လိုက်မည် စိတ်ကူးကာ ခေါ်လာခဲ့သည်။ ထက်နေကား ဆိုင်ကယ်ရှေ့တွင် ထိုင်ရင်း တောတောင်တွေကို အထူးအဆန်းဖြစ်နေသည်။ မိစိုးလည်း သိပ်မထူးလှ။ ချောင်းဖြောင့်က မမိုးကြီးတို့နှင့်ကား သူမသည် ခဏချင်းပင် အဖွဲ့ကျသွားသည်။ အချိန်က မနက်ပိုင်းဖြစ်၍ နေ့ခင်းဘက်လောက် ပြန်လာကြရန် အန်တီ ဒေါ်ပြုံးကမှာသည်။ ညနေစောင်း မိုးရွာတတ်၍ ကလေးမိုးမိမည် စိုးသောကြောင့် ဖြစ်သည်။

ညောင်ဝန်းရောက်တော့ ဆင်တွေ၊ ကျွဲတွေ၊ သစ်လုံးများနှင့် အလုပ်လုပ်ပုံကို ကြည့်၍ မိစိုး အရမ်းအံ့သြနေသည်။ ထက်နေကတော့ ဆင်ပေါ်တက်ချင်သည်ချည်း လုပ်နေ၍ မနည်းချော့ထားရသည်။ ဒီကြားထဲ ရွာခံ ကရင်မ တစ်သိုက်နှင့် စကားစပ်ရင်း သစ်ခွအကြောင်း ရောက်သွားကာ လိုချင်သည် ဖြစ်လာသည်။ သာဂိ တားသော်လည်း မရ၊ သစ်ခွက မရှိတာတော့ မဟုတ်၊ ရှိသော်လည်း ဒီလို တောစပ်မှာက ရှားနေပြီ ဖြစ်သည်။ သို့သော် ကရင်မ တစ်သိုက်က ချောင်းရိုး အထက်မှာရှိသည် လိုက်ပို့မည်ဆိုတော့ သာဂိ တားမရတော့။ သူတို့ အုပ်စုနောက်က ကလေးချီရင်းလိုက်ရသည်။ တွေ့မယ့် တွေ့တော့ သစ်ခွက အပင်အမြင့်ကြီး၏ ဟိုးထိပ်ဖျားမှာ၊ ခူးရတာ မလွယ်၍ ကျန်ခဲ့သည့် အပင်လေး၊ ဒါကို ဒင်းလေးက ခုန်ဆွ ခုန်ဆွနှင့် လိုချင်နေသည်။ သာဂိ လဲ မတတ်သာ။ အဲ့လောက် အမြင့်ကြီး မတက်နိုင်တာ မဟုတ်သော်ငြား၊ တက်မနေချင်။ ရွာထဲက လူငှားရာက တက်ခူးခိုင်းရသည်။

သူမ လိုချင်သည့် ပန်းလေး လက်ထဲ ရောက်လာသောအခါ တွင်ကား မိစိုးသည် ပန်းကလေးကို တယုတယ ကိုင်ကာ လူကြားထဲမှာပင် သာဂိ ပါးကို ဖက်နမ်းလိုက်သည်။ ရွာသားတွေနှင့် ကရင်မတစ်သိုက် တခိခိ ဖြစ်ကုန်ကြသည်။ သာဂိမှာသာရှက်ရမလိုလို ငါကွဟု လက်မထောင်ကာ ဂုဏ်ယူရမလိုလို ဖြစ်နေသည်။ ကြာကြာတော့ အိုက်တင် မခံဖြစ်လိုက်၊ မိုးကား ညို့လာချေပြီ။ ညောင်ဝန်း ဗိုလ်တဲ ရောက်အောင် သုတ်ခြေ အမြန်တင်ရသည်။ မိစိုးသည် တောလမ်းလေးပေါ်တွင် ပြေးရင်း လွှားရင်း တစ်ခစ်ခစ်ရယ်နေသည်။ သူမ ရယ်သံလေးနှင့် အပြိုင် မိုးကလဲ အော်မြည်ကာ လာနေသည်။ သို့ရာတွင် သာဂိ တို့ အလျင်ဦးသည်။ ဗိုလ်တဲပေါ် ရောက်ကာမှ မိုးစက်တွေ ကျလာသည်။ သူမသည် ခုန်ဆွ ခုန်ဆွလေးလုပ်ရင်း တစ်ခစ်ခစ်ရယ်ကာ မိုးကို ကျီဆယ်နေသည်။ သာဂိကတော့ တောအုပ်လေးကို သွားညို့ရသည်။ ပြန်လို့ မဖြစ်တော့။ ဒီမှာ အိပ်မှရမည်။ ဒီမိုးနှင့် တစ်ယောက်ထဲတောင် ဆိုင်ကယ်ကို မနည်းစီးရမည် ဖြစ်ရာ သူမတို့ သားအမိနှင့် ဆိုတော့ ဒီမှာ အိပ်လိုက်တာ ပိုကောင်းမည်။

ညဘက်ရောက်၍ အိပ်ယာဝင်ကြသည့်တိုင် သူမသည် ညနေက ခူးလာသည့် အပင်မှ ပန်းလေးကို တယုတယ ဆုပ်ကိုင်ထားဆဲ၊ သာဂိ သူမနှင့် သာဂိ အကြားတွင် အိပ်ပျော်သွားပြီ ဖြစ်သော ထက်နေကို အသာချလိုက်ကာ ကြည်နူးရွှင်ပျနေသော သူမကို ငေးကြည့်နေမိသည်။ သူမက သာဂိကို ဖျပ်ကနဲ တစ်ချက်ကြည့်ကာ လျှာလေးထုတ် ပြောင်ပြသည်။ အင်း .. တစ်ကယ်တော့ ဒီကောင်မလေးက ကလေးစိတ် မကုန်သေးပဲကိုးဟု သာဂိ တွေးမိသည်။ ထို့ကြောင့် ကလေးမလေး သက်သာစေရန် ၊ ကလေးလေး ခြင်ကိုက်မခံရရေး တစ်ညလုံး ခြင်မောင်းပေးနေရသည့် တာဝန်သည် သာဂိ ပခုံးပေါ် အလိုလို ရောက်လာတော့သည်။

နောက်တစ်နေ့ သူမတို့ကို ပေါက်ခေါင်း ပြန်ပို့ပြီးသည်နှင့် သာဂိ အလုပ်ပြန်လုပ်ရသည်။ ပစ္စည်းတွေကား ကိုနေနိုင်သူ အဆင်သင့် ပြင်ပေးထားသည် ဖြစ်၍ သယ်ရုံသာ ဖြစ်ရာ နှစ်ရက်နှင့် ပြီးသည်။ သာဂိ ပေါက်ခေါင်း ပြန်ရောက်တော့ ထက်နေ နည်းနည်း နေမကောင်း။ ကိုယ်နည်းနည်းပူကာ မှိန်းနေသည်။ တောရိပ်တောင်ရိပ်နှင့် ခရီးပန်းသွားတာပဲ ဖြစ်မည်ထင်ကာ မိစိုးကို ဆေးခန်းပြဖို့ သေချာမှာပြီး ကားပေါ် ပစ္စည်းတင်တာ သွားကြည့်ပေးနေရသည်။ ဒီတစ်ခေါက်က ကိုနေနိုင်သူနှင့် ကိုထွန်းနိုင် လိုက်အလှည့်ဖြစ်၍ အောက်ခြေသိမ်းလုပ်ပေးဖို့ သာဂိမှာ တာဝန်ရှိနေသည်။ အားလုံးပြီး၍ ကားထွက်သွားမှ အိမ်ပြန်တော့ မိစိုးကား အရူးမီးဝိုင်း ဖြစ်နေချေပြီ။

ထက်နေကား ကိုယ်လုံးလေးပေါ်တွင် အနီစက်လေးများ ပေါ်လျှက် မှိန်းနေရှာသည်။ ဆေးခန်းက သွေးလွန်တုပ်ကွေး ဟုပြောလိုက်သည်တဲ့။ သာဂိ ထူပူသွားကာ ကားတစ်စီး ပြေးငှားပြီး ပြည်မြို့ပေါ်က ဆေးရုံကို ပို့စေသည်။ သာဂိကိုယ်တိုင်လဲ ကားဘေးမှ ဆိုင်ကယ်ဖြင့် လိုက်လာခဲ့သည်။ မိစိုးကား ထက်နေကို ပွေ့ချီရင်း ဘာတွေမှန်း မသိပြောကာ မျက်ရည်တွေ ကျနေသည်။ ဆေးရုံရောက်၍ စမ်းသပ်ကြ၊ စစ်ဆေးကြနှင့် တော်တော်လေး ဗျာများသွားကြသည်။ ဆေးရုံပေါ်မှာကလည်း ကိုယ်တွေချည်းပဲ မဟုတ်။ သွေးလွန်တုပ်ကွေး ဖြစ်၍ လာပြသူ ကလေးအရွယ်ပေါင်းစုံဖြင့် ဆေးရုံသည် ညံစီနေသည်။ သာဂိ မိစိုးနှင့်

ထက်နေကို ခေါ်ကာ ပုဂ္ဂလိက ဆေးရုံဖြစ်သည့် မျိုးသုခကို ထွက်လာခဲ့သည်။

ဒီမှာလည်း ပြည်သူ့ဆေးရုံလိုပင်၊ သွေးလွန်တုပ်ကွေး ရောဂါရှင်လေးများ မနည်း။ ပုဂ္ဂလိက ဆေးရုံကတော့ ပိုက်ဆံများများ ယူတာနှင့် တန်အောင် ဂရုစိုက်ပေးကြပါသည်။ သာဂိ သူမတို့ဘေးမှာထိုင်ရင်း လိုတာလေးတွေ လုပ်ပေးနေစဉ် အိပ်ထဲထည့်ထားသော ကော့တလက်လေးက မြည်လာခဲ့သည်။ ကိုင်လိုက်တော့ ကိုထွန်းနိုင် အိမ်က ဖြစ်နေသည်။ အရေးကြီးလို့ ပိုက်ဆံ ယူပြီး သာယာဝတီကို လိုက်ခဲ့ပါဟု တဆင့်ပြောခြင်း ဖြစ်သည်။ ဘာဖြစ်နေသည် မသိ။ လမ်းကြောင်း ရှင်းဖို့ ပိုက်ဆံ မလောက်တော့တာ များလား၊ ဒါမှမဟုတ် ဂိတ်အသစ် ဖွင့်တာနှင့်တိုး၍ အရစ်ခံနေရတာလား၊ တွေးနေမိစဉ်မှာပင် ကိုမွန်ခိုက်လဲ ရောက်လာသည်။ ပေါက်ခေါင်းက ငှားလာသော ကားကို ပြန်မလွှတ်တော့ပဲ သာယာဝတီကို သာဂိနှင့် ကိုမွန်ခိုက်တို့ ဆက်လိုက်သွားကြသည်။ မျက်ရည်လည်ရွဲနှင့် မိစိုးကိုတော့ ခဏလေး အရမ်း အရေးကြီးလို့ပါ ဟုဆိုပြီး ခွင့်တောင်းရသည်။ မိစိုးက လွှတ်ချင်ပုံမရသော်လည်း စီးပွားရေး ကိစ္စဖြစ်နေ၍ သူမ ထုံးစံအတိုင်း "မြန်မြန်ပြန်လာနော်၊ ဒီမှာ သမီးတစ်ယောက်ထဲ" ဟုဆိုကာ မှာရှာသည်။ သာဂိ သူမ လက်ကလေးကို ဖျစ်ညှစ်ကာ အားပေးရင်း ထွက်သာလာခဲ့ရသည်။ စိတ်ကမဖြောင့်။

အစောပိုင်းက သိပ်စိတ်မပူသော်လည်း ယခု ကလေးတွေအများကြီးကို ဆေးရုံနှစ်ခုပေါ်တွင် တွေ့ခဲ့ရသည့်အခါ နည်းနည်း စိုးရိမ်စိတ်ဝင်သည်။ ငှားလာသော ကားသမားက အမြန်ကြေးရ၍ မြန်မြန်မောင်းပေးရှာသော်လည်း သာဂိက နေးတယ် ထင်နေသည်။ ဟုတ်သည်။ သာယာဝတီက ကိစ္စမြန်မြန်ပြတ်မှ မိစိုးဆီ မြန်မြန် ပြန်နိုင်မည်။ သို့ရာတွင် သာယာဝတီ ရောက်၍ သစ်တောရှေ့က ကားဘေးနားရပ်ကာ ဟိုကြည့် ဒီကြည့် စပ်စုနေစဉ် မှာပင် " ခင်ဗျားတို့ ဘယ်သူတွေလဲ" ဟုမေးသံ ပေါ်လာသည်။ စိတ်လောနေသော သာဂိက " ကျွန်တော်တို့ သစ်ပိုင်ရှင်တွေပါ " ဟုဆိုလိုက်သည်နှင့် လက်ထိပ် အခတ်ခံလိုက်ရတော့သည်။ ခဏ အကြာတွင်ပင် ကိုထွန်းနိုင်နှင့် ကိုနေနိုင်သူကို အချုပ်ထဲတွင် အတူတကွ တွေ့လိုက်ရသည်။

သာဂိနှင့် ကိုမွန်ခိုက်က ပါလာသော ပိုက်ဆံတွေနှင့် အမျိုးမျိုး ညှိသော်လည်း မရတော့၊ နောက်မှ ပြောကြတာပေါ့ ဟုဆိုကာ အချုပ်ထဲ ထည့်လိုက်ကြသည်။ သွားပြီ၊ မိစိုးတော့ ဘယ်လိုနေရှာမည် မသိ။ သာဂိ တွေးရင်း တွေးရင်း သူမ အတွက် စိတ်ပူလာသည်။ စိတ်ပူရုံသာ တတ်နိုင်သည် လူကတော့ ဘာမျှ မတတ်နိုင်။ သံတိုင်တွေကာထားသည့် အချုပ်ခန်းထဲဝယ် ခေါက်တုန့် ခေါက်ပြန် လျှောက်နေရုံသာ လုပ်တတ်တော့သည်။ ဖြစ်ပုံက ရန်ကုန် ကုန်သည်သည် ပြည်မှာကတဲက ကိုထွန်းနိုင်တို့နှင့် ခွဲကာ သူက သပ်သပ် ကားတစ်စီးဖြင့် သွားသည်။ သူ့ မိန်းမပါလာ၍ ကိုထွန်းနိုင်တို့ လွတ်လွတ်လပ်လပ် စီးရအောင်ဟုဆိုကာ သူက တစ်စီး သပ်သပ် စီးစဉ်ခြင်းဖြစ်သည်တဲ့။ လမ်းတစ်လျှောက်လုံး သာယာဝတီနားရောက်သည် အထိ အားလုံး ချောချော မွေ့မွေ့။ ဒီဂိတ်ရောက်မှ ဘာမှ မပြောရသေးခင် ကားပေါ်က ဆင်းခိုင်းကာ ဖမ်းထားခြင်း ဖြစ်သည်။ ကိုထွန်းနိုင်တို့က ရန်ကုန် ကုန်သည် လမ်းမှာ တစ်ခုခု ချို့ယွင်း၍ မရောက်သေးပဲ ဂိတ်ကြေး မရှင်းသေးလို့ ထင်ကာ သာဂိတို့ကို လှမ်းခေါ်ကာ ပိုက်ဆံမှာခြင်း

ဖြစ်သည်။ ယခုတော့ လေးယောက်စလုံး အချုပ်ထဲတွင် ...

စခန်းက ဖုန်းဆက်ခွင့်ကို မနည်းတောင်းပန်ယူကာ အန်တီတို့ဆီ ဆက်ရသည်။ ပြည်က မျိုးသုခ ဆေးရုံကိုသွားကာ မိစိုးကို စောင့်ရှောက်ကူညီပေးဖို့ ဦးလေးက မနက်ဖြန် အစောဆုံးကားနှင့် သွားပေးမည်ဟု ပြောသည်။ သာဂိ သက်ပြင်းသာချနိုင်သည်။ ဘာမျှ မတတ်နိုင် ၊ မေ့နေတာကြာပြီ ဖြစ်သည့် ဘုရားစာတွေကို ရွတ်ရင်း ထက်နေလေး မြန်မြန်ကျန်းမာလာစေဖို့ ဆုတောင်း ပေးနေမိသည်။

နောက်တစ်နေ့တွင်ပင် သာဂိတို့ကို တရားမဝင် သစ်များ သယ်ဆောင်ရောင်းဝယ်မှုနှင့် စွဲချက်တင်သည်။ ကိုထွန်းနိုင်က သူ့အဆက်အသွယ်နှင့် ရှေ့နေတစ်ယောက် ငှားကာ တိုင်ပင်ကြရသည်။ အခြေအနေကို ရှေ့နေ ရောက်လာမှ ရှင်းရှင်းလင်းလင်း သိကြရသည်။ သာဂိတို့ လူလည် အကျခံလိုက်ရခြင်း ဖြစ်သည်။ ကုန်သည်က သာဂိတို့ ကားကို နံပတ်နှင့် ယာဉ်မောင်းနာမည်နှင့် တကွ တိုင်ထားခြင်းဖြစ်ရာ ဌာနဆိုင်ရာတွေက မဖမ်းပဲ မနေလို့ ဘယ်လိုမှ မရတော့။ သာဂိတို့ ကားရောက်လာပြီး ဝန်ထမ်းတွေ ရှုပ်ရှက်ခတ်ကာ ဖမ်းကြ၊ ဆီးကြ ဓာတ်ပုံရိုက်ကြ ဖြစ်နေစဉ် သူက ကျွန်းသစ်တွေချည်း အပြည့်တင်ထားသော ကားနှင့် ဂိတ်တွေကို ကျော်သွားသည်။ အချိုကြီး ကြံသွားခြင်းပင်၊ လမ်းကြေး အပျောက်၊သာဂိတို့ကတော့ ဒုက္ခတွေနှင့် ကျန်ခဲ့သည်။

မကြာခင်တွင် သာဂိတို့ကို အာမခံမပေးပဲ ထောင်ကြီးထဲထည့်လိုက်ကြသည်။ ကိုထွန်းနိုင်လည်း ကြိုးစားရှာပါသည်။ ကိုနေနိုင်သူ မိန်းမလည်း ရောက်လာကာ အားမငယ်ဖို့ ပြောသည်။ သူ့အဖေက သစ်တောဦးစီးမှူးဟောင်းဖြစ်၍ အဆက်အသွယ်တွေ ရှိနိုင်သည်။ ကိုမွန်ခိုက်ကတော့ သိပ်အပူပင် ရှိပုံမရ၊ သာဂိမှာသာ ထောင်ဝင်စာကို မျှော်ရင်း ရုံးထုတ် ထွက်ရင်း မိစိုးကို မျှော်နေမိသည်။ အန်တီကတော့ ခဏ ခဏ လာကာ ကိုထွန်းနိုင် ရှေ့နေနှင့် တွေ့နေရသည်။ သာဂိကို မိစိုးအကြောင်း တစ်ခွန်းမျှ မဟ။ အန်တီက မပြောလေ သာဂိ စိတ်ပူလေနှင့် ညည အိပ်လို့တောင် မပျော်တော့။

၁၀ ရက်ခန့် အကြာတွင် မိစိုး ထောင်ဝင်စာ လာတွေ့သည်။ သူမသည် ဧည့်တွေ့ခန်း သံတိုင်တွေကို ကိုင်ရင်း ငိုနေခဲ့သည်။ ထက်နေလေး ပါမလာ.. သာဂိက သူမကို ထက်နေရောဟု မေးသည့်အခါ ရှိုက်ကြီး တငင်ငိုပါတော့သည်။ သာဂိ သိလိုက်ပြီ၊ လဒလေး ရေတိမ်နစ်ချေပြီ။ သာဂိ သံတိုင်နှင့် နဖူးနှင့် ဆောင့်မိသည်။ ဒုက္ခသည် ဘယ်သောအခါမှ တစ်ယောက်ထဲ မလာချေ။ သူသည် သာဂိထံလာလျှင် အဖော်အပေါင်းတွေပါ ခေါ်ပြီး လာတတ်သည်။ သာဂိ သောင်းကျန်းမိသောအခါ ထောင်ဝန်ထမ်းတွေက သာဂိကို ဖမ်းချုပ်ကာ အဆောင်ထဲ ပြန်ထည့်လိုက်ကြသည်။ ကိုထွန်းနိုင်တို့လည်း စိတ်မကောင်းကြ။ သို့ရာတွင် ဘာမျှ မတတ်နိုင်တော့ချေ။

သာဂိတို့ ထောင်ထဲတွင် ၆ လခန့် နေလိုက်ရသည်။ ရှေ့နေကောင်းသည်က တစ်ကြောင်း၊ တရားမဝင် သစ်များကို တရားဝင်သစ်များ အဖြစ် အလျှင်အမြန် ပြောင်းလိုက်နိုင်သည်က တစ်ကြောင်း၊ သက်ဆိုင်ရာ မှော၊ တံဆိပ်၊ စာရွက်စာတမ်းများ အပြည့်အစုံ တင်ပြလိုက်နိုင်သည်က တစ်ကြောင်းတို့ကြောင့် သာဂိတို့

လွတ်လာခဲ့သည်။ လွတ်လို့သာ လွတ်လာသော်လည်း သာဂိ သိပ်မပျော်။ လွတ်ဖို့ အရေး မိစိုးထံ အပ်ထားသည်များ ကုန်သည်သာ မက၊ အန်တီတို့၏ လှိုင်မြို့နယ်ထဲက အိမ်လေးပါ ရောင်းလိုက်ရသည်။ အန်တီက ပျဉ်းမပင်တွင် ခြံလေး ဝယ်လိုက်ကာ နေနေသည် ဆိုသည်။ မိစိုးက သာဂိထံ လာသည့် ပထမဆုံး နှစ်ခေါက်သာ လူဝတ်နှင့် ဖြစ်၍ နောက်အကြိမ်များတွင် ဆရာလေး ဒေါ်ခေမာ အဖြစ်နှင့် ရောက်လာခြင်းသာ။

သာဂိ တွင် ဘာမျှ မရှိတော့။ သံယောဇဉ်တွယ်ရသော ချစ်စရာကောင်းသည့် ထက်နေလေးနှင့်အတူ လောက၏ သာယာ ချိုမြိန်ခြင်းများသည် သူ့ထံမှ ထွက်ခွာသွားခဲ့ကြပြီ။ ဆရာလေး ဒေါ်ခေမာကား သာမညတောင် တရားစခန်းတွင် ၃လ တရားစခန်း ဝင်နေသည်ဟု ဆိုသည်။ သာဂိကတော့ ဘုံဆိုင်တွင်သာ အဓိဋ္ဌာန်ဝင်သည်။ နောက်တော့ အန်တီတို့ ထိန်းမနိုင် သိမ်းမရ ဖြစ်လာသည်ဆိုကာ ရွာကို ပြန်ပို့လိုက်ကြသည်။ ရွာမှာလည်း သာဂိ ကောင်းကောင်းမနေ၊ ခနိရေသောက်သည်။ ရန်ဖြစ်သည်။ ဒီအရွယ်ကြီးရောက်မှ ရွာပြန်ရောက်သူ ဖြစ်၍ အသိမရှိရသည့် ကြားထဲ သာဂိက ရွာရိုးကိုးပေါက် ပတ်ရမ်းနေသောအခါ တစ်ရွာလုံးနှင့် အဆင်မပြေ ဖြစ်လာသည်။ နောက်ဆုံးတော့ သာဂိကိုယ်တိုင် စိတ်ညစ်သည့် ဒဏ်ကို မခံနိုင်၍ လှေကြုံတစ်စီးနှင့် မလေးရှားလိုက်လာကာ ဗလကြီးကို ရှာသည်။ ဗလကြီးကား အားမီနှင့် လက်ထပ်ပြီး ကုန်းပေါ်တွင် အလုပ်လုပ်နေသည်။

သာဂိသည် ဗလကြီး၏ လက်ရုံးတစ်ဆူ ဖြစ်လာခဲ့သည်။ နောက်မကြာခင်တင် ဗလကြီး ဘိန်းမှုနှင့် အဖမ်းခံရတော့ သာဂိ လွတ်ရာပြေးရင်း ကြုံရာ စက်ရုံ ဝင်လုပ်နေခဲ့သည်။

သူ စကားပြောရင်း လက်ကျန်ကို ဂွတ်ကနဲ မော့ချလိုက်တယ်။ အင်း.. သူ့ဘဝကလဲ တစ်မျိုးပဲလို့ တွေးမိသွားတယ်။ အပြင်မှာလဲ တော်တော်တောင် မှောင်နေပြီ။ သူ့ရှေ့မှာရော ကျွန်တော့်ရှေ့မှာပါ ပုလင်းတွေ၊ ဗူးတွေ ပုံနေပြီ။ သူ ထရပ်လိုက်တယ်။ပြီးတော့ ကျွန်တော့်ကို "ပြန်တော့မယ်ဗျာ၊ ဆီးယူ "လို့ နှုတ်ဆက်တယ်။ ထိုင်ခုံက အထ သူနည်းနည်း ယိုင်သွားတယ်။ အဲ့ဒီအချိန်မှာ စားပွဲပေါ်ကို အရည်တစ်စက် ပေါက်ကနဲ ကျလာတယ်။ သူ့မျက်ရည်လားလို့ မော့ကြည့်လိုက်တော့ သူက လှည့်ထွက်သွားပြီ။ ခပ်ရိုင်းရိုင်း ရှည်နေတဲ့ ဆံနွယ်တွေက သူ့ပခုံးကိုကျော်လို့။ အင်း.. စိတ်မကောင်းပေမယ့် နောက်တစ်ခါ တွေ့မှ သူ့ရဲ့ မလေးရှား ဘဝကို မေးဦးမယ်လို့ တေးထားရင်း ကျွန်တော်လဲ ထပြန်ခဲ့ပါတယ်။

THE END

ဝန်ခံချက်-

သာဂိ အမှတ် ၂ ပါ အချို့သော အိမ်ထောင်ရေး၊ အချစ်ရေး၊ ဆေးပညာဆိုင်ရာများနှင့် လူမှု ပြဿနာ ဖြေရှင်းပုံများအား

ဆရာကြီး ရန်အောင်၏ အိမ်ထောင်ရေး အဘိဓမ္မာ၊ ဒေါက်တာ နန်းဥမ္မာ၏ ကူ့တ္တိယနှင့် ဆေးပညာ၊ ဒေါက်တာ အောင်ခင်ဆင့်၊ ဒေါက်တာ တင့်ဆွေ၊ နိုင်းနိုင်းစနေ ဘလော့ တို့မှ ကိုးကား ဖော်ပြ ထည့်သွင်းခဲ့ပါသည်။

အများသူငါတစုတဝေးတည်းဖတ်ရှုလို့ ရရန် မောင်ဟိတ်ဘလော့မှ http://had3s.com/ ကူးယူဖော်ပြပါသည်။
ဒေါက်တာချက်ကြီး